www.burmeseclassic.com

 စိုးမိုးစာပေ

# ပျူး
စင်တင်သည့်
# နတ်သမီး

ဆယ်ကျော်သက်ဝက်(ဘ်)ဆိုက်



Digital Art: Idea Kyaw & Wai Yan

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၂၇၀၆၀၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၅၄၀၇၀၀

ထုတ်ဝေသူ

ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁)

အမှတ် (၁၃)၊ ၁၀၇ လမ်း။

မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးမြင့်သန်း (မြ-၀၄၉၀၂)

စံပယ်အော့ဖ်ဆက်

၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ။

အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

မျက်နှာဖုံးယန်းဆို

Idea Kyaw & Wai Yan

ဖြန့်ချိရေး

စိုးမိုးစာပေ

BURMESE CLASSIC .com

# အခန်း (၁)

ဝေ့ခနဲဝိုက်လာသော လေပြည်ထဲမှာ မိုးရနံ့သင်းသင်းကို ရှူရှိုက်မိသည်။

ညို့ညို့မှိုင်းမှိုင်း ကောင်းကင်ကြီးကို ဗိသုကာ တစ်ချက်မော့ကြည့်လိုက်၏။ မိုးကတော့ ရွာတော့မည့် အသွင်ရှိသည်။

အခုနေသာ ရွာချလိုက်ရင်တော့ အခက်။ နှစ်ယောက်စလုံး ရေစိုကြွက်စုတ်တွေလို ဖြစ်သွားမှာ သေချာသည်။

သူ ရှေ့သစ်ပင်ကြီးမှာ ကျောမှီရပ်နေသော ရုပ်သွင်ကို လှမ်းကြည့်တော့ ပတ်ဝန်းကျင်ကို မေ့လျော့ထားပုံရသော မျက်ဝန်းအစုံက လမ်းကြားလေးထဲကိုပဲ ငေးစိုက်ကြည့်နေသည်။

“ ရုပ်သွင် ဒီကောင်လာမှ လာပါ့မလား ”

သူ့အမေးစကားကြောင့် ရုပ်သွင်မျက်ဝန်းတွေ သူ့ဆီပြန် ဦးလှည့်လာရင်း

“ လာမှာသေချာပါတယ် သူပြန်ရင် ဒီလမ်းကြားထဲကပဲ ပြန်တတ်တာ တခြားလမ်းမှ မရှိဘဲ ”

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဂျင်းပင်ပြာ ဘောင်းဘီရှည်နှင့် ဝေါကင်းရှူးကို ရုပ်သွင် ဝတ်ဆင်ထားသည်။ အနက်ရောင်တီရှပ်တစ်ထည် အပေါ်မှာ ကြယ်သီး မတပ်ဘဲ ဝတ်ထားသော ဂျင်းအင်္ကျီခါးတိုထဲကို လက်နှစ်ဖက်နှိုက်ကာ ရပ်နေပုံက ခပ်တောင့်တောင့်လေး ရှိနေသည်။

ဂုတ်သာသာလေးသာရှိသော နီညိုရောင်ဆံပင်တွေကို အနောက်လှန်သိမ်းကာ လျှာထိုးဦးထုပ် အနက်ရောင်လေးကို နောက်ပြန် လှန်ဆောင်းထားသဖြင့် နုဖတ်ရှင်းသန့်သော မျက်နှာလေးက ထင်းထင်း ရှင်းရှင်းလေး ပေါ်လွင်နေသည်။

နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းစေ့ကာ အံကလေးတင်းတင်း ကြိတ်ထားသော ရုပ်သွင်ကို သူငေးကြည့်နေတုန်းမှာ မိုးကဝေါခနဲ ရွာချ လာသည်။

" ဟာ. . . မိုးကလုပ်ပြီ ဒီနေ့ကျမှ "

သူ့ နှုတ်က အလိုမကျစွာ ရေရွတ်တော့ ရုပ်သွင်မျက်နှာလေး ဝင်းလက်တောက်ပစွာ ပြုံးလိုက်ရင်း

" ရွာပါစေ ဒါမှလူမအုံမှာ သင်းကို ကောင်းကောင်းသမလို့ ရတာပေါ့ "

" မင်းဝင်မပါနဲ့ ရုပ်သွင် ရှောင်နေနော် "

" ဘာလို့မပါရမှာလဲ ပြီးတော့ သုကာတစ်ယောက်တည်း မဖြစ်ဘူး ဒီကောင်က ဗလပိုတောင့်တယ် "

ဂျင်းအင်္ကျီထဲ နှိုက်ထားသော လက်တွေကိုထုတ်ရင်း ဆိုလာ





သော ရုပ်သွင်စကားကြောင့် သူ ရယ်ချင်သွားမိသည်။

ယောက်ျားမကျ မိန်းမမကျ ဒီသူငယ်ချင်းမလေးက သတ္တိတော့ နိုသည်။ လက်သွက်ခြေသွက်နိုင်သလို စိတ်ကလည်း ဘုဆတ်ဆတ်မို့ ရယ်ကွက်ထဲမှာဘယ်ကောင်မှ ရုပ်သွင်အနားမကပ်ရဲကြပါ။

သူကတော့ ဟိုးငယ်ငယ်မှုလတန်းကျောင်းသား ဘဝကတည်း က လည်ပင်းဖက်ပေါင်းသင်းလာသော ငယ်သူငယ်ချင်းမို့ ထာဝရ ငြိမ်းချမ်းရေး ရယူထားသည်။

ရွှေရုပ်သွင်ဟူသော နာမည်နှင့်လိုက်ဖက်အောင် ရုပ်ကလေးက နုဖတ်ချောမောသည်။

နွဲ့နှောင်းပြေပြစ်သော အလှနှင့်မလိုက်ဖက်အောင် ယောကျ်ား လေးဆန်နေခြင်းကတော့ ငယ်စဉ်ကပင်ကတည်းက ရွှေရုပ်သွင့်ရဲ့ အကျင့်စရိုက် ပင်ဖြစ်သည်။

" အဲဒီကောင်က ဗလသာကြီးတာ အလကားပါကွာ ငါ့ လက်သီး တစ်ချက်နဲ့တင် ပွဲသိမ်းမှာ မင်းဝင်ပါစရာ မလိုပါဘူး "

" ဟင့်အင်း တို့ပါခုံးမချင်တယ် ဒါမှရွှေရုပ်သွင်ဘယ်လောက် သတ္တိရှိတယ် ဆိုတာကို သင်းသိသွားမှာပေါ့ "

ရုပ်သွင်အံကလေးတင်းတင်းကြိတ်ပြောရင်း ထိမထင် ပိုင်စိုး ပိုင်နင်း နမ်းရှိုက်သွားသော ဘယ်ဘက်ပါးနုနုလေးကို လက်ဖဝါးတွေနှင့် ခပ်နာနာဖိပွတ်ပစ်မိသည်။

ဒါကိုမြင်သွားသော ဗိသုကာရင်ထဲမှာ ဆတ်ဆတ်ခါအောင်



www.burmeseclassic.com

www.burmeseclassic.com



နာကျင်သွားရသည်။

ဆံနွယ်တွေမှ ယိုစီးကျလျက် နဖူးပေါ်ဆင်းလာသော မိုးရေစက်တွေကို ဇီသုကာလက်ဖဝါးနှင့်သပ်ခါ ထုတ်လိုက်ရင်း ရင်ထဲကဒေါသတွေကို သိုဝှက်ချုပ်ထိန်းရသည်။

တောက် သူတောင်မထိရက် မတို့ရက်စွာနှင့် အလှကြည့်နေခဲ့သော ပန်းပွင့်လေးကိုမှ ထီမထင်နမ်းရှိုက်ရက်လိုက်တာ။

ဇီသုကာ ရင်ထဲမှာ တနုံ့နုံ့တွေးရင်း ဒေါသစိတ်က တရိပ်ရိပ်တိုးလာသည်။

ထိုကိစ္စကို ရှပ်သွင်လာပြောစဉ်က သူရှူးရှူးရှဲရှဲ ဒေါသထွက်ကာ ချက်ချင်းရင်ဆိုင်ဖို့ စိတ်စောနေခဲ့သည်။ မနေ့က သူနဲ့ရှပ်သွင်ဆုံတော့ သူပြဿနာလက်ငင်း ရင်ဆိုင်ချင်ခဲ့မိ၏။

" နေဦး သုကာ အခုဘယ်သွားမလို့လဲ "

" နင့်ကိုစော်ကားခဲ့တဲ့ကောင်ကို သွားရှင်းမလို့ အခုချက်ချင်းကို ငါရှင်းမယ် ရှပ်သွင် "

" ခုချိန်မှာ သင်း သူ့အိမ်ထဲမှာပဲ ရှိမှာပေါ့ "

" ဘယ်မှာရှိရှိ ဂရုမစိုက်ဘူး ဒီကောင့်မျက်နှာကို ငါထိုးရမှ ကျေနပ်မယ် ရှပ်သွင် "

" ခြံရှေ့က နင်သေအောင်အော်ခေါ် သူလာမှာ မဟုတ်ဘူး ခြံထဲဖွတ်ဝင်ရင်လည်း သူ့မိဘတွေက နင့်ကိုပိုင်နက်ကျူးလွန်မှုနဲ့တောင် ဆွဲစိလိုက်ဦးမယ် "





" နင့်ကိုစော်ကားလိုက်တာကို ငါကငြိမ်နေရမှာလား ရှပ်သွင်လိုအပ်ရင် သူ့မိဘတွေနဲ့လည်း ငါရှင်းမှာပဲ ဂရုမစိုက်ဘူး ဖြစ်ချင်တာဖြစ်ပေါ့ "

" တစ်ရပ်ကွက်လုံးသိပြီး ကိုကို့နားပေါက်သွားမှ ပြဿနာတွေရှုပ်ကုန်မယ် စိတ်ချ တို့က ဒီကိစ္စကို ကျေနပ်မယ်ထင်လို့လား လက်စားချေပြဦးမှာ အကြာကြီးစောင့်စရာမလိုဘူး မနက်ဖြန် သူပြန်လာမယ့်လမ်းက စောင့်တီးမှာ သုကာအဖော်ပဲ လိုက်ပေးဟုတ်လား "

လမ်းမှာမထင်မှတ်ဘဲ ရင်ဆိုင်ခဲ့ရသော ဖြစ်ရပ်အတွက် ရှပ်သွင်က လမ်းမှာပဲ ပြန်ရင်ဆိုင်မည်ဟု ဆိုသည်။

ထီမထင် ထွက်တတ်သွားတတ်သော လမ်းကြားလေးက စောင့်မည်ဆို၍ ဇီသုကာ လိုက်ခဲ့ရခြင်းဖြစ်သည်။

မိဘကချမ်းသာသလို ချောမောပြေပြစ်သော ရှပ်ရည်နှင့် စတိုင်လ်ကြောင့် ထီမထင်က မိန်းကလေးတွေကို ထည်လဲတွဲသည်။ ရည်းစားများသည့်နေရာမှာ နာမည်ကျော်သည်။

သည်လိုကောင်က ရှပ်သွင်ကို ရည်းစားစကား ပြောရုံမက ကိုယ်ထိလက်ရောက် နမ်းရှိုက်စော်ကားခဲ့သည်ဆိုတော့လည်း။

တဖွဲဖွဲရွာနေသော မိုးရေတွေအောက်မှာ တောင့်တောင့်လေး ရပ်ပြီး ထီမထင့်အရိပ်ကို မျှော်နေသော ရှပ်သွင်ကိုကြည့်ကာ ဇီသုကာ အလိုမကျခြင်းတွေ စုပြုံတိုးလာရပြန်သည်။

" မင်းကိုငါ အမြဲတမ်းပြောတယ် ဘယ်လောက်ပဲသည်းရှိရှိ



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဟာ မိန်းမပါပဲလို့ အခုအကဲစမ်းပြီး မင်းစိန်ခေါ်တော့ ဘာဖြစ်လာသလဲ ရုပ်သွင် ''

ရုပ်သွင် မျက်ဝန်းစူးစူးလေးတွေ သူ့ဆီကို ဒိုင်းခနဲလွင့်စင်လာသည်။ မျက်နှာနုဖတ်ဖတ်လေးပေါ်မှာ ခိုတွယ်နေသော ရေစက်တွေကို ခပ်ကြမ်းကြမ်းခါထုတ်ပြီးမှ ရုပ်သွင်ပြန်တုံ့ပြန်၏။

'' မထင်မှတ်လို့ အလစ်ခံလိုက်ရတာ သုကာ အခုပဲလက်စားချေပြမလို့လေ နင်ရင်မဆိုင်ရဲရင် ပြန်တော့ ရတယ် ဒီအချိန်လာရင် ဒီကောင့်မှာ အဖော်ပါလာမှာ မဟုတ်ဘူး တို့ဓားစ်ယောက်တည်း ဆုံးမလို့ရတယ် ပြဿနာမရှိဘူး ''

မခံချင်စိတ်နှင့် သူ့ကိုဘုတောပြန်တောနေသည့် ရုပ်သွင်ကို တစ်ခါတစ်ခါတော့ ဗိသုကာ ဆွဲကိုင်လှုပ်ယမ်းပစ်ချင်သည်။ ခုလည်းကြည့် ပြောပုံက ရင်မဆိုင်ရဲရင်တဲ့လေ။

'' ဒီမှာ ရုပ်သွင် ငါကဘာမှရင်မဆိုင်ရဲစရာ မရှိဘူး မင်းကောင်လောက်တော့ စာမဖွဲ့ဘူး အဖော်ပါလာလည်း ငါတစ်ယောက်တည်း ယှဉ်နိုင်တယ် ''

'' ဒါဆို တိတ်တိတ်နေတော့ သုကာ တကယ်အာရုံနောက်တယ် ''

သူ့ရင်ဘတ်ကို ဘုန်းခနဲတွန်းပြီး ပြောသည့်လေသံက ခပ်ဆတ်ဆတ်။ ဗိသုကာ ရုပ်သွင်ရဲ့ဖြူနုသော လက်ကောက်ဝတ်လေးကို ဖမ်းကိုင်ဆောင့်ဆွဲပစ်လိုက်သည်။





ယောက်ျားအားနှင့်မို့ ရုပ်သွင်ဟန်ချက်မထိန်းနိုင်ဘဲ ဗိသုကာရင်ခွင်ထဲကို ပြိုကျသည်။

ဗိသုကာ ရုပ်သွင်၏လက်နှစ်ဖက်စလုံးကို ချုပ်ကိုင်ဆွဲထားလျက်က သူ့မရဲ့ဘယ်ဘက်ပါးနုနုလေးကို ဖျတ်ခနဲ နမ်းရှိုက်လိုက်သည်။

'' သုကာ. . . နင်. . . နင်. . . ဒါ ''

ရုပ်သွင် မျက်ဝန်းလေးတွေ ဝိုင်းစက်လျက် မိုးရေတွေစိုစွတ်နေသော ပါးပြင်လေးတွေ ပန်းနုသွေးလွှမ်းသွားသည်။

ရှန်းကန်နေသော ရုပ်သွင်လက်တွေကို ဖြေလွှတ်ပေးရင်း ဗိသုကာ နှုတ်ခမ်းလေးတွေ တွန့်ကွေးပြုံးသည်။

ထိမထင်ရဲ့အနမ်းတွေကို ချေဖျက်ပစ်လိုက်ခြင်းပါ။ သည်အတွက် သူ့ရင်ထဲက ကျေနပ်ပေါ့ပါးသွားရတာ အမှန်ဖြစ်သည်။

'' ကျေနပ်ရဲ့လား ရုပ်သွင် ''

'' ဘာ ဘာပြောတယ် သုကာ နင်. . . ''

'' ဒေါသစွတ်ထွတ်မနေနဲ့ ဟိုကောင့်အနမ်းကို ချေဖျတ်ပစ်လိုက်တာ မင်းစိတ္တဇ ဖြစ်နေစရာ မလိုတော့ဘူးပေါ့ ရုပ်သွင် ''

ပူနွေးနေဆဲ ပါးပြင်နုနုကို လက်ဖြင့်အုပ်ကိုင်ရင်း ရုပ်သွင် ဘာမှမပြောနိုင်ခဲ့ပါ။ ထူပူရှက်ရွံ့စိတ်နှင့်ဒေါသတွေ စုပေါင်းလျက် ဗိသုကာမျက်နှာကို စူးစိုက်ကြည့်မိသည်။ ဗိသုကာ မျက်နှာက ပကတိ တည်ငြိမ်နေသည်။

ထိမထင်တုန်းကလို မထိတရိ အပြုံးတို့မတွေ့ရပါ။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလက်ရဲဇက်ရဲ ပြုမူတာကိုတော့ စိတ်ဆိုးမိသည်။

" သူကာ နင်ဒီလိုလုပ်တာတော့ မကောင်းဘူး နင့်ကိုငါ အများကြီး ယုံကြည်အားကိုးထားခဲ့တာ "

ဗိသုကာက မိုးရေတို့ကြောင့် စိုကပ်နေသော ဆံပင်တိုတိုတွေကို လက်ဖြင့်ခါရမ်းရေခါထုတ်ရင်း ရုပ်သွင်မျက်နှာလေးကို မျက်မှောင်ကျုံ့ငေးစိုက်ကြည့်သည်။

" ကျားဆိုတဲ့ သတ္တဝါမျိုးတွေက ဥပုသ်မစောင့်တတ်ဘူးဆိုတာ နင်အမြဲမှတ်ထား ရုပ်သွင်၊ ဒါပေမဲ့ ငါကိုတော့ စိတ်ချလက်ချယုံကြည်ပါ မင်းထိခိုက်နစ်နာအောင် ဗိသုကာဆိုတဲ့ကောင် ဘယ်တော့မှ မလုပ်ဘူး ယုံ "

ရုပ်သွင် တစ်ခုခုပြန်ပြောဖို့ ဟန်ပြင်လိုက်ပေမယ့် လမ်းကြားလေးထဲမှ ရိပ်ခနဲ ထွက်လာသောအရိပ်ကြောင့် ဘာမှမပြောလိုက်နိုင်ပါ။

မိုးကာအင်္ကျီအနီရဲရဲကို ခေါင်းစွပ်ပြီး ခပ်သုတ်သုတ်လျှောက်လာသူက ထီမထင်ရယ်ပါ။

ရုပ်သွင်မျက်နှာပေါ်က အရိပ်ကိုမြင်လိုက်သော ဗိသုကာကလည်း ချာခနဲလှည့်ကြည့်သည်။ သို့ပေမယ့် ရုပ်သွင်က သူ့ထက်အရင် ထီမထင်ဆီ ဦးတည်လှမ်းဖို့မြင်တာမို့ သူလှမ်းဆွဲကာ တားရသည်။

" နင်မသွားနဲ့ ရုပ်သွင် ဒီကပဲ စောင့်နေ "

" ဘာလို့စောင့်ရမှာလဲ၊ ငါခံခဲ့ရတာ ငါကိုယ်တိုင်ရှင်းမယ် "

" ဟာကွာ ငါ့စကားကို နားထောင်စမ်းပါ။ မင်းကို ဒီကောင်





ရန်ငြိုးထားမှာ ငါစိုးရိမ်လို့ ပြောနေတာရုပ်သွင် "

" ဂရုမစိုက်ဘူး ရင်ဆိုင်ရဲတယ် "

" ကျွတ် နင့်တော်တော်ပြောရခက်ပါလား ရုပ်သွင် "

သူ့လက်ထဲက ရုန်းထွက်ဖို့ကြိုးစားနေသော ရုပ်သွင်ကို မလွှတ်ပေးဘဲ သူဆက်တားနေသည်။ ရုပ်သွင်က ဆုပ်ကိုင်ထားသော သူ့လက်တွေက ရုန်းသည်။

မိုးဖွဲဖွဲထဲမှာ ဖြစ်ပျက်နေသော သူတို့နှစ်ယောက်၏ ရုန်းရင်းဆန်ခတ်အခြေအနေကို လှမ်းမြင်လိုက်သော ထီမထင်မျက်မှောင်ကျုံ့ရပ်ကြည့်ရင်း

" ဟော့ ဘာဖြစ်နေကြတာလဲ "

လေသံက မာထန်ထန် အကြည့်တွေ ကျွတ်ဆတ်ဆတ်မို့ ဗိသုကာ ထောင်းခနဲ ဒေါသထွက်သွားသည်။ ရုပ်သွင်က သူ့လက်ထဲမှ ဆတ်ခနဲ ရုန်းထွက်ကာ ထီမထင့်အနီး တိုးကပ်သွားခဲ့သည်။

ဗိသုကာ တားမြစ်ချိန်မရလိုက်ခင် ရုပ်သွင်လက်တစ်ဖက် မြောက်တက်သွားခဲ့၏။

ပါးပြင်ပေါ် ချိန်ရွယ်ရိုက်ချလိုက်သည့် ရွှေရုပ်သွင်လက်ကို ထီမထင် ဖျတ်ခနဲအရအမိ ဆုပ်ကိုင်ထားလိုက်ရင်း

" အဖြူထည်ကြီးပါလား ရွှေရုပ်လေး ရယ် "

" လွှတ် နင်ငါ့လက်ကို လွှတ် "

ဆောင့်ဆွဲရုန်းထွက်နေသော ရွှေရုပ်သွင်လက်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ထီမထင်က ပြုံးဖြေလွှတ်ပေးလိုက်ရင်း နှုတ်ခမ်းစိုလဲ့လဲ့လေးတွေ ကွေးအောင်ပြုံးသည်။

" မင်း နာကြင်အောင် ကိုယ်မရက်စက်ရက်ပါဘူး ရွှေရုပ်လေးရဲ့ "

ရှက်စိတ် ဒေါသစိတ်တွေနှင့် ရွှေရုပ်သွင် မျက်နှာလေး ရဲရဲနီနေပေမယ့် ထီမထင်ကတော့ မျက်ဝန်းညိုတွေအထိ ယှက်သန်းခိုတွယ်စေသော အပြုံးလေးတွေနှင့် ပြုံးကြည့်နေ၏။

" ရုပ်သွင် ဖယ်စမ်းဟာ "

ဗိသုကာ ရုတ်တရက် မင်သက်နေရာမှ ရုပ်သွင်ရှေ့မှာ လှစ်ခနဲဝင်ရပ်သည်။

" မင်းနဲ့ ရှင်းချင်လို့ ငါတို့စောင့်နေတာ ထီမထင်၊ မင်းမနေ့က ရုပ်သွင်ကို စော်ကားသွားတဲ့ကိစ္စကြောင့်ပဲ "

" အဲဒါ ငါနဲ့ရုပ်သွင်ကိစ္စပဲ ဗိသုကာ မင်းနဲ့ဘာဆိုင်လို့လဲ"

" ဆိုင်လို့ မင်းရှေ့မှာ ငါရောက်နေတာပေါ့၊ မိန်းကလေးတစ်ယောက်ကို ကာယအားကိုးနဲ့အနိုင်ယူတာ ယောကျ်ားမဟုတ်ဘူးကွ"

ထီမထင်မျက်နှာပေါ်က အပြုံးတွေက မပျောက်တဲ့ ဗိသုကာကိုငေးစိုက်ကြည့်နေသည်။

မိုးကာအကျီနီနီ၏ ခေါင်းစွပ်ကို စွပ်ထားတာမို့ ဂုတ်ထောက်နေသည့် ထီမထင့်ဆံနွယ်ခွေလိပ်လိပ်တွေကို မမြင်ရ။ နဖူး ပြေပြေပေါ်ဝဲကျနေသော ဆံနွယ်လိပ်တချို့ကိုသာ မြင်တွေ့ရသည်။





စိမ်းညို့နေသော မတူမပါးမျက်ခုံးတွေအောက်မှ မျက်ဝန်းညိုတွေက ညို့ယူနိုင်သော အင်အားတွေကိန်းဝပ်နေသည်။ ဒါကြောင့်လည်းဒီကောင့် မျက်ဝန်းတွေကို မိန်းကလေးတွေ စွဲမက်နေတာလားဟု ဗိသုကာတွေးမိ၏။

ပေါ်လွင်သွယ်စင်းသော နှာတံက ကျစ်ကျစ်လစ်လစ်ရှိသည်။ နှုတ်ခမ်းမထူမပါး တစ်စုံက ယောကျ်ားတစ်ယောက်နှင့်မလိုက်ဖက်အောင် စိုလဲ့နီရဲနေတာတော့ မနာလိုစရာကောင်းအောင် ချောမွေ့နုဖတ်သူဟု ဆိုနိုင်သည်။

ဒါပေမဲ့ ထီမထင့်နှုတ်ခမ်းလှလှတွေက မထီတရီ အပြုံးကိုတော့ဗိသုကာသိပ်မုန်းသည်။ နှုတ်ခမ်းထောင့်စွန်းတစ်ဖက်သာ တွန့်ကွေးသောထိုအပြုံးကြောင့် ညီညာဖြူဖွေးသော သွားတန်းလေးတွေ တစ်စွန်းတစ်စပေါ်လာတတ်သေးသည်။

" မိန်းမတစ်ယောက်အနားကပ်ပြီး မျက်နှာလိုမျက်နှာရ လုပ်နေတာ ယောကျ်ားပီသတဲ့ ယောကျ်ားစိတ်ဓါတ်လား ဗိသုကာ "

" ခွပ် "

စကားအဆုံး ဗိသုကာလက်သီးက သူ့မျက်နှာကို လှစ်ခနဲတိုးဝင်လာတာမို့ ရှောင်တိမ်းချိန်မရလိုက်ပါ။

ယိုင်ထိုးသွားသော ခန္ဓာကိုယ်ကို ထိန်းနေဆဲမှာ ဗိသုကာရဲ့ဘယ်ဝိုက်ညာဝိုက်လက်သီးတွေ ဆင့်ကဲဝင်ယောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ချိန်မရဘဲ လက်နှစ်ဖက်နှင့်ကာတားပေမယ့် ပါးရိုးကို တစ်ချက်မေးရိုးတစ်ချက်ထိကာ ထီမထင် ဘိုင်းခနဲ လန်လဲကျသည်။

အဖြူရောင် ဂျင်းဘောင်းဘီတစ်ထည်လုံး ရွံ့စေးတွေနှင့် ညစ်ပေသွားခဲ့သည်။ မိုးကာအင်္ကျီမှာလည်း ရွံ့ဖတ်တွေ ပေကျံသွားသည်။

သူ့လူးလဲကုန်းထဖို့ ကြိုးစားမိသည်။

မားမားမတ်မတ်တောင် မရပ်နိုင်ခင်မှာ ဗိသုကာလက်သီးက ထပ်ဝင်လာ၏။ ခေါင်းငုံ့ရှောင်တိမ်းလိုက်တာတောင် နှုတ်ခမ်းထောင့်ကို ထိထိမိမိထိုးခံရ၏။

“ သုကာ တော်တော့ ”

“ ဘာလို့လဲ ရုပ်သွင် ဒီကောင့်ကို နင်ကသနားသွားတာလား”

“ ဝေးသေးတယ်၊ ဘယ်လိုမှလက်ရည်မမျှတဲ့ ပွဲကြီးဖြစ်နေလို့ အနိုင်ကျင့်သလိုဖြစ်မှာစိုးလို့တားနေတာ လာသွားကြမယ် သုကာ ”

နှုတ်ခမ်းထောင့်စွန်းမှာ စို့စို့ စီးကျလာသော သွေးစတွေကို လက်ခုံနှင့်ခပ်ကြမ်းကြမ်းပွတ်သုတ်ရင်း ထီမထင် ထရပ်သည်။

ဗိသုကာ နှုတ်ခမ်းပါးတွေ ယဲ့ယဲ့ပြုံးရင်း ထီမထင်ကို စိုက်ကြည့်သည်။

“ မင်းလိုလူမျိုး ဆယ်ယောက်ကို ခုံးမရရင် ငါ့လက်ရည်ကျမှာ သေချာတယ် ထီမထင် မင်းတော်တော်ညံ့တဲ့ကောင်ပဲ ဘာတစ်ခုမှ ပြန်မလုပ် နိုင်ဘူး ”

စိုးမိုးစာပေ



“ ပွဲမပြီးသေးပါဘူး ဗိသုကာ၊ ခုချိန်မှ မင်းမကျေနပ်သေးရင် ငါ့ကို ထပ်ထိုးစမ်း အတုံ့အလှည့်ဆိုတာ ရှိတယ်နော် ”

“ သူကြွန်အမြှောက်နဲ့ မယဉ်နဲ့ထီမထင် မင်းကြိုက်တဲ့အချိန် ကြိုက်တဲ့နေရာပြော ငါမရှောင်ဘူး၊ ဒါပေမဲ့ တစ်ခုတော့ ပြောမယ်၊ ရုပ်သွင် ကြောင့် မင်းနဲ့ငါ ရင်ဆိုင်တာမျိုးမလိုချင်ဘူးနော် ”

“ ရွှေရုပ်လေးအတွက် ငါ့ရင်ထဲမှာ အညှိုးအမုန်းဆိုတာ မရှိပါဘူး။ မင်းအပေါ်မှာတော့ အကြွေးတစ်ခုတော့ ရှိနေပြီ ဗိသုကာ ”

“ ဟေ့ကောင် မင်းပါးစပ်ပိတ်ထား၊ ရုပ်သွင်ကို မင်းထပ်စော် ကားမယ်ဆိုရင် မင်းကိုငါသတ်ပစ်ဖို့တောင် ဝန်မလေးဘူးနော် ”

“ သုကာ တော်တော့ လာ သွားမယ် ”

သူ့လက်ကို လှမ်းဆွဲကာ တားမြစ်လာသော ရုပ်သွင်ကြောင့် ဒေါသတွေကို ဘရိတ်နင်းပစ်လိုက်ရသည်။

သူ့ရဲ့ဒေါသအကြည့်စူးစူးတွေကို ဒဏ်ရာတွေနှင့် ဖူးယောင်နေသော ထီမထင်ပြန်ငေးစိုက်ကြည့်နေပုံကတော့ အတော့်ကို ခံရခက်စရာကောင်းနေပါသည်။ နှုတ်ခမ်းတွန့်တွန့်အပြုံးတွေရဲ့ အနောက်မှာ ခါးသီးသော နာကျင်မှုတွေနဲ့ ပြည့်နှက်နေမည်ထင်ပါရဲ့။

ထီမထင်ရဲ့အညှိုးတွေက ဘယ်သူ့ဆီမှာလဲ။ သူ့အပေါ်မှာလား။ ရုပ်သွင်ပေါ်မှာလား။

ထီမထင်ဆိုတဲ့ကောင်ကိုတော့ သတိတော့ထားရမည်။

✿ ✿ ✿ ✿ ✿

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

" ဟင် ဒါကဘယ်လိုဖြစ်တာလဲ ရှပ်သွင် "

ညည့်ခန်းထဲ လှမ်းအဝင်မှာ မေးလာသောကိုကြီးမျက်နှာက အလိုမကျမှုတွေဖြင့် သုန်မှုန်နေခဲ့သည်။ တစ်ကိုယ်လုံး မိုးရေတွေနှင့် ရွှဲနစ်နေသော ရွှေရှပ်သွင်ပခုံးလေးကျုံ့ နှုတ်ခမ်းလေး တွန့်ပြုံးရယ်လိုက်ရင်း

" အပြင်က ပြန်လာတာပေါ့ ကိုကြီးရဲ့ အဟင်း "

" ပြောင်ချော်ချော်မလုပ်နဲ့ အခုဘယ်နှစ်နာရီရှိပြီလဲ ကြည့်ဦး "

ရွှေရှပ်သွင် မျက်နက်ဝန်းလေးတွေက နံရံထက်က တိုင်ကပ်နာရီဆီ မော့ကြည့်သည်။

" ခြောက်နာရီခွဲလေ ကိုကြီးရဲ့ "

" ဒါ အပြင်က ပြန်လာချိန်လား ရှပ်သွင်၊ မိန်းကလေး တစ်ယောက်ဖြစ်ပြီး ဒီလိုနေဝင်မိုးချုပ်လျှောက်သွားနေရင် တစ်နေ့ခက်မယ် "





" ဟာ ကိုကြီးကလည်း ဘယ်မှမသွားပါဘူး၊ လက်ဘက်ရည်ဆိုင်ထိုင်နေတာ တစ်ယောက်တည်းမဟုတ်ဘူး သုကာနဲ့အတူ ထိုင်တာ "

ကိုကြီးမျက်နှာက ပိုလို့တောင် သုန်မှုန်လျက် ရှပ်သွင်ကို မျက်မှောင်ကုတ်ကြည့်သည်။

" ဒီအချိန်ထိ သူစိမ်းယောက်ျားလေး တစ်ယောက်နဲ့ နေစရာလား ရှပ်သွင်ရယ် "

" တခြားသူမှမဟုတ်တဲ့ ကိုကြီးကလည်း သုကာပဲဥစ္စာ ရှပ်သွင်အပေါင်းအသင်းလုပ်တာ သုကာတစ်ယောက်ပဲ ရှိတယ် "

" သုကာကို ကိုကြီးယုံပါတယ် ဒါပေမဲ့ ဟိုကယောက်ျားလေးလေ ညီမလေးက မိန်းကလေး လက်ဖက်ရည်ဆိုင်ထိုင်တာ မသင့်တော်ဘူး ပြီးတော့ သုကာက စိတ်ကခပ်ဆတ်ဆတ် ထစ်ခနဲဆို ထိုးမယ်ကြိတ်မယ် ဆိုတဲ့ကောင် တော်ကြာရန်ပွဲထဲ ပါသွားဦးမယ် "

ကိုကြီးစကားကြောင့် ရှပ်သွင်ပြုံးလိုက်မိသည်။ အခုလေးတင် သုကာနှင့်ပေါင်းကာ ထီမထင်ကို နှိပ်ကွပ်ခဲ့တာသာသိရင် ကိုကြီးဘယ်လိုနေမည်မသိ။

" ဘာပြုံးစိစိလုပ်နေတာလဲ ရှပ်သွင် "

ကိုကြီးက ရှပ်သွင်ပြုံးနေတာကို ဘယ်လိုထင်သွားသည် မသိပါ။ လေသံမာတင်းတင်းနှင့် လှမ်းမေးသည်။

" ဟာ ကိုကြီးကလည်း ကိုယ့်ဘာသာပြုံးတာတောင် မပြုံးရ



www.burmeseclassic.com

www.burmeseclassic.com



တော့သူ့လား ˉ

"ˉ ရှုပ်သွင်နော် ငါ့ညီမလေးတစ်ယောက်တည်းမို့ အလိုလိုက်ထားတာကို အခွင့်အရေးမယူနဲ့ မိန်းကလေးဖြစ်ပြီး လက်ဖက်ရည်ဆိုင်ထိုင်တာကောင်းသလား နေပုံထိုင်ပုံ ဝတ်ပုံစားပုံကအစ ယောကျ်ားလေးပုံက မပြောင်းဘူး ကိုယ်လုပ်နေတာတွေ ကိုယ်ပြန်ဆန်းစစ်တဲ့ ဦးနှောက်ကော ရှိရဲ့လား "

" ရှိတာပေါ့ ကိုကြီးရဲ့ ရှိလို့ဘဲ့ရတာပေါ့ အဟင်း "

လျှာကလေးတစ်လစ်ထုတ်ကာ ရှုပ်သွင်ဆိုတော့ ကိုကြီး မျက်နှာကြီး ရဲခနဲနီသွားသည်။

" ရှုပ်သွင်နော် ပြောင်စပ်စပ်မလုပ်နဲ့ "

" ကိုကြီးကလည်း ကိုယ့်အစ်ကိုမို့ စတာကို စိတ်ဆိုးစရာလား ကိုကြီးစကားတွေကို ရှုပ်သွင်နားလည်ပါတယ်။ နောက်မှ ဆက်ပြော တော့။ ဒီမှာ ချမ်းလို့သေတော့မယ် "

" သေ. . . သေပေါ့၊ မိုးတွင်းဘက်က အပြင်ထွက်ရင် ထီးယူ ရမှန်းသိရက်နဲ့ မိန်းကလေးဖြစ်ပြီး အပျင်းထူတာ "

" ကိုယ့်ညီမလေးကို ကိုကြီးက တကယ်သေစေချင်နေကယ် ပေါ့ "

" ပြောင်ချော်ချော်လုပ်မနေနဲ့ ရှုပ်သွင်. . . သွား အဝတ်အစား တွေပြန်သွားလဲ နင်ဖျားရင် အလုပ်ပျက်ဦးမယ် "

အသက်နှစ်နှစ်သာကွာသော အစ်ကိုဖြစ်သူ မင်းမြတ်သွင်ကို





ရှုပ်သွင် ကြောက်လန့်ပုံ တစ်စက်လေးတောင် မရှိပါချေ။ မိဘနှစ်ပါး ဆုံးပါးပြီးကတည်းက ကိုကြီးက ရွှေရှုပ်သွင်ကို အလိုလိုက် ဂရုစိုက်ခဲ့ သည်။

တစ်ပိုင်းတစ်စ ပညာရေးကိုပင် စွန့်လွှတ်ကာ ဒယ်ဒီ့လုပ်ငန်း တွေကို ယင်ယင်ရွယ်ရွယ်နှင့် ဦးဆောင်ခဲ့ရသည်။

ဒယ်ဒီနှင့်မာမီဆုံးတော့ ကျန်ရစ်ခဲ့သည့် ရွှေရှုပ်သွင်က ဆယ်တန်းကျောင်းသူဘဝပဲ ရှိသေးသည်။ ကိုကြီးမင်းမြတ်သွင်က တက္ကသိုလ်ပညာရေး ဒုတိယနှစ်တက်နေစဉ်မှာ ဖြစ်သည်။

ကားအက်ဆီးဒင့်တစ်ခုကြောင့် မိဘနှစ်ပါးစလုံး ကွယ်လွန်ချိန် ကျန်ရစ်ခဲ့သော မောင်နှမနှစ်ဦးအတွက် အစ်ကိုကြီးသည် အားကိုး ဖြစ်ခဲ့သည်။ အသက်အားဖြင့် နှစ်နှစ်ပဲကွာခြားပေမယ့် မင်းမြတ်သွင်က ညီမငယ်အတွက် ရဲရဲဝံ့ဝံ့ ရင်ဆိုင်ခဲ့သူ ဖြစ်ခဲ့သည်။

ဒယ်ဒီရဲ့အရောင်းစတိုးဆိုင် သုံးဆိုင်ကို ဆက်လက်တိုးတက် အောင် ဦးစီးနိုင်ခဲ့သည်။ ရွှေရှုပ်သွင် ဘွဲ့တစ်ခုပိုင်ဆိုင်ချိန်အထိ ကိုကြီးက လေသေးမရှိ တာဝန်ယူခဲ့သလို တစ်ဦးတည်းသော ညီမလေးအတွက် သာ စိတ်ထဲမှာရှိခဲ့သည်။

မိန်းမယူဖို့မဆိုနှင့် ချစ်သူရည်းစားတောင် မထားဘဲ စတိုး ဆိုင်ကြီး သုံးဆိုင်ကို ဦးစီးထိန်းချုပ်ရင်း ရှင်သန်ခဲ့သူပါ။

ကိုကြီးစေတနာနှင့် သံယောဇဉ်ကို နားလည်သော ရွှေရှုပ်သွင် ကလည်း ကိုကြီးကို သိပ်ချစ်သည်။ လေးစားအားကိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးကလွဲလို့ ဘယ်ယောကျ်ားကိုမှလည်း သံယောဇဉ် မထားခဲ့မိ။ ချစ်သူရည်းစားထားဖို့လည်း စိတ်မဝင်စားပါ။

နေတာထိုင်တာကအစ မိန်းမဆန်ဆန် မနေခဲ့ဘဲ ယောကျ်ားတစ်ယောက်လို နေထိုင်ခဲ့သည်။ သူငယ်ချင်းအပေါင်းအသင်းလည်း မထားပါ။

ဗိသုကာ တစ်ယောက်ကိုပဲ ခင်မင်ပေါင်းသင်းသည်။ မူလတန်းကျောင်းသားဘဝမှ တက္ကသိုလ်မှာ ပညာသင်ကြတော့လည်း မေဂျာတူ အတန်းတူ ဖြစ်ခဲ့တာမို့ သံယောဇဉ်ပိုမိုခဲ့တာဖြစ်သည်။

သင်္ချာအဓိကနှင့် ဘွဲ့ရပြီး ခုချိန်ထိ ဗိသုကာနှင့် အတွဲမပျက်ရှိခဲ့သည်။

နေထိုင်ကြသည်ကလည်း နှစ်ခြံကျော်လေးမို့ အမြဲတွဲဖြစ်ခဲ့တာဖြစ်သည်။ ပြီးတော့ ဗိသုကာသည် ရုပ်သွင်ကို နားအလည်ဆုံးသော သူငယ်ချင်းတစ်ယောက် ဖြစ်ခဲ့၏။

" ဟော့ ညီမလေး အဝတ်အစားလဲနေတာ ကြာလှချေလား။ အမြန်လုပ် ပြီးရင် ထမင်းစားကြမယ် ကိုကြီးဗိုက်ဆာနေပြီ "

ကိုကြီးအသံကြားမှ ရေစိုဆံပင်တွေကို မွှေးပွသဘက်နှင့် ပွတ်သုတ်နေရာမှ ရုပ်သွင် ကသောကမျော လက်စသပ်ကာ ထွက်ခဲ့ရသည်။

တစ်အိမ်လုံးမှာ မောင်နှမနှစ်ယောက်တည်းရှိပေမယ့် ထမင်းလက်ဆုံစားရချိန်က သည်လိုညနေခင်းတွေပဲ ရှိသည်။ မနက်ခင်းဆို ကိုကြီးက အပြင်မှာပဲ ကြုံသလိုစားရသည်။





စတိုးဆိုင် သုံးဆိုင်ကို ကားတစ်စီးနှင့်လှည့်လည်ရင်း ဦးစီးနေရသော ကိုကြီးခမျာ ဘယ်တော့မှ အချိန်ပိုဟူ၍ မရှိရှာပါ။

ရုပ်ကွက်ထဲမှ ဒေါ်လှရီဆိုသော မိန်းမကြီးက မနက်ဆို အိမ်မှာလာပြီး ချက်ပြုတ်ပေးသည်။ ပြီးလျှင် စားသောက်ပြီးပြန်သွား၏။ နှစ်ရက်တစ်ခါလောက်တော့ လျှော်ဖွပ်ကိစ္စကို နေ့လည်ခင်းအထိ ဒေါ်လှရီက လုပ်ကိုင်ပေး၏။

အိမ်ဖော်သီးသန့်မခေါ်ဘဲ လစာနှင့်သတ်မှတ်ကာ လာလုပ်ပေးတာမို့ အဆင်ပြေသည်။ သည်တော့ ဒေါ်လှရီ မနက်ဘက်ရှိနေချိန်မှာလည်း ရုပ်သွင်လက်ဖက်ရည်ဆိုင် ထွက်ထိုင်လို့ရသည်။

ဒေါ်လှရီပြန်သွားလျှင် အိမ်တံခါးသော့ပိတ်ကာ ရုပ်သွင်စိတ်တိုင်းကျအပြင်ထွက်နိုင်သည်။ အိမ်သော့ကို ပန်းအိုးအောက်မှာ ဝှက်ထားတာကို ကိုကြီးနှင့်ရုပ်သွင်ပဲ ညှိနှိုင်းအသိပေးထားသည်။ တစ်ခါတရံ ကိုကြီးခမျာ အိမ်ကိုစောစောပြန်လာသည့်အခါ ရုပ်သွင်အပြင်ထွက်နေတာကို ပြန်မလာမချင်း စောင့်နေရတတ်တာမို့ပင် ဖြစ်သည်။

" အမြန်လာပါ မယ်မင်းကြီးမရယ်၊ ဗိုက်ဆာနေတာ ကြာပြီ၊ ညီမလေး ပြန်မလာသေးလို့ စောင့်နေတာ "

" ကိုကြီးကလည်း ဆာရင် စားနှင့်ရောပေါ့ "

" အပိုတွေမပြောနဲ့ ညစာစားချိန်လေးပဲ တို့မောင်နှမ အတူဆုံရတာကို "

ကိုကြီးပြောရင်း စားသောက်ခန်းဘက်လှမ်းဖို့ ခြေလှမ်းအရွ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ခြံတံခါးဝက ဘဲလ်သံက ပေါ်ထွက်လာ၏။

" ဘယ်သူလဲဟ မိုးပဲချုပ်တော့မယ် "

ကိုကြီးအလိုမကျစွာ ရေရွတ်နေတုန်းမှာပဲ ရုပ်သွင်ဆင်ဝင်အောက် လှမ်းထွက်ကာ ခြံတံခါးဆီ လှမ်းကြည့်မိသည်။

" ဘယ်သူမှ မဟုတ်ဘူးကိုကြီး သုကာပါ "

" ဒီအချိန်ကျမှ ဒီကောင် ဘာလာလုပ်တာလဲ ရုပ်သွင် "

အပြင်ဘက်မှာ နေရောင်ပျောက်ကာ အမှောင်ရိပ်သမ်းလုပြီမို့ ကိုကြီးမျက်မှောင်ကြီးကျုံ့ကာ ရေရွတ်သည်။

" ဘယ်သိမှာလဲ ကိုကြီးရဲ့ ဘာပြောမလို့လဲ မသိဘူး ခဏလေးညီမလေးသွားလိုက်မယ် "

ညှော်ခန်း သံပန်းတံခါးမှာ ချိတ်ထားသော ထီးကိုလှမ်းယူဖွင့်ဆောင်းပြီး ရုပ်သွင်တဖွဲဖွဲကျနေဆဲ မိုးရေထဲမှာ ခပ်သုတ်သုတ်လှမ်းခဲ့သည်။

ရင်ထဲမှာတော့ ထိတ်ခနဲ စိုးရိမ်မိသည်။ ဘာပြဿနာဖြစ်တာလဲ မသိ။ ညနေခင်းက ထီမထင်နှင့်ရန်ပွဲပြဿနာဆို အခက်။ ထီမထင်များ ရပ်ကွက်လူကြီးတွေ တိုင်ထားသည်လား။

" ဘာလဲ သုကာ ဘာဖြစ်လို့လဲဟင် "

ခြံတံခါးအပြင်မှာ ခေါက်ထီးကြီးဆောင်းလျက် ရပ်နေသော ဇီသုကာကို ရုပ်သွင်အလောတကြီး မေးမိသည်။

" ဘာဖြစ်ရမှာလဲ ဒီမှာ နှင့်ဆွဲကြိုးလာပေးတာ "





ဇီသုကာ လက်ဝါးပြင်ထဲမှာ ပလက်တီနမ်ဆွဲကြိုးလေးကိုမြင်မှငဲ ရုပ်သွင် ကိုယ့်လည်တိုင်ကို ပြန်စမ်းကြည့်မိသည်။ ဟုတ်ပါရဲ့ ရုပ်သွင်ဆွဲကြိုးလေးမရှိပါလား။

" ဘယ်လိုလုပ် နင့်ဆီပါသွားတာလဲ သုကာ "

" ငါ့အကျီကြယ်သီးမှာ ချိတ်ပါလာတာလေ အိမ်ရောက်တော့အကျီချွတ်မှ သိလိုက်တာ "

ဇီသုကာစကားကြောင့် ရုပ်သွင်မျက်နှာလေး ထူအမ်းအမ်းဖြစ် သုကာ ရုပ်သွင်လက်ကို ရင်ခွင်ထဲရောက်အောင် ပြုခဲ့သည်။ ပြီးတော့

ရုပ်သွင်ဆက်မတွေးရဲပါ။ ရှက်စိတ်နှင့် ပါးတွေတောင် ပူနွေးနွေးလာရသည်။

" ရှေ့ယူလေ ရုပ်သွင် တော်ကြာ နင့်အစ်ကိုမေးရင် ဘာပြောန်းမသိဖြစ်နေမှာစိုးလို့ ငါချက်ချင်းလာပေးတာ "

" မယူဘူး သုကာ ကိုကြီးသိလို့ ဆူရင်လည်း ခံလိုက်မယ်"

ညနေခင်းက ဖြစ်ရပ်တွေကို ပြန်သတိရကာ ရုပ်သွင် စိတ်ဆိုးသွားတာမှန်း မျက်နှာတန်းတန်းလေးတွေ ကွေးသွားကတည်းက ဇီသုကာ သောပေါက်သည်။

တော်တော်လည်း တတ်နိုင်တဲ့ကောင်မလေး နေပုံထိုင်ပုံ ဝတ်ပုံစားပုံက ယောကျ်ားလေးလို ကျွတ်ဆတ်ဆတ်ပေမယ့် ဒီလိုစိတ်ဆိုးနေတော့လည်း မိန်းကလေးတစ်ယောက်အတိုင်းပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်နီညိုညိုတွေက ပခုံးရှေ့နှစ်ဖက်မှာ ပြေပြေတိုတိုလေးတွေက ဆင်းလို့။

အခြယ်အသကင်းစင်သော မျက်နှာလေးက ဥဖတ်ဝင်းဝါနေသည်။ ကြည်လဲ့နေသော မျက်နက်ဝန်းလေးတွေ ချွန်မြမြနှာတံလေးနှင့် ခပ်စူစူလေးလုပ်ထားသော နှုတ်ခမ်းဖူးလေးတွေက အသည်းယားစရာကောင်းနေ၏။

" နင် ငါ့ကို စိတ်ဆိုးနေတာလား ရုပ်သွင် "

" စိတ်ဆိုးတာ မဟုတ်ဘူး မကျေနပ်တာ "

စုကျုံ့ထားဆဲ မျက်ခုံးတွေကို မဖြေသေးဘဲ ဘုဆတ်ဆတ်ပြောပုံလေးက ရယ်စရာကောင်းနေပြန်သည်။

အိမ်မှာနေရင်းမို့ ထင်ရဲ့။ ပန်းနုရောင်ဂါဝန်လေးနှင့် ရှားရှားပါးပါး ရုပ်သွင်အလှကို သူတစ်ဝကြီး ကြည့်နေရင်း

" နင်မကျေနပ်သင့်တာ ငါမဟုတ်ဘူး ဟိုကောင် ထိမထင်ပဲ ဒီကောင်လုပ်ရပ်ကို ငါတစိမ့်စိမ့် မခံနိုင်လို့ ချေဖျက်ခဲ့တာ "

" တော်စမ်းပါ နင့်ကိုမကျေနပ်တာအမှန်ပဲ သုကာ "

" ဘာလဲ ဒါဆို နင်က ငါ့ကိုတစ်ပတ်လောက် စကားမပြောဘဲနေတော့မယ်ပေါ့ ဟုတ်လား ရုပ်သွင် "

" ဒီထက်ပိုချင်ပိုနိုင်တယ် ငါတော်တော် မကျေနပ်တာ "

" ကဲ ဒါဆိုလည်း နင့်သဘောပဲ ရုပ်သွင် နင့်ခွဲကြီးကိုတော့ ယူထားတော့ နင့်ကိုငါတစ်ခါတလေ စိတ်ကုန်တယ် ဟိုမကျဒီမကျနဲ့





အတော်ပေါင်းသင်းရခက်တဲ့သူပဲ "

" အောင်မယ် ဒါဆိုလည်း အပေါင်းအသင်း မလုပ်နဲ့လေ ရတယ် "

" ဘုတောမနေနဲ့ ပေါက်ကျော်မ လစ်တော့ ဟိုမှာ နင့်ကိုကြီး ဒေါပွနေဦးမယ် ငါတော့လစ်ပြီ "

စကားအဆုံး လှည့်ထွက်သွားသော ဗိသုကာကျောပြင်ကို ခပ်ပြုးကာထုရိုက် ပစ်ချင်လောက်အောင် ရုပ်သွင်စိတ်ဆိုးရသည်။

ကြည့်လေ လူကိုများပေါက်ကျော်မတဲ့။

ပြောရက်လိုက်တာ။ ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ် ပေါ့ပါးစွာ နေမိတာ ဒီနာမည်တွင်စေသတဲ့လား။ ပြီးတော့ တခြားသူပြောတာဆိုထားတော့ အခုတော့ ဗိသုကာနှုတ်က ပြောသွားတဲ့စကား။

နေပါစေဦး။ နင်နဲ့ငါ တွေ့ဦးမယ် သုကာ။ လုံးဝမကျေနပ်ဘူး။

" ဘာတွေပြောနေလို့ ကြာနေတာလဲ ရုပ်သွင် "

ညှိုခန်းဝက စိတ်မရှည်နိုင်စွာ စောင့်နေသော ကိုကြီး ခပ်မာမာမေးမှ ရုပ်သွင်လိမ်ညာဖို့ ကသောကမျော စဉ်းစားရသည်။

ခွဲကြီးကိုစွ သိလို့မဖြစ်။ ထိမထင်နဲ့ကိစ္စတွေကအစ မီးနိုးကြွက်လျှောက် ပေါ်သွားနိုင်သည်လေ။

" ဘာမှမဟုတ်ပါဘူး အလုပ်ကိစ္စတစ်ခု မေးထားလို့ လာပြောပြနေတာ "

" ဘာအလုပ်ကိစ္စလဲ "



www.burmeseclassic.com

www.burmeseclassic.com



" ရုပ်သွင် အလကားထိုင်နေရတာ ပျင်းလို့ အလုပ်တစ်ခု လုပ်ချင်တယ်လို့ သုကာကို ပြောထားတာ သူ့အဖေရဲ့မိတ်ဆွေ ကုမ္ပဏီမှာလေ "

" ဘာ ဘာပြောတယ် ညီမလေး ဘာမှလုပ်စရာ မလိုဘူး"

" ဘာလို့လဲ ကိုကြီးရဲ့ အပျင်းပြေသဘော စမ်းလုပ်ကြည့်ချင်လို့ပါ "

" ဒီလောက်ထိ အလုပ်လုပ်ချင်ရင် စတိုးဆိုင်တစ်ဆိုင်မှာ ညီမလေး ဝင်ထိုင်ပေးလို့ ရတယ် "

" ဟာ တစ်နေကုန်ထိုင် အညောင်းမိတာကြီး မလုပ်ချင်ပါဘူး"

" ဒါဆို ဘာမှမလုပ်နဲ့ ညီမလေးကို မနိုင်းရက်လို့ အိမ်မှာ အေးအေးနေနိုင်းထားတာ ပြီးတော့ တခြားအလုပ်တွေဘာမှ မလုပ်စေချင်ဘူး ကိုကြီးကိုမတိုင်ပင်ဘဲ လျှောက်မလုပ်နဲ့နော် ဒါတော့လုံးဝ သည်းမခံဘူး မှတ် "

" အလကား သုကာကို နောက်ပြောလိုက်တာပါ သုကာက တကယ်ထင်ပြီး အပီလာပြောနေလို့ ခုပဲငြင်းလိုက်ပြီ အဟင်း "

ကိုကြီးမျက်နှာတင်းတင်းက သည်တော့မှပဲ ပြေလျော့သွားသည်။ ကိုကြီးကတော့ တကယ့်ကို ချစ်စရာကောင်းတဲ့ကိုကြီးပါပဲ။

ဒါကြောင့်လည်း ကိုကြီးကို ရုပ်သွင်အားကိုးလေးစား နေရတာလေ။

" ကဲ ထမင်းဆာနေပြီဆို ကိုကြီး သွားစားရအောင် "





" နင့်ကိစ္စရှုပ်တာနဲ့ ဆာတာတောင် ဘယ်ရောက်ကုန်သလဲ မသိဘူး နောက်ဆို ကိုကြီးမသိဘဲ လျှောက်မလုပ်နဲ့နော် ညီမလေး "

" အင်းပါ ကဲ ညီမလေးတော့ ဆာနေပြီ "

ထမင်းစားခန်းဆီကို ရုပ်သွင်ကပဲ ဦးဆောင်လှမ်းခဲ့လိုက်ပါသည်။

ကိုကြီးတိတ်ဆိတ်စွာ နောက်ကပါလာမှာကိုလည်း သိနေ၏။

တော်တော်ရယ်ရတဲ့ ကိုကြီးပါပဲ။ ရုပ်သွင်အာရုံ ပြောင်းလိုက်တာကို မသိဘဲ မျက်ကလဲဆန်ပျာ ဖြစ်သွားပုံက အထင်အရှား။

အမှန်တွေကို သိများသိရင် ဘယ်လောက်ဒေါကန်နေမည် မသိ။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

မျက်နှာနုနုကလေး ရှုံ့မဲ့ကာ သူမဆေးလိမ်းပေးတာ ခံယူနေသော ထိမထင်ကိုကြည့်ကာ ကေရီ ဒေါသစိတ်ကော အားမလိုအားမရစိတ်တွေပါ ဖြစ်နေရသည်။

မနေ့က သူမအိမ်ပြန်ရောက်တာ နောက်ကျသည်။ အိမ်ဖော်ဒေါ်မိက မောင်လေးအိပ်နေပြီဟု ဆိုသည်။

" ဟင် စောစောစီးစီး ဘယ်လိုဖြစ်တာလဲ နေမကောင်းလို့လား ဟင် ဒေါ်မိ "

" ကောင်းပါတယ် ဘွားကြီးရဲ့ ထမင်းစားပြီးမှ စောစောအိပ်ရာဝင်သွားတာ ဒီညဘောလုံးပွဲ ထကြည့်မလို့တဲ့လေ "

ပြိုင်ဘက်တစ်လောင်းကလာသော နိုင်ငံတကာ ဘောလုံးပွဲတွေကို ညဉ့်နက်သန်းခေါင် ထကြည့်တတ်သော မောင်လေးအကြောင်းကို သိထားတာမို့ ကေရီပြုံးလိုက်မိ၏။ သည်လိုဘောလုံးပွဲ ရှိသည့်ညတွေဆို ထိမထင်စောစောအိပ်သည်။

ပြီးမှ တစ်ရေးနိုးထကာ တစ်ယောက်တည်း ကြည့်တတ်သည်။





ဒါပေမဲ့ အမှန်တရားကို နောက်တစ်နေ့မနက်မှဘဲ ကေရီ သိလိုက်ရသည်။ ဒါတောင် ကေရီကုမ္ပဏီကို ထွက်သွားပြီ ထင်မှတ်ကာ ထိမထင် အိပ်ရာက ထလာ၍ဖြစ်သည်။

မျက်နှာမှာ ဒဏ်ရာဒဏ်ချက် အညိုအမည်းတွေနှင့် ဖူးယောင်နေသော ထိမထင်ကိုကြည့်ကာ ကေရီသိပ် စိုးရိမ်သွားရသည်။

မေးကြည့်တော့ လူငယ်ချင်းစကားများ ရန်ဖြစ်ကြတာဟုပဲ ပြောသည်။ ဘယ်သူဘယ်ဝါဆိုတာ မေးလို့မရခဲ့ပါ။

. လူချစ်လူခင်ပေါသော မောင်လေးကို ရန်ပြုံးဖွဲ့ ဂျစ်တိုက်နိုက်သူက ဘယ်သူလဲ။

ကေရီသိထားသလောက် မောင်လေးထိမထင်က ရုပ်ချောသလောက် စန်းပွင့်လွန်းသည်။ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတတ်တာ ကျောင်းသားဘဝကတည်းက ဖြစ်သည်။

အားလုံးနှင့်ပေါင်းသင်း ဆက်ဆံတတ်သူမို့ ဘာပြဿနာမှ မရှိခဲ့ပါ။

ရွှေတောင်ကြားက တိုက်မှာနေတုန်းက အပေါင်းအသင်းတွေ အပြည့်။ ရန်ဖြစ်တာလည်း မရှိခဲ့။

သည်ဆိပ်ငြိမ်ရပ်ကွက်ထဲက ခြံကိုပြောင်းလာတော့လည်း ခုလို ရန်ဖြစ်တာမျိုး မရှိခဲ့ပါ။ နေလာခဲ့တာပဲ တစ်နှစ်ပြည့်တော့မည်။ ခုမှ ဘယ်လိုဖြစ်တာလဲမသိ။

တစ်ခု စဉ်းစားစရာရှိတာက ရည်းစားများသော မောင်လေးကို



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ခဲ့ဖူးသည့် မိန်းကလေးအသိုင်းအဝိုင်းက အစ်ကိုတွေမောင်တွေ ကပဲ ရန်ရှာသလား။

ဒါဆိုရင်တော့ အန္တရာယ်ရှိသည်။ ပြဿနာတွေ မငြိမ်းချမ်းဘဲ ဆက်ရှည်နေလျှင် အခက်။

" အ. . . အ ဖြည်းဖြည်းလုပ်ပါ မမရယ် နာလိုက်တာ "

" ဟင်. . . အို့ဖွ. . . အို့ဖွ ဆောရီး မောင်လေး မမအတွေး လွန်သွားလို့ "

ထီမထင် ဦးခေါင်းက ဆံနွယ်ပျော့ပျော့တွေကို ပွတ်သပ်ရင်း ကေရီ ဆိုမိသည်။ ရင်ထဲက စိုးရိမ်စိတ်ကတော့ မပြေပါ။

မောင်လေးတစ်ခုခု ဖြစ်သွားခဲ့လျှင်ဟူသော အတွေးက ရင်ထဲမှာ ဝင်ရောက်နေတာမို့ သည်နေ့သူမ ကုမ္ပဏီအလုပ်ကို မသွားဖြစ်ခဲ့။ ဖုန်းဆက်ကာ လူယုံတော် ဦးမြိုင်နှင့်ကိုစွပ်ဟူသမျှ လွှဲအပ်စေခိုင်းကာ အိမ်မှာ နေဖြစ်ခဲ့ခြင်းပင်။

" ထီ မောင်လေး "

သိချင်တာကို ချော့မော့မေးဖို့အတွက် ကေရီ မောင်လေးကို ညင်သာစွာပဲ ခေါ်လိုက်၏။

" မမ ဘာမေးမလို့လဲ မေးပါ "

" ထီနဲ့ ရန်ဖြစ်ကြတာ ဘယ်သူတွေလဲ ဒီရပ်ကွက်ထဲကပဲလား မမကိုပြောနော် နောက်ထပ်ပြဿနာတွေ ထပ်မဖြစ်အောင် မမ စီစဉ်သင့်တာ စီစဉ်နိုင်အောင်လို့ "





" မလိုပါဘူး မမရယ် ဒီလောက်ထိ မကြီးမားပါဘူး အေးအေးဆေး ပဲ "

" ဘာရယ် မျက်နှာတစ်ခုလုံး ဖူးယောင်နေတာတောင် ထီက အေးဆေးပြောနိုင်သေးတယ် ပြောစမ်းပါ မမ မသိရရင် နေလို့ စိတ်အေးမှာ မဟုတ်ဘူး "

ထီမထင် စိတ်ညစ်သွားသည်။ မမ မသိအောင်နေကာမှ သိဖြစ်အောင် သိသွားတော့ ခက်နေသည်။ အမှန်ကို ပြောလို့လည်း မဖြစ်ပါ။

တော်ကြာ ဗိသုကာကို မမပြဿနာရှာမှာ သေချာသည်။ ဒီကိစ္စကြောင့် ရုံးရောက် ဂါတ်ရောက်လည်း မဖြစ်ချင်ပါ။

ကိုယ်ညံ့လို့ ခံရတာပဲမှတ်ယူသည်။ ပြီးတော့ အားနည်းချက်က သူ ဗိသုကာလို ကိုယ်ခံပညာမတတ်ပါ။ ဗိသုကာက ခါးပတ်နက် အဆင့်ဟု သူငယ်ချင်းတွေ ပြောဖူးသည်။

စိတ်ကလည်း တိုသည်။ တစ်ခုတော့ ရှိ၏။ အလကားနေရင်း ရန်ဖြစ်ကာ မိုက်နေသော လူမိုက်တော့မဟုတ်။

ရပ်ကွက်ထဲမှာ ဗိသုကာ ရန်ဖြစ်တတ်တာ ရွှေရုပ်သွင်ကြောင့်ဟု သူသိသည်။

ရွှေရုပ်သွင်ဆိုသော နာမည်လှလှလေးနှင့် ကောင်မလေး အကြောင်း သူငယ်ချင်းတွေပြောတော့ သူစိတ်ဝင်စားရသည်။

ထိုအတွက် ဗိသုကာနှင့် ရင်ဆိုင်ရမည်ဆိုတာလည်း သူကြို



www.burmeseclassic.com

www.burmeseclassic.com



တွက်ဆပြီးသားပါပဲ။

" မောင်လေး မမမေးတာကို ဖြေလေ "

မဖြေလို့မဖြစ်သော ကိစ္စဟု သူသိသည်။ ဒီတော့လည်း မုသာဝါဒကံကို လွန်ကျူးရတော့မည်ပေါ့။ မမရင်ထဲမှာ စိုးရိမ်စိတ်တွေ ရှိမနေဖို့ပဲလိုသည်။

" အမှန်ဖြေရရင် မမထင်သလို ရန်ဖြစ်တာမဟုတ်ပါဘူး မမရဲ့ "

" ဘာရယ် ရန်ဖြစ်တာမဟုတ်ဘဲ ဒီဒဏ်ရာတွေက ဘယ်လိုရလာတာလဲ "

" အဟဲ သည်းခံခြင်းသည် အောင်မြင်ရာ၏ တဲ့။ ပြောရရင် ကျွန်တော်အသည်းလေး သနားအောင်ပါ "

" ဘာရယ် ရှင်းရှင်းပြောစမ်း "

" ကျွန်တော်ကြိုက်နေတဲ့ကောင်မလေးက ကျွန်တော့်ကို စိတ်ဆိုးနေတယ် အဲဒါ သူကျွန်တော့်ဘက် ပြန်စိတ်လည်လာအောင် စီစဉ်လိုက်တာ သူမှာဦးလေးတစ်ယောက်ရှိတယ်။လက်ဖွေ့သမားတစ်ယောက်လေ သူဦးလေးနဲ့အတူ လျှောက်လာတဲ့သူ့ကို ကျွန်တော် အတင်းစကားဝင်ပြောတော့ ဒီဒဏ်ရာတွေ သူ့ဦးလေးပေးလိုက်တာပေါ့ "

" ဘုရားရေ အသနားခံပြီး ပတ်သက်ရအောင် ဒီကောင်မလေးက ဘာမို့လို့လဲဟင် သူ့ဦးလေးကကော ကိုယ်ထိလက်ရောက် စော်ကားရသလား "





သူမျှော်လင့်ထားသည့်အတိုင်း မမဇေကရီ ဒေါသတွေကို ရင်ဆိုင်ရသည်။ ထိမထင်ဆိုသော မောင်ငယ်အတွက်ဆို အရာရာကို ရင်ဆိုင်ရဲသည့် သတ္တိတွေနှင့် မမမျက်ဝန်းတွေက ရူးရူးတောက်ပနေတတ်သည်။

" မမကလည်း ကျွန်တော်ကိုယ်တိုင်က ဒီဇာတ်လမ်းကို တမင်ခင်းပြလိုက်တာပါ။ လမ်းမကြီးမှာ ဦးလေးဖြစ်တဲ့သူကို အလေးမထားအရှုမစိုက်ဘဲ လုပ်ပြလိုက်တာ ဒီတော့ ဟိုလူကြီး ရှက်လည်းရှက် ဒေါသလည်းထွက် တီးတော့တာပေါ့ "

" အဲဒီလောက်ထိ မိန်းမတစ်ယောက်အတွက် မိုက်မဲရသလားထီရယ် "

" မိုက်မဲတာဆိုရင်တောင် ကျွန်တော်သူ့ကိုချစ်လို့ပေါ့ မမရဲ့၊ ကျွန်တော်ရည်းစားတွေ အများကြီးတွဲခဲ့ဖူးပေမယ့် ဘယ်သူမှ မချစ်ခဲ့ဖူးဘူး။ သူ့ကို တကယ်ချစ်တာ သူက ကျွန်တော်ရည်းစားများတာ သိတော့ လက်မခံဘဲ စိတ်ဆိုးသွားတယ်။ ဒါကြောင့် သူသနားအောင်တမင်ဖန်တီးလိုက်တာ "

" အံ့ပါ့ ထီရယ် မင်းတကယ်ပဲ အဲဒီမိန်းကလေးကို မြတ်နိုးရင် မမကိုယ်တိုင် သူ့မိဘတွေဆီ တောင်းရမ်းပေးမယ် ဒီလောက်ထိ သနားခံပြီး ရှုးသွပ်စရာမလိုပါဘူး "

" ကျွန်တော် သူ့ကိုပဲ လက်ထပ်မှာပါ ဒါပေမဲ့ သူ့ရင်ထဲက အချစ်ကိုလည်း ရချင်တယ် အခုတောင် သူကျွန်တော့်ကို နားလည်သနားပြီး ပြန်အဆင်ပြေနေပြီ သူ့စိတ်ဆိုးပြေပြီး ကျွန်တော့်ကို သူ့ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



ထိုးတဲ့ကိစ္စ ဖုန်းဆက်တောင်းပန်တယ် မမရဲ့ ”

သူ့စကားတွေကို မမကေရီ ယုံကြည်သွားခဲ့၏။ မျက်နှာပေါ်က ဒေါသစိတ်တွေကွယ်ပျောက်ကာ မယုံနိုင်သော မျက်ဝန်းတွေနှင့် ကြည့်နေရင်း

“ အဲဒီကောင်မလေး နာမည်က ဘယ်သူလဲ ဘယ်မှာနေတာလဲ မမကို ပြောစမ်းပါ၊ ထီမထင်ဆိုတဲ့ မောင်လေး အရူးအမူးဖြစ်သွားတဲ့ မိန်းကလေး ကို မမသိချင်မြင်ချင်လွန်းလို့ ”

“ အချိန်တန်ရင် မမရှေ့မှောက် ခေါ်ပြီးမိတ်ဆက်ပေးမယ် ပြီးမှ မမတောင်းရမ်းပေးပေါ့ အခုတော့ ကျွန်တော်နဲ့အူ တစ်ယောက် စိတ်တစ်ယောက် နားလည်နိုင်အောင် လေ့လာပါရစေဦး မမရယ် ”

“ အင်း အံ့ဩစရာပဲ မောင်လေးကိစ္စ ဒယ်ဒီဆီ လှမ်းအသိပေးထားမှနဲ့ တူတယ် ”

“ ဟာ မလုပ်နဲ့ မမ၊ ဒယ်ဒီ မသိပါစေနဲ့ဦး ခုချိန်မှာ ကျွန်တော် သူ့ကို ချစ်တာမှန်ပေမယ့် ဆက်လေ့လာချင်သေးတယ် သေချာပြီဆိုမှ အသိပေးပါနော် တောင်းပန်ပါတယ် ”

“ ဟုတ်ပါပြီ ဒါဆိုရင်းလည်း မမကို ကတိပေး ဒီလို မိုက်မိုက်မဲမဲ အလုပ်မျိုးထပ်မလုပ်တော့ဘူးလို့ ”

“ စိတ်ချ လုပ်စရာမှ မလိုတော့တာ ကောင်မလေးက အဆင်ပြန်ပြေသွားပြီပဲ ကျွန်တော့်ကို တီးခဲ့တဲ့ သူ့ဦးလေးတောင် သူမှန်းနေလောက်ပြီ ဟား ဟား ”





သူ့ပေါ့ပေါ့ပါးပါး ရယ်မောလိုက်တော့ မမပြုံးသည်။ ပြီးမှ သူ့မျက်နှာပေါ်က ဒဏ်ရာတွေကို ပြန်ကြည့်ကာ အပြုံးတို့ ပျောက်ကွယ်သွားပြန်သည်။

“ တော်တော် စာနာစိတ်မရှိတဲ့ လူကြီးပဲ လက်ရွေ့ပညာတတ်ဆယ်ဆိုပြီး အနိုင်ကျင့်တာတော့ မမ မကျေနပ်ဘူး ”

“ ဟ မမကလည်း ဒါတော့ သူ့တူမသူ စောင့်ရှောက်တာပဲတာ ”

“ ကြည့်စမ်း မင်းကပါ ကျေကျေနပ်နပ် ခွင့်လွှတ်နေတယ်ပေါ့ ချစ်ဆိပ်တက်လောက်အောင် မိုက်တဲ့လူမိုက် ဆေးထည့်ပေးတော့ ညည်းလိုက်တာ ဟွန်း မပြောလိုက်ချင်ဘူး ”

ကရုဏာဒေါသနှင့်ဆိုသော မမခြေကလေး ခေါင့်ထွက်သွားတော့ သူပြုံးပြုံးကြီး ကျန်ရစ်ခဲ့သည်။

သူ့အတွေးထဲမှာတော့ ဗီသုကာပုံရိပ်က အရိပ်ထင်လာ၏။

ဒီကောင်က ကရာတေးသမားဆိုတော့ သူ့ကို ဒဏ်ရာရအောင် လုပ်ခဲ့သည်။

ပြီးတော့ ရွှေရုပ်သွင်။

အမည်နှင့်လိုက်ဖက်အောင် လှပသော ရွှေရုပ်သွင် ပုံရိပ်လေး ပြန်တွေးမြင်မိတော့ သူ့ရင်ထဲက နွေးခနဲ့တောင် ခံစားရသေး၏။

သူငယ်ချင်းတွေ နှုတ်ဖျားက ခဏခဏပြောတတ်သော ရွှေရုပ်သွင်ကို တစ်ခါမြင်ကြည့်မိယုံနှင့် သူသဘောကျ နှစ်မြိုက်ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်အောင် လုပသောကောင်မလေး။ ပုံစံလေးက ယောကျ်ား
လေးစတိုင်လ်နှင့် ဂျင်းပင်ကို မချွတ်တမ်း ဝတ်တတ်သည်။

တွဲတတ်သည်က ဗိသုကာဆိုသော ယောကျ်ားလေးနှင့်ပဲ ဖြစ်
သည်။

ဘာပဲဖြစ်ဖြစ် သူ့စိတ်ထဲက သဘောကျသွားခဲ့တာမို့ ဗိသုကာ
မပါသော တစ်ရက်မှာ လိုက်စကားပြောမိတော့

“ ဟော့ နင့်နာမည် ထီမထင်မို့လား ငါ့ကို လာမနှောင့်ယှက်
စိတ်မဝင်စားဘူး ရှင်းတယ်နော် ”

စကားတွေက ရှင်းပေမယ့် သူ့ရင်ထဲမှာ မရှင်းလင်းတာ သ
နာမည်ကို ရွှေရုပ်သွင်သိနေတာကြောင့်ဖြစ်သည်။

“ ကိုယ့်နာမည်ကို မင်းသိနေတာ အံ့ဩစရာပဲ ”

“ ဒါ အံ့ဩစရာ မဟုတ်ဘူး၊ ရုပ်ချောတယ် ချမ်းသာတယ်
ဆိုတဲ့ခပ်ညံ့ညံ့ အရည်အချင်းနှစ်ချက်နဲ့တင် ရှင့်ကို အရူးအမူးဖြစ်နေ
တဲ့ မိန်းကလေးတွေအကြောင်းတောင် ရုပ်သွင်သိတယ်။ အဲဒီကတည်းက
အထင်ကြီးလို့ မရတာ ”

“ မင်းစကားတွေက ရင့်လိုက်တာ ”

“ ခပ်ရင့်ရင့်ပဲ ဒီတော့ ရှင်ကျွန်မအနားက အမြန်ဆုံ
လစ်တော့”

“ ဆောရီးကွာ ထီမထင်ဆိုတဲ့ကောင်က ဘယ်သူ့အမိန့်
မနာခံဘူးကွ ”





ခြေလှမ်းတွေ ဆတ်ခနဲရပ်ကာ မော့ကြည့်သော မျက်ဝန်း
ရှုးတွေက သူ့ရင်ထဲကို စူးနစ်သွားစေအောင် အစွမ်းထက်ပါသည်။

အပြစ်ဆိုစရာမရှိအောင် လှလိုက်တဲ့ ရွှေရုပ်ကလေး။

“ မင်းအကြည့်တွေက ငါ့ရင်ထဲအထိ ထိတယ် ရွှေရုပ်ကလေး”

“ ရှင့်ပါးစပ်ကို ပိတ်တော့ ထီမထင် ”

စကားလုံးက ကြမ်းတမ်းပေမယ့် အသံလေးက ချိုမြိန်သည်ဟု
သူထင်သည်။

“ မင်းကို ကိုယ်သိပ်ချစ်နေတာကို ပြောပြမလို့ ရွှေရုပ်ကလေး
ရဲ့ ”

တင်းခနဲ စေ့သွားသော နှုတ်ခမ်းဖူးဖူးလေးတွေ တပြိုင်နက်
တည်းမှာ သူ့မျက်နှာပေါ်ဝဲကျလာသော လက်တစ်ဖက်ကို မြင်ရ၏။

ခန္ဓာကိုယ်ကို အနောက်သို့ တစ်လှမ်းဆုတ်ရှောင်တော့ သူမ
ရှိန်လွန်ကာ သူ့ရင်ခွင်ထဲ ပြိုကျသည်။

“ လွှတ် အခုလွှတ်စမ်း ”

ဒေါသစိတ်တွေနှင့် ရဲရဲနီနေသော ပါးနုနုလေးကို သူနှုးညံ့စွာ
နမ်းပစ်လိုက်မိတာ နှလုံးသားက စေခိုင်းမှုကြောင့်ပဲ ဖြစ်သည်။

“ ဟင် နင် နင် လူယုတ်မာ ”

မျက်ဝန်းနက်နက်လေးတွေ မီးဝင်းဝင်းတောက်လျက် သူ့ကို
ရိုက်ကြည့်နေသည်။

ဒေါသစိတ်နှင့် တုန်ခါနေသော နှုတ်ခမ်းလေးတွေကို သူငေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း

" ဆောရီး ကိုယ်စိတ်မထိန်းနိုင်အောင် မင်းကသိပ်လှနေလို့ပါ "

" တောက် နင့်ကို ငါခွင့်မလွှတ်ဘူး "

နာကျည်းခံပြင်းသော တက်ခေါက်သံနှင့်အတူ လွင့်စင်ကျန်ရစ်ခဲ့သည့်စကားလုံးတွေ သူ့ရင်ထဲ တိုးဝင်တုန်ခါသွားခဲ့၏။

" ခွင့်လွှတ်ပါ ရွှေရုပ်ကလေးရယ် "

သူ့ရင်ထဲက တောင်းပန်စကားကို သူမ မကြားနိုင်တော့ပါ။

သူငယ်ချင်းတွေက ရွှေရုပ်သွင်နှင့် ဗိသုကာကို ရှောင်နေဖို့ ထိုညနေက သတိပေးသေးသည်။ ဒါပေမဲ့ သူတိတ်ဆိတ်စွာပဲ ကြိတ်ပြုံးနေခဲ့သည်။

နောက်တစ်နေ့ ညနေ မိုးဖွဲဖွဲထဲမှာပဲ ဗိသုကာနှင့် သူ့ရင်ဆိုင်ခဲ့ရခြင်းဖြစ်၏။

သူ့ဘက်က တစ်ချက်လေးတောင် တုံ့ပြန်နိုင်စွမ်းမရှိအောင် ဗိသုကာလက်ရည်သာလွန်ခဲ့သည်။

ကိစ္စတော့မရှိပါ။

မျက်နှာပေါ်က ဒဏ်ရာတွေက အချိန်တန်လျှင် ပျောက်သွားလိမ့်မည်။

ရွှေရုပ်သွင် ပါးပြင်လေးပေါ်က အနမ်းပွင့်လေးကတော့ ကျန်နေမှာပဲဖြစ်၏။ အံ့ဩစရာကောင်းသည်က သူ့ရင်ထဲမှာလည်း တစ်စုံတစ်ရာကျန်နေသည်။





ရွှေရုပ်သွင်ရဲ့ မျက်နှာလေးပဲဖြစ်သည်။

ယုံနိုင်စရာတောင်မရှိပါ။ မိန်းကလေးတစ်ယောက်ကြောင့် မလှုပ်ခတ်ခဲ့ဖူးသောရင်သည် အခုမှဘာကြောင့် တသိမ့်သိမ့် နွေးထွေးလှိုက်ခုန်နေတာလဲမသိ။

ဒါ အချစ်ကြောင့်လား။ သေချာနေခဲ့ပြီဆိုရင်တော့

မင်းဟာ ထိမထင်နှလုံးသားထဲက အချစ်ဦးဖြစ်ခဲ့ပြီပေါ့ ရွှေရုပ်သွင်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

စိတ်ထဲမှာ တစ်စုံတစ်ရာ လိုအပ်သလိုဖြစ်နေခဲ့ရတာတော့ အမှန်ပင်။ အလိုလိုနေရင်း မကြည်မလင်ဖြစ်နေခဲ့တာကြောင့်လည်း စိတ်က မကြည်ချင်ပါ။

ဘာလုပ်လုပ် အခြေခံမပြေစိတ်တိုင်းမကျနိုင်ဖြစ်နေတာ သုံးရက်ရှိခဲ့ပြီ။

အိမ်မှာလည်းနေလို့ထိုင်လို့မရ။ လက်ဖက်ရည်ဆိုင် ထွက်တော့လည်း စိတ်ကမကြည်ပါ။

သူငယ်ချင်းတွေနှင့်အတူ ထိုင်နေရပေမယ့်ဆိုင်ရှေ့ လမ်းမဆီကိုသာ သူတမျှော်မျှော်ဖြစ်နေတာကို ကြာတော့တိုးတိုးနှင့် သူရလင်းတို့တောင် ရိပ်မိသွားခဲ့၏။

“ ဘယ်သူ့ကို မျှော်နေတာလဲ သုကာ ရွှေရုပ်သွင်ကိုလား”

“ မဟုတ်ပါဘူး တိုးတိုးရာ ဘာမှမမျှော်ဘူး ”

တိုးတိုးအမေးကို ဟန်ဆောင်မျက်ဝန်းတွေနှင့် ပေါ့ပေါ့ပါးပါး ဖြေလိုက်ပေမယ့် သူရလင်းက ဇာတ်လမ်းဆက်လာပြန်သည်။





“ တိုးတိုးပြောမှ သတိထားမိတယ်။ ရုပ်သွင် ဆိုင်မထွက်တာ သုံးလေးရက်ရှိပြီထင်တယ် ဘာဖြစ်တာလဲ သုကာ ဘာလဲ မင်းတို့ စိတ်ဆိုးကြပြန်ပြီလား ”

ရုပ်သွင် စိတ်ဆိုးစိတ်ကောက်တိုင်း သူ့ကို တစ်ပတ်ဆယ်ရက်ခန့် စကားမပြောဘဲ နေတတ်တာကို အားလုံးသိကြသည်။

ထိုရက်တွေဆိုလျှင် ရုပ်သွင်သူနှင့် တတွဲတွဲရှိမနေတတ်ပါ။ နို့မို့ဆိုလျှင် မနက်တိုင်း ရုပ်သွင် လက်ဖက်ရည်ဆိုင်ကို သူနှင့်အတူ ရောက်နေတတ်သည်။

“ အလကားပါကွာ သူ့ဝသီအတိုင်းပေါ့ ဘာမဟုတ်တာကို စိတ်ဆိုးစိတ်ကောက်လုပ်တတ်တာ ငါတော့စိတ်ကုန်လာပြီ ”

“ ဒါတော့ကွာ ရုပ်သွင်က မိန်းကလေးပဲ မိန်းမပီသတဲ့ စိတ်တော့ရှိမှာပေါ့ ”

သူရလင်းစကားကြောင့် ရုပ်သွင်မျက်နှာနုနုလေးကို အာရုံထဲမှာ မြင်ယောင်လာရသည်။ ယဉ်စဥ်ကတည်းက သူတို့ယောက်ျားလေးတွေနှင့်ပဲ ပေါင်းသင်းကာ အပြောအဆို အမူအကျင့်ကအစ ယောက်ျားဆန်နေသော ရွှေရုပ်သွင်။

အလယ်တန်းကျောင်းသူဘဝရောက်ခဲ့တော့ ရွှေရုပ်သွင်အခြေအနေက သိသာထင်ရှားစွာ ပြောင်းလဲလာသည်။

မိန်းကလေး တစ်ယောက်၏ လှပပျိုမျစ်ခြင်းတွေ ရွှေရုပ်သွင်ထံမှာ အပြည့်အဝ ပိုင်ဆိုင်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ ရင်ဖုံးအင်္ကျီအဖြူလေးနှင့် အစိမ်းရောင် ထဘီလေးဝတ်ဆင်ထားသော ရွှေရုပ်သွင်သည် အပြင်မှာတော့ ရှပ်အင်္ကျီ၊ တီရှပ်နှင့်ဂျင်းဘောင်းဘီ တို့ရှည်များကိုပဲ ဝတ်ဆင်တတ်သူဖြစ်သည်။

မိန်းကလေးအပေါင်းအသင်းလည်း မထားတတ်သည့် ရွှေရုပ်သွင်သည် သူ့ကိုတော့ ခင်တွယ်မပျက် တွဲသူဖြစ်ခဲ့သည်။

အထက်တန်းကျောင်း ရောက်ချိန်မှာတော့ ရွှေရုပ်သွင်သည် နုပျိုလှပမှုတွေဖြင့် တွယ်မက်စရာ ပန်းဖူးကလေးဖြစ်နေခဲ့လေပြီ။ သည်တော့လည်း ရွှေရုပ်သွင်ဆိုသော ပန်းဖူးလေးကို ချူချင်သူတွေ အများကြီး ရှိခဲ့သည်။

ဒါပေမဲ့ ရွှေရုပ်သွင်က ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့ပါ။ ဗိသုကာဆိုသော သူကလည်း ရွှေရုပ်သွင်ဆိုသော အလှနတ်သမီးလေးကို စောင့်ကြပ်သော ယက္ခဘီလူးပမာ ဖြစ်ခဲ့ရသည်။

ကျောင်းသွားကျောင်းပြန် ရွှေရုပ်သွင်အနီးမှာ ကိုယ်ရံတော်သည် ဗိသုကာ။

ရွှေရုပ်သွင်ဆီ ချဉ်းကပ်လာကြသူတွေထဲမှာ ရမ်းရမ်းကားကား မိုက်ရူးရဲဆန်သော ယောကျာ်းလေးတွေလည်း ပါတတ်သည်။ထိုအခါတိုင်း ရွှေရုပ်သွင်အတွက် ရန်ပွဲ နွှဲဆင်ရသူက ဗိသုကာပဲဖြစ်ခဲ့သည်။

ရပ်ကွက်ထဲမှာ ရန်ပွဲကြောင့် ရုံးရောက်ဖြစ်ကာ ရှင်းရတာလည်း အကြိမ်ကြိမ်။

ကျောင်းမှာလည်း ဆရာကြီးရုံးခန်းကို နှစ်ကြိမ်တိုင်တိုင်





ရောက်ခဲ့သည်။

ရွှေရုပ်သွင် ဝင်ရှင်းပြလို့ ကျောင်းထုတ်မခံရပေမယ့် ဝန်ခံကတိ လက်မှတ်ထိုးခဲ့ရသည်။

"ရှက်စရာ ကောင်းလိုက်တာ သားရယ် ဒီကောင်မလေး အတွက် ရန်ဖြစ်ရတယ်လို့ မဖြစ်ဘူး မင်း ဒီကောင်မလေးနဲ့ အပေါင်းအသင်းမလုပ်နဲ့ "

"ဟဲ့ မေမေကလည်း ရုပ်သွင်ကို အနိုင်ကျင့်ဖို့ ကြိုးစားတာ သိက္ခာမဲ့အောင်လုပ်တာ "

"ဒါကိုတခြားနည်းနဲ့ ရှင်းလို့ တိုင်လို့ရတယ်သား သားက လူမိုက်ဝင်လုပ်တာ ကောင်းသလား "

"ကိုယ့်ရှေ့မှာ စော်ကားနေတာတော့ မခံနိုင်ဘူးမေမေ ရုပ်သွင် အတွက် သားဝင်ရှင်းရမှာပဲ "

သူ့ကိုကြည့်ကာ မေမေ ပင့်သက်ရှိုက်သည်။ ရွှေရုပ်သွင်နှင့် သူ့ရဲ့ သံယောဇဉ်ကိုတော့ မေမေ မတားမြစ်နိုင်ခဲ့ပါ။

ရွှေရုပ်သွင် ဆယ်တန်းနှစ်မှာ မိဘနှစ်ပါးစလုံး မမျှော်လင့်ဘဲ ဘဲ တိမ်းပါးကုန်တော့ သူ ရွှေရုပ်သွင်ကို ပိုလို့တောင် ခင်မင်သနားရသည်။ မောင်နှမနှစ်ယောက်တည်း လောကဒဏ်ကို ရင်ဆိုင်ရသော ရုပ်သွင် အကိုကြီး မင်းမြတ်သွင်ကိုတော့ သူလေးစားသည်။

အားကိုးရာမိဘတွေ တိမ်းပါးကုန်သော ရုပ်သွင်ကိုလည်း သူအရင်ကထက်တောင် ပိုမိုခင်တွယ်ဂရုစိုက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်တက်ကြတော့လည်း မေဂျာအတူတူမို့ အဆင်ပြေသည်။

ရုပ်သွင်နှင့် သူ့ကြားမှာ သံယောဇဉ်သည် ခိုင်ကျည်စွာ နှောင်တွယ်ခဲ့တာတော့ သေချာပါသည်။

အရွယ်ကလေးရလာသည်နှင့် ပန်းဖူးငုံလေး ရွှေရုပ်သွင်သည် လှပစွာ ပွင့်လာသော ပန်းလေးတစ်ပွင့် ဖြစ်လာခဲ့သည်။ သို့ပေမယ့် ရွှေရုပ်သွင်အလှသည် နုနယ်မွေးပျံ့သော စပယ်ပန်းပွင့်လေးလို မဟုတ်ခဲ့ပါ။

ဆူးချွန်ချွန်လေးတွေနှင့် သင်းထုံသော နှင်းဆီပန်းလေးလို အလှဖြစ်သည်။

လှပုံစံက ကျားကျားရားရားအသွင် မာဆတ်ဆတ် ဂျစ်ကန်ကန် အသွင်မို့ တော်တန်ယုံ ယောက်ျားလေးတွေ အနားမကပ်ရဲ ခဲ့ကြပါ။ ရုပ်သွင်ရဲ့လက်ရဲဇက်ရဲ တုံ့ပြန်မှုကြောင့်ပါသလို ရုပ်သွင်အနီးမှာရှိသော သူ့ကြောင့်လည်း ဖြစ်နိုင်သည်။

ငယ်စဉ်ကတည်းက နွေကျောင်းပိတ်ရက်တွေမှာ ကိုကြီးနှင့် ကိုလတ်က သူ့ကိုကိုယ်ခံပညာသင်တန်းကို ပို့ပေးခဲ့သည်။

“ ညီကိုလူမိုက်လုပ်ဖို့အတွက် ဒီပညာသင်ပေးနေတာ မဟုတ်ဘူးနော် ကိုယ့်ကိုသူတစ်ပါး အနိုင်ကျင့်စော်ကားတာ မခံရအောင် တတ်မြောက်ထားသင့်တဲ့ ပညာမို့ သင်ပေးတာ ”

“ ဟုတ်တယ် ညီလေး ကိုကြီးတို့ ပြောတာတွေ ခေါင်းထဲမှာ





မမေ့နဲ့နော် ”

မွေးချင်းညီအစ်ကိုသုံးယောက်သာ ရှိသောမိသားစုလေးထဲမှာ မေမေမရှိတော့ပေမယ့် သားသုံးယောက်ရှိတာမို့ မေမေသည် ဖြေသိမ့်ကျေနပ်နိုင်ခဲ့သည်။

မေမေအားကိုးရလောက်အောင်လည်း ကိုကြီးနှင့်ကိုလတ်တို့က လိမ္မာသည်။ အားကိုးရသည်။

ကိုကြီးက စင်ကာပူကုမ္ပဏီခွဲမှာ အလုပ်လုပ်သည်။ လစဉ်ရသမျှ မေမေ့ထံကို ထောက်ပံ့ပို့ပေးသည်။ အိမ်ထောင်ပြုဖို့ မတွေးတော့ဟု ဆိုသည်။

ကိုလတ်ကလည်း မြန်မာပြည်ကို မစွန့်ခွာလို၍ ကုမ္ပဏီခွဲထောင်ကာ အောင်မြင်အောင်ကြီးစားသည်။ ကိုကြီးနှင့်ကိုလတ်က စီးပွားရှာနေတာမို့ သူ့ကိုဘာမှ မလုပ်ခိုင်းဘဲ မေမေအနီးမှာ နေစေသည်။

ငွေကြေးမနေအတွက် ပူပန်မှုမရှိရအောင် ကိုကြီးနှင့်ကိုလတ်တာဝန်ယူနိုင်သည်မို့ မေမေနှင့် သူ့ဘဝက အေးချမ်းနေခဲ့သည်။

တစ်နေ့တစ်နေ့ ဆိုင်ထိုင် လေပစ် အိမ်ပြန် ဂိမ်းဆော့ ဗီစီဒီထိုင်ကြည့် ဖြတ်သန်းရင်း အချိန်ကုန်ရသော သူ့အတွက် ရုပ်သွင်နှင့် ခင်မင်နေရတာ အဆင်ပြေသည်။

ပျင်းရိစရာမရှိအောင် ရုပ်သွင်က သူနှင့်အတူ ရှိနေပေးတတ်သည်။

မနက်ဆိုလျှင် နှစ်ဦးသားလမ်းထိပ် လက်ဖက်ရည်ဆိုင်လေးမှာ



www.burmeseclassic.com

www.burmeseclassic.com



အတူထိုင်ကြသည်။ နေ့လယ်နေ့ခင်းဆိုလျှင်လည်း ရုပ်သွင်အိမ်ကို ရောက်လာတတ်သည်။ နှစ်ဦးသား အတူဂိမ်းကစားပြီး ညောင်းညာလာလျှင် လက်ဖက်ရည်ဆိုင်ထွက် စားသောက်ကြနှင့် ပုံမှန်လည်ပတ်နေခဲ့သော အခြေအနေလေး ပြောင်းလဲသွားတော့ သူ နေမထိထိုင်မသာ ဖြစ်ရတာအမှန်။

အခုဆို ရုပ်သွင်ကို အရိပ်လေးတောင် မြင်ခွင့်မရနိုင်တာ သုံးရက်ရှိခဲ့ပြီ။

သူ့ကိုစိတ်ဆိုးတိုင်း ရုပ်သွင်က မခေါ်မပြော နေထတ်သည်။ သုံးလေးရက် တစ်ပတ်စသည်ဖြင့် သူ့ဘာသာရက်သတ်မှတ်ကာ ပြုမူတတ်ပုံက ရယ်စရာတော့ အကောင်းသား။

သူ သတ်မှတ်ထားသည့် ရက်အတိုင်း ရုပ်သွင်က စကားတစ်ခွန်း မပြောဘဲ လမ်းမှာတွေ့လျှင်တောင် မမြင်ဟန်ဆောင်တတ်သည်။

ထိုအခါမျိုးမှာ သူ တန်နိုးဒေါသဖြစ်ရပေမယ့် စိတ်ပြေသွားတော့လည်း စတင်နှုတ်ဆတ်ပြောဆိုလာသည်က ရုပ်သွင်ပဲဖြစ်သည်။

မခေါ်မပြောဘဲနေခဲ့သည့်ရက်တွေကို မသိသလို အမှတ်မထားတော့သလို ပုံမှန်အတိုင်း ခင်ခင်မင်မင် ဆက်ဆံလာပုံက ရုပ်သွင်ရဲ့ အမူအကျင့်လေးပင်ဖြစ်သည်။

“ နေစမ်းပါဦး ရုပ်သွင် နင်ကဘာလုပ်တာလဲ အခုရက်တွေက လမ်းမှာ ဆုံရင်တောင် ငါ့ကိုမတွေ့သလို မတန်သလို မျက်နှာလွှဲသွားခဲ့





တယ် အခုတော့ နင်ပဲမဟုတ်သလိုလိုနဲ့ ”

“ အဲဒါ နင့်ကိုငါစိတ်ဆိုးလို့ အပြစ်ပေးခဲ့တာလေ နင့်ကိုသုံးရက်တိတိ စကားမပြောဘူးလို့ ပြောခဲ့တယ် ဒီနေ့ သုံးရက်ပြည့်ပြီးလို့ ပြန်စကားပြောတာ ပြစ်ဒဏ်စေ့သွားပြီလေ ”

“ ငါ့ကို ပြစ်ဒဏ်ပေးတာ ဟုတ်လား ”

“ အေးလေ ပြီးခဲ့တဲ့ သုံးရက်က ငါနင်နဲ့စကား မပြောဘူး သူစိမ်းလို နေလိုက်တော့ နင်ဘယ်လိုဖြစ်သွားသလဲ ဘယ်လိုခံစားရသလဲ အဲဒါငါ့ပြစ်ဒဏ်ပဲပေါ့ ”

မျက်ဝန်းရှိဝေဝေလေးတွေထဲအထိ လှောင်ပြုံးလေးတွေ အရိပ်ထင်စေသည့် ရုပ်သွင်မျက်နှာလေးကိုကြည့်ကာ သူမျက်မှောင်ကုပ်သွားရသည်။

တော်တော်ဆိုးတဲ့ ရုပ်သွင်ပါပဲ။ သူ့ရင်ထဲမှာ တနုံ့နုံ့ခံစားရအောင် လုပ်တာပေါ့လေ။

ဒါပေမဲ့ ဗီသုကာဆိုတဲ့ကောင်ကလည်း မာနတရားနဲ့ ဟန်ဆောင်ဖို့ ဝန်လေးတတ်တဲ့ ကောင်မဟုတ်လေတော့ ရုပ်သွင် စကားကို အားပါးတရ ရယ်ပစ်လိုက်ခဲ့၏။

“ နင် က ဘာရယ်တာလဲ သုကာ ”

“ နင့်အပြစ်ဒဏ်ဆိုတာကြီးကို ရယ်ချင်လို့ပေါ့ ရုပ်သွင်ရဲ့ နင် ငါ့ဆီမလာတော့ နားငြီးသက်သာတယ် နင်စကားမပြော မပတ်သက်ဘဲနေတော့ ငါတစ်ယောက်ထဲ နေချင်သလိုနေ လွတ်လပ်နေရတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ရုပ်သွင်ရဲ့ ဟား. . . ဟား. . . ”

ရုပ်သွင်ရဲ့အပြုံးမျက်နှာလေး ချက်ချင်းကွယ်ပျောက် သွာ
သည်။ သူ့ကိုဘုကြည့်ကြည့်ရင်း ရုပ်သွင်ဆတ်ခနဲ ထရပ်သည်။

“ ငါလာတာ ခင်မင်နေတာ နင့်အတွက် အနှောင့်အယှ
ဖြစ်နေတယ်ပေါ့လေ ရတယ် ဒါဆိုလည်း မလာတော့ဘူး မှတ်ထား

ခြေကလေးဆောင့်ပြီး အနားကထွက်သွားတဲ့ ရုပ်သွင်ကို
ပြုံးကြည့်နေလိုက်မိသည်။

ရွှေရုပ်သွင်ဆိုတဲ့ သူငယ်ချင်းမလေး ဘယ်လောက်စိတ်ဆိ
ဒေါသထွက်ပါစေ၊ ရင်ထဲမှာ သို၀ှက်ထားတတ်သူ မဟုတ်ဆိုတာ သူသ
သည်။

အငြိုးအတေးမရှိ၊ ဖြူစင်လှတဲ့ကောင်မလေးကို သူ ခင်မင်နေ
တာလဲ ဒီလိုစိတ်ဓါတ်လေးကြောင့်ပဲလေ။

သူ့အပေါ်ဘယ်လောက်ပဲ စိတ်ဆိုးဆိုး အချိန်တန်လျှင်တေ
ရုပ်သွင်စိတ်ဆိုးပြေကာ ပြန်ရောက်လာတတ်စမြဲ၊ သူကလည်း ရုပ်သွ
စိတ်ဆိုးပြေကာ ပြန်ရောက်လာချိန်ကို မျှော်ရင်း ကျေနပ်နေတတ်သ
တစ်ယောက် ဖြစ်ခဲ့လေသည်။

“ တို့ လစ်တော့မယ်သုကာ မင်းဆက်ထိုင်ဦးမှာလား ”

သူရလင်း အမေးစကားကိုကြားမှ သူလက်ကနာရီကို ငုံ့ကြည
မိသည်။ ဆယ်နာရီတောင် ကျော်နေပြီ။ ဒီအချိန်ဆို ရုပ်သွင်လက်ဖ
ရည်ဆိုင်ထွက်လာတော့မည် မဟုတ်ပါ။

စိုးမိုးစာပေ



“ မထိုင်ပါဘူး ငါလည်းပြန်မယ် ”

သူရတို့နှင့် ခွဲခွာပြီးနောက် ပြန်ခဲ့သည့်လမ်းမှာလည်း ရုပ်သွင်ကိုမတွေ့ရပါ။ သူ့ကို ဒီတစ်ခါတော့ ရုပ်သွင်တကယ်ပဲ စိတ်ဆိုးသွားခဲ့သည်ထင်သည်။ မျက်နှာချင်းမဆိုင်ချင်လို့ တမင်အပြင်မထွက်တာဘဲ ဖြစ်မည်။

ရုပ်သွင်အပေါ် သူပြုမူလိုက်မိတာ သိပ်လွန်ကျူးသွားခဲ့သည်လား။ တစ်ခါမှ မပြုမူမိသော သူ့အပြုအမူအတွက် ရုပ်သွင်စိတ်ဆိုးသွားခဲ့တာတော့ အသေအချာဖြစ်သည်။

ခွင့်လွှတ်ပါ ရုပ်သွင်ရယ်။ ထိမထင် နမ်းရှိုက်ခဲ့တဲ့ အနမ်းတစ်ပွင့် နင့်ပါးပြင်လေးပေါ်မှာ ထင်ကျန်နေမှာ ငါမလိုလားဘူး။

နင့် မျက်နှာလေးကို မြင်တိုင်း တနုံ့နုံ့ခံစားနေရမှာ ငါ မခံစားနိုင်ဘူး။ ဒါကြောင့် ငါ့အနမ်းနဲ့ ချေဖျက်ခဲ့တာပါ ရုပ်သွင်။

ငါ့ကို နင်စိတ်ဆိုးချင်ဆိုးပါ။ ငါ ခံယူနိုင်တယ်။ တစ်ခုပဲ ရှိတယ် ရုပ်သွင်။ ငါ့အကြောက်ဆုံးက နင်မုန်းမှာကိုပါပဲ။

အမုန်းဆိုတဲ့ အရာတစ်ခုကလွဲရင် နင်ပေးသမျှ ငါခံယူနိုင်တယ် ရုပ်သွင်။

✿ ✿ ✿ ✿ ✿

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

" သုကာ "

ခေါ်သံကြောင့် လှည့်ကြည့်လိုက်မိတော့ ရုပ်သွင်ရယ်။ အနောက်မှာ တောင့်တောင့်လေးရပ်လို့ ရောက်နေလေသည်။

သူ မယုံနိုင်အောင် အံ့သြဝမ်းသာ သွားမိတာလည်း အ ရုပ်သွင်စိတ်ဆိုးပြေသွားခဲ့ပြီလား။

တစ်ပတ်လောက် သူ့ကိုမခေါ်ဘူးဟု ရုပ်သွင်ပြောထားသ ဒီထက်လည်း ပိုချင်ပိုနိုင်တယ်ဟု ဆိုခဲ့သည့် ရုပ်သွင်အခုဓ သူ့ရှေ့မှောက်မှာ ရောက်နေသည်။

အနီရဲရဲခေါင်းစွပ်ဆွယ်တာလေးနှင့် ဂျင်းစကပ်ရှည်လေ ဝတ်ဆင်ထားသော ရုပ်သွင်မျက်နှာလေးက ထုံးစံအတိုင်း အခြယ်အ ကင်းစင်လျက် နုဖတ်ရှင်းသန့်နေသည်။

ပြီးခဲ့တဲ့လေးရက်လုံးလုံး အရိပ်လေးတောင် မမြင်တွေ့ခဲ့ ရုပ်သွင်ကို မြင်လိုက်ရတာမို့ သူ့ရင်ထဲမှာ ဝမ်းသာကြည်နူးသွားပေ သူတစ်ချက်လှည့်ကြည့်ပြီး နှင်းဆီပန်းပင်တွေဘက် ပြန်ဦးလှည့်နေလို





ည်

ဒါ့ကိုလေးရက်လုံးလုံး စိတ်ဒုက္ခပေးခဲ့တဲ့ နှင့်ကို တစ်ခုခုတော့ ပြန်ရမယ် ရုပ်သွင်။ ကဲ နှင့်ဒေါသတွေကို ငါမြင်ပါရစေ ရုပ်သွင်။

" ဒါက ဘာသဘောလဲ သုကာ နှင့်ပန်းပင်တွေက ဘယ် က် အရေးကြီးလို့လဲ "

လေသံက မာဆတ်ဆတ်။ သူ လှည့်မကြည့်ပေမယ့် မြင်သိ သာ ရုပ်သွင် မျက်နှာတင်းတင်းလေးအတွက် ရင်ထဲကပဲ ကြိတ်ပြုး င်း

" နှင်းဆီပင်တွေ ပိုးကျပြီး အရွက်တွေဝါနေတာ၊ နှင်မမြင်ဘူး ဒါကြောင့် ပိုးသတ်ဆေးဖြန်းပြီး အရွက်ဝါတွေ ညှပ်ထုတ်ပစ်နေတာ"

ဝါကြင်ကြင်အရွက်တွေကို ကတ်ကြေးနှင့်ကိုက်ဖြတ်ရင်း သူ လိုက်တော့ ရုပ်သွင်ဖျတ်ခနဲ သူ့လက်မောင်းကို ဆွဲလှည့်သည်။

" ဟာ ဘယ်လိုလုပ်တာလဲ ကတ်ကြေးနဲ့ထိုးမိမှ အခက် "

" နှင့်ဘာသာ ဘာပဲဖြစ်ဖြစ် ငါအခုဘာကြောင့် လာတာလဲ သိသလား သုကာ "

ရုပ်သွင်ရင်ထဲမှာ ဒေါသမီးလေး တညွန့်ညွန့်တက်လာပြီဟု သည်။ မော့ကြည့်တော့ မာတင်းတင်းမျက်နှာလေးက မျက်ဝန်း လေးတွေက သူ့ကိုရူးရဲစွာ စိုက်ကြည့်နေလေသည်။

" အထူးအဆန်းလုပ်ပြီး မေးမနေပါနဲ့ ရုပ်သွင်ရယ် ခါတိုင်း လာနေကြပဲဥစ္စာ ဘာလဲ လက်ဖက်ရည်ဆိုင်ထွက်မလို့လား



www.burmeseclassic.com

www.burmeseclassic.com



ခဏလေးစောင့် ဒီမှာပြီးတော့မယ် ”

“ ဘယ်ဆိုင်မှ မထွက်ဘူး ငါလာတာ ဟိုတစ်နေ့က စကား အတွက် မကျေနပ်လို့ ”

“ ဘာစကားလဲ ငါဘာများ ပြောမိလို့လဲ ရုပ်သွင် ”

“ နင်ကပြောပြီး မေ့ချင်မေ့မှာပေါ့ ငါကတော့ တနင်္နဲ့ ဒေါသ ဖြစ်နေတာ ငါ့ကိုပေါက်ကျော်မလို့ နင်ပြောသွားခဲ့တာလေ ”

သူရယ်ချင်ချင်ဖြစ်သွားသည်။ တကယ်ဆို မမှတ်မိတာ အမှန် ဘာရယ်မဟုတ်ဘဲ နှုတ်ကထွက်သွားခဲ့သော စကားတစ်ခွန်းကို ရုပ်သွ မကျေမနပ်ဖြစ်နေတာကိုး။

“ နင်က အမှတ်ထားတယ်ပေါ့ ဟုတ်လား ရုပ်သွင် ”

“ ဟုတ်တယ် နင့်ပါးစပ်က ပြောခဲ့တာကိုး ပေါက်ကျော်မ ပြောရအောင် ငါကဘာတွေ လုပ်နေလို့လဲ ငါအပေါင်းအသင်းလုပ်တ နင်တစ်ယောက်တည်း ရပ်ကွက်ထဲမှာလည်း ဘာဇရုတ်သုတ်ခ လုပ် လို့လဲ နင်ကိုယ်တိုင်က ပြောတာကို ငါမကျေနပ်ဘာ ”

မျက်ဝန်းလေးတွေ စူးရဲလို့ နှုတ်ခမ်းလေးတွေ တုန်ခါက ဆိုနေသော ရုပ်သွင်ကိုကြည့်ကာ သူ မရယ်ရဲတော့ပါ။

ရုပ်သွင်နဲ့လည်း နောက်ထပ်စိတ်ဆိုးစိတ်ကောက် ထပ်မဖြစ်ချ တော့ပါ။ သူ့ဘက်က တစ်ထစ်တော့ လျှော့မှုဖြစ်မည်။

“ ဘာရယ်မဟုတ်ဘူး ပြောလိုက်မိတာလေးကို နင်က အညို ထားတာလား ရုပ်သွင် နင်နဲ့ငါက ပြောမနာဆိုမနာတွေပဲ ဥစ္စာ ဒီစကား





ားအတွက်နဲ့ လေးရက်တိတိ ငါ့ကိုရှောင်နေတယ်ပေါ့. အခုလည်း ကျေနပ် ဖြစ်နေတာမဟုတ်သေးဘူး ”

“ မကျေနပ်စရာ ကိစ္စတွေကို နင်ဆက်တိုက် ကျူးလွန်နေ တာကိုး တစ်ရက်ထဲမှာတောင် နှစ်ကြိမ်လုပ်ခဲ့တယ် ကိုယ်တိုင်ထိလက်ရောက် စ်ခါ နှုတ်နဲ့ကတစ်ခါ ဘာလဲနင်က ငါနင့်လို ယောကျ်ားလေးတွေနဲ့ ရင်းတနှီး ပေါင်းသင်းနေလို့ အထင်သေးတာလား ”

“ ဟာ မဟုတ်ရပါဘူး ရုပ်သွင်ရယ် နင့်ကိုငါ နားအလည်ဆုံး ခင်မင်ဆုံးဆိုတာ နင်သိရက်နဲ့ ဒီလိုအထင်မလွဲသင့်ပါဘူး ငါလုပ်မိတာ မထင်လုပ်ရစ်ကို ခံစားရလို့ ပြီးတော့ နင့်ကိုပြောမိတာ အချင်းချင်း နောက်ပြောင်တဲ့သဘောနဲ့ ဘာမှရင်ထဲက ဆန္ဒတွေမပါဘူး ”

သူ့နှုတ်က အလောတကြီး ရှင်းပြရင်း လျှော့ပေးလိုက်တော့မှပဲ ပ်သွင်မျက်နှာတင်းတင်းကလေး ပြေချင်ချင်ဖြစ်ရသည်။ ဒါတောင် ုတ်ထားသော မျက်ခုံးလေးတွေ မပြေနိုင်သေး။

“ နင်အခု စိတ်ဆိုးပြေပြီမို့လား။ ခဏလေးစောင့် ငါအဝတ် စားအမြန်လဲပြီး လက်ဖက်ရည်ဆိုင်သွားရအောင် နင့်ကိုငါ ဒကာခံ မယ် ”

“ ငါထိုင်လို့ မရသေးဘူး သူကာ အဖျားက ပျောက်ချင် သေးတာမဟုတ်ဘူး ”

“ ဟင် နင် ဖျားနေတာလား ရုပ်သွင် ”

“ ဟုတ်တယ် မိုးမိသွားတဲ့နောက်နေ့ကစပြီး ဖျားတာ ဒီနေ့ထိ



www.burmeseclassic.com

www.burmeseclassic.com



ချင်တော့ ဆောက်ဆေးပဲသောက်တာပေါ့ ဒါကြောင့် ရက်ရှည်သွားတာ ကိုကြီးတောင် ဒီနေ့မှ အလုပ်ဆင်းနိုင်တယ် မနေ့ကတည်းက နင့်ဆီလာချင်နေတာ ကိုကြီးက အပြင်မထွက်ခိုင်းလို့ ”

အခုမှပဲ ရုပ်သွင်မျက်နှာလေးကို သူအသေအချာ ကြည့်မိသည်။ မျက်ကွင်းလေးတွေ ချောင်ကျနေသည်။ နားထင်လေးတွေတောင် နိမ့်ခွက်သွားသည်ပဲ။

“ ငါ လုံးဝမသိဘူး ရုပ်သွင် နင်ငါ့ကိုစိတ်ဆိုးပြီး တမင်မလာတာလို့ ထင်နေတာ နင်နေမကောင်းဘူးဆိုတာ သိရင် ငါလာတာပေါ့”

“ ဟုတ်သားပဲ သုကာ နင်ပြောမှ ငါသတိရတယ် နင့်ကိုငါစိတ်ဆိုးထားတဲ့ကိစ္စအတွက် ပြစ်ဒဏ်တောင် မပေးရသေးဘဲ ဒီရက်ကစပြီး တစ်ပတ်လောက်တော့ စကားမပြောဘဲ နေရဦးမယ် ”

သူမျက်မှောင်ကုတ်မော့ကြည့်တော့ ရုပ်သွင်မထီတရီလေးပြုံးကာ ကြည့်နေခဲ့၏။ ဒီလိုပုံစံနှင့် ရုပ်သွင် သူ့ကိုအနိုင်ယူလာခဲ့တာများနေပြီ။

“ ကဲ ငါသွားတော့မယ် သုကာ ဆေးသောက်ရဦးမယ် ”

“ နေဦးရုပ်သွင် နင်ငါ့ကို ပြစ်ဒဏ်ပေး ရှောင်နေဦးမယ်ဆိုတာ တကယ်လား ”

“ တကယ်ပေါ့ ဒါအစဉ်အလာပဲ ဖျက်လို့မှမရတာ ”

ကြည့်ပြောပုံကိုက တကယ့်ကို အသည်းယားစရာကောင်းသည်။

“ ထားပါတော့ အဲဒါဘာကြောင့်ပေးတဲ့အပြစ်ဒဏ်လဲ ရုပ်သွင်”





“ နင်ကျူးလွန်ခဲ့တဲ့ ပထမကိစ္စအတွက်ပေါ့ နှုတ်ကကျူးလွန်ခဲ့တဲ့ ကိစ္စတော့ ငါခွင့်လွှတ်လိုက်မယ် ကျေနပ်တယ်နော် ”

“ လုံးဝမကျေနပ်ဘူး ရုပ်သွင် အဲဒီပြစ်ချက်အတွက် တစ်ပတ်တိတိ မခေါ်မပြောနေမယ်ဆိုရင် နင်ငါ့ကို တစ်သက်လုံး မခေါ်အောင် ဒီလုပ်ရမယ် ”

“ ဘာရယ် သုကာ ”

“ ဟုတ်တယ် အဲဒီပြစ်ချက်မျိုး ငါနောက်ထပ်အကြိမ်တစ်သောင်းလောက် ကျူးလွန်ပြမယ် ”

“ အို ”

ဖြူနုသော ပါးပြင်လေးမှာ ပန်းနုရောင်နှင်းဆီခင်းလေး ဖွင့်ဝေသွားခဲ့သည်။

ခေါင်းကလေး ငုံ့ရှက်သွေးလွှမ်းသော မျက်နှာနုနုလေးကို သူငေးစိုက်ကြည့်ရင်း

“ ဘယ်လိုလဲ ရုပ်သွင် နင်စိန်ခေါ်ရဲသလား ”

“ သုကာနော် တော်ပြီ ငါပြန်တော့မယ် ”

ချာခနဲ လှည့်ထွက်သွားသော ရုပ်သွင်ကို သူပြုံးပြုံးလေး ငေးကြည့်နေလိုက်သည်။ ရင်ထဲမှာ ရင်ခုန်သံတွေ လှိုက်လှိုက်တုန်ခါလို့ ကြည်နူးစိတ်လေးတွေ စီးမျောနေရသည်။

ရုပ်သွင်ရယ်။ သံယောဇဉ်နှောင် ကြိုးတွေနှင့် ခိုင်ကျည်နေတဲ့ ငါ့နှလုံးသားက နင့်အတွက်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်ခဲ့တဲ့ ငါ့နှလုံးသားတွေ အရောင်ပြောင်းသွားတာ ဘာကြောင့်လဲ။ နင်သိသလား။ အချစ်ကြောင့်ပေါ့ ရုပ်သွင်ရယ်။

✿ ✿ ✿ ✿ ✿



## အခန်း (၆)

" ရွှေရုပ်သွင် "

အသံကို ကြားလိုက်ကတည်းက ရုပ်သွင်ခန္ဓာကိုယ်လေး တုန်ခနဲဖြစ်ရသည်။ လှည့်ကြည့်မိတော့ မြင်လိုက်ရတာ ထီးမထင်တစ်ယောက်တည်း မဟုတ်ပါ။

နံဘေး တစ်ဘက်တစ်ချက်မှာ အဖော်နှစ်ဦးပါလာသည်။ ရုပ်ရည်တွေက ချောချောမောမောတွေပါပဲ။ ဂုတ်ထောက်နေသော ဆံပင်တွေက ရှည်ရှည်နှင့် ဖြစ်သည်။

စပို့ရှပ်တွေနှင့် ဂျင်းပင်တွေကို တွဲဝတ်ထားသည့် စတိုင်လ်က တူညီသည်။

ယောက်ျားပီသ ခန့်ညားသော အရုပ်အမောင်းတွေနှင့် လိုက်ဖက်အောင် ခန္ဓာကိုယ်တွေကလည်း တောင့်တောင့်တင်းတင်း ရှိကြ၏။

ထီးမထင် ဘယ်လိုပြောထားသည်မသိပါ။ နှစ်ယောက်စလုံး အကြည့်တွေက ရုပ်သွင်ထံမှာ အကဲခက်ငေးစိုက် ကြည့်နေခဲ့ကြသည်။

" တစ်ယောက်တည်းလား ရွှေရုပ် ဘယ်သွားမလို့လဲ "



www.burmeseclassic.com

www.burmeseclassic.com



ကြည်လဲ့နေသော မျက်ဝန်းတွေက ခင်မင်နှစ်လိုဖွယ်ပြုံးပြနေပေမယ့် ရှပ်သွင်ကတော့ အလိုက်မှုဟန်မပြဘဲ မာတင်းတင်းလေး ရင်ခိုင်ပစ်လိုက်သည်။

" တစ်ယောက်တည်းမဟုတ်ဘူး သုကာပါတယ် "

ထီမထင် မျက်ဝန်းတွေထဲက အပြုံးတွေ ချက်ချင်းကွယ်ပျောက်သွားခဲ့၏။

" ဗိသုကာလား ဘယ်မှာလဲ ဒီကောင် "

နှုတ်ကမေးသလို မျက်ဝန်းအစုံကလည်း ဝေ့ဝဲရှာဖွေနေသည်။

ရှပ်သွင်ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွား၏။ ထီမထင် ဘာကြောင့်ရှာဖွေနေတာလဲ။

သုကာကို ရန်ပြုချင်တာကြောင့်လား။

နံဘေးမှ ခေါ်လာသည့်နှစ်ယောက်ကလည်း ဘယ်လိုပုဂ္ဂိုလ်တွေလဲ မသိပါ။ ဒီရပ်ကွက်မှာ မမြင်ဖူးတာတော့ သေချာသည်။

မျက်နှာတည်တည်တွေနှင့် နှုတ်ဆိတ်စွာ ရပ်နေကြပုံတွေက အကဲခတ်ရ ခပ်ခက်ခက်။

" ဘယ်မှာလဲ ရွှေရှပ် ဗိသုကာကို ကိုယ်ကလည်း တွေ့ချင်နေတာ "

" တွေ့ရင် ဘာလုပ်မလို့လဲ "

" မကျေနပ်ပွဲ နွှဲမလို့ပေါ့ "

ရှပ်သွင် မျက်နက်ဝန်းလေးတွေ ဝိုင်းစက်သွားခဲ့သည်။ စိုးရိမ်





ပူပန်စိတ်တွေလည်း ရင်ထဲမှာ လှိုက်တိုးလာရသည်။

ထီမထင်က မကျေပွဲ နွှဲမလို့တဲ့။ သုကာကို တစ်ယောက်တည်း ရင်ဆိုင်မှာတော့ မဟုတ်နိုင်။ သုကာ အရှည်အချင်းကို သူသိခဲ့ပြီးပြီ။

သည်တော့ ခေါ်လာသည့် နှစ်ယောက်က ခပ်ညံ့ညံ့တွေတော့ မဟုတ်နိုင်။ သုကာထက်မသာတောင်မှ ယှဉ်နိုင်လောက်အောင် ကိုယ်ခံပညာကျွမ်းကျင်သူတွေပဲ ဖြစ်ရမည်ဟု ရှပ်သွင် တွက်ဆမိသည်။

ရှပ်သွင်ကို စူးစိုက်ကြည့်နေသော ထီမထင် မျက်ဝန်းတွေထဲမှာ အပြုံးရိပ်တွေ ပြန်ယှက်သန်းနေသည်။

ဒါ မထီတရီအပြုံးတွေပဲ ဖြစ်မှာပါ။ ရှပ်သွင်ရှေ့မှောက်မှာ သူ့ခံခဲ့ရတာကို လက်စားချေမလို့ ထင်သည်။

သုကာစိတ်က ခပ်ဆတ်ဆတ်ရယ်။ သုံးယောက်တစ်ယောက်ဆိုပြီး ရှောင်မှာလည်းမဟုတ်ပါ။ ခံကာမှခံရရော ရင်ဆိုင်မှာ သေချာသည်။

ဒုက္ခပါပဲ။ သုကာ ရောက်မလာခင် ပြဿနာကို ကြိုတင်ထိန်းတာကောင်းမည်။ ရှပ်သွင်မျက်နှာပေါ်က ထင်းမာမှုတွေကို ဖြေလျှော့လိုက်ရင်း

" ပြဿနာ မရှာပါနဲ့ ထီမထင် အဲဒီကိစ္စက ငါ့ကြောင့်ဖြစ်ခဲ့တာ နင်မကျေနပ်ရင် ငါ့ကိုပြော ငါ့ကိစ္စ ငါရှင်းမယ် "

" နေစမ်းပါဦး ရွှေရှပ်ရယ် ဗိသုကာအတွက် နင်စိုးရိမ်နေတာလား "

" အမှန်ပဲ ထီမထင် ပြီးခဲ့တဲ့ကိစ္စအတွက် နင်မနိုင်လို့ပါဖော်



www.burmeseclassic.com

www.burmeseclassic.com



[illegible] ရှင်ဆိုင်မလို့လား ”

[illegible]ကြောင့် ထိမထင်နဲ့ဘေးမှ နှစ်ယောက် ရှူးရှူး

[illegible]

ထိမထင်မျက်နှာက အရယ်အပြုံးမပျက်ဘဲ ညီညာသွယ်တန်းသော သွားကလေးတွေပေါ်အောင် အသံထွက်ရယ်လိုက်သေး၏။

“ ဟား ဟား ရွှေရုပ်က လူအကဲခတ်အတော်ညံ့တာပဲ။ ဒါ ကိုယ့်ညီဝမ်းကွဲတွေကွ လူမိုက်တွေမဟုတ်ဘူး။ ဆရာဝန်လောင်းတွေ ဗိသုကာလို လူမိုက်ပညာတွေလည်း မတတ်ပါဘူး။ ကိုယ့်ဆီလာလည်ကြတဲ့ ကိုယ့်ညီတွေပါ ”

ရုပ်သွင် အားနာသွားရတာတော့ အမှန်ဖြစ်သည်။ မဆင်မခြင်နှင့် ပြောလိုက်မိသော စကားကိုကျေနပ်ပုံမရသော ထိမထင် ညီနှစ်ယောက် မျက်နှာတွေက ရှူးသိုးသိုးနှင့် ရုပ်သွင်ကို စူးစိုက်ကြည့်နေကြလေသည်။

စပို့ရှပ် လက်တိုနှင့် ဂျင်းဘောင်းဘီကို ဝတ်ဆင်ထားသော ရုပ်သွင်အသွင်ကလည်း သူတို့နှစ်ယောက်နှင့် ခပ်ဆင်ဆင်မို့ မျက်စိဆံပင် မွေးစူးနေပုံရ၏။

“ ဆောရီး မသိလို့နော် အဟင်း ရုပ်သွင်စကားမှားသွားရင် တောင်းပန်ပါတယ် ”

ရုပ်သွင်မျက်နှာလေးပြုံး ဖက်ကလေးပုကာ တောင်းပန်လိုက်တော့မှပဲ ကိုယ်တော်ချောနှစ်ယောက် မျက်နှာတင်းတင်းတွေ ပြေလျော့





သွားခဲ့ကြသည်။

“ ရပါတယ် ရွှေရုပ်ရဲ့ ကိုယ့်ညီတွေက ခွင့်လွှတ်ပေးကြမှာပါ ”

“ ဒါဆိုလည်း ကျေးဇူးပဲ ရုပ်သွင်ကို ခွင့်ပြုဦးနော် ”

“ နေဦးရွှေရုပ်ရယ် ကိုယ့်စကားတွေ မပြီးသေးဘူး ”

ရုပ်သွင်ရှေ့က ပိတ်ရပ်ကာ ဆိုလိုက်တာမို့ ဆက်သွားလို့မရပါ။ စိတ်ထဲက မကျေနပ်ပေမယ့် မြန်မြန်ပြီး ပြီးရော သဘောပိုက်ကာ ရုပ်သွင်ရပ်နေလိုက်သည်။

နို့မို့ သုကာနှင့် ထိမထင်တို့ ထိပ်တိုက်လာတိုးနေလျှင် ခက်ကုန်မှာ သေချာ၏။

“ ဟိုနေ့က လုပ်ရပ်ကို ကိုယ့်စိတ်ထဲက မေ့ပစ်လိုက်ပြီ ရွှေရုပ် အဲဒါ ဗိသုကာကို ခွင့်လွှတ်တာမဟုတ်ဘူး။ ရွှေရုပ်ကို ခွင့်လွှတ်တာ အပြစ်မယူတာနော် ကိုယ်ရွှေရုပ်ကို ခင်မင်ချင်တယ် တကယ်ပါ။ သူငယ်ချင်းတစ်ယောက်လို ခင်မင်ခွင့်တော့ ရွှေရုပ် ခွင့်ပြုပေးပါ။ ကိုယ်ပြုခဲ့တဲ့ အမှားအတွက်လည်း တောင်းပန်ပါတယ်ကွာ ”

ထိမထင် မျက်နှာလေးကို မော့ကြည့်မိတော့ ကြည်လဲ့နေသော မျက်ဝန်းတွေက တကယ့်ကို ဖြူစင်ရိုးသားမှုအပြည့်နှင့် တောင်းဆိုနေသည်။

“ နော် ရွှေရုပ် ကိုယ့်ကို ရွှေရုပ် ခင်မင်ခွင့်ပေးပါ ”

“ နေဦးထိမထင် ရွှေရုပ်သွင်ကို ခင်မင်ချင်တယ်ဆိုရင် ထိမထင် ဘက်ကတော့ ရိုးသားဖြူစင်ဖို့တော့ လိုမယ်နော် အဲဒါကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကာတိပေး နိုင်လို့လား ”

ထီမထင် မျက်နှာလေးတည်သွားကာ နှုတ်ခမ်းပြေပြေပေါ်က လိ

ခွေနေသော ဆံနွယ်လိုင်းတွေကို လက်ဖြင့်သပ်တင်သည်။ ပြီးမှ

“ အင်း ပေးပါတယ် ရွှေရုပ်ရယ် ”

“ အလွယ် ကာတိမပေးနဲ့နော် ရိုးသားဖြူစင်မှုတွေ မရှိဘူးလို

ယူဆတဲ့အပြုအမူမျိုးတွေ့ရရင် ခင်မင်မှုကို ချက်ချင်းရုပ်သိမ်းပစ်မှာ

ထီမထင် နှာခေါင်းလေးရှုံ့ကာ ခေါင်းကလေး ညိတ်သည်

ချောမွေ့နုဖတ်သော ထီမထင်မျက်နှာလေးက သည်လိုဆိုတော

လည်း ခင်မင်ဖွယ်ကောင်းနေသည်ဟု ရုပ်သွင်ထင်မိသည်။

“ တစ်ခုရှိသေးတယ် ထီမထင် ”

“ ဟ စည်းကမ်းချက်တွေက များလှချည်လား ”

ထီမထင်ထံမှ ထွက်ပေါ်လာသော စကားသံမဟုတ်ပါ။ နံဘေ

မှာ ရပ်နားထောင်နေသော ထီမထင် ညီဖြစ်သူထံမှ ရေရွတ်လိုက်သော

စကားသံဖြစ်သည်။

“ ခပ်များများပဲ ရှင်တို့အစ်ကိုအကြောင်း ဘာသိလို့လဲ ခပ်ရှ

ရှုပ်ရယ် ”

“ ဟာ အတိတ်တွေက ပြီးဆုံးခဲ့ပြီ စိတ်ချ အဲဒီလိုသတင်းမျိ

ထပ်ကြားရင် ရွှေရုပ်ခင်မင်မှုတွေ ချက်ချင်းရုပ်ဆိုင်းပစ်လို့ရတယ် ”

“ မလိုပါဘူး အဲဒါ ထီမထင်အပိုင်း အဓိက,က ရိုးသားမှုပဲ

အဲ နောက်ဆုံးအချက်က ရုပ်သွင့်ကို ခင်မင်တယ်ဆိုရင် သူကာကိုလည်း





မလွဲမသွေ ပတ်သင်ခင်မင်ရမှာပဲ ”

“ ဟာ ဘာဆိုင်လို့လဲ ရွှေရုပ်ရယ် ဗိသုကာဆိုတာ ကိုယ့်ကို

ဆော်ခဲ့တဲ့ကောင် မျက်နှာပေါ်က ဒဏ်ရာတွေတောင် ပျောက်တာမကြာ

သေးဘူး ”

“ အဲဒါကို ထီမထင်ရင်ထဲက ထုတ်မပစ်နိုင်သေးဘူးလား ”

“ ဒီကောင်ကို မကျေနပ်တာတော့ အမှန်ပဲ၊ ဒါပေမဲ့ ရွှေရုပ်

နှုတ်သက်နေတဲ့ကိစ္စမို့ ကိုယ့်စိတ်တွေ လျှော့ပစ်လိုက်တာ နို့မို့ ခုလောက်

ဆို ဒီကောင် အချုပ်ထဲမှာ တစ်ညလောက်အိပ်နေရပြီ။ ကိုယ့်မမက

မေးတာတောင် ကိုယ်ဘာမှ မပြောခဲ့ဘူး။ ကဲပါ အဲဒီကိစ္စထားလိုက်ပါ။

သုကာကို ကိုယ်ခေါင်းထဲက မေ့ထားတယ် ”

“ မဟုတ်ဘူးလေ ရှင်သွင်နဲ့ ခင်မင်ပြီးမှ ထီမထင်နဲ့ သုကာ

ရန်တစ်စောင်စောင် ဖြစ်နေမှာတော့ မလိုလားဘူး ”

“ အိုကေ စိတ်ချ ဒီကောင် ကိုယ့်ကို ထပ်မစော်ကားသေးသ၍

ကိုယ့်ဘက်က ဘာမှ မတုံ့ပြန်ပါဘူး။ ပြီးတော့ ရွှေရုပ်ရှေ့မှာ ဘာမှမဖြစ်

စေရဘူး ကိုယ်ကတိပေးတယ် ဟုတ်ပြီလား ”

“ ထီမထင်မျက်နှာ အပျော်ရိပ်တွေ ယှက်သန်းရင်း သူ့ညီ

နှစ်ယောက်ပခုံးတွေကို တစ်ဖက်ဆီဖက်ကာ ထွက်ခွာသွားခဲ့၏။

ရုပ်သွင်မှင်တက်စွာ ရပ်ကျန်ရစ်ခဲ့ရသည်။ တွေ့စကတော့

ဘယ်လိုမှ ထီမထင်ကိုကြည့်မရတာ အမှန်။ အခုလိုဆိုတော့လည်း

ရုပ်သွင်ထင်ထားသလောက် မဆိုးဟု ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ထိမထင်နှင့် သုကာကြားမှာတော့ မလိုလားသည့် ရန်စတွေမရှည်စေလိုပါ။ ဒီပြဿနာအစက သူမကိုယ်တိုင် ဖြစ်နေတာကြောင့်လည်း ပါသည်။

" ရုပ်သွင် "

မာထန်ထန်အသံနှင့်အတူ သုန်မှုန်နေသော သုကာမျက်နှာကို မြင်တော့မှ ရုပ်သွင်သတိပြန်ဝင်လာ၏။ တော်ပါသေးရဲ့။ သုကာနှင့် ထိမထင်တို့ ထိပ်တိုက်ရင်ဆိုင်မတိုးကြလို့။

" နင်နဲ့စကားရပ်ပြောနေတာ ဟိုကောင် ထိမထင်မဟုတ်လား"

မျက်ခုံး ထူထူစိမ်းညို့ညို့တွေကို တွန့်ကွေးထားဆဲက မာဆတ်ဆတ်နှင့်သုကာမေးလာသည်။ မြင်သွားပုံလည်း အထင်အရှားမို့ ရုပ်သွင်ငြင်းလို့လည်း မရနိုင်တော့မည့်အတူတူ ခေါင်းညိတ်ပြလိုက်မိ၏။

" ဒီလိုကောင်နဲ့ ဘာဖြစ်လို့စကားရပ်ပြောနေတာလဲ ရုပ်သွင် ပြီးတော့ နင့်ကိုငါလာခေါ်မယ်လို့ ပြောထားရက်နဲ့ နင်ဘာလို့ထွက်လာတာလဲ "

" နင်လာခေါ်တာကို ငါမစောင့်နိုင်လို့ပေါ့၊ ခါတိုင်းလည်း လာခေါ်နေကျပဲ ဘာဖြစ်လို့လဲ "

" ဘာဖြစ်ရမလဲ ဒီကောင်က နင့်ကိုကျားချောင်းသလို ချောင်းနေမှာ ငါသိတယ်၊ သူခံထားရတာကို ကျေနပ်မှာ မဟုတ်ဘူး။ ငါ့ကိုရင် မဆိုင်ရဲပေမယ့် နင့်ကိုတော့ သူနှောင့်ယှက်ဦးမှာပဲ "

" အဲဒီကိစ္စကို ခေါင်းထဲက မေ့ပစ်လိုက်တော့ ငါနဲ့သူ ငြိမ်းချမ်း





...း ယူလိုက်ပြီ "

" ဘာ ဘာပြောတယ် ရုပ်သွင် "

" သူက သူ့အမှားကို လာတောင်းပန်တယ် နင့်ကိစ္စအတွက် ...ည်း သူ့ဘက်က ဘာမှပြဿနာထပ်မရှာဘူးတဲ့ အဲဒီအတွက် ...တောင်းဆိုတာ ငါ့ကို သူငယ်ချင်းလို ခင်မင်ခွင့်ပေးပါတဲ့ အဟင်း ...င်ရတယ် "

" ဘာ ဒါ ရယ်စရာကိစ္စမဟုတ်ဘူး။ နင် နင်လက်ခံလိုက်သလား ...သွင် "

" လက်ခံလိုက်တာပေါ့ ရန်စတွေမှ မရှည်ချင်တာ "

" သေလိုက်စမ်း နင်လုပ်တာ ငါ ငပေါကြီးဖြစ်သွားပြီ "

" ဘာဆိုင်လို့လဲ သုကာ "

" ဟ ဆိုင်တာပေါ့ ငါမှာတော့ နင့်အတွက် မခံချင်ဖြစ်ပြီး ...ထွက်,ထွက်ခဲ့ရတာ နင့်ဘက်က ခွင့်လွှတ်လိုက်တာ အလွယ်လေး ...ဘက်ဆို ဟိုကောင်က ဟားတိုက်ကျေနပ်လောက်ပြီ "

" သူ့ဘက်က တောင်းပန်လာတာတောင် နင်ကဘာလို့ မကျေ ...ဖြစ်နေရတာလဲ သုကာရယ် "

" ကျေနပ်စရာကိစ္စမှ မဟုတ်တဲ့ ရုပ်သွင် နင့်ဘက်က အလွယ် ...း ခွင့်လွှတ်ပေးလိုက်တော့ ဟိုကောင်က ပိုပြီးရောင့်တက်တော့မှာ ... ဒီကောင်ဘယ်လောက် ရှုပ်တယ်၊ပွေတယ်ဆိုတာ နင်သိရက်နဲ့ ...သွင်ရယ် "



www.burmeseclassic.com

www.burmeseclassic.com



" သိလို့ လက်ခံလိုက်တာပေါ့ သုကာ သူ့နဲ့ငါနဲ့ခင်မင်မှုကို အရောင်ဆိုးလာရင် သူ့ကိုငါအချိန်မရွေးသူငယ်ချင်းအဖြစ်က ရပ်ဆဲမယ် လို့ ပြောထားတယ်။ သူ့ဘက်က တစ်ခုခုကြံစည်လာတော့ ကိစ္စပြတ်ပြီ ပေါ့ "

" တော်တော့ ရှပ်သွင် ဘာမှမပြောနဲ့ နင်လည်းမကောင်းဘူး နင်ကိုယ်တိုင်က ဟန်တပြပြနဲ့ ပဲများပြနေတော့ ဟိုကောင်က ကျေနပ် နေတာပေါ့ နင့်ကိုနင် ဘာများမှတ်နေသလဲ ရှပ်သွင် တစ်ချက်မှားတာနဲ့ ဘဝပျက်နိုင်တယ်ဆိုတာ နင်မမေ့နဲ့ "

" သုကာ နင် တော်တော့ နင့်စကားတွေက သိပ်လွန်နေပြီ"

" ငါအမှန်ပြောနေတာ ရှပ်သွင် ဒါကိုမှ နင်မကျေနပ်ရင် နောက် ဘာပဲဖြစ်ဖြစ် ငါမသိဟန်ဆောင်နေပြမယ် "

ဒေါသနှင့် သူ့စကားတွေ လွန်ကျူးကုန်တာလည်း သတိမထား မိနိုင်တော့ပါ။

ရှပ်သွင် မျက်ဝန်းရှူးရှူးလေးတွေက သူ့ကိုရူးရဲ့စွာ စိုက်ကြည့်ရင်

" ဩော် နင်က ဒီလိုလား ရတယ်၊ သုကာ နင်ငါ့အနားမှာ မရှိရင်လည်း ရတယ် ထီမထင်နဲ့ငါ ငြိမ်းချမ်းရေးယူပြီးနေပြီ နင့်လိုကိုယ် ပညာမတတ်ပေမယ့် ထီမထင်က ငါ့ကိုကာကွယ်စောင့်ရှောက်နိုင်စွမ်း ရှိပါတယ် စောင့်ကြည့်လိုက် "

" ရှပ်သွင်. . . နင်. . . နင် "

သူ နာကျင်စွာ တနုံ့နုံ့ခံစားနေရတုန်းမှာ ရှပ်သွင်ချာခနဲ လှည့်





ထွက်သွားခဲ့၏။ နာကျည်းဒေါသတွေနှင့် သူ့မှင်တက်စွာ ရပ်နေမိဆဲ။

ပြောရက်လိုက်တာ ရှပ်သွင်ရယ်။ ငါ့စေတနာ ငါ့သံယောဇဉ် တွေကို နင်တကယ်ပဲ နားမလည်နိုင်ခဲ့ပါလား။

ငါ့စကားတွေပြင်းထန်သွားခဲ့တယ်ဆိုရင်တောင် နင့်အတွက် စေတနာနဲ့ လွန်ကျူးသွားခဲ့တာဆိုတာ နင်သိသင့်တယ်။

" တောက် "

အံကို တင်းတင်းကြိတ်ထားရသော ဒေါသစိတ်တွေက ဘက်ခေါက်သံအဖြစ် ရင်ထဲက ပွင့်ထွက်သွားခဲ့သည်။

ဒါ ဟိုကောင်ကြောင့်။

ထီမထင်ဆိုတဲ့ကောင်ကြောင့်ဆိုတာ သေချာတယ်။ ရည်းစား ထွ ထည့်လဲတဲ့ပြီး နင့်အနားကပ်ဖို့ ကြံစည်လာတဲ့ကောင်ကို နင်မပတ် သက်သင့်ဘူး ရှပ်သွင်။

မင်းသားခေါင်းဆောင်းထားတဲ့ ဒီကောင်နဂိုမျက်နှာကို နင်မမြင် သေးဘူးလား။

နင့်အတွက် ငါ့ရင်ထဲမှာ ပူလောင်နေတာ နင့်ကိုစိုးရိမ်လို့ပါ။ ကို နင်သိစေချင်တယ် ရှပ်သွင်။

ဒီထက်ပိုပြီး ငါ့ရင်ထဲကို နင်ဝင်ကြည့်ရင် မြင်နိုင်မှာပါ။

ငါ့နှလုံးသားထဲမှာ ရွှေရှပ်သွင်ဆိုတဲ့ နင့်ပုံရိပ်ကလေး ထင်ရှား ရှိနေလိမ့်မယ် ရှပ်သွင်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

တကယ်ဆို ရုပ်သွင်မျက်ရည်ကျခဲ့ရတာ သူမှမသိနိုင်ဘဲ
သူနဲ့ ထိမထင်ကြားမှာ အမုန်းတွေမများစေချင်။ ရန်စ
မရှည်ချင်တာကြောင့် ရုပ်သွင်ဘက်က လုပ်ခဲ့တာကို နားလည်သင့်သ
အခုတော့ ပြောရက်လိုက်သည့် စကားလုံးတွေက ပြင်း
လွန်းသည်။

ဘယ်တုန်းကမှ ဒီလိုမပြောခဲ့တူးသော သုကာစကားတွေ
အိမ်ရောက်တော့ ရုပ်သွင်ဝမ်းနည်းစွာ မျက်ရည်ကျခဲ့ရသည်။

တစ်ပါးသူပြောတာဆိုရင် ထားတော့။ အခုပြောခဲ့သူက သု
ကိုယ်တိုင်လမ်းမပေါ်မှာ ပြောခဲ့တာလေ။

နှင့်ကိုငါမုန်းတယ် သုကာ။ ဘယ်တော့မှ နှင့်ကို ငါမခေါ်
ဘူး။ နင်ငါ့ကို တောင်းပန်မှ ငါ့ဘက်က ခွင့်လွှတ်နိုင်မယ်

စိတ်ဆိုးဒေါသစိတ်နှင့် ရုပ်သွင်ကိုယ့်ကိုကိုယ် ကတိစကား
မိသည်။ နာကျင်ခံစားခဲ့ရသည်။ ဒါပေမဲ့

သုံးရက်လုံးလုံး အပြင်မထွက်ဘဲ အခန်းအောင်းကာ အိ





ကပ်နေပေမယ့် သုကာပေါ်မလာခဲ့ပါ။ အမြဲတမ်း မာနတင်းခံထားတဲ့ သုကာကို ရုပ်သွင်ဘက်ကပဲ အရှုံးပေးရတော့မှာလား။

တကယ်ဆို ရုပ်သွင်နှလုံးသားကသာ မောကြောနိုင်ခဲ့တာပါ ကွယ်။

စိတ်ဆိုးမိတိုင်း သုကာကို တမင်မခံချင်အောင် သတ်မှတ်ရက်နှင့် စကားမပြော မပတ်သက်ဘဲ နေကြည့်သည်။

မာနကြီးလွန်းသော သုကာက ဘယ်တုန်းကမှ ရုပ်သွင်ကို ချော့မော့ဖြောင်းဖျခဲ့တာ မရှိခဲ့ပါ။ ရုပ်သွင်ကြေငြာထားသည့်ရက်တွေမှာ အိမ်ကိုယောင်လို့တောင် ဦးမလှည့်၊ လမ်းမှာတွေ့လို့ ဦးအေးင်နှုတ်မဆက်။ တစ်ချက်မပြုံးတုံ့ပြန်တတ်သည်။

ဟိုးအထက်တန်းကျောင်းသားဘဝကတည်းက ငါသိခဲ့တာပါ။ ဘယ်မိန်းကလေးမှ အရောမဝင်တတ်တဲ့နင်ရဲ့ အခင်ဆုံးသူငယ်ချင်းဖြစ်ခွင့်ရတာကိုပဲ ငါကျေနပ်ဂုဏ်ယူခဲ့ရတယ်လေ။

တက္ကသိုလ်ရောက်တော့လည်း ဘောခွဲဆံပင်တိုတိုနဲ့ မျက်ခုံးထူထူ မျက်ဝန်းတည်တည်တွေနဲ့ နင့်ကို တစ်ဘက်သက်ချစ်တဲ့သူတွေ အများကြီး ရှိခဲ့တာ ငါသိတယ်။

ဘယ်မိန်းကလေးကိုမှ တစ်ချက်မကြည့်ဘဲ ပိရိသေသပ်တဲ့ နှုတ်ခမ်းလေးတွေက အရယ်အပြုံးနည်းပါးစွာ တည်တည်နေတတ်တဲ့ ဒီသုကာဆိုတာ မိန်းကလေးတွေ ရင်ခုန်စရာကောင်းခဲ့တာလည်း ငါ အသိဆုံးလေ။



www.burmeseclassic.com

www.burmeseclassic.com



နှင်းနှတ်ခမ်းက အပြုံးတစ်ချက်ကို ငုံလင့်နေတဲ့ မိန်းကလေး တွေကို ဥပေက္ခာပြုပြီး ငါ့အပါးမှာ မခွဲမခွာရှိခဲ့တဲ့ နှင်းကြောင့် အားလုံးက နှင်းနဲ့ငါ့ကို ချစ်သူတွေလားတဲ့။

ရက်သွေးလေးရဲ့ပြီး ငါခေါင်းခါငြင်းပေမယ့် ဘယ်သူမှ မယုံကြ ဘူး သူကာ။ ငါ့ရင်ထဲမှာ ခံစားနေခဲ့ရတဲ့ အရိပ်တွေကို နှင် ကျောင်းပြီးတဲ့ အထိ ဥပေက္ခာပြုထားရက်နိုင်တယ်နော်။

ဒါပေမဲ့ ငါယုံကြည်ထားမိတာ နှင်တစ်နေ့ကျရင် ငါ့ကို ချစ်ခွင့် ပန်လာလိမ့်မယ်လို့ ယုံကြည်ခဲ့တာပါ။

တစ်ခါတရံ နှင့်မျက်ဝန်းတွေထဲက အရိပ်တွေကို ငါ ပိုင်ဆိုင် ရတော့မလို ရှိခဲ့ပေမယ့် တကယ်တန်းကျတော့ ငါ့မျှော်လင့်ချက်တွေ မှုန်ဝါးပျောက်ကွယ်ခဲ့ရတာချည်းပါပဲ။

ရွှေရုပ်သွင်ဆိုတဲ့ သူငယ်ချင်းလေးက နှင့်ရင်ထဲမှာ ထာဝ သူငယ်ချင်းအဖြစ်ပဲ ရှင်သန်ခွင့်ရှိမှာလားဟင်။ ဒါမှမဟုတ် နှင်နှုတ်က ဖွင့်ပြောရ ခက်နေတာလား သူကာရယ်။

ခြိတံခါးက လူခေါ်ဘဲလ်သံကြောင့် ရုပ်သွင်အတွေးလေးတွေ ပြတ်လို့ ရင်လေးထိတ်ခနဲ ခုန်သွားသည်။

သူကာ တကယ်ပဲ သူကာ ရောက်လာပြီထင်ရဲ့။

ဝမ်းသာအားရ ခြေလှမ်းတွေနှင့် ရုပ်သွင်ဧည့်ခန်းကိုဖြတ်ကာ ဆင်ဝင်အောက်မှ လှမ်းကြည့်လိုက်မိတော့။

ခြံတံခါးဝမှာရပ်ရင်း လက်ကလေးမြှောက်ပြ နှုတ်ဆက်နေသူက





ထိမထင် ဖြစ်နေသည်။

ရုပ်သွင် နှာခေါင်းလေးရှုံ့ကာ စိတ်ညစ်ညူးသွားရပေမယ့် အိမ်ထဲကို ပြန်ဦးလှည့်ဝင်ဖို့လည်း မသင့်တော့တာမို့ ခြံတံခါးဆီ လှမ်းခဲ့ ရသည်။

" ရွှေရုပ် နေကောင်းရဲ့လား။ ဒီရက်တွေမှာ အပြင်ထွက်တာ မတွေ့လို့ "

ခင်မင်နှစ်လိုဖွယ် အပြုံးကလေးနှင့် ထိမထင်မေးလာတော့ ရုပ်သွင် ခေါင်းကလေးညိတ်ကာ ဖြေပြန်သည်။

" ဟုတ်တယ် အပြင်ထွက်ချင်စိတ် မရှိလို့ အိမ်မှာပဲ နေနေတာ"

ခြံတံခါးကို ဖွင့်ပေးရင်း ရုပ်သွင် ထိမထင် ဝင်နိုင်အောင် ထမ်းဖယ်ပေးသည်။

ဒါပေမဲ့ ထိမထင် ဝင်မလာဘဲ အိမ်ဘက်ကို လှမ်းမျှော်ကြည့်၏။

"" ရွှေရုပ် တစ်ယောက်တည်းမို့လား မဝင်တော့ပါဘူး "

သည်လိုဆိုတော့လည်း ထိမထင်ရဲ့ သိတတ်စိတ်ကို ရုပ်သွင် အသိအမှတ်ပြုရပြန်၏။

" ရပါတယ် ထိမထင်ရဲ့ ခြံထဲက ခုံတန်းမှာ ထိုင်ကြတော့မေ့"

" ကိုယ်က လက်ဖက်ရည်ဆိုင်ထွက်မလို့ ရွှေရုပ်ကိုလာခေါ်တာ"

ထိမထင်နဲ့အတူ ထိုင်ဖို့အတွက် ရုပ်သွင် စိတ်ထဲမှာ ဆန္ဒမရှိပါ။ တကယ်ဆို ရုပ်သွင် ဆိုင်ထိုင်တတ်လျှင် သူကာနှင့်သာဖြစ်သည်။

ထိမထင်နဲ့သာ ရုပ်သွင်လက်ဖက်ရည်ဆိုင်ထိုင်နေတာကို



www.burmeseclassic.com

www.burmeseclassic.com



လူတွေမြင်လျှင် ကွယ်ရာမှာတီးတိုး အတင်းစကားဆိုကြမှာ သေချာသည် ပြီးတော့ ကိုကြီးဆီသာ ထိုသတင်းပေါက်ကြားသွားခဲ့ရင် နားတွေ အောင် အဆူပူခံရဦးမည်။

" အခုတောင် ရွှေရုပ် လက်ဖက်ရည်ဆိုင်ထဲမှာ ရှိမယ် ထိုင်ကြည့်ခဲ့သေးတယ် ဆိုင်ထဲမှာ ဗိုသုကာ တစ်ယောက်တည်းပဲ တွေ့ထ ကိုယ့်ကိုတောင် ဘုကြည့်ကြည့်နေတယ် "

ထိမထင် ဆက်ပြောသော စကားကြောင့် ရုပ်သွင်မျက်မှော ကလေး ကျုံ့သွားရသည်။ သုကာ လက်ဖက်ရည်ဆိုင်မှာ တစ်ယော တည်း ထိုင်နေသည်တဲ့။

ဒါ ဘာသဘောလဲ။ သုကာနှင့် ရုပ်သွင်စကားများထားသ မှန်ပေမယ့် အရင်လို ရုပ်သွင်ဘက်က မခေါ်ဘူး မပြောဘူးဟု ဆိုထား တာမှ မဟုတ်ဘဲ။

သုံးရက်တောင် ရုပ်သွင်အပြင်မထွက်ဘဲ နေခဲ့တာ သုက လာသင့်တာပေါ့။ မသကာ ဖုန်းလေးဘာလေး ဆက်သင့်သည်။

အခုတော့ လက်ဖက်ရည်ဆိုင်ထဲမှာ သူက ပုံမှန်ထိုင် သည်တဲ့။

" ရွှေရုပ် ကိုယ်နဲ့လက်ဖက်ရည်ဆိုင် လိုက်ခဲ့ပါလားဟင် "

ရုပ်သွင်ကို လိုလားခင်မင်တဲ့ အပြုံးတွေနဲ့ ခွင့်တောင်းနေ ထိမထင်ကို ကြည့်လိုက်မိရဲ့။

မြူနက်အော်တာရုပ် ခါးတိုတို ဂျင်းပင် အပြင်ဘက် ထုတ်ဝ





ထားတဲ့ ထိမထင်စတိုင်လ်က မင်းသားရွှံ့လောက်အောင် ချောမောပြေပြစ် နေတာ အမှန်ပင်ဖြစ်၏။

" ခဏလေးစောင့် ထိမထင် ရုပ်သွင် အဝတ်အစားလဲပြီး တာနဲ့ လိုက်ခဲ့မယ် "

" အိုကေ ရွှေရုပ် တို့ခြံပြင် အုတ်ခုံလေးကပဲ စောင့်မယ် "

" ခြံထဲဝင်စောင့်ပါ ထိမထင်ရဲ့ ရပါတယ် "

" ဒီမှာပဲ ထိုင်စောင့်မယ် ရွှေရုပ် ရတယ် ရွှေရုပ်အဝတ်အစား လဲပြီး ထွက်ခဲ့ပေါ့ "

ခြံအပြင်က အုတ်ခုံလေးမှာ ထိုင်ချရင်း ဆိုလိုက်သော ထိမထင် ကို ရုပ်သွင် အားနာစွာနှင့် အိမ်ထဲပြေးဝင်ကာ အဝတ်အစားအမြန် လဲရသည်။

အနက်ရောင်မှာ အဖြူစင်း စပို့ရုပ်လက်တိုလေးကို ရုပ်သွင် တမင်ရွေးချယ် ဝတ်ဆင်လိုက်သည်။ ထိုဘီက အနက်ရောင်နှင့်ဆိုတော့ အဆင်ပြေသည်။

လက်ဖက်ရည်ဆိုင်ထဲကို ရုပ်သွင်နှင့်ထိမထင်တို့အတူ တွဲဝင် လာတာသာ သုကာမြင်ရင် ဘယ်လိုဖြစ်သွားမလဲသိချင်၏။

ရုပ်သွင်နှုတ်ခမ်းလေးတွေ တွန့်ကွေးရင်း ကျေကျေနပ်နပ်လေး ပြုံးလိုက်မိသည်။ အိမ်တံခါးကို သော့ပိတ်ထွက်ခဲ့သည်။

အနက်ရောင်ဝမ်းဆက်လေးနှင့် လှပနေသော ရုပ်သွင်ကို မြင်တော့ ထိမထင်မျက်ခုံးအစုံ တန်းတန်းလေး ဖြစ်သွားကာ ခေါင်းစိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသည်။

ခြတံခါးသော့ကို ခတ်လိုက်ပြီး ထီမထင်ကို မေးဆတ်ကာ သွားစို့ဟု ရုပ်သွင်ပြောသည်အထိ ထီမထင် ထိုင်ရာကမထသေးပါ။

“ သွားစို့လေ ထီမထင်ရဲ့ ဘာထိုင်လုပ်နေတာလဲ ”

“ ရွှေရုပ်ကို ကြည့်နေတာ အမြဲတမ်းဂျင်းဘောင်းဘီနဲ့ချည်း မြင်နေရတော့ ခုလိုဝတ်ထားတာ အံ့သြစရာဖြစ်နေတာကိုး တကယ် ရွှေရုပ်သွင်က လှတယ် ”

တစိမ့်စိမ့်ကြည့်ကာ ချီးကျူးနေပြန်တော့ ရုပ်သွင်ရှက်ရွံ့ ဖြစ်ရသေးသည်။

“ ပြောက်မနေနဲ့ လက်ဖက်ရည်ဆိုင်ထွက်ဖို့ လာခေါ်တာ ထီမထင်နော် ထီမထင်ပဲ ရှင်းရမှာ အဲ့ဟင်း ”

“ ရပါတယ် ရွှေရုပ်နဲ့ခင်မင်တဲ့ အထိမ်းအမှတ်အဖြစ် ကိုယ်ပဲ ရှင်းမှာပါ ကဲ လစ်စို့ ”

အရပ်အမောင်းက မြင့်မြင့်မားမား။ လိုက်ဖက်သော ခန္ဓာကိုယ် အချိုးအစားနှင့် နုဖတ်ချောမွေ့လွန်းသော ထီမထင်နဲ့အတူတွဲလျှောက်ရင်း ရုပ်သွင်မျက်နှာကို အပြုံးလေးတွေဝေအောင် တမင်ကို ဖန်ဆင်းထား မိသည်။

“ ဆိုင်ထဲမှာ ဗိုသုကာရှိတယ် ရွှေရုပ် ကိုယ်တို့ဘယ်မှာ ထိုင်မှာလဲ ”

“ ကိုယ့်ဘာသာတစ်ဝိုင်းထိုင်မှာပေါ့ ထီမထင်ရဲ့ ကဲလာ ”

စိုးမိုးစာပေ



ရုပ်သွင်ဦးဆောင်ကာ ဆိုင်ထဲလှမ်းဝင်တော့ အားလုံးအကြည့် တွေက ရုပ်သွင်နှင့်ထီမထင်ကို ဝိုင်းကြည့်နေခဲ့ကြသည်။

အားလုံးရဲ့ မျက်ဝန်းတွေထက် ရုပ်သွင်တစ်စုံတည်းသော မျက်ဝန်းကိုပဲ ရိုပ်ခနဲ လှမ်းကြည့်မိသည်။

သုကာမျက်ဝန်းတွေ စူးစူးရဲရဲ တောက်ပလို့ ရုပ်သွင်တို့ နှစ်ယောက်ကို မှင်ကက်ငေးကြည့် နေလေသည်။

ရုပ်သွင်အကြည့်တွေကို ဖျတ်ခနဲပြန်လွှဲကာ လွတ်နေသော စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်၏။ ထီမထင်က ရုပ်သွင်နှင့်မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ရင်း

“ ရွှေရုပ် ဘာသောက်မလဲ ဘာစားမလဲဟင် ”

“ လီမွန်တီးပဲ သောက်မယ်ထီမထင် ”

“ အိုကေ ညီလေးလီမွန်တီး နှစ်ခွက်ပေးကွာ ”

တမင်ပဲမှာတာလား။ ထီမထင်သောက်နေကျပဲလားတော့ မသိ။ ထီမထင်က လီမွန်တီးနှစ်ခွက်မှာသည်။ ရုပ်သွင်စိတ်ကတော့ ကျောခိုင်း ထားမိသော သုကာဆီမှာပဲ ရောက်နေခဲ့သည်။

သုကာ ရင်ထဲမှာ ဘယ်လိုခံစားနေရသည်လဲ။ ရုပ်သွင် သိချင် မိတာ။

လီမွန်တီးနှစ်ခွက်ရောက်လာတော့ ထီမထင်က ရုပ်သွင်ဖန်ခွက် ထဲကို လှမ်းယူကာ လီမွန်တီးထုပ်ကလေး ဖောက်ထည့်ကာ ဇွန်းကလေး နှင့် ကိုယ်တိုင်ဖျော်ပေးနေပြန်သည်။

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



" ရွှေရုပ် မုန့်တွေစားလေ ဘာစားမလဲ စားပါ "

" ဟင့်အင်း ဒီလိုမုန့်တွေ ရုပ်သွင်မကြိုက်ဘူး ထီမထင်ရဲ့ "

ရုပ်သွင်စကားကြောင့် ထီမထင်မျက်ဝန်းတွေက လက်ဖက်ရည်ဆိုင်နှင့် မျက်နှာချင်းဆိုင်မှ အသုပ်ဆိုင်ကလေးကို အကြည့်ရောက်သည်။

" အသုပ်စားမလား မုန့်ဟင်းခါး စားမလား ရွှေရုပ် ပြောလေ ကိုယ်သွားယူလိုက်ပါ့မယ် "

" အင်း အဲဒီဆိုင်က ခေါက်ဆွဲသုပ်ကောင်းတယ် ထီမထင်ရဲ့ စားပွဲထိုးလေးတွေ မှာလိုက်ရင်ရတယ် ထီမထင်ကော ဘာစားမလဲ အသုပ်ပဲလား "

" ကိုယ် အဲဒါတွေ မကြိုက်ဘူး ရတယ် ရွှေရုပ်အတွက် ကိုယ်တိုင်သွားယူခဲ့မယ် "

ရုပ်သွင်မတားမြစ်နိုင်ခင်မှာဘဲ ထီမထင်ခြေလှမ်းတွေက ဆိုင်ထဲက လှမ်းထွက်ကာ အသုပ်ဆိုင်ကလေးဆီ ဦးတည်လှမ်းသွားသည်။

ရုပ်သွင်တစ်ယောက်တည်း ကျန်ရစ်ခဲ့တုန်းမှာ သုကာ ရောက်လာမလားဟု စိတ်က မျှော်လင့်တောင့်တမိပေမယ့် နေနိုင်ရက်သော သုကာ ရောက်မလာခဲ့ပါ။

" ရပြီ ရွှေရုပ် ငါးဖယ်နဲ့ဘဲဥပါ ထည့်လာတယ် ရွှေရုပ် ကြိုက်တယ်မို့လား "

အသုပ်ပန်းကန်တစ်ဖက် ဟင်းချိုပန်းကန်တစ်ဖက်နှင့် ထီမထင်





ကြည့်ကာ ရုပ်သွင်တကယ်ပဲ အားနာသွား၏။

" အားနာစရာ ထီမထင်ရယ် မှာလိုက်ရင်လည်း ရသားနဲ့ နေသေးတယ် "

" ရွှေရုပ်အတွက်ပဲ ကိုယ်ကဒုက္ခလို့ မသတ်မှတ်ပါဘူး "

အပြုံးချွေးချွေးလေးနှင့်ကြည့်ကာ ထီမထင်ဆိုသည်။ ရုပ်သွင်မှာ ကြည်နူးလိုက်ဖို့ခြင်းမဖြစ်ပေမယ့် ကျေနပ်စွာပြုံးမိ၏။

ရုပ်သွင်တို့စကားတွေကို သုကာကြားမှာ အသေအချာပါပဲ။

သည်လိုဂရုစိုက် ယုယမှုမျိုး နှင့်ဆီကသော ငါပိုင်ဆိုင်ရရင် လာက်ကောင်းမလဲ သုကာရယ်။

" ညီလေးရေ ရှင်းမယ်ဟေ့ "

သုကာအသံကို ကြားလိုက်တာမို့ ရုပ်သွင်ဆတ်ခနဲ လှည့်ကြည့်သည်။

သုကာကလည်း ကြည့်နေခိုက်မို့ မျက်ဝန်းချင်း မဲရှောင်နိုင်ဘဲ ဆိုက်ဆုံ၏။

ဒီတစ်ခါတော့ ရုပ်သွင် ရှောင်တိမ်းဖို့ မကြိုးစားဘဲ အပြုံးနှင့်

" ဟယ် သုကာ နင်တို့ထိုင်နေတာ ငါမမြင်ဘူး မောင်လေးတို့အတွက် အစ်မရှင်းမယ် သုကာ ငါရှင်းလိုက်ပါ့မယ် "

" မလိုပါဘူး ရုပ်သွင် ငါဘာသာရှင်းမယ် "

လေသံက မာဆတ်ဆတ်။ ဒါပေမဲ့ ရုပ်သွင် အပြုံးတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



မပျက်ဘဲ ရယ်ရယ်မောမောနှင့် နောက်လိုက်မိသေး၏။

" ဒါဆိုလည်း ငါတို့ဝိုင်းအတွက်ပါ ရှင်းလိုက်လေ အဟင်း ဟင်း "

" ဝါသနာမပါဘူး ရုပ်သွင် နှင်းနိုင်းသမျှ လုပ်မယ့်ကောင်ထဲမှာ သုကာမပါဘူး ဆောရီးပဲ "

သုကာ စကားက နှစ်ယောက်စလုံးကို နှိပ်ကွပ်ပစ်လိုက်တာမှ ရုပ်သွင်ချက်ချင်း သိ၏။

ဆိုင်ထဲကလူတွေရှေ့မှာ ပြီးတော့ ထီမထင်ရှေ့မှာမို့ ရှက်မျက်နှာ ရဲသွားတာလဲ အမှန်။

" ကဲ သွားကြစို့ သူရလင်း "

ရုပ်သွင်ကို တစ်ချက်လှည့်မကြည့်တော့ဘဲ သူရလင်းနှင့်အတူ သုကာ ဆိုင်ထဲက ထွက်သွားခဲ့သည်။

ခန္ဓာကိုယ်ကို မတ်မတ်ကလေးရပ်လို့ ခြေလှမ်းတွေကို တစ်လှမ်း ချင်း စတိုင်လ်ကျကျ ညီညာစွာ လှမ်းသွားပုံက ရုပ်သွင်ရင်ထဲကို ဆစ်အောင့် နာကျင်စေ၏။

" ရွှေရုပ် စားလေ ဗိသုကာဆိုတဲ့ကောင်က ကိုယ်နဲ့ရွှေရုပ် ထိုင်နေတာကို တမင်နှိပ်သွားတာ ကိုယ်သိတယ် ဒါပေမဲ့ ရွှေရုပ်ကို ပေးထားတဲ့ကတိအတိုင်း ရွှေရုပ်ရှေ့မှောက်မှာ ဘာမှပြဿနာ မဖြစ်စေ ရပါဘူး "

" ဒီသဘောမဟုတ်ပါဘူး ထီမထင် သုကာက ဒီလိုပဲ နေတတ် ပြတတ်လို့ပါ "





ပြဿနာတွေ မရှည်စေချင်၍ ရုပ်သွင် ရန်ပြေစကားဆိုတော့ ထီမထင်မျက်ခုံးလေး ပင့်ကာပြုံးသည်။

" ဗိသုကာဆိုတဲ့ကောင်က ကိုယ်ခံပညာတတ်တယ်ဆိုပြီး ထတ်ထတ် လုပ်နေတာလား ရွှေရုပ် စောစောကစကားတွေ အဓိပ္ပါယ်ကို ...ည်သိမှာပါနော် "

" သူနဲ့ရွှေရုပ် ရန်ဖြစ်ထားလို့ပါ ထီမထင်ရဲ့ "

" ကဲပါ ထားလိုက်ပါတော့ ကိုယ်ကတော့ အညှိုးအတေး ...ပါဘူး စားလိုက်ရွှေရုပ် အသုပ်တွေပွကုန်မယ် "

စားပွဲပေါ်က အသုပ်ပန်းကန်ကို ရုပ်သွင်စားချင်စိတ်မရှိပါ။ ...ပေမဲ့ ထီမထင်စေတနာကို နားလည်စွာနှင့် ကြိတ်မှိတ် စားလိုက်ရ သည်။

ရင်ထဲမှာတော့ ဝမ်းနည်းနာကျင်နေမိသည်။

သုကာရယ် နင် သိပ်နေနိုင်ရက်တယ်။ ငါ့ဘဝမှာ မာနတွေ ...ထစ်လျှော့ နှုတ်ဆက်ခဲ့တာကိုတောင် နင်ဥပေက္ခာပြုပြတာ ...ကြောင့်လဲ။

ထီမထင်ကြောင့်လား။ ငါ့ကိုတမင် နိုင်စားချင်တာကြောင့်လား။ တကယ်ဆို ငါ့ရင်ထဲကို နင်မြင်ကြည့်သင့်တယ် သုကာရယ်။ ...တော့။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

" ငါ့အထင်တော့ ရွှေရုပ်သွင် မင်းကိုတမင် လုပ်ပြလိုက်တာ
ထင်တယ် သူကာ ဒါမှ မင်းသူ့ကို အရေးပေးလာမယ် ဂရုစိုက်လာ
ဒါကိုလိုချင်လို့ မင်းမခံနိုင်အောင် တမင်တွဲပြနေတာပဲ ဖြစ်မှာ "

တိုးတိုးထင်မြင်ချက်ကိုကြားတော့ သူ့နှုတ်ခမ်းမှာ ယှဲ့ယှဲ့
သည်။ အလိုမကျမှုတွေ တင်းပြည့်ကျပ်ပြည့် ပျော်ဝင်နေသော အပြ
တဒင်္ဂမျှသာ အရိပ်ထင်၏။

" မင်းပြောသလို ငါ့ကိုသူ လုပ်စရာမလိုဘူး မင်းစဉ်းစား
တိုးတိုး ထီမထင်ဆိုတဲ့ကောင်နဲ့ငါ ပြဿနာရှင်းထားခဲ့တာ ဒါကို
နှလို့တွဲပြတော့ ငါဘာကောင်ဖြစ်သွားမလဲ "

" မင်းစိတ်ထဲမှာ မခံနိုင်အောင် လုပ်ပြတာပါဆိုမှကွာ

" ဝေးသေးတယ် တိုးတိုး သူထီမထင်နဲ့ရလို့တွဲပြလို့ ငါဘာ
ထပြီးပေါက်ကွဲစရာ အကြောင်းမရှိဘူး အေးလုံးဝကို စိတ်ကုန်သွာ
မခေါ်မပြောချင်အောင်တောင် အမြင်ကပ်သွားတာကွ "

" ငါတော့မင်းရဲ့ တုန့်ပြန်မှု လွဲချော်နေပြီ ထင်တယ် "





" မလွဲပါဘူး တိုးတိုးရာ သူက ထီမထင်လိုကောင်မျိုးနဲ့ ငါ့ရှေ့မှာ
သာတွဲပြီး လက်ဖက်ရည်ဆိုင်လာထိုင်ပြတယ် ဒါကိုငါက သိက္ခာမရှိ
အရှက်မရှိ လိုက်ပေါက်ကွဲမယ့်ကောင် မဟုတ်ဘူး သူ့ကိုအထင်ကြီးထား
တာတွေတောင် လျှော့ပါးသွားသေးတယ် "

" အင်း ဒါဆိုရင် ရွှေရုပ်သွင် ကျားကွက်ရွှေ့ မှားတာပဲ "

တိုးတိုးထင်မြင်ချက်ကို သူခွန်းတုံ့မပြန်ချင်တော့ပါ။ ကျားကွက်
အရွှေ့မှားတာတဲ့၊ ရုပ်သွင်ဘာကြောင့် ဒီလိုလုပ်ရတာလဲ။ သူ့မှာတော့
ရုပ်သွင်ဆိုတဲ့ ပန်းကလေးကို အမြတ်တနိုးနဲ့ ယုယစောင့်ရှောက်ခဲ့ရတာ။

ရုပ်သွင်ကို ပတ်ဝန်းကျင်က အထင်အမြင်မသေးရအောင်
အမြဲတမ်းရပ်တည်ပြီး ဂရုစိုက်ရပ်တည်ပေးခဲ့တာ သူပဲလေ။

ဒါကိုတောင် နင်မထောက်ထားဘဲ လုပ်ရက်လိုက်တာ ရုပ်သွင်
ရယ်။

" အခု မင်းဘာဆက်လုပ်မှာလဲ သုကာ ရုပ်သွင်ကိစ္စကို
မင်းဘယ်လိုရှင်းမှာလဲ "

" ဒါ ငါရှင်းရမယ့် ပြဿနာမဟုတ်ဘူး တိုးတိုး သူ့ဘာသာ
မွေးခဲ့တဲ့မီးပဲ ထီမထင်ဆိုတဲ့ကောင် ဘာကောင်လဲဆိုတာ သူသိတယ်
ပြီးတော့ အဲဒီကောင်က သူ့ကိုတောင် သိက္ခာမဲ့ပြုခဲ့တဲ့ကောင် ငါနဲ့ထိပ်တိုက်
ရင်ဆိုင်ဖြေရှင်းခဲ့တဲ့ကောင်နဲ့ အချိန်တိုလေးမှာ သူ ရင်းနှီးကျွမ်းဝင်
ခင်လိုက်တာတော့ မင်းပဲစဉ်းစားကြည့်ကွာ "

တိုးတိုး ဘာဆက်ပြောရမည် မသိပါ။ ငယ်ပေါင်းတွေမို့ ဝိသုကာ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို သူ ကောင်းကောင်းသိသည်။ တကယ့်ကို မာနနှင့်သိက္ခာ
တန်ဖိုးထားတတ်လွန်းသောသူ ဖြစ်သည်။

ဝင်းဝါစိုပြေသော အသားအရည်နှင့် ယောကျ်ားပီသချော
လွန်းသော ဗိသုကာက အဆင်းရောအချင်းပါ ပြည့်စုံသူတစ်ဦး ဖြစ်သ
မိဘအသိုင်းအဝိုင်းကလည်း တောင့်တင်းပြည့်စုံသည်။ ဖခင်မရှိတေ
ပေမယ့် မိခင်က အရည်အချင်းရှိသည်။

ဗိသုကာတို့ ညီအစ်ကိုသုံးယောက်ကို လူလားမြောက်အော
စောင့်ရှောက်တာဝန်ယူခဲ့၏။

ယခုဆို ဗိသုကာအထက်က အစ်ကိုနှစ်ယောက်ရဲ့ ဝင
လုပ်ငန်းတွေနှင့် ဘာမှပူပန်စရာမရှိအောင် ပြည့်စုံသည်။

အငယ်ဆုံးသားမို့ မိခင်ကချစ်သလို အစ်ကိုနှစ်ယောက်ကလ
ညီလေးကို မခိုင်းရက် မစေရက်အောင် ရှိခဲ့သည်။

အနေတည်၍ အရာရာပြည့်စုံသော ဗိသုကာအတွက် အ
တကူ လက်လှမ်းချူဖို့ ပန်းလေးတွေကအသင့်။ မဆွတ်ခင်ကပင် ညွတ်
နေသလိုရှိခဲ့ကြသည်။

ဒါပေမဲ့ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့သော မခ
မရင်းနှီးဘဲ အပေါင်းအသင်း သူငယ်ချင်းတောင် မဖွဲ့ခဲ့သော ဗိသု
သည် ရွှေရုပ်သွင်အပေါ်မှာတော့ သံယောဇဉ်ခိုင်မာစွာ ရှိခဲ့တာသေချ

စတိတ်ကျောင်းမှ တက္ကသိုလ်အထိ တတွဲတွဲရှိခဲ့သော ရွှေ
သွင်နှင့်ဗိသုကာကို တစ်နေ့ကျရင် ချစ်သူတွေအဖြစ် မြင်တွေ့ရမည်





းသုံးက မျှော်လင့်ခဲ့ကြသည်။

တိုးတိုးနှင့်သူရလင်းတို့ကတောင် တက္ကသိုလ်မှာ သုကာနှင့်
သွင် ချစ်သူတွေ ဖြစ်နေပြီဟု ယုံမှတ်ခဲ့ကြသည်။

အံ့ဩစရာကောင်းသည်က ကျောင်းသာပြီးဆုံးသွားခဲ့သည်။
ရုပ်သွင်နှင့်သုကာသည် ဟိုးအရင်ကအတိုင်း မပြောင်းမလဲ သူငယ်
င်းတွေအဖြစ်သာ ရှိနေခဲ့၏။

သုကာကပဲ ဖွင့်ပြောဖို့နှုတ်ဆက်နေခဲ့သလား။ ရွှေရုပ်သွင်ကပဲ
ချစ်ကို မခံစားတတ်သော မိန်းကလေးတစ်ယောက်အဖြစ် ရှိနေခဲ့တာ
း။ ဝေခွဲရခက်ခက် ဖြစ်ခဲ့ကြရသည်။

ဒါပေမဲ့ နှစ်ဦးအတွဲမပျက် လက်ဖက်ရည်ဆိုင် ထိုင်တော့လည်း
တူ။ အမြဲတမ်းမခွဲ တတွဲတွဲရှိနေခဲ့တာတော့ အမှန်ဖြစ်သည်။

အရင်အခြေအနေအတိုင်းဆို သုကာကို ဘာမှမတိုက်တွန်းချင်
ကြံမပေးလိုပေမယ့် လက်ရှိအခြေအနေတွေကိုတော့ သူကော
ရလင်းပါ လက်မခံနိုင်အောင် ဖြစ်ရသည်။

ထီမထင်ဆိုသည့်ကောင်က ရပ်ကွက်ထဲကို ပြောင်းလာတာ
စ်နှစ်တောင် မပြည့်တတ်သေးပါ။ ဒါပေမဲ့ သတင်းကတော့ အတော့်ကို
သည်။

သည်လိုခပ်ရှုတ်ရှုတ် ပွေပွေကောင်နှင့် ရွှေရုပ်သွင်တို့ နီးစပ်မှာ
ဆိုနှင့် ရင်းနှီးမှာကိုတောင် သူတို့မလိုလားပါ။

အခုတော့ ရွှေရုပ်သွင်က ထီမထင်နဲ့ ရပ်ကွက်လက်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လေးအထိ လာထိုင်တာတော့ ခံရခက်သည်။ သုကာကိုတော
မမြင်ဟန်ပြုပြီးမှ နှုတ်ဆက်ပုံက တမင်ကြံစည်ထားသလိုမျိုး ဖြစ်သည်

သည်ကိစ္စအတွက် သူနှင့်သူရလင်းတို့ စိုးရိမ်ပူပန်ရပေမယ်
သုကာကတော့ အလေးမထား ဂရုမစိုက်သလို လုပ်နေတာကို တိုးတို
အားမရနိုင်ဖြစ်ရသည်။

" ငါတစ်ခုပြောချင်တယ် သုကာ ခုကိစ္စမှာ မင်းဘက်က
တစ်ခုခု လုပ်သင့်ပြီထင်တယ် "

တိုးတိုးစကားကြောင့် ခြံဝင်းအပြင်ဘက်ကို တိတ်ဆိတ်စွ
အစိပ္ပါယ်မဲ့ ငေးနေသော သုကာဖျတ်ခနဲ လှည့်ကြည့်သည်။

" ငါဆိုလိုတာက မင်းနဲ့ရွှေရုပ်သွင်ကြားမှာ ပွင့်လင်းဖို့ လိုနေပြီ"

" မင်း ဘာကို ပြောချင်တာလဲ တိုးတိုး "

" ရှင်းပါတယ်ကွာ မင်း ရုပ်သွင်ကို ချစ်တယ်မဟုတ်လား "

သူ့မျက်ဝန်းတွေထဲ စိုက်ကြည့်ရင်း မေးလာသော တိုးတို
စကားကြောင့် ထူထူပူပူတော့ ဖြစ်ရသည်။

" တို့တွေက အရင်းနှီးဆုံးသူငယ်ချင်းတွေပဲ သုကာ မင်
အမှန်ကို ဝန်ခံသင့်ပြီ "

" ငါ မညာချင်ပါဘူး ရုပ်သွင်ကို ငါသံယောဇဉ်အရှိဆုံး
ဒါပေမဲ့ ငါ့ဘက်ကတန်ဖိုးထားသလို သူ့ဘက်ကလည်း တန်ဖိုးရှိစေချ
တယ် "

" ထိမထင်နဲ့ပတ်သက်တာကို မင်းအထင်မလွဲသင့်ဘူး သုကာ

ကြိုက်မှန်းသိလို့ ရုပ်သွင်တမင်တွဲပြနေတာပဲဖြစ်ရမယ် ဒီတော့
ဘက်က ပွင့်လင်းပြီး ရုပ်သွင်ကို ဖွင့်ပြောကွာ မင်းတို့သံယောဇဉ်
ာ နိုင်မာတာသေချာပါတယ် "

" ဟင့်အင်း ငါဘယ်တော့မှ မပြောဘူး တိုးတိုး- မိန်းမ
ယောက်ကို တခြားယောက်ျားတစ်ယောက် ပယောဂကြောင့် သွေးရူး
တန်း ချစ်ခွင့်ပန်ရလောက်အောင် ငါ့အချစ်က သိက္ခာမမဲ့သေးဘူး"

" မဟုတ်သေးဘူးလေကွာ မင်းကမာနကြီးနဲ့ တင်းခံနေ
လည်း မိန်းကလေးဘက်က စောင့်မျှော်ရတာ ဘယ်စိတ်ရှည်မှာလဲ"

" တော်စမ်းပါ တိုးတိုးရာ အချစ်ဆိုတာကို ဘဝနဲ့ထပ်တူ
ထားတတ်မယ်ဆိုရင် အချစ်ပ-စ်ခုအတွက် မာယာသုံးပြီး ကစား
တတ်တဲ့ မိန်းမတစ်ယောက်ကို ငါအထင်မကြီးဘူးကွ "

" ဒါကိုမာယာလို့ မင်းသတ်မှတ်မယ်ဆိုရင် မင်းဘက်ကကော
လို့ရုပ်သွင်အပေါ် ဟန်ဆောင်ခြင်းတွေနဲ့ ထိန်းသိမ်းထားတာလဲ
ာ မင်းရင်ဘတ်ထဲက မာနတွေကို တစ်ထစ်လျှော့လိုက်ပါ
ာရာ"

" အဲဒါ ငါမြတ်နိုးတဲ့ မိန်းမတစ်ယောက်အတွက် ငါ့ချစ်ခြင်းကို
ရှိရှိ သိမ်းဆည်းထားတာကွ ငါသစ္စာဆိုရဲတယ် ငါ့နှလုံးသားထဲမှာ
ယောက်တည်းပဲရှိတယ် အဲဒီတစ်ယောက်သော သူ့အတွက်လည်း
ချစ်ကို ဘယ်တော့မှ သိက္ခာမဲ့အောင် မလုပ်ဘူး "

ခံယူချက်တစ်ခုအတွက် ပြင်းထန်လွန်းသော သုကာ စကားငြ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ထိုးစစ်ဆင်တဲ့ပြန်ဖို့ တိုးတိုးမကြိုးစားချင်တော့ပါ။

အချစ်ဆိုတာ ဘာလဲ။

မာနတရားလား။ ဟန်ဆောင်မှုလား။ မာယာတစ်ခုလား။

ထိုအရာအားလုံးနှင့် မသက်ဆိုင်သော အရာဟုပဲ သူထင်သည်

ထိုအရာကလည်း သုကာနှင့်ရုပ်သွင်တို့ နှလုံးသားမှာ သန့်စင်စွာ ရှိ

မည်ထင်ပါသည်။

ဘာကြောင့်များ ဘောင်ခတ်ချင် နေကြတာလဲ မသိ။

ခက်တော့ခက်သည်။

သုကာ ရင်ထဲက နှလုံးသားကို လွတ်လပ်ခွင့်တစ်ခု ပေး

သည်။ သုကာက ခံယူချက်တွေနှင့် လက်မခံတော့လည်း

ထိန်းချုပ်ထားသော ချစ်ခြင်းတစ်ခု ပေါက်ကွဲလာမယ့်နေ့

စောင့်ကြည့်ရတော့မည်။

✿ ✿ ✿ ✿ ✿



## အခန်း (၉)

" ရွှေရုပ် သောက်လေ အသုပ်စားဦးမလား ကိုယ်သွားယူပေး

မလား "

အသင့်ဖျော်ထားပေးသော လီမွန်တီးဖန်ခွက်လေးကို မတို့

မထိတဲ့ ရုပ်သွင်နှုတ်ဆိတ်နေတာမြင်တော့ ထီမထင်နှုတ်မှ စကားသံတွေ

နှားတမ်းထွက်ကျလာလေသည်။

" ရတယ် ထီမထင် ဘာမှမစားချင်လို့ပါ "

" ဘာဖြစ်လို့လဲ ရွှေရုပ်ရဲ့ နေမကောင်းဘူးလားဟင် ဘာဖြစ်

နေတာလဲ "

ကြည်လဲ့နေသော မျက်ဝန်းအစုံမှာ စိုးရိမ်စိတ်တို့ ပျော်ဝင်

နေတာ ရုပ်သွင်မြင်သည်။

ရုပ်သွင်မျက်နှာကို အရိပ်ကြည့်အကဲခတ်နေသော ထီမထင်ရဲ့

ဂရုစိုက်ယုယမှုတွေကို ပိုင်ဆိုင်ချင်တာမဟုတ်ပါ။ ခက်တော့ခက်နေပြီ

ထင်ပါရဲ့။

" ဘာမှမဖြစ်ပါဘူး ထီမထင် မနက်ကအိမ်မှာ ထမင်းကြော်



www.burmeseclassic.com

www.burmeseclassic.com



တွေ စားထားလို့ ရင်ပြည့်နေလို့ပါ ''

မှသားစကားနှင့် ရုပ်သွင်ရှင်းလိုက်မှပဲ ထီမထင် နှုတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။

'' ဒါဆိုလည်း လီမွန်တီးလေး သောက်လိုက် ရွှေရုပ် ''

ကိုယ်တိုင်ပဲ ပါးစပ်ထဲဖွတ်ထည့်ပေးတော့မလို ရေစီးကမ်းပြို စေတနာတွေကြောင့် တငုံမျှ မော့သောက်လိုက်ရသည်။

ဆိုင်လေးထဲမှာ ထီမထင်နှင့်အတူ ထိုင်နေရပေမယ့် ရုပ်သွင် စိတ်ထဲမှာ မြင်ယောင်မျှော်လင့်နေမိတာ သုကာကိုပါပဲ။ နေရက်နိုင်လွန်းသည့် သုကာကတော့ လက်ဖက်ရည်ဆိုင်လေးမှာ မတွေ့ရတာ သုံးရက်တောင်ရှိခဲ့ပြီ။

ထီမထင်နှင့်အတူ ရုပ်သွင်ထိုင်ခဲ့မိသော နောက်တစ်နေ့ကစပြီး သုကာကို လက်ဖက်ရည်ဆိုင်မှာ မမြင်ရတော့တာဖြစ်သည်။ ထီမထင်နှင့် ရုပ်သွင် မိတ်ဆွေဖြစ်သွားတာကို သုကာမကျေနပ်တာတော့ သိပ်ကို သေချာသည်။

ထိုနေ့က ရုပ်သွင်မြင်တွေ့ခဲ့ရသော သုကာမျက်ဝန်းစူးစူးတွေနှင့် မာထန်ထန်လေသံတွေကို ပြန်အမှတ်ရမိသည်။ သုကာရင်ထဲမှာ မခံမရပ်နိုင်အောင် ခံစားသွားရမည်ဟု ရုပ်သွင်မျှော်လင့်ခဲ့မိ၏။

အိမ်အထိရောက်လာကာ ထိုကိစ္စအတွက် သုကာပေါက်ကွဲ ရင်ဖွင့်လာမှာကိုလည်း ရုပ်သွင် ရင်တထိတ်ထိတ် မျှော်လင့်နေခဲ့မိတာ အမှန်။ ဒါပေမဲ့





ရုပ်သွင် ထင်မှတ်ထားသလို ဖြစ်မလာခဲ့ပါ။

မာနတရားနှင့် သုကာတင်းခံနေတာလား တွေးကာ ရုပ်သွင် [illegible]မနပ်ဖြစ်ရတာမို့ သုံးရက်ဆက်တိုက် ထီမထင်နှင့်အတူ တွဲထိုင်[illegible]ည်။

သုကာကို လက်ဖက်ရည်ဆိုင်မှာ မတွေ့ရတော့ပါ။ သုကာ[illegible]ငယ်ချင်းတွေဖြစ်သော တိုးတိုးနှင့်သူရလင်းတို့ နှစ်ဦးကိုသာ တွေ့ရ[illegible]ည်။

သုကာ တမင်ထွက်မလာတာပေါ့။ ရုပ်သွင်ကို ဥပေက္ခာပြု[illegible]ပြုလိုက်တာပေါ့လေ။

ရင်မှာနာကျင်ဒေါသဖြစ်ရမည့်အစား ရုပ်သွင်ပိုလို့တောင် [illegible]နည်းလာရသည်။

အတွေးစတွေက ဆိုင်ရှေ့မှာ ထိုးရပ်လိုက်တဲ့ အဖြူရောင် [illegible]သွန်းကားလေးကြောင့် ပြတ်တောက်ကုန်သည်။ ဒါ သုကာရဲ့ ကား[illegible]ပဲဟုသော အသိက ရုပ်သွင်မျက်ဝန်းတွေကို လက်ခနဲ ဖြစ်သွား[illegible]သည်။

တစ်ပိုင်းတည်း မျက်နှာချင်းဆိုင်မှာ ရှိနေသော ထီမထင်ကို [illegible]တာင် မေ့လျော့လို့ ရုပ်သွင်ကားလေးဆီ လှမ်းကြည့်မိသည်။

ကားခေါင်းခန်းထဲမှာ မြင်လိုက်ရတာ သုကာပါပဲ။ ဒါပေမဲ့ [illegible]စ်ယောက်တည်း မဟုတ်သော သုကာနံဘေးမှာ မိန်းကလေး [illegible]စ်ယောက် ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှည်ကြီးတွေနှင့် မျက်နှာလေးက နုဖတ်နေသော[…] ကောင်မလေးက ရုပ်သွင်ထက် ငယ်ရွယ်မည်ထင်ပါရဲ့။ ကားထဲမှာ[…] ထိုင်လျက်မို့ မျက်နှာလေးကို ရုပ်သွင်မြင်နေရသည်။

နံဘေးမှ ကောင်မလေးကို ငုံ့ကြည့်ကာ သုကာ ဘာတွေ[…] ပြောနေသည်မသိ။ ကောင်မလေးက ပုတ်သင်ညိုလေးလို ခေါင်းကလေး[…] ညိတ်ကာ ပြုံတာမြင်ရသည်။

ကားတံခါးဖွင့်ကာ ဆင်းလာသူက သုကာတစ်ယောက်တည်း[…] ဖြစ်၏။ အပြာနုနုမှာ အဖြူစင်း စပို့ရှပ်လက်တိုနှင့် အနက်ရောင် စတိုင်[…] ဘောင်းဘီကို ဝတ်ဆင်ထားသော သုကာ ဆိုင်ထဲကို လှမ်းဝင်လာ[…]

မျက်ဝန်းအစုံက ဆိုင်ထဲကို တစ်ချက်ဝေ့အကြည့်မှာ ရုပ်သွင်[…] မြင်လိုက်ရမှာလည်း သေချာသည်။

ရုပ်သွင် ပြုံးပြလိုက်မိသည် ထင်ပါရဲ့။ ဒါပေမဲ့ တည်ကြည်သော[…] သုကာမျက်နှာက တင်းခနဲပိုတည်ကြည်သွားကာ မမြင်ဟန် အကြည့်[…] သည်။

ရုပ်သွင်ကို တစ်ချက်မကြည့်တော့ဘဲ သုကာဦးတည်သွား[…] သည်က တိုးတိုးနှင့်သူရလင်းတို့ ထိုင်နေသော စားပွဲဝိုင်းကို ဖြစ်သည်[…]

ရုပ်သွင်ရင်ထဲမှာ နင့်ခနဲခံစားလိုက်ရတာ အမှန်။ ကားပေါ်က[…] ကောင်မလေးဆီ ပြန့်ဝေ့ကြည့်တော့ မျက်နက်ဝန်းလေးတွေနှင့် သုကာတို့[…] ဝိုင်းကို လှမ်းကြည့်နေ၏။

“ ဘယ်ကကောင်မလေးလဲ မသိဘူး ဗိသုကာ ရည်းစားလား”





ရုပ်သွင်ကိုမေးတာလား။ တစ်ကိုယ်တည်း ရေရွတ်တာလားတော့[…] သိ။ ထီမထင့်နှုတ်က ထွက်ပေါ်လာသော စကားသံဖြစ်သည်။

ရုပ်သွင့်ရင်ထဲမှာလည်း ပြင်းပြသော သိချင်စိတ်နှင့်အတူ စူးနစ်[…] သော ဝေဒနာတစ်ခု ရင်ထဲမှာ တစိမ့်စိမ့် ခံစားနေရသည်။

တိုးတိုးတို့အုပ်စုနှင့် စကားတွေပြောပြီး သုကာ ပြန်ထွက်သွား[…] တော့လည်း ရုပ်သွင့်ဘက်ကို ယောင်လို့တောင် လှည့်မကြည့်ခဲ့ပါ။

ကားလေးပေါ်တက်ကာ ဂူးခနဲမောင်းထွက်သွားသော မြင်ကွင်း[…] ကို ရုပ်သွင်ဘယ်လောက်ကြာအောင် ငေးနေမိသည် မသိပါ။

“ ရွှေရုပ်နဲ့ဗိသုကာ ဘာဖြစ်ကြတာလဲ ”

ထီမထင် အမေးစကားကိုကြားမှ ရုပ်သွင်လှည့်ကြည့်မိသည်။ […]ထီမထင်ရှေ့မှာ သုကာပြုံမှုပုံက တကယ်ရှက်စရာကောင်းသည်။ ရုပ်သွင်[…] နှုတ်ဆက်ပြုံးပြတာ ထီမထင်မြင်မှာပါ။

သုကာ ပြုံမှုမျက်နှာလွှဲသွားတာလည်း မမြင်စရာအကြောင်းမှ[…] ရှိဘဲ။

“ မသိဘူးလေ သုကာစိတ်ကိုမှ ရုပ်သွင် မမြင်နိုင်ဘဲ ”

“ ကိုယ့်အထင်တော့ ကိုယ်နဲ့ရွှေရုပ် ရင်းနှီးနေတာကို သူလိုလား[…] ပုံ မရှိဘူး ”

“ မဆိုင်ပါဘူး ထီမထင်ရယ် ဒါကရုပ်သွင်ရဲ့ လွတ်လပ်ခွင့်ပဲ”

“ ရွှေရုပ်စကားအတွက် ကိုယ်ဝမ်းသာတယ် ရွှေရုပ်နဲ့ကိုယ့်[…] ကြားက ခင်မင်မှုတွေကို ဘယ်လိုအကြောင်းနဲ့မှ ကိုယ်ပျက်စီးမခံရဘူး”



www.burmeseclassic.com

www.burmeseclassic.com



ရှောမွှေ့ရှင်းသန့်သော ထီမထင်မျက်နှာပေါ်မှ နှစ်လိုဖွယ်အပြုံးလေးတို့ ရှုပ်သွင်မြင်နေရ၏။

နှာမည်နှင့်အတူ ကြားနေရသော သတင်းတွေနှင့်ဘယ်လိုမှ မသက်ဆိုင်အောင် ထီမထင်သည် ခင်မင်စရာကောင်းတာတော့ အမှန်ပြီးတော့ ထီမထင်မျက်ဝန်းတွေထဲက အဓိပ္ပါယ်တွေကိုလည်း ရုပ်သွင် ဖတ်ရှုတတ်ပါသည်။

ချောမောပြေပြစ်မှုမှာ ထီမထင်က သုကာထက်သာလွန်တာ အမှန်။ ငွေကြေးဓနအင်အား ပြည့်စုံမှုတွေမှာလည်း ထီမထင်ကပဲ ပိုမိုသာလွန်နေခဲ့သည်။

ဒါပေမဲ့ ထီမထင်ကို ရုပ်သွင် နှလုံးသားက လက်မခံနိုင်တာ ဘာကြောင့်လဲမသိပါ။

တကယ်ဆိုလျှင် ထီမထင်ကို ခင်မင်ခွင့်ပြုခဲ့တာ သုကာရဲ့ ဟန်ဆောင်မာနတံတိုင်းကြီးကို ဖြိုဖျက်ပစ်ချင်လို့ပဲလေ။ ထီမထင်ကတော့ ဒါကိုသိနိုင်မည် မဟုတ်ပါ။

" ရွှေရုပ်ကို ကိုယ်ထာဝရခင်မင်ချင်တာ ရွှေရုပ်အနားမှာ အမြဲရှိနေချင်တာ ယုံပါရွှေရုပ် "

ကြည်လဲ့နေသော မျက်ဝန်းတွေက လှပစွာ ဖျားယောင်းနိုင်စွမ်း ရှိတာတော့ သေချာသည်။

ဒီမျက်ဝန်းအကြည့်တွေအောက်မှာ မိန်းကလေးဘယ်နှစ်ယောက်ရဲ့ နှလုံးသားတွေ ကြွေလွင့်သွားခဲ့ရသည်လဲ။





စိတ်မကောင်းပါဘူး ထီမထင်ရယ်။ ကျွန်မ နှလုံးသားက ရှင့်မျက်ဝန်းတွေကြောင့် မလှုပ်ခတ်နိုင်တာ သေချာပါတယ်။

" ပြန်ကြရအောင် ထီမှထင် "

" ရွှေရုပ် ပြန်ချင်ပြီလား "

" ဟုတ်တယ် ကိုကြီးဖုန်းဆက်မှာ စောင့်နားထောင်ရဦးမှာ အခုမှ သတိရလိုက်သို့ ထီမထင်ရဲ့ "

" အင်း ဒါဆိုလည်း ပြန်ကြစို့လေ ရွှေရုပ်တို့ ခြံရှေ့အထိ ကိုယ် လိုက်ပို့ပေးမယ် "

" ရတယ် ထီမထင် လိုက်မပို့နဲ့တော့ ရုပ်သွင်ဘာသာ ပြန်ပါ့မယ် "

" ဒါဆို ကိုယ်လမ်းထိပ်အထိ လိုက်ခဲ့မယ်လေ လမ်းထိပ်ရောက်မှ လမ်းခွဲကြတာပေါ့ "

ငြင်းရခက်အောင် ဖြစ်နေရသည်မို့ ရုပ်သွင်စိတ်ညစ်ရ၏။ ဆိုင်ထဲမှာ နှစ်ဦးသားယှဉ်တွဲ ထွက်ခဲ့ရပေမယ့် ရုပ်သွင်စိတ်အာရုံက ထီမထင်ထံမှာ ရှိမနေခဲ့ပါ။

သုကာအကြောင်းကပဲ အာရုံထဲမှာ စိုးမိုးနေခဲ့သည်။

သုကာရဲ့ကားပေါ်က ကောင်မလေးက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ရုပ်သွင်မတွေ့မမြင်ဘူးတာတော့ သိပ်ကိုသေချာပါသည်။

" တီ တီ "

ဟွန်းသံနှစ်ချက်နှင့်အတူ ကားကလေးက ရုပ်သွင်တို့နံဘေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုးရုပ်သွားခဲ့သည်။

ကားခေါင်းခန်းမှ ခေါင်းကလေးပြူထွက်လာသူက ချောမွေ့ လှပမှုနှင့် ရင့်ကျက်ခြင်းတို့ စုပေါင်းထားသော အမျိုးသမီးတစ်ယောက် မျက်နှာလေးဖြစ်သည်။

“ ဘယ်ကပြန်လာတာလဲ ထီ ”

အမေးစကားက ထီမထင်ဆီ ဦးတည်နေပေမယ့် မျက်ဝန်း တွေက ရုပ်သွင်တစ်ကိုယ်လုံးကို ခြုံငုံအကဲခတ်နေတာ ရုပ်သွင်မြင်သိ နေသည်။

“ လက်ဖက်ရည်ဆိုင်က ပြန်လာတာ မမ ရွှေရုပ် ဒါကိုယ့်မ ကေရီလေ မမ သူက ရွှေရုပ်သွင်တဲ့ ”

မျက်ဝန်းကြည်ကြည်လေးတွေအထိ ရောင်စဉ်ဖြာသော အပြုံး ပွင့်လေးတွေနှင့် ရုပ်သွင်ကို အသိအမှတ်ပြု နှုတ်ဆက်နေသော မမကေရီကို ရုပ်သွင်အလိုက်သင့် ပြုံးပြနှုတ်ဆက်လိုက်မိ၏။

“ ထီ အိမ်ပြန်မှာဆို တက်လေ ညီမလေးလည်း တက်ပါ မမ အိမ်အထိလိုက်ပို့ပေးမှာပေါ့ ”

“ နေပါစေ မမ ရုပ်သွင်လမ်းလျှောက်ပြန်ချင်လို့ပါ ထီမထင် ပြန်လိုက်သွားလေ ”

“ ရတယ် ရွှေရုပ် လမ်းထိပ်အထိ ကိုယ် ရွှေရုပ်ကို လိုက်ပို့ ဦးမယ်လေ ”

“ ရောက်ပဲရောက်နေပါပြီ ထီမထင်ရယ် ပြန်ပါတော့ ရုပ်သွင်





ဘာတို့ အိမ်ကိုဝင်ဦးမှာမို့ပါ ”

တမင်ပြောလိုက်သော ရုပ်သွင်စကားကြောင့် ထီမထင်မျက်ခုံး ကျုံ့ကာ မျက်နှာတစ်ချက် ပျက်သွားသည်။ ပြီးမှ အပြုံးတွေနှင့် ယ်ရင်း ခေါင်းကိုညိတ်၏။

“ အိုကေ ရွှေရုပ် မနက်ဖြန်မှ ကိုယ်တို့ပြန်ဆုံကြတာပေါ့ ”

ပါရာဒို မီးခိုးရောင်ကားကြီးပေါ် ထီမထင် တံခါးဖွင့်တက် ၏။ မမကေရီက ရုပ်သွင်ကို နှစ်လိုဖွယ်အပြုံးတွေနှင့် နှုတ်ဆက် အောင် နှုတ်ဆက်သေး၏။

“ ညီမလေး ရွှေရုပ် ခွင့်ပြုဦးနော် နောက်လည်း အိမ်ကိုလာလည် မကာဖိတ်ခေါ်ပါတယ်ကွယ် ”

“ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် မမ ရုပ်သွင်ကို ခွင့်ပြုပါ နော် ”

နှုတ်ဆက်စကားအဆုံးမှာ ရုပ်သွင် အရင်ဦးဆုံး လှမ်းထွက်ခဲ့ ည်။ ပါရာဒိုကားကြီးက ငြိမ့်ခနဲ ရုပ်သွင်ကို ဖြတ်ကျော်အတက်မှာ ပြတင်းမှ ထီမထင်ရဲ့ နှုတ်ဆက်အပြုံးတွေကိုတောင် ရုပ်သွင် မိုင်ဆိုင် တ်ရသေး၏။

ထီမထင်လိုပဲ ရုပ်ရည်ချောမောသော မမကေရီအကြောင်းကို ထင်ပြောပြထား၍ ရုပ်သွင်သိနေပေမယ့် မြင်ဖူးလိုက်တာ အခုမှ သည်။

တကယ်ဆို ထီမထင်ဘဝက ရုပ်သွင်တို့လိုပဲ မောင်နှမ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တာဝပင် ဖြစ်သည်။

ရုပ်သွင်တို့လို မိတ်ဆွေမျိုးကင်းမဲ့တာတော့ မဟုတ်ပါ။ ထိမထ… မိခင်တိမ်းပါးသွားခဲ့ပြီ ဖြစ်ပေမယ့် ဖခင်ဖြစ်သူက ရှိသေးသည်။ မြန်… ပြည်မှာတော့ မဟုတ်ပါ။

အမေရိကားမှာ နေထိုင်ရင်း အလုပ်လုပ်နေသူ တစ်ယော… ဖြစ်သည်။ သမီးနှင့်သားကိုပါ အမေရိကား လိုက်ခဲ့ဖို့ ခေါ်ပေမယ့် ထိမထ… တို့ မောင်နှမတွေက မြန်မာပြည်ကို မစွန့်ခွာနိုင်ခဲ့ကြပါ။

သည်တော့ ဖခင်ဖြစ်သူဘက်က အလျှော့ပေးကာ အခ… တန်လျှင် မြန်မာပြည် ပြန်လာမည်ဟု ဆုံးဖြတ်ခဲ့ရသည်။

မောင်နှမနှစ်ယောက်တည်း ကျန်ရစ်ခဲ့သော မြန်မာပြည်… စီးပွားရေးလုပ်ငန်းအဖြစ် သွင်းကုန်ထုတ်ကုန် ကုမ္ပဏီကြီးတစ်ခု… ထိမထင်ဖခင်ဖြစ်သူက တည်ထောင်ပေးခဲ့သည်။

အခုတော့ ကောရီ ကိုယ်တိုင် အောင်မြင်စွာ ဦးစီးနေနိုင်… ဖြစ်နေခဲ့လေပြီ။

မောင်ဖြစ်သူကို ချစ်ခင်သော ကောရီကိုယ်တိုင်ကလည်း… ထိမထင်ကို မိခင်တစ်ဦးရဲ့ စောင့်ရှောက်ထိန်းသိမ်းမှုနှင့် ဂရုစိုက်ခဲ့… ဖြစ်သည်။

ရုပ်သွင်အပေါ် ကိုကြီးမင်းမြတ်သွင် စောင့်ရှောက်ချစ်ခင်သ… ထိမထင်ကိုလည်း မမကောရီချစ်ခင်မှာ ရုပ်သွင်ခံစား နားလည်နိုင်ပါသည်…

ပြီးတော့ ထိမထင်ဆိုတာ ရုပ်သွင်တို့ထက်တောင် ဥစ္စာ…





…ည်ဝပြည့်စုံကြသည့် အခြေအနေရှိ၏။

ရည်းစားများကာ ရှုတ်ပွေသည်ဆိုသော ထိမထင်တစ်ယောက် …ခုတော့ တည်ငြိမ်နေခဲ့တာတော့ ရုပ်သွင်အသိဖြစ်သည်။

ဒါပေမဲ့ ဘာကြောင့်မှန်းမသိ ရုပ်သွင်ရင်ထဲမှာ ထိမထင်နှင့် …သက်လျှင် နှလုံးသားက အေးစက်နေခဲ့၏။

ဒါဟာ အချစ်စိတ်ကြောင့်ဟု ရုပ်သွင် အကြွင်းမဲ့ ယုံကြည်သည်။

ရုပ်သွင်နှလုံးသားကို လှုပ်ခတ်စေနိုင်တာ သုကာတစ်ယောက် …သာ။

သုကာရယ် နင် သိစေချင်လိုက်တာ။

ဘယ်မိန်းကလေးကိုမှ မခင်တွယ်တတ်ခဲ့တဲ့ နင့်အနားမှာ …ရုပ်သွင်ပဲ ရှိခဲ့တာပါ။

အခုတော့ နင်ပြောင်းလဲသွားခဲ့ပြီလား။ ဒါမှမဟုတ် ငါ့လိုပဲ …ကာလဲ့စားချေ စမ်းသပ်ပြလိုက်တာလားဟင်။

ငါဝန်ခံချင်ပါတယ် သုကာ။ ငါ့ရင်ထဲမှာ သိပ်ကိုချောက်ချား …လှုပ်သွားခဲ့ရတာ သေချာတယ်။

နင်နဲ့အတူကားထဲမှာရှိနေခဲ့တာ ဘယ်သူလဲ။ ငါသိချင်လိုက်တာ။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ရှပ်သွင်တဲ့ အင်း နာမည်နဲ့ လူနဲ့ကတော့ လိုက်ဖက်သား

သူ့ပန်းကန်ထဲကို ကြက်အသည်းတစ်တုံး ခပ်ထည့်ပေး

မမကေရီဆိုနေသည်။

မနက်က သူနှင့် ရွှေရှပ်ကို နှစ်ဦးတွဲတွေ့လိုက်ပြီးကတည်း

မမကေရီက မေးနေတာမို့ သူဝန်ခံခဲ့ရသည်။

ရွှေရှပ်သွင်ဆိုတာ သူချစ်နေသော မိန်းကလေးဟု မမကေ

သိသွားခဲ့တာမို့ အခုထမင်းဝိုင်းမှာပြန်စကား စနေခြင်းဖြစ်သည်။

" မမ မေးပါရစေဦး ထိနဲ့ရွှေရှပ်သွင်တို့က ကြိုက်နေပြီလား

" ဟင့်အင်း ကျွန်တော်နဲ့ ခင်မင်တဲ့အဆင့်ပဲ ရှိသေးတယ်

မမ မေးတဲ့အဆင့်ထိ ရောက်နိုင်ဖို့တော့ ကြိုးစားနေတုန်းဆိုပါတော့

" ဟင် နေပါဦး ရွှေရှပ်သွင်ဆိုတာ ဟိုတစ်ခါ ထိပြော

ကောင်မလေးမဟုတ်လား၊ ထိကို စိတ်ဆိုးနေလို့ ပြန်သနားအောင်

ဦးလေးရဲ့အထိုးအကြိတ်ကို တမင်ခံလိုက်ရတယ်ဆိုတာလေ "

မမကေရီ စကားကိုကြားမှ သူပြန်သတိရမိတော့၏။ ဟုတ်ပါ





ကာဆိုတဲ့ကောင်နဲ့ ဖြစ်ခဲ့သောကိစ္စကို မမသိမှာစိုး၍ သူဇာတ်လမ်း

င်ပြောပြခဲ့ဖူး၏။

" အဟဲ မမက မှတ်မိသားပဲ ဟုတ်တယ် "

" မမှတ်မိဘဲရှိမလား မောင်လေးမျက်နှာတစ်ခုလုံး ဖူးယောင်

အောင် ထိုးကြိတ်လိုက်တဲ့ကိစ္စကို မမဘာလို့ မေ့ပစ်ရမှာလဲ အခုတော့

ဦးလေးဆိုတဲ့လူက ထိကို ပြဿနာမရှာတော့ဘူးလား "

" မရှာတော့ပါဘူး ကျွန်တော်နဲ့ရွှေရှပ်က ခင်မင်ကျွမ်းဝင်နေပြီ

ဆိုတော့ အေးဆေးဘာပြဿနာမှ မရှိပါဘူး "

မမကေရီမျက်စောင်းကလေးထိုးကာ ငါးခူးကြော်တစ်ကောင်

အရိုးတွေဖယ်ကာ သူ့ပန်းကန်ထဲ အသားစတွေကို ထည့်ပေး၏။

မမကေရီ သူ့ကိုအမြဲတမ်း ဂရုစိုက်တတ်သည်က အခုမှ

ဟုတ်ခဲ့ပါ။ အသက်အရွယ်ချင်း သုံးနှစ်သာ ကွာခြားပေမယ့် မမကေရီ

ည် အစ်မကြီးတစ်ဦးလို သူ့ကို ဂရုစိုက်စောင့်ရှောက်တတ်သူ ဖြစ်လေ

သည်။

အစားအသောက်အနေအထိုင် ရေမိုးချိုးတာကအစ ကလေး

ယ်တစ်ဦးကို အရိပ်ကြည့်ပြောဆိုသလို ပြောတတ်သည်။ ထမင်းဝိုင်းမှာ

လို ဂရုစိုက်ကျွေးမွေးတာကိုပဲကြည့်။

ဒါကြောင့်လည်း ဒယ်ဒီက သူ့ကို မမကေရီနှင့် စိတ်ချလက်ချ

ားရစ်ခဲ့ကာ အမေရိကားမှာ စိတ်အေးလက်အေးနေခဲ့ခြင်း ဖြစ်မည်။

မမကေရီက ဘယ်လောက်ပဲ အရိပ်ကြည့်နေသည်ဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



ထိမထင်ကတော့ တက္ကသိုလ်ကျောင်းရောက်သည်နှင့် ဖတ်ပြတော့သည် ချောမောပြေပြစ်သော ရုပ်ရည် အပူအပင်မရှိသောအခြေအနေ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထားတာကိုတော့ မမတော် မတားမြစ်နိုင်ခဲ့ရှာပါ။

" ထိုသတင်းတွေ မမကြားနေတယ်နော် ပညာရေးမပြီးသေး အိမ်ထောင်ကျသွားမှာတော့ မမစိုးရိမ်တယ် "

" ဟာ မမကလည်း ရည်းစားထားတာ အပျော်ပါဗျာ၊ စိတ် မမကေရီမယူသေးဘဲ နောက်ကားကျော်တက်တာမျိုး မလုပ်ပါဘူး "

" အံမယ် အိမ်ထောင်ရေးကိစ္စ မမခေါင်းထဲမှာ မရှိ ကိုယ့်အလုပ်တွေနဲ့ ကိုယ်တောင် မအားနိုင်ဘူး "

" အင်း မမကိုတော့ အံ့ဩတယ် ဒီအရွယ်ရောက်နေ ရည်းစားတောင် မထားဖူးဘူးလို့ အံ့ဩမိသတဲ့ "

" ဟဲ့ ကိုယ့်အစ်မကို ဒီလိုပဲပြောရသလား ရည်းစားထား လည်း စိတ်မဝင်စားဘူး အိမ်ထောင်ရေးလည်း ခေါင်းထဲမှာ မရှိ မမအလုပ်တွေနဲ့တောင် အချိန်ပိုမရှိဘူးလို့ ပြောပြီးပြီပဲ။ မမခေါင်းထဲ မျှော်လင့်နေတာ တစ်ခုပဲရှိတယ်။ ဒယ်ဒီပြန်လာတဲ့အချိန်ကျရင် မမ မိသားစုလေး စုစုဝေးဝေးနဲ့ တည်တည်ငြိမ်ငြိမ်ရှိချင်တယ် "

မမကေရီ ဆန္ဒတွေကို သူစာနာနားလည်ပါသည်။ မမကေ ဆန္ဒက ဒယ်ဒီကို မြန်မာပြည် ပြန်လာစေချင်သည်။ ဒယ်ဒီကလည်း ကတိပေးထားခဲ့သည်။ ဒယ်ဒီပြန်လာချိန်တွင် ဒီမှာ လုပ်ငန်းစီးပွား



...ဒ္ဓ အခိုင်အမာနှင့် မိသားစုဘဝလေး အေးချမ်းစွာရှိလို၍ မမကေရီ ...ည်ရွယ်ကြိုးစားခဲ့သည်။

ယခုဆို မမရဲ့ စီးပွားရေး ကုမ္ပဏီကြီးက အောင်မြင်စွာ ...ည်ပတ်နေခဲ့ပြီဆိုသောသတင်းကို ဒယ်ဒီကြားသိကာ ဝမ်းသာနေခဲ့လေ သည်။

" အင်း မမအလုပ်တွေ ရှုပ်တာ ကျွန်တော်သိပါတယ်။ ကျွန်တော်က ဘာအလုပ်မှ မရှိဘဲ။ ဒီတော့ ပျင်းစရာကြီးပေါ့။ ရည်းစား ...ဘာလေးနဲ့ဆိုတော့ ပျင်းစရာမကောင်းတော့ဘူးလေ ဒါကြောင့်ပဲ ...ချ ကျောင်းပြီးလည်း အိမ်ထောင်ရေးကို စိတ်မဝင်စားပါဘူး "

" ရည်းစားတွေ အပျော်ထားတာ ကောင်းတဲ့အလုပ်မဟုတ်ဘူး ...င်လေး တစ်ဖက်မိန်းကလေးတွေဘက်က နစ်နာမယ် "

" အာ ဒါတော့ ထိုက်သံ့ပါ။ နှမသားချင်းစာနာပါတယ် မမရယ် ...သူရည်းစားဆိုပေမယ့် ကျွန်တော်က သူငယ်ချင်းလို နေတာပါ။ ...ယ်တော့မှ မိန်းကလေးတစ်ယောက်ရဲ့ သိက္ခာတန်ဖိုးမဲ့အောင် မလုပ် ...ဆိုတာ ယုံပါ "

သူ့ဘက်က ရဲရဲဝံ့ဝံ့ကတိပေးမိသည်။ အမှန်တကယ်လည်း ...ာင့်ထိန်းအပ်သော စည်း...တာကို သူမကျော်လွန်ခဲ့ပါ။

" ဘာပဲဖြစ်ဖြစ် ရည်းစားများတယ် ပွေတယ် ရှုပ်တယ်ဆိုတာ ယောကျ်ားလေးဘက်ကော မိန်းကလေးဘက်ပါ မကောင်းဘူး ထို့ ...ချည်ပျက်တာပေါ့ မင်းတကယ်ချစ်တဲ့ကောင်မလေးနဲ့တွေ့မှ ဝင်...ည်



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ် ''

မမစကားကို သူရယ်ကျဲကျဲနှင့်ပဲ တုံ့ပြန်ခဲ့ပါသည်။ အချ… တာကိုလည်း အလေးအနက်ထားစရာတစ်ခုဟု သူမမှတ်ယူခဲ့ပါ။

နုဖတ်ချောမွေ့သော ရှပ်သွင်နှင့်မလိုက်ဘက်စွာ ဝတ်… ဆင်ယင်နေထိုင်တတ်သော ရွှေရုပ်သွင်ကို မြင်တော့ သူစိတ်ဝင်စား… သက်သက်သာဖြစ်သည်။

'' ယောင်လို့ သွားမစမ်းနဲ့နော် ထီမထင် တကယ့်စွာတေးမ… ကွ သူနဲ့အတူတွဲနေတဲ့ ဗိသုကာဆိုတဲ့ကောင်ကလည်း ကိုယ်ရဲ့… ခါးပတ်နက်နော် ''

'' နေစမ်းပါဦး အဲဒီကောင်က သူ့ရဲ့ ရည်းစားလား ''

'' စတိတ်ကျောင်းကနေ ဘွဲ့ရတဲ့အထိ တတွဲတွဲကွ ဒါပေ… ရည်းစားတွေ မဟုတ်သေးတာတော့ သေချာတယ် ''

'' အိုကေ ဒီလောက်ဆိုရပြီ ''

'' ဘာလဲ ထီမထင် ရွှေရုပ်သွင်နဲ့ မင်းက တစ်ခန်းရပ်ပြဇာ… ကဦးမလို့လား ''

သူခေါင်းမညိတ် ခေါင်းမခါဘဲ ငြိမ်ငြိမ်ကလေး ပြုံးနေခဲ့မိသည်။

ဂုတ်သာသာအထိပဲ ကျလျက်ရှိသော ဆံပင်နီညိုညိုတွေနှ… နုဖက်ချောမွေ့သော ရွှေရုပ်သွင်သည် ဝတ်စားဆင်ယင်မှုနှင့် မာတော… တောင့် အမူအရာတွေက ယောကျာ်းဆန်လွန်းသည်။

ဒါပေမဲ့ တကယ်တမ်းကျ သူမသည် မိန်းမပီသသော မိန်း…





…စ်ယောက်သာဖြစ်ကြောင်း သူသိခွင့်ရလိုက်သည့်နေ့က ချုပ်ထိန်းနိုင်မှု …င်းမဲ့စွာ သူမပါးနုနုလေးကို နမ်းရှိုက်လိုက်ခဲ့မိသည်။

မှုန်နေသော မျက်နှာနုနုလေးပေါ်မှာ သွေးကြောမျှင်လေးတွေ …နီနီအောင် ရှက်ရွံ့သွားခဲ့သော ရွှေရုပ်သွင်ကို သူမြင်ခဲ့ရသည်။

ဘုဆတ်ဆတ် ဂျစ်ပေပေ ယောကျာ်းဆန်သော ကောင်မလေး …မှာ ထိုမျှချစ်စရာကောင်းသော အမူအရာလေးတွေရှိမည်ဟု သူမထင် …ခဲ့ပါ။

သူ့အနမ်းတစ်ပွင့်ကြောင့် စူးလက်သွားသော မျက်ဝန်းလေးတွေ …နီနုရောင်ပါးနုလေးတွေနှင့် နီရဲရဲလဲ့သော နှုတ်ခမ်းလေးတွေကို သူ့အာရုံ …ထဲက မမေ့နိုင်ခဲ့ပါ။

သူငယ်ချင်းတွေ နိမိတ်ဖတ်ခဲ့သော တစ်ခန်းရပ်ပြဇာတ်တစ်ခု …တ်နိုင်တော့တာ သိပ်ကို သေချာသည်။

'' မမ မေးတာ ဖြေပါဦးထီရဲ့ ''

မမကေရီအမေးစကားသံကိုကြားမှပဲ သူသတိဝင်လာရသည်။

'' ဘာလဲမမ မမဘာမေးလိုက်တာလဲ ''

'' ထမင်းစားရင်း ဘာတွေတွေးနေတာလဲ မောင်လေးရဲ့ မမမေးတာ ရွှေရုပ်သွင်ဆိုတဲ့မိန်းကလေးကို မောင်လေး တကယ်ချစ်နေတာလားလို့ မေးနေတာ ''

'' အင်း ကျွန်တော့်ကို ရင်ခုန်စေတာ ရွှေရုပ်ပဲရှိတယ် မမ၊ ကျွန်တော်ရည်းစားတွေ အများကြီးထားဖူးတယ်။ ဒါပေမဲ့ အခုရွှေရုပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ရင်နှီးခင်မင်တာလောက်တောင် ရင်ခုန်မှုမရှိခဲ့ဘူး ဒါသေချာတယ် မ

စားပွဲပေါ်မှာ ထမင်းပန်းကန်ကို မေ့လျော့စွာ မမကေရီသူ ငေးစိုက်ကြည့်နေခဲ့သည်ကို သူမမြင်နိုင်ပါ။ အာရုံထဲမှာ ရွှေရုပ်မျက် လေးကို မြင်ယောင်ရင်း တသိမ့်သိမ့်ခံစားရသော ရင်ခုန်ခြင်းမှာ နစ် နေမိသည်။

ဘာပဲဖြစ်ဖြစ် အချစ်ကို တန်ဖိုးထားတတ်လာသော မောင်လေ အတွက်တော့ ကေရီကျေနပ်မိတာအမှန်။

မောင်လေးဘက်က တကယ်ကို သေချာစနေခဲ့သည်ဆိုလျှ ရွှေရုပ်သွင်ဆိုသော မိန်းကလေးကို ညီမတော်ဖို့အတွက် ကေရီဘက်က ငြင်းစရာမှ မရှိဘဲ။ ချစ်သောမောင်လေး ပျော်ရွှင်ချမ်းမြေ့နေတာ ကေရီမြင်ချင်ပါ သည်လေ။

✿ ✿ ✿ ✿ ✿



## အခန်း (၁၁)

"နာမည်က အသည်းသွေးတဲ့ သုကာအမေရဲ့ အစ်မဝမ်းကွဲ တစ်ယောက်ရဲ့ မွေးစားသမီးလေ၊ အခု အဲဒီသုကာရဲ့အဒေါ်ဆုံးတော့ ကောင်မလေးကို စောင့်ရှောက်မယ့်သူမရှိဘူး ဒီတော့ သုကာအမေက မွေးစားတာဝန်ယူလိုက်တာပဲလေ "

တိုးတိုးရှင်းပြတော့မှပဲ ရုပ်သွင်သိလိုက်ရသည်။ ရင်ထဲမှာ သိချင်စိတ်တို့ ပြင်းပြနေတာကြောင့်လည်း သုကာနှင့်အတူ တွေ့ခဲ့ရသော မိန်းကလေးအကြောင်းကို စုံစမ်းမိခြင်းဖြစ်၏။

အဒေါ်အပျိုကြီးရဲ့ မွေးစားသမီးဆိုတော့ သုကာနှင့် ဘာမှ သွေးမတော်သားမစပ်တာအထင်အရှား။

ဒီလို အရွယ်ရောက် မိန်းကလေး တစ်ယောက်ကို သုကာမေမေ က အပြီးအပိုင်မွေးစားခဲ့သည်ဆိုတာ ဘာရည်ရွယ်ချက်နှင့်လဲဟု ရုပ်သွင် အတွေးတွေပွားမိရသေးသည်။

" ဒါနဲ့ နင်တို့နှစ်ယောက်က မခေါ်မပြောနဲ့ ဘာဖြစ်နေတာလဲ



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ်သွင် ''

ရုပ်သွင်နှင့်သုကာတို့ အခြေအနေကို တိုးတိုးတို့ ရိပ်မိကြမှာ သေချာသည်။ ရုပ်သွင်ကို အခုမေးသလို သုကာကိုလည်း သူတို့မေးကြမှာ သိနေသည်။

'' သုကာနဲ့ နင်တို့တွေ့နေတာပဲ သူ့ကိုမေးကြည့်ပေါ့ ''

'' သူ့ကိုမေးကြည့်တော့ နင်နဲ့ ထီမထင်တွဲနေလို့တဲ့ သူနဲ့ ပြဿနာဖြစ်ထားတဲ့ကောင်ကို နင်ကတွဲပြနေလို့ ပြောတာပဲ ''

'' ငါနဲ့ ထီမထင်ခင်မင်တာ ရိုးရိုးသားသား သူငယ်ချင်းတွေ အဖြစ်ပဲ ဒါကို သုကာက အကြောင်းမဲ့ ပြဿနာရှာတာပါဟာ ''

'' ဒါတော့ သုကာက နင့်အတွက်စိုးရိမ်လို့ ဖြစ်မှာပါ ရွှေရုပ်သွင် ထီမထင်အကြောင်း နင်ဘာသိသလဲ ဒီကောင်က တကယ့်အရှုပ်နော် နင်သတိထား ''

'' ထားပါတော့ တိုးတိုးရယ် တကယ်တမ်းသုကာငါ့ကို စိုးရိမ်တယ်ဆိုရင် အခုလိုဥပက္ခာပြုထားပါ့မလားဟာ သူ့ဘက်ကတောင် သံယောဇဉ် ပြတ်နိုင်သေးတာ ငါကဘာလို့ အောက်ကျို့တောင်းပန်ရမှာလဲ ''

ရုပ်သွင်စကားကြောင့် တိုးတိုးစိတ်ပျက်သလို ခေါင်းကိုခါရမ်းသည်။

'' မဟုတ်သေးဘူး နင်တို့နှစ်ယောက်ကြားမှာ နားလည်မှုတွေ လွဲနေတယ်၊ သုကာလည်း တကယ့်မာနနဲ့ တစ်ယူသန်နိုင်တယ်။





နင်ကလည်း တကယ့်ဖွတ် ခက်တော့ ခက်နေပြီ ''

'' ဘာလဲ ငါ့ဘက်က အလျှော့ပေးပြီး နင်တို့သူငယ်ချင်းကို ဦးညွှတ်တောင်းပန်ရမှာလား တိုးတိုး ''

'' ဒီလိုလည်း မဟုတ်သေးဘူးလေဟာ သုကာက နင့်ကိုအခင်ဆုံးဆိုတာ အားလုံးသိပါတယ်၊ နင်တို့နှစ်ယောက်က အမြဲတမ်း တတွဲတွဲနေခဲ့ကြတာပဲ အခုကျမှ ဒီလိုဖြစ်နေတာ မကောင်းဘူးထင်တယ် ''

'' ဒါတော့ သူကိုယ်တိုင် ငါ့ကိုမခေါ်မပြောလုပ်နေခဲ့တာ နင်တို့အမြင်ပဲ ဟိုတစ်နေ့က လက်ဖက်ရည်ဆိုင်ထဲမှာ ဆက်ဆံသွားပုံကို ကြည့်ပါလား ''

'' အေး အဲဒီနေ့က နင်နဲ့ထီမထင်ကို အတူတွေ့လိုက်ရတာ သူတို့အတော် အံ့သြသွားတယ်၊ နင့်ဘက်က ဘယ်လောက်ပဲ ရိုးသားသား ထီမထင်ဘက်က မရိုးသားဘူးဆိုတာ သိပ်ကိုသေချာပါတယ်။ ဒီကောင် နဲ့ နင်အပေါင်းအသင်းသွားလုပ်တာ သိပ်မှားတယ် ''

တိုးတိုးကိုယ်တိုင်က ရုပ်သွင်ကိုပဲ အပြစ်ဖွဲ့နေခဲ့သည်။ သုကာ ခံစားနေသမျှတွေကိုတော့ လုံးစ်လျှူရှုထားကြသည်လား။

ငါက မိန်းကလေးတစ်ယောက်ပါ သုကာရယ်။

နင့်အနားမှာ အမြဲတမ်းအရိပ်လိုနေတတ်ခဲ့တာလည်း နင်အသိ

'' ပြန်တော့မှာလား ရုပ်သွင် ''

'' အေး ကိုကြီးပြန်မလာခင် ငါအိမ်ပြန်ရောက်နေမှဖြစ်မှာ ''



www.burmeseclassic.com

www.burmeseclassic.com



" ငါပြောတာ နင်ဘယ်လိုလဲ ရုပ်သွင်၊ ငါတို့ကတော့ နင်
သုကာကို အရင်လိုပဲ ပြန်ပြီးခင်ခင်မင်မင်ရှိစေချင်တယ် "

အပြုံးတစ်ပွင့် ရုပ်သွင်နှုတ်ခမ်းမှာ ရေးရေးထင်ပေမယ့်
ပြည့်ဝသောအပြုံးမဟုတ်ဟု တိုးတိုးသိနေသည်။

" ထားလိုက်ပါဟာ ငါ့ဘက်က အမြဲတမ်း အလျော့ပေးခဲ့တာ
များပြီ ဒီတစ်ခါတော့ သူ့ဘက်က ဆုံးဖြတ်ချက်အတိုင်း ရှိပါစေတော့

" နေ နေပါဦးရုပ်သွင် နင်နဲ့ထီမထင်ကကော ဘယ်လိုလဲ

" ခုချိန်မှာတော့ ငါတို့ခင်မင်မှုက သူငယ်ချင်းမိတ်ဆွေ
အဆင့်ထက် လုံးဝမပိုဘူး "

" ခုချိန်ဆိုတော့ နင့်စကားက ဘာလဲရုပ်သွင် နောင်ကျရင်
ဒီထက်ပိုမယ်ဆိုတဲ့ သဘောလား "

" ဘယ်သူမှ ကြိုမမြင်နိုင်တဲ့ အနာဂတ်ကို ငါလည်း ကြိုမပြော
တတ်ဘူး တိုးတိုး ပစ္စုပ္ပန်ဘဝကိုတော့ ငါပြောရဲတယ်။ ထီမထင်ကို
ငါမိတ်ဆွေလို ခင်မင်တယ်။ ဒီထက်မပိုသေးဘူး။ သူကလည်း ခုချိန်ထိ
ရိုးသားစွာခင်မင်နေဆဲပါပဲ။ ကဲ ငါသွားတော့မယ်ဟာ "

နှုတ်ဆက်စကားနှင့် လှည့်ထွက်သွားသော ရုပ်သွင်ကို ငေးမော
ရင်း တိုးတိုးကျန်ရစ်ခဲ့ရသည်။

အမြဲတမ်း ကျွတ်ဆတ်ဆတ်မာကြောကြောနှင့် ယောကျ်ား
ဆန်ဆန်ဝတ်ဆင်နေထိုင်တတ်သော ရုပ်သွင်အခုတလော ပြောင်းလဲလာ
တာတော့ အထင်အရှား။





ဝတ်စားဆင်ယင်ပုံကအစ မိန်းကလေးဆန်ဆန် သိမ်မွေ့လာ
ည်။

ဒါဘယ်သူ့ကြောင့်လဲဟု တိုးတိုးပဟေဠိဖြစ်ရသည်။
ရှေ့ရုပ်သွင်ကို ထီမထင်ဆိုတဲ့ကောင်ကပဲ ပြောင်းလဲပေးလိုက်
လား။

သုကာကြောင့်ပဲ ပြောင်းလဲသွားတာလားတော့ မသိပါ။
သူ့ရင်ထဲမှာ စိုးရိမ်နေတာ တစ်ခုတော့ရှိသည်။ ရုပ်သွင်ကို
ထင်ရယူသွားမှာကိုပဲ ဖြစ်သည်။

သုကာကကော သူ စိုးရိမ်သလို မစိုးရိမ်ဘူးလား မသိတော့ပါ။
င်ထဲမှာ အသေအချာယုံကြည်မိတာ သုကာနှင့်ရှေ့ရုပ်သွင် သံယောဇဉ်
ဖြစ်သည်။

ခက်သည်က သုကာကိုယ်တိုင်က မာနနှင့် ဟန်ဆောင်လွန်း
ည်ဟု ထင်သည်။

တကယ်ဆိုလျှင် ရှေ့ရုပ်သွင်က မိန်းကလေး။ သုကာဘက်က
ထစ်လျှော့လိုက်သင့်၏။

မာနတွေ ဟန်ဆောင်မှုသိပ်မှုတွေကြောင့် သုကာနှင့်ရှေ့ရုပ်သွင်
ဝေးကွာသွားမှာကိုတော့ မလိုလားပါ။

သို့ပေမယ့် ကာယကံရှင် သုကာကိုယ်တိုင်က မာနနှင့်တည်
ည်စွာ ဟန်ဆောင်ကောင်းနေတော့လည်း။

ပွဲသိမ်းခရာ မှုတ်သည်အထိ သူတို့ရင်မောစွာ ထိုင်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပါး။

✿ ✿ ✿ ✿ ✿



## အခန်း (၁၂)

သည်ရက်ပိုင်းအတွင်း သူမနားတမ်း အလုပ်ရှုပ်နေခဲ့ရ သည်က အသည်းသွေးကြောင့်ပင်ဖြစ်၏။

အထင်မှတ်ဘဲ သူနှင့်မေမေတို့ဆီသို့ ရောက်ရှိလာသော အသည်းသွေးဆိုသော မိန်းကလေးသည် ညီမငယ်တစ်ယောက် ဖြစ်လာပြီဆိုတော့ သူ အံ့ဩမယုံနိုင်အောင် ဖြစ်ရလေသည်။

" သားရဲ့ညီမတစ်ယောက် ဟုတ်လားမေမေ "

" ဟုတ်တယ်သား မမိုးတိမ်ပါးသွားပြီဆိုတော့ အသည်းသွေး ကို မေမေအပြီးအပိုင် မွေးစားဖို့ တာဝန်ယူလိုက်တာလေ သားကြီးနဲ့ ကိုလတ်ကိုလည်း မေမေဖုန်းဆက်ပြီး အသိပေးလိုက်တယ်၊ သူတို့တွေက ထောက်ခံတယ် မေမေအနားမှာ သားအပြင်သမီးလေး တစ်ယောက် ရှိနေတော့ ပိုစိတ်ချနိုင်တယ်တဲ့လေ "

ကိုကြီးနှင့်ကိုလတ်တို့ကိုတော့ မေမေကဖုန်းနှင့်အသိပေးခဲ့ပြီးပြီ ဆိုတော့လည်း သူဘာအကြောင်းနှင့်မှ ငြင်းစရာမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အစ်မဝမ်းကွဲ အန်တီမိုးဆိုတာ အပျိုကြီးဖြစ်သ
အန်တီမိုးက အပျိုကြီးပေမယ့် ကလေးချစ်တတ်သည်။ ကံကြ
အန်တီမိုးကို ကလေးတစ်ယောက် ပိုင်ဆိုင်ဖို့ဖန်တီးပေးလာသည
ဆိုရမည်။

အမိမဲ့အဖမဲ့ အသည်းသွေးကို အန်တီမိုးက သုံးနှစ်သမီးအ
ကတည်းက တရားဝင်မွေးစားခဲ့သည်။

သမီးရင်းမဟုတ်ပေမယ့် အသည်းသွေးကို အန်တီ
သိပ်ချစ်သည်။

ငယ်စဉ်ကတော့ နွေကျောင်းပိတ်ရက်တွေမှာ အန်တီ
အသည်းသွေးတို့ သူတို့အိမ်ကို တစ်နှစ်တစ်ခါ လာလည်တတ်သ

တစ်လောကလုံးမှာ မေမေနှင့်အန်တီမိုးက အနီးစပ်ဆုံး
ဆွေမျိုးရင်းချာ ညီအစ်မဝမ်းကွဲတွေမို့ ရန်ကုန်နှင့်မြစ်ကြီးနား ဝေ
လှပေမယ့် အဆက်အသွယ် မပြတ်ရှိခဲ့ကြသည်။

ဒါကြောင့်လည်း မထင်မှတ်ဘဲ အန်တီမိုးတိမ်းပါးသွားခဲ့
ဆိုတော့ အသည်းသွေးရဲ့ အနာဂတ်အတွက် မေမေနှင့်အန်တီ
တိုင်ပင်ထားခဲ့တာတွေကို သူသိခဲ့ရတော့သည်။

" မမမိုးက သမီးလေးကို သိပ်ချစ်တာ သူ့မှာကင်ဆာ
ရှိတယ်ဆိုတာ သိလိုက်တော့ မေမေ့ဆီဖုန်းဆက်ပြောတယ် သူမရှိတေ
သမီးလေးအတွက် အတော့်ကို သောကမကင်းဖြစ်နေရှာတာ သမီး
ကိုလည်း အသိမပေးဘူးတဲ့ အားငယ်ဝမ်းနည်းသွားမှာ စိုးလို့တဲ့ 





ဆီက ကတိတောင်းခဲ့တယ် သား သူမရှိတော့ရင် သမီးလေးအသည်းသွေး
ကို စောင့်ရှောက်မွေးစားဖို့ပေါ့ မေမေကတိပေးထားခဲ့အတိုင်း အခု
သမီးလေး အသည်းသွေးကို မွေးစားလိုက်တာ "

အသည်းသွေးတစ်ယောက် သူတို့အိမ်လေးကို မေမေရဲ့မွေးစား
သမီး သူတို့ညီမလေးအဖြစ် ပြန်ရောက်လာတော့ သူအံ့သြရသည်။

ဟိုးလွန်ခဲ့သော နှစ်ကာလတွေက အသည်းသွေးနှင့် လုံးဝမတူ
နိုင်အောင် ကွဲပြားနေခဲ့ပြီဖြစ်သည်။

အရင်တုန်းကလို ဂါဝန်လေးဖားဖားနှင့် ဖြူဖြူပိန်ပိန်
ကောင်မလေးမဟုတ်တော့ပါ။ တက္ကသိုလ်ဒုတိယနှစ် ကျောင်းသူကြီး
အသည်းသွေးသည် မယုံနိုင်အောင် ပြောင်းလဲနေခဲ့ပြီ။

နုဖတ်ဝါဝင်းနေသော မျက်နှာလေးနှင့် အသည်းသွေးသည်
အပျိုကြီးဖားဖား ဖြစ်နေခဲ့၏။

စိမ်းညို့သွယ်တန်းသော မျက်ခုံးလေးတွေ ဝိုင်းစက်ကြည်လဲ့
သော မျက်ဝန်းတစ်စုံ၊ နှာတံချွန်မြမြလေးအောက်မှ အရောင်မတင်ဘဲ
စိုလဲ့ရဲနီသော နှုတ်ခမ်းပြည့်ပြည့်ကလေးနှင့် အသည်းသွေးသည် လှပ
ပျိုမြစ်ခြင်းတွေကို ပိုင်ဆိုင်ထားသည်။

နက်မှောင်သောဆံနွယ်ရှည်ကြီးက ပြေပြစ်၍အချိုးအစားကျန
သော အသည်းသွေးရဲ့ ခါးကျဉ်ကျဉ်လေးအထိ ရှည်လျားသည်။

" သမီးလေး ဘာမှအားမငယ်နဲ့နော် လက်ရှိအိမ်မှာ မေမေနဲ့
သားငယ်ပဲရှိတာ သမီးသေး ရောက်လာပြီဆိုတာ ကိုကြီးနဲ့ကိုဘတ်ဆီ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း မေမေအကြောင်းကြား အသိပေးထားတယ် အားလုံး သမီးလေးကို ချစ်ခင်ကြမှာပါ ဟောဒီသားငယ်ကလည်း သမီးလေး ကိုယ့်ညီမလေးလို အလိုလိုက်ချစ်မှာပါ ''

သမီးမိန်းကလေးမရှိသော မေမေက အသည်းသွေးကို နွေးထွေ ချစ်ခင်စွာ ကြိုဆိုသည်။

မျက်နှက်ဝန်းလေးတွေ ဝိုင်းစက်လျက် မေမေ့စကား ခေါင်းကလေးညိတ်ပြနေသော အသည်းသွေးကိုကြည့်ကာ သူလည်းစာ သနားသွားရ၏။

'' လေးငါးနှစ်လောက် သမီးရန်ကုန်မရောက်တော့ အတော ပြောင်းလဲသွားတာပဲ တကယ့်အပျိုကြီးဖားဖား ဖြစ်သွားတာကိုး သား တို့တွေ့ရင်တောင် အံ့ဩသွားကြမှာ သေချာတယ် သမီးကို သူတို့မြင် ခဲ့စဉ်က ကလေးသာသာလေးပဲ ရှိသေးတယ် အခုအရွယ်နဲ့တော့ အတေ ကွာခြားသွားတယ် သမီးက တကယ်လှပြီး ထွားလာလိုက်တာကွယ်

တစိမ့်စိမ့်ကြည့်ပြီး ချီးကျူးနေသော မေမေ့စကားကြော အသည်းသွေး မျက်နှာနုနုလေး ပန်းနုရောင် လွှမ်းသွားသည်။

မေမေပြောသလိုပါပဲ။ ဒီကောင်မလေးကို သူ့စိတ်ထဲက မြင်ယောင်ထားပုံနှင့် အပုံကြီး ကွာခြားနေခဲ့၏။

ဟိုးအရင်က ပိန်ပိန်ဖြူဖြူလေးမို့ ပိုးဟပ်ဖြူလေးဟု နောက် ပြောင်ခေါ်ခဲ့သော ကိုကြီးမြင့်လျှင်တောင် သူ့လိုပဲအံ့ဩသွားမှာ သေချာ လေသည်။





'' ဒါနဲ့သမီးလေးက ဒုတိယနှစ်နေ့ ရန်ကုန်မှာ ကျောင်းဆက် က်ဖို့ မေမေအားလုံး စီစဉ်ထားတယ်ကွဲ့ ''

'' ဟုတ်ကဲ့ မေမေ ကျေးဇူးတင်ပါတယ်ရှင် ''

'' အို သမီးလေးကလည်း ကျေးဇူးတင်စကားပြောဖို့ မလိုပါ အခုသမီးလေးက မေမေ့သမီး ဖြစ်သွားပြီလေ မိသားစုဝင်ဖြစ်သွား ိုတော့ မိသားစုလိုနေပါကွယ် သား သုကာကိုလည်း ကိုယ့်အစ်ကိုလို ဘာထား ကိုကိုလို့ပဲခေါ် ''

'' ဟုတ်. . . ဟုတ်ကဲ့ပါ မေမေ ''

သူ့ဘက်ကို မျက်လုံးနက်လေး ဝေ့ကြည့်ရင်း ဆိုရှာသည့် ာင်မလေးကို သူပြုံးပြလိုက်မိသည်။

အန်တီမိုးရဲ့ မွေးစားသမီး ဝတ်စ်ယောက်ကို မေမေမွေးစားမည် ဉ်က သူ့စိတ်ထဲမှာ ရှုပ်ရှုပ် ထွေးထွေးတော့ ဖြစ်ခဲ့ရသည်။

တခြားဘာအကြောင်းကြောင့်မှတော့ မဟုတ်ပါ။ ဒီအရွယ် က်မှ ညီမတစ်ယောက်ကို ပိုင်ဆိုင်ရမည်ဆိုတော့ စိတ်ကခံစားလို့ ိုင်တာကြောင့် ဖြစ်သည်။

ပြီးတော့ အသည်းသွေးဆိုတာ တကယ်တမ်းကြ အန်တီမိုး မဟုတ်တာမို့ သူနှင့်လည်း သွေးစိမ်းသည်ဟု စိတ်ကအလိုလို နေတာလည်းပါသည်။

အသည်းသွေးနှင့် ဆုံလိုက်တော့မှ သူ့စိတ်တွေပြောင်းလဲ ရ၏။ မဝံ့မရဲ ရှိုးတိုးရှန့်တန့် ဖြစ်နေသော အသည်းသွေးရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့လိုအတွေးတွေ ရှိနေသည်လား မသိပါ။

အားကိုးရာမဲ့ ကျန်ရစ် ခဲ့သော ဘဝလေးကို စာနာစိတ်နှင့်ပ

အသည်းသွေးကို ညီမလေးအဖြစ် သူ့စိတ်က လက်ခံလိုက်မိတော့၏

ရောက်စတစ်ရက်နှစ်ရက်မှာ နေသားမကျဘဲ ဖြစ်နေသော

အသည်းသွေးကို မေမေက ဂရုတစိုက်ရှိခဲ့သည်။ သူကလည်း အသည်း

သွေး အနေမကျို့ရအောင် တရင်းတနှီး စကားပြောဆက်ဆံရ၏။

သည့်တော့မှ အသည်းသွေးနေသားတကျ ဖြစ်သွားခဲ့သည်။

မေမေ့ကိုလည်း မေမေဟု ရဲရဲတင်းတင်း ခေါ်နိုင်ခဲ့သလို သူ့ကို

လည်း မေမေစေခိုင်းသည့်အတိုင်း ကိုကိုဟု ပြောဆိုသုံးနှုန်းလာခဲ့သည်

အိပ်ဖော်မထားသော အိမ်မှာမေမေနှင့်အတူ အိမ်မှုကိစ္စတွေမှာ

နိုင်နိုင်နင်းနင်း ဝင်ကူပေးနေတာမြင်တော့ အသည်းသွေးကို သူ့ညီမ

ရင်းလို ခင်တွယ်သွားခဲ့ရတာလည်း အမှန်ဖြစ်လေသည်။

" အင်း အသည်းသွေးရောက်လာမှ မေမေအတော်သက်သာ

သွားပြီ သားရဲ့ မီးဖိုချောင်ကိစ္စတွေကအစ မေမေလက်လွှဲလို့ ရပြီ "

" ဟုတ်လား ဒါဆို အခုအသည်းသွေးက ထမင်းတွေဟင်းတွေ

ချက်တတ်ပြီလား "

" ကိုကိုကလည်း ချက်တတ်တာပေါ့ အိမ်မှာကတည်းက

မေမေနဲ့အသည်း နှစ်ယောက်တည်းဆိုစွာ အသည်းပဲချက်ပြုတ်နေတာကို

" အလှဲ့ ကိုကို့ညီမက တော်သားပဲ ကဲ ဒီမနက် တို့ညီမလေး

လက်ရာကို မြည်းကြည့်ရအောင် "





ထမင်းဝိုင်းမှာ အသည်းသွေးလက်ရာနှင့်စတင် စားသောက်

သည့်နေ့က သူတို့မိသားစုသုံးယောက် ပျော်ပျော်ပါးပါး ရယ်ကြ

ကြနှင့်။

" ဘယ့်နှယ်လဲ သား သမီးလေးလက်ရာ ကောင်းသလား "

" တကယ်ဂွတ်ရှယ်ပဲ မေမေ သိပ်ကောင်းတယ် "

" အောင်မယ် ဂွတ်ရှယ်ဆိုတော့ မေမေချက်တာထက်

ကောင်းတယ် ဆိုတဲ့ သဘောလား ပြောစမ်း ဒီအရွယ်ထိ မေမေချက်ကျွေး

စားလာတဲ့သူက "

" ဟာ ဒီသဘောမဟုတ်ပါဘူး ဟဲဟဲ မေမေ့လက်ရာကို

ယ်လို့ ပြောတာပါ မေမေရဲ့ "

" အဲဒီလိုလုပ်စမ်းပါ မီရမှာပေါ့ အသည်းက မေမေ့သမီးပဲ

တ်တယ်နော် သမီး "

" ဟုတ်တာပေါ့ မေမေရဲ့ အဟင်း. . . ဟင်း "

" မေမေနဲ့ညီမလေးက စည်းဝါးရိုက်ပြီး သားကို အဖြေခက်

ခင် မေးနေတာပေါ့လေ ဟုတ်လား "

" အဟင်း တမင်နောက်တာပါ သားရယ် သမီးလေးအသည်း

မေမေဘာမှမသင်မပြရအောင် အိမ်မှုကိစ္စမှာ ကျွမ်းကျင်ပါတယ်

ကလေးဆိုတာ ဒါမျိုးပဲဖြစ်ရမယ် မေမေ အရမ်းလိုချင်တဲ့ သမီးလေး

မေမေ အခုမှ ရလိုက်တာ "

" ဒါတော့ မေမေဘာက်လိုက်တာပဲ သားတို့ညီအစ်ကို



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်ကတော့ မေမေ့အပေါ် မကောင်းခဲ့လို့လား ပြောလေ ''

'' ကြည့် ဒါ မေမေ့စကားကို အကျောက်ပြီး အဖြေခ
အောင် လုပ်တာပေါ့လေ အဟင်း မေမေ့သားသုံးယောက်ကော ဟော
သမီးလေးပါ မေမေ့အတွက် အဖိုးထိုက်ရတနာတွေပါကွယ် ကဲ မေ
အဖြေကို ကျေနပ်သလား ''

'' ဟား ဟား မေမေ့က တကယ်လည်တယ် တွေ့လာ
ညီမလေး ''

'' မဟုတ်ပါဘူးနော် မေမေက ချစ်စရာကောင်းတာပါ ''

မေမေ့ပခုံးလေးကို အနောက်က သိုင်းဖက်ကာ ဆိုလိုက်သော
အသည်းသွေးကြောင့် မေမေ့မျက်နှာက ရွှင်ပြုံးနေသည်။

'' ကြည့် တကယ်လိုက်တဲ့ အမေနဲ့သမီးပဲ တော်ပါပြီ
နှစ်ယောက်တစ်ယောက်ဆိုတော့ အရှုံးပေးပါပြီဗျာ ''

သူနှင့်မေမေတို့နှစ်ယောက်တည်း ရှိစဉ်ကထက် အိမ်ကလေးက
စိုပြေနွေးထွေးစရာ ကောင်းလာခဲ့တာ အသည်းသွေးကြောင့်ပင် ဖြစ်သည်။

ကျောင်းတွေပြန်ဖွင့်တော့ တတိယနှစ်သချ်ာအဓိကဖြင့် ကျောင်း
ဆက်တက်ရမည့် အသည်းသွေးကျောင်းကိစ္စတွေကို သူတာဝန်ယူရသည်။

ကျောင်းအပ်တာအစ ကြိုပို့အဆုံး အသည်းသွေးအတွက် သူ
တာဝန်ယူခဲ့ရ၏။

ဒါကြောင့်လည်း သူ တိုးတိုးတို့သူရတို့နှင့် အရင်လိုမတွေ့ဖြစ်ပါ
အရင်က လမ်းထိပ်လက်ဖက်ရည်ဆိုင် ထွက်ထိုင်ချိန်တွေမှာ သူ ခုတော့





အသည်းသွေးအတွက်ပဲ အချိန်တွေ ပေးခဲ့ရလေသည်။

အသည်းသွေးကျောင်းပိတ်ရက်တွေမှာသာ သူ့အတွက် အချိန်ပို
နားခွင့်ရခဲ့သည့်မို့ သည်မနက်ပိုင်းမှာ သူလမ်းထိပ်လက်ဖက်ရည်
ဆိုင်ကလေးသို့ ရောက်ခဲ့သည်။

'' ဟာ သူကာ လာကွာ ငါတို့မင်းကို မျှော်နေတာကွ ''

သူထိုင်ဖို့ ထိုင်ခုံကို လှမ်းဆွဲယူပေးရင်း သူရဆိုသည်။

'' အေးကွာ ဒီနေ့မှအားတယ် အသည်းသွေးကို ကျောင်းပို့ကြို
နေရလို့ ဆိုင်မထွက်ဖြစ်တာကွ ''

'' ဘာလဲ မင်းညီမချောကို စိတ်မချလို့လား သူကာ ''

'' ဟာ မဟုတ်ပါဘူး တိုးတိုးရာ သူကဒီနှစ်မှ ရန်ကုန်မှာ
ကျောင်းတက်တာဆိုတော့ အစိမ်းသက်သက် ဖြစ်နေလို့ပါ အိမ်မှာ
ယောက်ျားလေးဆိုလို့ ငါပဲရှိတာ မင်းတို့သိသားပဲ ''

''သိပါတယ်ကွာ ဒါကြောင့် မင်းမလာဖြစ်တာ ငါတို့တွက်မိ
ပါတယ် ဒီနေ့တော င် ကျောင်းပိတ်ရက်မို့ ဆိုင်ထွက်တာ မဟုတ်လား''

သူ ခေါင်းညိတ်ပြလိုက်ရင်း ရှေ့ရောက်လာသော လက်ဖက်
ရည်ခွက်လေးကို မျှော်နေလိုက်၏။

တိုးတိုးက သူ့ကိုလှမ်းကြည့်ရင်း

'' ဟိုတစ်ရက်က ရုပ်သွင် ငါ့အိမ်လာသွားသေးတယ် သူကာ''

လက်ဖက်ရည်ခွက်ကို ငုံ့ကြည့်နေသော သူ့မျက်ဝန်းတွေ တိုးတိုး
ဆီရောက်သွားရသည်။

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရုပ်သွင်နှင့်မဆုံတာ ဆယ်ရက်နေ့ရှိခဲ့ပြီ။ ရင်ထဲမှာတော့ ဆစ်ခနဲ ဖြစ်ရသည်။ ရုပ်သွင်အရိပ်ကို မြင်မိတာနဲ့ ထိမထင်ဆိုသည့်ကောင် သူနှုတ်က မမေးပေမယ့် တိုးတိုးက အလိုက်သိစွာပင် ပြောပြခဲ့သည်။

" မင်းကားပေါ်မှာ မင်းနဲ့အသည်းသွေးကို မြင်လိုက်တော့ ရုပ်သွင်သိချင်လို့ လာမေးတာ ငါအားလုံး ရှင်းပြလိုက်တယ် ."

" သူနဲ့ဘာဆိုင်လို့လဲ သိချင်ရင်ငါ့ဆီ ထိပ်တိုက်လာမေးပေါ့"

" မင်းနဲ့သူ့မှ မခေါ်မပြောတာဘဲကွာ ငါတောင် အဲဒီကိစ္စပြော လိုက်ငိုတယ် "

" မင်းက ဘာတွေပြောလိုက်တာလဲ တိုးတိုး "

" မင်းတို့မခေါ်နိုင် မပြောနိုင်ဖြစ်နေတဲ့ ကိစ္စပဲပေါ့၊ ပြီးတော့ ဟိုကောင် ထိမထင်နဲ့သူနဲ့တွဲနေတဲ့ကိစ္စ မင်းအစာမကြေတာလဲ ငါပြော လိုက်တယ်၊ သူက ရိုးရိုးသားသားခင်မင်တာပါတဲ့ မင်းဘက်ကသာ တစ်ဘက်သတ် စကားမပြောဘဲနေတာတဲ့ "

" သူ့ကြောင့် ငါနဲ့ထိမထင်ပြဿနာဖြစ်ခဲ့တယ် ပြီးတော့ သူကပဲ အဲဒီကောင်ကို သူငယ်ချင်းအဖြစ်လက်ခံတယ် ဒါကိုငါက ခွင့်လွှတ်ရမှာ လားကွ "

" ဒါတော့ကွာ ထိမထင်ဆိုတဲ့ကောင်က ဘယ်လိုကောင်လဲ မင်းသိတာပဲ ရုပ်သွင်ကိုအောက်ကျို့ခံပြီး တောင်းပန်လို့ဟိုက သူငယ်ချင်း မိတ်တွေအဖြစ် လက်ခံလိုက်တာပါ။ တစ်ခုတော့ကောင်းတယ် မင်းနဲ့ ထိမထင် ပြဿနာမရှည်တော့ဘူးပေါ့ "





" ရှည်လည်း ဂရုမစိုက်ဘူး ငါတင်းတာ ထိမထင်ကို ရုပ်သွင် အလွယ်တကူအလျှော့ပေးခွင့်လွှတ်လိုက်တာကိုပဲ စဉ်းစားကြည့် ငါက ကြားထဲက ငပေါကြီးဖြစ်ခဲ့တာကွ "

" ဒါကို စိတ်ဆိုးပြီး မင်းခုလိုဆက်နေရင် ဘာတွေဖြစ်လာမလဲ စဉ်းစားကြည့် သူကာ "

" စဉ်းစားစရာမလိုပါဘူး ရှင်းနေတာပဲ ထိမထင်ဘာကြောင့် ရုပ်သွင်အနားကပ်သလဲ ခုလောက်ဆို ချစ်သူတွေတောင် ဖြစ်နေမလား ဘဲ "

" ဒါတော့ မင်းရှေ့ရုပ်သွင်ကို လျှော့တွက်လိုက်တာပဲ ရုပ်သွင် သာ ရည်းစားထားမယ်ဆိုရင် တက္ကသိုလ်ကတည်းက ထားမှာပေါ့ကွ"

" ငါက ရုပ်သွင်ကို လျှော့တွက်တာမဟုတ်ဘူး ထိမထင်ကို လျှော့မတွက်တာ ဒီကောင်က အတွေ့အကြုံရှိတယ် မိန်းမကျွမ်းကျင် တယ်ကွ "

" အေးလေ အဲဒါကြောင့် ငါစိုးရိမ်တာပေါ့ သူကာရ "

" ဟုတ်တယ် သူကာ မင်းဒီအတိုင်း ဥပက္ခာပြုထားတာတော့ မကောင်းဘူး "

တစ်ချိန်လုံး ငြိမ်သက်နားထောင်နေသော သူရစကားကြောင့် သူနှုတ်ခမ်းတွန့်ပြုံးကာ ခေါင်းကိုခါရမ်းမိ၏။

" ထိမထင်ဆိုတဲ့ကောင်ကို အထင်ကြီးလို့ သူလက်ခံတာ ငါက သွားပြီးတားမြစ်ရမှာလား "



www.burmeseclassic.com

www.burmeseclassic.com



" နေဦး သူကာ ဒါဆိုမင်းရင်ထဲမှာ ရွှေရုပ်သွင် တကယ်မရှိတော့ဘူးလား "

သူရမေးခွန်းက သူ့ရင်ထဲအထိ ထိရှစေသည်။ ဘဝမှာ တယုတယမြတ်နိုးခဲ့သော ပန်းကလေးတစ်ပွင့်ကို သူအလွယ်တကူ ဥပက္ခာပြု မမေ့ရက်နိုင်တာ သေချာသည်။ မာနစိတ်တွေနှင့် ခွတ်မိုက်မေ့နိုင်အောင် ကြိုးစားနေရပေမယ့် ရုပ်သွင်ကို မမေ့နိုင်တာတော့ သိပ်ကိုသေချာပါသည်။

" မင်းဖြေဖို့ဝန်လေးနေရင် ငါဖြေမယ်သူကာ မင်းတို့သံယောဇဉ်တွေက ခိုင်ကျည်ပါတယ် ဒီစကားကို ရွှေရုပ်သွင်ကိုယ်တိုင် ငါ့ဆီလာတဲ့နေ့က အရိပ်အမြွက်ပြောသွားခဲ့တယ် မင်းကသူ့ကို ဥပေက္ခာပြုလွန်းတယ်တဲ့ "

" ငါက ဥပေက္ခာပြုတာ မဟုတ်ဘူး သူကတမင်လုပ်ပြတာ ငါမရှိရင်လည်း ဖြစ်တယ်တဲ့၊ သူ့ကိုထီမထင် စောင့်ရှောက်နိုင်တယ်တဲ့ ဘယ်လောက်ခံရခက်တဲ့စကားလဲ "

" ဒါတော့ကွာ မင်းမခံချင်အောင်ပြောတာ ထင်ရှားပါတယ်။ မင်းတို့နှစ်ယောက်က ရင်ထဲကဆန္ဒတွေ မပွင့်လင်းကြဘဲ မာနချင်းပြိုင်နေတာလို့ပဲ ငါတို့ထင်တယ် "

" တိုးတိုး ပြောတာအမှန်ပဲ ငါတို့တစ်ခု သတိပေးသူကာ၊ ခုချိန်မှာ မင်းနဲ့ရုပ်သွင်က သူငယ်ချင်းတွေအဆင့်ပဲ ရှိသေးတယ်။ မင်းနှုတ်က ဘာလို့ဖွင့် ပြောရခက်နေတာလဲ၊ မင်းနောက်ကျရင် မင်းခံရမှာပဲ၊





မင်းကိုအရှုံ့တိုက်ပြီးရုပ်သွင် ထီမထင်ကို လက်ခံလိုက်မှ မင်းခက်မယ်"

" အရှုံ့တိုက်ပြီး အချစ်ကိုခုတုံးလုပ်ရဲလောက်အောင် ရုပ်သွင် သတ္တိရှိရင် လုပ်စမ်းပါ သူရ၊ ငါဆိုတဲ့ကောင်က ထီမထင်ဆိုတဲ့ကောင်နဲ့ ပြိုင်ပြီးအသည်းအမည်း အောက်ကျမခံဘူး ထီမထင်လိုကောင်မျိုးနဲ့ ယှဉ်ပြိုင်ရလောက်အောင် ငါ့နှလုံးသားက သိက္ခာမမဲ့ပါဘူးကွာ၊ ငါခုချိန်ထိ အဖြူစင်ဆုံးနေခဲ့တာ သူ့အသိဆုံးပဲ ငါ့လိုကောင်ကို ထီမထင်နဲ့ နှိုင်းယှဉ်ရအောင် ညီမျှတဲ့ ပြိုင်ဘက်မဟုတ်ပါဘူးကွာ "

သူရခေါင်းကို ခါရမ်းရင်း ငြိမ်သက်သွားသလို တိုးတိုးလည်း ငုံ့သက်ရှိုက်နှုတ်ဆိတ်သွားခဲ့လေသည်။

သူ့ခံယူချက်ကို နားမလည်နိုင်ကြတာ ထင်၏။ ရှိစေတော့။ အချစ်ဆိုတာ အလွယ်တကူ ပေါက်ဖွားနိုင်တဲ့ အရာတစ်ခုမဟုတ်ဟု ယူယုံသည်။

ရုပ်သွင်နှင့်ထီမထင် ဆုံတွေ့ခင်မင်ခဲ့ကြတာ ဘာကြာသေးလို့ သဲ။ ဒီလိုအချိန်ကာလလေးမှာ ဖြစ်တည်တဲ့အချစ်ကိုမှ ရုပ်သွင်က နှုံကြည်စွာ ရွေးချယ်မည်ဆိုလျှင်လည်း

ငါ့ရင်ထဲက နင့်ကိုချစ်တဲ့အချစ်တွေကို မာနစိတ်နဲ့ပဲ ထုပ်ပိုးထားလိုက်တော့မယ် ရုပ်သွင်။ နင့်ကို မြတ်နိုးတဲ့အချစ်ကတော့ ငါ့နှလုံးသားရဲ့ အလုံခြုံဆုံးတစ်နေရာမှာ သေတဲ့အထိ တည်ရှိနေမှာတော့ ယုံလိုက်ပါ။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

" ခုတလော သုကာအိမ်မလာတာ ကြာပြီနော် ညီမလေး

ထမင်းစားပြီး ညေခ်န်းထဲမှာ တီဗွီထိုင်ကြည့်နေတုန်း ဘာ

ကူးပေါက်ကာ ကိုကြီးထမေးသည် မသိလိုက်ပါ။ ရုပ်သွင် မကြားယော

ပြုရင်း တီဗွီဇာတ်လမ်းထဲမှာ အာရုံဝင်စားဟန် ပြုပေမယ့်မရ။

" ညီမလေးနဲ့သုကာ ရန်ဖြစ်ထားကြလို့လား "

မပြောချင် မကြားချင်သည့်ကိစ္စကိုမှ ထပ်မေးနေပြန်

ရုပ်သွင် ခေါင်းကိုခါယမ်းပြလိုက်ရင်း စားပွဲပေါ်က အချဉ်ထုပ်ကိုလှမ်း

သည်။ မရမ်းပြားတစ်ခြမ်းကို ပါးစောင်ထဲထည့်ကာ ငုံထားလိုက်သ

" မနက်က ကိုကြီးစတိုးဆိုင်လေးကို သုကာတို့ရောက်

တယ် "

ကိုကြီးစကားကြောင့် ရုပ်သွင် ဖျတ်ခနဲလှည့်ကြည့်မိသည်

" သူ့ညီမအတွက်တဲ့ အဝတ်အစားတွေ အလှပြင်ပစ္စည်း

မှ ဝယ်သွားလိုက်တာ အစုံအလင်ပဲ။ သုကာမှာ ညီမရှိတယ်မကြား

ပါဘူး။ ဘယ်ကဘယ်လို ဒီညီမက ပေါ်လာတာလဲ "





" သူ့အမေ မွေးစားလိုက်တဲ့ညီမ သူ့အဒေါ်အပျိုကြီးရဲ့ မွေးစား သမီးလေကိုကြီးရဲ့ "

ရုပ်သွင်အဖြေစကားကြောင့် ကိုကြီးချာလည်လည်ဖြစ်သွားပုံ ရသည်။ ရုပ်သွင်ကို မျက်မှောင်ကုတ်ကြည့်ရင်း

" ဘယ်လိုညီမလေးရဲ့ မျက်စိတောင်လည်သွားတယ် "

" ကိုကြီးကလည်း သိပ်စပ်စုတာပဲ သူများအကြောင်း ဘာလို့ သိချင်နေတာလဲ "

" ညီမလေး သိမလားလို့ မေးတာပါ။ ဘာညီမက မဆိုးဘူး။ အသားဖြူဖြူ ပင်ရှည်လေးနဲ့ ချစ်စရာတော့ ကောင်းသား "

" ဘာလဲ ကိုကြီးနောက်ပိုးပြီး ဈေး လိုက်တာလား"

" သုကာကိုရှေ့ထားပြီး အဲဒီလောက် မကြောင်ပါဘူး။ ခုန ညီမလေးပြောတာ ပြန်ပြောစမ်းပါ နားထဲမှာ ရှုပ်သွားလို့ "

ကိုကြီးမင်းမြတ်သွင်က လိုလိုလားလားမေးနေတာမို့ ရုပ်သွင် အသေအချာရှင်းလင်းပြောပြလိုက်ရပါသည်။ ရုပ်သွင်စကားဆုံးတော့ ကိုကြီးခေါင်းကိုခါရမ်းရင်း

" ဒါဆိုရင်တော့ မဖြစ်သေးဘူး "

" ဘာမဖြစ်တာလဲ ကိုကြီးရဲ့ "

" ဒီကောင်မလေးကို စိတ်ကူးလို့ မဖြစ်ဘူးပြောတာပေါ့"

" ဟင် ဘာဖြစ်လို့လဲ ကိုကြီးရဲ့ "

" ရှင်းနေတာပဲ ညီမလေးရဲ့ သူတို့ချင်းက မောင်နှမအရင်း



www.burmeseclassic.com

www.burmeseclassic.com



အချစ်တွေမှ မဟုတ်တဲ့ သုကာအမေက ဒီကောင်မလေးကို မွေးစားသမီး တော်ဖို့ထက် ချွေးမတော်ဖို့ပဲ ရည်ရွယ်ထားမှာသေချာတယ်၊ ညီမလေးပဲ စဉ်းစားကြည့်လေ သွေးရင်းချာလည်းမဟုတ်ဘူးဆိုတော့ သုကာ့အမေမှာ ရည်ရွယ်ချက်တော့ရှိမှာပဲ သားနှစ်ယောက်ကလက်ရှိ အမေရိကား မှာဆိုတော့ သုကာနဲ့ပဲ ရည်ရွယ်ထားပုံပါ ''

ကိုကြီးစကားတွေကြောင့် ရုပ်သွင်ရင်ထဲမှာ ထိတ်ခနဲဖြစ်ရ၏။ ရုပ်သွင်စိတ်ထဲမှာ သံသယရှိခဲ့သလို ကိုကြီးကလည်း ထပ် ထင်မြင်ချက် ပေးလာသည်ကိုး။

အသည်းကွဲကြွေသွားဆိုသော သုကာညီမကို ရုပ်သွင်မမြင်ဘူးတာ အမှန်ပင်ဖြစ်သော်လည်း တစ်ခါမြင်ဖူးတာလည်း အဝေးကမို့ အသေအချာ အကဲခတ်ခွင့်မရခဲ့ပါ။

ကိုကြီးပြောသလို သူတို့က သွေးရင်းမဟုတ်ပါ။ ပြီးတော့ အသည်းသွေး ချောတာလှတာကို ကိုကြီးနှုတ်ကတောင် ချီးမွမ်း နေသည်။

ခုရက်တွေမှာလည်း ရုပ်သွင် သုကာကို မတွေ့ရတာကြာပြီ။ မနက်ဘက်မှာတောင် သုကာလက်ဖက်ရည်ဆိုင်မှာ မရှိ၊ ရောက်မလာ တော့ပါ။

ပူပူနွေးနွေး ပိုင်ဆိုင်ထားသော ညီမနှင့် လည်ပတ်သွားလာနေ တာတော့ သေချာနေသည်။

'' ဒီကောင်က ဘင်္ဂလားညီမတစ်ယောက်ရထားတော့





အိမ်ဘက်တောင် ပေါ်မလာတော့ဘူးပေါ့ ကောင်းပါတယ်။ ဒါမှ ငါ့ညီမ ခြေငြိမ်သွားမှာ အခုလက်ဖက်ရည်ဆိုင်ထွက်ထိုင်ဖို့ အဖော်မရှိတော့ဘူး မဟုတ်လား ''

ကိုကြီးက ရုပ်သွင်ကို ပြုံးစစကြည့်ရင်းမေးသည်။ ရုပ်သွင် နှုတ်ခမ်းလေးတွေ တွန့်ကွေးပြုံးလိုက်ရင်း ခေါင်းကိုခါယမ်းပြလိုက်၏။

'' သုကာမရှိလည်း ဘာဖြစ်တာမှတ်လို့ ထီမထင်ရှိတယ် ''

'' ဘာရယ် ထီမထင် ဒီနာမည်ကြားဖူးသလိုပဲ ''

'' ဒီရပ်ကွက်ထဲကပဲ ညီမလေးတို့အနောက်ဘက် သုံးလမ်း ကျော်မှာနေတာလေ ချောကလက်ရောင်သုတ်ထားတဲ့ နှစ်ထပ်တိုက်ကြီး က ထီမထင်တို့အိမ်ပေါ့ ''

'' မောင်နှမနှစ်ယောက်တည်း နေတဲ့အိမ်ကလား၊ သူ့အစ်မ ပါရာဒိုမီးခိုးရောင်ကားကြီး အမြဲစီးတတ်တယ်မဟုတ်လား ''

မမကေရီကို ရည်ညွှန်းပြောမှန်း ရုပ်သွင်သိလိုက်တာမို့ ခေါင်း ကလေး ညိတ်ပြလိုက်မိ၏။ ကိုကြီးမျက်နှာပေါ်မှာ အလိုမကျရိပ်တွေ တန်မဆောင်နိုင်အောင် စွန်းထင်သွားခဲ့တာလဲ အသေအချာပဲ ဖြစ်သည်။

'' အဲဒီကောင် နာမည်က ထီမထင်လား။ တကယ့်နာမည်ကြီး ပဲ ဒီကောင် ကောင်မလေးတွေ တစ်ယောက်ပြီးတစ်ယောက် တွဲတတ်တာ ကိုကြီးသိတယ် တစ်ခါတုန်းက ကိုကြီးဆိုင်ကိုတောင် ဝင်လာဖူးတယ်။ နောက်တစ်ခါ ထပ်တွေ့တာ လမ်းပေါ်မှာ နှစ်ကြိမ်စလုံး သူ့ဘေးမှာ ကောင်မလေးတစ်ယောက်ပါတယ်။ အဲဒီနှစ်ယောက် မတူတော့



www.burmeseclassic.com

www.burmeseclassic.com



သေချာတယ် ညီမလေး။ ဒီကောင်နဲ့ ညီမလေး ဘယ်လိုခင်သွားတာလဲ

အမှန်အတိုင်း အစအဆုံးရှင်းပြလျှင် ကိုကြီးမျက်လုံးပြူး တုန်လှုပ်သွားနိုင်တာမို့ ရုပ်သွင်မှသာဝါဒကကိုပဲ ကျူးလွန်လိုက်ပါသည်

" တစ်ရပ်ကွက်ထဲနေကြသူတွေပဲ ကိုကြီးရဲ့ ပြီးတော့ တက္ကသိုလ်မှာကတည်းက ဘော်ဒါတွေပါ "

" ဒါဆို ဒီကောင့်အကြောင်း ညီမလေးပိုသိမှာပဲ သူ့အကျင့် စရိုက်ကို သိရက်နဲ့ညီမလေးဘာလို့ မိတ်ဆွေဖွဲ့နေတာလဲကွာ "

" သူ့ဘဲ့သာ ရည်းစားထားတာ သူ့ကိုယ်ရေးကိုယ်တာ ကို ပဲလေ ဘာဆိုင်လို့လဲ ကိုကြီးရဲ့ ညီမလေးနဲ့ခင်မင်တာ သူငယ်ချင်း မိတ်ဆွေ ဘာမှမဆိုင်ပါဘူး "

" မဆိုင်ဘူးမလုပ်နဲ့ ကိုကြီးလုံးဝမကြိုက်ဘူး ဒီကောင်ရဲ့စရိုက် အကျင့်ကော နာမည်ကအစ မကြိုက်ဘူး "

" ဟာ ကိုကြီးကလည်း နာမည်နဲ့ဘာဆိုင်လို့လဲ "

" ဆိုင်တယ် ထီမထင်တဲ့ နာမည်ကြားရုံနဲ့ ဆွဲထိုးချင်စရာ ကောင်းနေပြီ ကိုကြီးပွင့်ပွင့်လင်းလင်းပဲ ပြောမယ် ညီမလေး အဲဒီကောင်နဲ့ ခင်မင်နေတာတော့ လုံးဝသဘောမကျဘူးနော် "

ကိုကြီးကတော့ ထုံးစံအတိုင်း မကျေနပ်ချက်ကို မျက်ခုံးမွေး စုကျုံ့ မျက်ဝန်းတွေစူးရဲပြီး လေသံမာထန်ထန်နှင့် ဆိုလာသည်။

ရုပ်သွင်ကတော့ ပါးစောင်ထဲက မရမ်းပြားလေးကို နှုတ်ခမ်း လေးစေ့ပိတ် အရသာခံစုပ်ရင်း မထီတရီလေး ပြုံးတုံ့တုံ့လုပ် နေလိုက်





သည်။

" ညီမလေးနော် ကိုကြီးပြောတာ ကြားတယ်မို့လား "

ရုပ်သွင်ခေါင်းကလေးညိတ် ပခုံးလေးတွန့်ပြီး တုန့်ပြန်တော့ ကိုကြီး ခန္ဓာကိုယ် မတ်ခနဲဖြစ်သွားရင်း

" ရုပ်သွင်နော် မထီလေးစားနဲ့ ငါတကယ်လုပ်ပစ် လိုက်မှာ နော် "

" ဟင် ဘာလုပ်လို့လဲ ကိုကြီးရဲ့ "

" နင် ပခုံးတွန့်တာ ငါမမြင်ဘူး ထင်သလား "

" ဟင် ကိုကြီးကိုလုပ်ပြတာမှ မဟုတ်ဘဲ မရမ်းပြားကချဉ်လို့ ကိုယ့်ဘာသာတွန့်မိတာကို "

ရုပ်သွင်နှုတ်ခမ်းလေးတွေ စူကာပြောတော့ ကိုကြီး စိတ်လျှော့ ချလိုက်သလို ပင့်သက်ရှိုက်သည်။ ရုပ်သွင်ကိုငေးကြည့်နေရင်း ခေါင်းကို ဖြေးညှင်းစွာခါယမ်းသည်။

" မဖြစ်ဘူး နင့်ကိုဒီအတိုင်းလွှတ်ထားလို့ မဖြစ်ဘူး တည်တည် ငြိမ်ငြိမ်ဖြစ်အောင် အလုပ်တစ်ခုတော့ လုပ်ခိုင်းထားရမယ် စတိုးဆိုင် သုံးဆိုင်ထဲက တစ်ဆိုင်ဆိုင်မှာ ညီမလေးထိုင်ရမယ် "

" ဟာ ပျင်းစရာကြီး မလုပ်ချင်ပါဘူး "

" မလုပ်လို့မရဘူး အလုပ်တစ်ခုရှိမှ ညီမလေး တည်တည် ငြိမ်ငြိမ်ရှိမှာ "

" ဒါဆိုလည်းရတယ် ကိုကြီးရဲ့စတိုးဆိုင်တွေမှာတော့ မထိုင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး ရုပ်သွင် အလုပ်ရှာမယ် ကုမ္ပဏီတစ်ခုမှာ စက္ကူထရီဖြစ်ဖြ
လုပ်လို့ရတယ် ”

“ သူတစ်ပါးအလုပ်ကို လုပ်စရာမလိုပါဘူး စတိုးဆိုင်သုံးဆိုင်
ကိုကြီးတို့ရဲ့ ကိုယ်ပိုင်အလုပ်တွေပဲ အဲဒီသုံးဆိုင်က ကြိုက်တဲ့ဆိုင်
ညီမလေးထိုင် ဒါပဲ ”

“ ကိုကြီးတစ်ယောက်တည်း ဦးစီးလို့ရနေတာပဲ ဥစ္စာ ညီမလေ
ဘာမှမသိဘူး ကိုကြီးဘာသာလုပ်ပါ တော်ကြာ ကိုကြီးဆိုင် ပြုတ်သွ
ဦးမယ် ”

“ အပိုတွေအကြောင်းပြ မနေနဲ့ ညီမလေး ကိုကြီးက ဒီအတို
လွှတ်ထားမှာမှ မဟုတ်ဘဲ ညီမလေးတဖြည်းဖြည်း နားလည်အော
သင်ပေးမှာပေါ့ ကိုယ့်ဆိုင်ကိုယ့်အလုပ်ကို ဦးဆောင်ရမှာ ငြင်းမနေ

ကိုကြီးဘက်က သေချာစွာ ဆုံးဖြတ်ပြီးနေသည့် အသွင်
ရုပ်သွင်စိတ်ညစ်သွားရသည်။

ဆက်ငြင်းဆိုနေလျှင်လည်း ရနိုင်တော့မှာ မဟုတ်သည့်အတူ
ရုပ်သွင်တီဗွီဆက် မကြည့်တော့ဘဲ ဆတ်ခနဲ ထထွက်ခဲ့၏။

မကျေမနပ်ခြေဆောင့်သွားတာကို သိပေမယ့် ကိုကြီး လု
မခေါ် မတားမြစ်ပါ။ ရုပ်သွင်စိတ်ညစ်ညူးစွာနှင့် အိပ်ခန်းထဲရောက်
ရသည်။

ရင်ထဲမှာ မကျေနပ်တာတော့အမှန်။ ကိုကြီးကိုလား။ ထီမထ
ကိုလားတော့ မသိနိုင်။ တကယ်ဆိုလျှင် ကိုကြီးကိုလည်း အပြစ်တေ





ဉ်လို့မရပါ။

ကိုကြီးခမျာ ဘဝတစ်ခုလုံးကို နှစ်မြှုပ်ကာ ရုန်းကန်ခဲ့ရတာလေ။
ပ်သွင်ဘဝ အပူအပင်သောကကင်းကင်း နေခဲ့ရတာ ကိုကြီးရဲ့ ကျေးဇူး
ကြောင့်ပါပဲ။

စီးပွားရေးအတွက် မအားလပ်အောင် ရုန်းကန်နေရတဲ့ကြားမှ
ဉ်မဖြစ်သူအတွက်ပါ ပူပန်နေရတဲ့ ကိုကြီးဒုက္ခကိုလည်း စာနာမိပါသည်။

ထီမထင် အကြောင်းကို ကိုကြီးသိနေတော့ ခက်သည်။
တောင် ရုပ်သွင်အပေါ် ထီမထင် ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့တာ
ုကာနဲ့ ပြဿနာတွေ ဖြစ်ခဲ့ကြတာတွေကိုသာသိရင် လွယ်မှာမဟုတ်။
အင်း ထီမထင်နဲ့မှ ပတ်သက်မိတာ မှားပြီ ထင်ပါရဲ့။

ထီမထင်ကြောင့် သုကာရဲ့ဥပေက္ခာပြုခြင်းကို ခံရသည်။
တော့ အခုတစ်ခါ ကိုကြီးက ပူပန်ကြီးစွာနှင့် ရုပ်သွင်ရဲ့ လွတ်လပ်ခွင့်
တွေကို ချုပ်ထိန်းလာပြန်ချေသည်။

ရုပ်သွင်တွေးရင်း နောင်တတွေ ရနေမိတာတော့အမှန်။ သုကာ
ာနနဲ့ ဟန်ဆောင်မှုတွေ ပျောက်ကွယ်ကွာကျ သွားမည်လားဟု
ပ်ဆောင်ခဲ့မိသမျှ အခုတော့။

ရုပ်သွင်ပိုင်ဆိုင်ရသမျှတွေက ဆုံးရှုံးနစ်နာမှုတွေပဲ ဖြစ်နေ
သည်။

ကိုကြီးဆိုသလို သုကာရဲ့သံယောဇဉ်တွေ အသည်းသွေးဆိုတဲ့
ချောချောလေးအပေါ် စုပြုံရောက်ရှိသွားခဲ့ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်သွင် ဘာဆက်လုပ်ရမလဲ သုကာ။

သွေးမတော် သားမစပ် ညီမတစ်ယောက်က နင့်အနားမှာ အရိပ်လိုရှိနေတာ ရိုးသားဖြူစင်ရဲ့လား။ ဒါမှမဟုတ် ငါ့ကိုနာကျည်း မုန်းတီးစိတ်တွေနဲ့ ဥပေက္ခာပြုနိုင်ဖို့ လွယ်ကူသွားခဲ့သလားဟင်။

ရွှေရှုပ်သွင်ဆိုတဲ့ ငါ့နှလုံးသားက နင်နဲ့ပတ်သက်ရင် အမြဲတမ်း ရှုံးနိမ့်နေခဲ့ပြီ ထင်ပါရဲ့။

✿ ✿ ✿ ✿ ✿



## အခန်း (၁၄)

မတွေ့ရသည့်ရက်က ခြောက်ရက်ရှိပြီ။ ရွှေရှုပ်နှင့် ထိုင်နေကျ လက်ဖက်ရည်ဆိုင်ကို သူမနက်တိုင်း ရောက်သည်။ ရွှေရှုပ်ကို မျှော်နေ သည်။

မတွေ့ရပါ။ သုံးရက်မြောက်နေ့မှာ ရွှေရှုပ်အိမ်ရှေ့အထိ ဒုနှ ရောက်တော့လည်း ခြံတံခါးကို သော့ပိတ်ခတ်လျက် တွေ့ရသည်။

ရွှေရှုပ်အိမ်မှာ မရှိတာသေချာသည်။ ဘာကြောင့်လဲ။ သူ့ကို ရှောင်နေတာလားဟု ထင်မိသေး၏။ သူငယ်ချင်းတွေကို မေးတော့ လည်း ရေရာတိကျသော အဖြေကို မကြားရခဲ့ပါ။

" ခါတိုင်းဆို မနက်တိုင်းလက်ဖက်ရည်ဆိုင် ထွက်တတ်တာပဲ ။ မထင်ရ အခုတော့ မတွေ့ရတာ အတော်ကြာပြီ သုကာဆိုတဲ့ ကောင်နဲ့ လည်း မတွေ့တာကြာပြီကွ "

" ဟုတ်တယ်ကွ. မင်းကြောင့် သုကာနဲ့ရွှေရှုပ်သွင် ကျိုင်ငြိနေ ကြပုံပဲ သုကာကလည်း အသည်းသွေးဆိုတဲ့ ညီမတစ်ယောက်အနားမှာ



www.burmeseclassic.com

www.burmeseclassic.com



အရိပ်လိုဖြစ်နေတယ် ”

“ ကောင်မလေးက မဆိုးဘူး ထီမထင် မင်းမြင်ရင် ပစ်မှတ်ပြောင်းသွားနိုင်တယ်ကွ တစ်ခုတော့ရှိတယ် သုကာရဲ့ညီမအရင်း မဟုတ်ဘူးကွ မွေးစားညီမဆိုတော့ နည်းနည်းတော့စဉ်းစားစရာပဲ ”

“ အဲဒါတွေ ငါစိတ်မဝင်စားဘူး ဗညား အခုအချိန်မှာ ငါစိတ်ဝင်စားတာ ရွှေရုပ်ပဲ ”

“ ဘာလဲ ထီမထင် မင်းက ခက်ခက်ခဲခဲကိုမှ စိတ်ဝင်စားနေတာပေါ့လေ ငါတို့ပြောသားပဲ ရွှေရုပ်သွင်ဆိုတာ မလွယ်ပါဘူးလို့ ”

တစ်ချိန်တုန်းက ပြောခဲ့သော စကားကိုပဲ ဗညားက ပြန်ပြောနေသည်။ ထိုစဉ်တုန်းကတော့ သူ မထီတရီပြုံးရင်း ကိုယ့်ကိုကိုယ်ယုံကြည်ချက်တွေအပြည့်နှင့်ဖြစ်သည်။

အခုတော့ သူ ပြောင်းလဲသွားခဲ့တာ ကိုယ်တိုင်ပဲအသိဆုံး။

ရွှေရုပ်သွင်ဆိုတာ သူ့နှလုံးသားကို စူးနစ်စေခဲ့သော မိန်းကလေး ဖြစ်သွားခဲ့တာ ဘယ်သူမှမသိခဲ့ကြဘဲ။

ရွှေရုပ်သွင်ရဲ့ခြံအထိ သွားချင်စိတ်ကို သူမျိုသိပ်ထားခဲ့ရတာက ရွှေရုပ်သွင်ရဲ့ သိက္ခာတရားကို သူထည့်တွက်ခဲ့မိ၍ဖြစ်သည်။

ပြီးတော့ သူပြုခဲ့သော အပြုအမူတွေကြောင့် အားလုံးက သူ့ကိုဂရုစိုက်ကြည့် နေတာကိုလည်း သူသိသည်။

သူ့ကြောင့် ရွှေရုပ်သိက္ခာမကျစေချင်သလို ရွှေရုပ်အထင်အမြင်သေးကာ တစ်မျိုးမြင်မှာကိုလည်း သူ စိုးရိမ်မိသည်။





အခုတော့ ခြောက်ရက်တိတိ ရွှေရုပ်ကို မမြင်မတွေ့ရသော ခြေအနေက သူ့ဆုံးဖြတ်ချက်တွေ ချိုးနှိမ်ထားသော ဆန္ဒတွေကို က်ချိုးပစ်လိုက်သည်။

နောက်ဆုံးတော့ ရွှေရုပ်တို့ ခြံလေးဆီသို့ သူရောက်ခဲ့ရပြန်၏။

ကံကောင်းချင်တော့ ရွှေရုပ်တစ်ယောက်တည်း ခြံထဲက ခုံတန်းလေးမှာ ထိုင်နေတာမြင်တော့ သူ ဝမ်းသာသွားရ၏။

“ ရွှေရုပ် ”

သူ့ခေါ်သံကြောင့် မော့ကြည့်သည့် မျက်နှာလေးက တည်ငြိမ်နေသည်။ သူ့မျက်နှာကသာ ရွှေရုပ်နှင့် ဆန့်ကျင်စွာ ဖုံးဖိမရ ည်နူးခြင်းတို့ တောက်ပနေမှာ သေချာ၏။

“ ဩော် ထီမထင် ဝင်ခဲ့လေ ခြံတံခါးစေ့ထားတယ် ”

ခုံတန်းမှာ ထိုင်လျက်က ရွှေရုပ်လှမ်းပြောတာမို့ သူ စေ့ပိတ်ားရုံ ခြံတံခါးလေးကို တွန်းဖွင့်ဝင်ခဲ့မိသည်။

“ တို့လက်ဖက်ရည်ဆိုင်မှာ ရွှေရုပ်ကို မနက်တိုင်းစောင့်တယ် ”

“ အင်း ရုပ်သွင် ဆိုင်မထွက်ဖြစ်တာကြာပြီ ကိုကြီးရဲ့ ိုးဆိုင်တစ်ဆိုင်မှာ ဝင်ကူနေရလို့ ဒီနေ့တောင် ဆိုင်ပိတ်ရက်မို့လေ ထင်ရဲ့ ”

“ ဟုတ်လား ဒါကြောင့် ရွှေရုပ်တို့ ခြံတံခါးက သော့ခတ် တာကို ”

ထီမထင်စကားကြောင့် ရွှေရုပ်သွင်မအံ့သြချင်ယောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်မှာ မတွေ့လျှင် ထိမထင်အိမ်ကိုကြည့်မှာ စိတ်ထ… သိနေခဲ့သည်။ အဖြူနှင့်အနက်စင်းမို့ ရှပ်လက်တိုနှင့်အနက်ရောင်… ဘောင်းဘီဝတ်ထားသော ထိမထင်စတိုင်လ်ကတော့ အမြဲတမ်း စမတ်… ကျကျအသွင်ရှိနေခဲ့သည်။

" အိမ်မှာ ဘယ်သူမှမရှိတော့ သော့ခတ်ခဲ့ရတာပေါ့ ထိမထင်… ရဲ့ "

" ရွှေရုပ်က တကယ်နေနိုင်တယ်ကွာ ဆိုင်ရောက်နေတာ… တို့ကိုတောင် လုံးဝအသိမပေးဘူး "

" အစီအစဉ်မရှိဘူးလေ ထိမထင်ရဲ့ ကိုကြီးက ရုပ်သွင်အိမ်မှာ… ဝေလေလေလုပ်နေတာကို သဘောမကျလို့ စီစဉ်ပေးတာ "

ရွှေရုပ်စကားကြောင့် သူနားလည်သလို ခေါင်းညိတ်မိသည်… ပန်းနုရောင်ဘလောက်စ်အကျီလေးနှင့် ရွှေရုပ်သိပ်ကိုလှပနေသည်။

ရွှေရုပ်နှင့် ဆုံတိုင်းသူ့ဘက်က ရင်ခုန်လှုပ်ရှားရပေမယ့် ရွှေရုပ်ရဲ့တည်ငြိမ် လွန်းသော အကျင့်ကတော့ အလိုမကျစရာကောင်း… နေခဲ့တာ သူမကျေ နပ်ချင်ပါ။

" ရွှေရုပ် တစ်ယောက်တည်းလား "

" ဟုတ်တယ် ကိုကြီးက ပိတ်ရက် ပေးပေမယ့် နားရက်မရှိ… သလောက်ဘဲလေ ဆိုင်အတွက်လိုအပ်တဲ့ကုန်ပစ္စည်းတွေ ဖြည့်တင်းစီး… နေရတာပေါ့ "

" အင်း ရွှေရုပ်ကိုကြီးက တို့မမကေရီအတိုင်းပဲ ညီမအပေါ်… …ချစ်တဲ့အစ်ကို တစ်ယောက်ထင်တယ် "

" ဟုတ်တယ် ကိုကြီးက ရွှေရုပ်သွင်အတွက် အစ်ကိုလည်း… အဖေလည်း ဟုတ်တယ် ထိမထင်ရဲ့ မမကေရီလိုပဲပေါ့ "

နှုတ်ခမ်းဖူးဖူးလေးတွေမှာ အပြုံးရိပ်ချိုချိုလေးတွေ ခိုတွယ်လျက် …နေသော ရွှေရုပ်ကိုငေးကြည့်ရင်း သူ့ရင်ထဲမှာ လှိုက်ခနဲနွေးသည်။ …ဖြယ်အသကင်းစင်သော ပန်းနုပါးပြင်လေးပေါ်မှာ စိမ်းမြမြသွေးကြော …လေးတွေကိုငေးရင်း သူ့ရင်ခုန်လာရသည်။

" ရွှေရုပ်ကို တို့ချစ်တယ် "

သူ့နှုတ်က လွှတ်ခနဲ ထွက်သွားမိသော စကားတစ်ခွန်းအတွက် …ခနဲမော့ကြည့်သော ရွှေရုပ်မျက်နက်ဝန်းလေးတွေမှာ အံ့ဩရိပ်တွေ …နှင့် နှုတ်ခမ်းလေးတွေ အဝိုင်းသားဖြစ်နေခဲ့သည်။

" နင် နင် ဘာပြောလိုက်တယ် ထိမထင် "

" တို့ရင်ထဲက စကားပါရွှေရုပ် ရွှေရုပ်ကို တို့ချစ်တယ် ဒါရင် …ထဲက မမျိုသိပ်နိုင်ဘဲ ထွက်လာတဲ့စကားပါ "

" တော် တော်တော့ ထိမထင် "

ခုံပေါ်က ဆတ်ခနဲ ရပ်ရင်း တင်းမာသွားသော မျက်နှာလေး …နဲ့ သူ့ငေးမောကြည့်နေမိသည်။

" ပေးထားတဲ့ကတိကို ဖျက်ဆီးလိုက်တာပေါ့ ဟုတ်လား …ထိမထင် "

" ဆောရီးရွှေရုပ် တို့တောင်းပန်ပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



" မတောင်းပန်နဲ့တော့ ထီမထင်၊ ရုပ်သွင်နဲ့ခင်မင်ခွင့်မရခင်ကတည်းက သဘောတူထားတဲ့ ကတိလေ။ ဒီတော့ ဒီနေ့ကစပြီး ကတိကိုချိုးဖောက်တဲ့ ထီမထင်နဲ့တို့ ခင်မင်မှုပျက်စီးသွားပြီပေါ့ "

" နေ နေပါဦးရွှေရုပ် တို့စကားအတွက် တောင်းပန်တာမဟုတ်ဘူး၊ တို့ရွှေရုပ်ကို တကယ်ချစ်တာပါ ရွှေရုပ်ကတို့ရဲ့ အချစ်ဦးဆိုတာယုံပါ "

" အဟင်း ရှင့်စကားတွေကို ကျွန်မစိတ်မဝင်စားဘူး ထီမထင်၊ ယောကျ်ားတစ်ယောက်ဆိုတာ ကတိတည်ကြည်သင့်တယ်၊ ရှင်ပြောခဲ့တဲ့စကား ပေးခဲ့တဲ့ ကတိတွေ မှတ်မိမှာပါ။ ခုချိန်ကစပြီး ရှင်နဲ့ရုပ်သွင်ဘာမှ မပတ်သက်တော့ဘူးနော် "

ရွှေရုပ်နှလုံးသားက ဘာကြောင့်ဒီလောက် မာကြောနေခဲ့တာလဲ သူစဉ်းစားမရ။ နုဖတ်လွန်းသော မျက်နှာလေးပေါ်မှာ မျက်ဝန်းစိမ်းစိမ်းတွေ ရင်ဆိုင်နိုင်ဖို့ ခက်ခဲလွန်းလှသည်။

" ရွှေရုပ် ကိုယ့်ကိုအထင်မလွဲပါနဲ့နော် ကိုယ်ရွှေရုပ်ကို "

" တော်ပြီ ထီမထင် ရုပ်သွင်ဘာမှမကြားချင်တော့ဘူး "

ယတိပြတ်စကားနှင့် သူ့ရှေ့ကရှောင်ထွက်ပြေးဖို့ ရွှေရုပ်ကြိုးစားသည်။

သူရွှေရုပ်လက်ဖဝါးလေးကို လှမ်းဆုပ်ကိုင်ထားမိသည်။

" ထီမထင် နင်ငါ့လက်ကို လွှတ်နော် "

" တို့စကားကို ဆုံးအောင် နားထောင်ပါဦးရွှေရုပ်၊ တို့နှုတ်က





စကားတစ်ခွန်းအတွက်နဲ့ အဲဒီလောက်အထိ ဆုံးဖြတ်လိုက်တာတော့ ရွှေရုပ်တစ်ဖက်သတ်ဆန်လွန်းတယ် "

" ဒါတော့ နင်နဲ့ငါပေးထားကြတဲ့ ကတိအတိုင်းပဲလေ "

" အဲဒီ ကတိဆိုတဲ့စကားကြီးနဲ့ တို့ကိုမချုပ်ကိုင်ပါနဲ့ ရွှေရုပ်"

" အဲဒီကတိနဲ့ပဲ ရှင့်ကိုရုပ်သွင် ခင်မင်ခွင့်ပြုခဲ့တာလေ ခင်မင်မှုကို အခွင့်ကောင်း ယူတတ်တဲ့ယောကျ်ားတွေကို ရုပ်သွင်မုန်းတယ်"

" ဒါတော့ မင်းတမင်အပြစ်ရှာဘာပဲ ရွှေရုပ်၊ ရွှေရုပ်နဲ့တို့ခင်မင်ခဲ့တဲ့ကာလတွေမှာ တို့ဘက်က ဘာအပြစ်မှား လုပ်ခဲ့လို့လဲကွာ၊ ရွှေရုပ်ကို ချစ်တယ်ဆိုတဲ့စကားကလည်း တို့ရင်ထဲမှာ အလွယ်တကူပေါက်ဖွားခဲ့တာ မဟုတ်ပါဘူး "

" တော်တော့ ထီမထင်၊ ရှင့်စကားတွေ ရုပ်သွင်စိတ်မဝင်စားဘူး ကျွန်မနဲ့ရှင် ဒီနေ့ကစပြီး ဘာမှမပတ်သက်တော့ဘူး ဒါသေချာတယ်"

စကားအဆုံး သူ့လက်ထဲက ရုန်းထွက်လျက် ရွှေရုပ်အိမ်ထဲပြေးဝင်သွားခဲ့သည်။

ဂျိမ်းခနဲ ဆွဲပိတ်လိုက်သော သံပန်းတံခါးကို ငေးကြည့်ရင်း သူရင်ထဲမှာ နင့်ခနဲခံစားလိုက်ရသည်။

ရွှေရုပ်သူ့အပေါ်တမင်ရှည်စူး ပြုမူလိုက်တယ်ဆိုတာ သူသိသည်။ ဘာကြောင့်လဲ အဖြေကရှင်းသည်။ ဗိသုကာဆိုတဲ့ကောင်ကြောင့်ပဲ ဖြစ်ရမည်။

သူနှင့်ခင်မင်နေတဲ့ကာလတွေမှာ ဗိသုကာနှင့်ရွှေရုပ်စကား



www.burmeseclassic.com

www.burmeseclassic.com



မပြောမဆိုဖြစ်နေတာ သူသိသည်။ ရိပ်မိသည်။

ရွှေရှုပ်သူ့ကို နယ်ရှုပ်တစ်ရုပ်လို ကစားခဲ့တာပေါ့။ ဒါပေမဲ့ ရင်ထဲမှာ နာကျည်းလို့ မရတာလဲ အသေအချာ။

ဘယ်လိုနည်းနဲ့မှ မင်းကို ကိုယ်မုန်းလို့မရတာသေချာတယ် ရွှေရှုပ်။

ကိုယ်ပိုင်ဆိုင်ချင်တာ မင်းကိုပါ။ ကိုယ့်နှလုံးသားက တောင့်တသူက မင်းပါပဲ။ မင်းဘယ်လောက်မုန်းမုန်း ကိုယ့်ချစ်ခြင်းက လျော့ပါးသွားမှာမဟုတ်ပါဘူး။

ဒါမင်းကို မြတ်နိုးစွာချစ်လို့ပါ ရွှေရှုပ်ရယ်။

✿ ✿ ✿ ✿ ✿



## အခန်း (၁၅)

" မမကို တွေ့ချင်လို့တဲ့ ညည်းသည်ရောက်နေတယ် မမ "

ကောင်တာစားပွဲမှာ စာရင်းဇယားတွေနှင့် ရုပ်ရှင်အလုပ်ရှုပ်နေတုန်း သီဂီပြောလာတာမို့ လှမ်းကြည့်မိတော့ ကောင်တာရှေ့မှာရပ်နေသော ထိမထင်ကို မြင်လိုက်ရသည်။

အပြာနုရောင် ရှပ်လက်တိုအကွက်စိပ်နှင့် ဂျင်းပင်ပြာကို ဝတ်ထားသော ထိမထင်က နှာရှိမှန်ဗီရိုကောင်တာမှာ လက်တစ်ဖက်ကို ထောင်လျက် ရပ်ကြည့်နေသည်။

" ဘယ်ကညည်းသည်လဲ ငါနဲ့လုံးဝမသိဘူး သွား ဆိုင်ထဲက မောင်းထုတ်ပစ်လိုက် "

" ရှင် "

မာထန်ဖန်နိုင်လှသော ရုပ်သွင်စကားကြောင့် အရောင်းစာရေးလေး သီဂီအံ့ဩနားမလည်နိုင်သလို ငေးကြည့်နေ၏။

ရုပ်သွင် ဥပေက္ခာ ပြုလျက် စာရင်းစာအုပ်ထဲ အာရုံပြန်နှစ်နေလိုက်တော့ သီဂီအူလည်လည်လေးဖြစ်ကာ ပြန်လှည့်ထွက်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

စာရင်းဇယားတွေထဲ အာရုံကပြန့်ဝင်စားလို့မရပါ။ ရင်ထဲ

ဒေါသစိတ်နှင့် အလိုမကျမှုတွေ ရောထွေးနေရသည်။

ဘယ်ကဘယ်လို ရှုပ်သွင်ရှိနေသည့်ဆိုင်ကို ထီမထင် စုံ

သိရှိသွားခဲ့တာလဲ မသိပါ။ ခက်တော့ခက်ပြီ ထင်ပါရဲ့။ ထီမထင်

ပတ်သက်မိခဲ့သမျှကို ရှုပ်သွင်နောင်တတွေ ရနေမိသည်။

လှည့်မကြည့်ဘူးဟု ဆုံးဖြတ်ထားပေမယ့် စိတ်ကမနေ

ပြန်ပါ။

ကောင်တာမှာ အရောင်းစာရေးမလေးတွေနှင့် ရယ်မော

မောမော အဖွဲ့ကျနေသော ထီမထင်ကို မြင်လိုက်ရသည်။

ရှုပ်ရှည် ချောမောပြေပြစ်ပြီး စတိုင်လ်ကျနသော ထီမထင်

အရောင်းစာရေးမလေးတွေ ခင်မင်ရင်းနှီးသွားပုံက မြန်ဆန်လွန်းလှသည်

ရှုပ်သွင် မျက်မှောင်လေးစုကျုံ့ကာ စူးစိုက်ကြည့်မိသည်။

အကြည့်ချင်းအဆုံမှာ ရှုပ်သွင်မျက်နှာက တည်ကြည်မာထ

နေသလောက် ထီမထင်ကတော့ အပြုံးရိပ်တွေ ယှက်သန်းနေခဲ့လေသည်

နာမည်နဲ့လိုက်အောင် ထီမထင်နိုင်တဲ့ ထီမထင်ပါပဲ။

ထီမထင်ရပ်နေတဲ့ အဝတ်အစား အရောင်းကောင်တာ

ကောင်မလေးတွေသာမက ကျန်တဲ့အရောင်းကောင်တာက အရော

စာရေးမလေးတွေအားလုံးရဲ့ ကွက်ကြည့်ကွက်ကြည့် အကြည့်တွေအား

က ထီမထင်ဆီမှာပဲ ရှိနေသည်။





ရှုပ်သွင်စိတ်ထဲက ဒေါသတွေ ပိုလို့နှစ်ဆတိုးလာသလို ဖြစ်လာ

သည်။

ဘယ်လိုကောင်မလေးတွေလဲမသိ။ ထီမထင်ကိုများ ဟောလီဝုဒ်

သားထင်မှတ်နေကြသလား မသိပါ။ ရှုပ်သွင်စိတ်ထဲမှာ ဘယ်လိုမှ

ဟန်ဆောင်နေလို့ မရတော့တာမို့ ထိုင်ခုံက ဆတ်ခနဲထကာ လှမ်းခဲ့

သည်။

ရှုပ်သွင်မျက်ဝန်းလေးတွေ စူးရဲလျှက် လျှောက်လာတာ မြင်တွေ့

က်နှင့် ထီမထင်နှုတ်ခမ်းပေါ်က အပြုံးတွေမပျက်ပါ။

“ ရှင် ဘာလာလုပ်တာလဲ ထီမထင် ”

“ ရွှေရှုပ်ဆိုင်ကို တို့လာအားပေးတာပါ ”

“ မလိုဘူး ရှင့်ကို ကျွန်မအပြတ် ပြောပြီးပြီနော် ”

“ ကိုယ့်ဆိုင်ကို လာအားပေးတဲ့သူကို ဆက်ဆံတာကလည်း

ထန်လှချည်လား ရွှေရှုပ်ရယ် တို့က မိတ်ဆွေရင်းတွေမို့ အားပေး

ပါ ”

“ မဆိုင်ဘူး ရှင်နဲ့ကျွန်မ ဘာမှမိတ်ဆွေ မတော်ဘူး ”

“ ရွှေရှုပ်ရယ် ဒေါသတွေကြီးလိုက်တာ ”

“ ရှင် ဘာမှဆက်မပြောနဲ့ထီမထင် ကျွန်မကို နှောင့်ယှက်

ဦးမယ်ဆိုရင် ကျွန်မ ရဲကိုဖုန်းဆက်ခေါ်ပြီး တိုင်မှာနော် ”

ရှုပ်သွင်စကားကြောင့် ထီမထင် ပခုံးလေးတွန့်ကာ ပြုံးသည်။

ိုင်ထဲက ကောင်မလေးတွေအားလုံး ရှုပ်သွင်တို့နှစ်ယောက်ကို အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



မှင်တက်စွာ ငေးကြည့်နေကြသည်။

" ရွှေရုပ်ကို တို့တာနှောင့်ယှက်မိလို့လဲ ဟောဒီမှာ ရွှေရုပ်ဆို
တို့ဈေးဝယ်နေတာပါ "

" ကောင်းပြီ ရှင့်ကိစ္စပြီးရင် ရှင်ပြန်ပါ "

စကားအဆုံး ရုပ်သွင်လှည့်ထွက်ခဲ့သည်။ ရုပ်သွင်ဒေါသ
မြင်တွေ့သွားကြသည့် ကောင်မလေးတွေ လှည့်မကြည့်ရဲတော့ဘဲ ကို
ကောင်တာမှာ ကိုယ်ပြန်ငြိမ်ကုပ်သွားခဲ့ကြသည်။

ထိမထင်ကတော့ ကောင်တာအနှံ့လျှောက်သွားရင်း ပစ္စည်း
ပြခိုင်းကာ ရွှေရုပ်ထံကို ပြုံးစိပြုံးစိလုပ်ကာ ကြည့်နေခဲ့သေးသည်။

ရုပ်သွင်စိတ်ထဲမှာ တနုံ့နုံ့ဖြစ်နေရပေမယ့် ထိမထင်နှင့် ရင်
စကားမပြောချင်တော့ပါ။ အခုတောင် ဆိုင်ကကောင်မလေးတွေ ဘယ်
ထင်ကုန်သည်မသိပါ။

ရုပ်သွင်က စိတ်ဆိုးဒေါသဖြစ်နေသလောက် သူက အရွ
မပျက် အပြုံးမပျက်တော့ စိတ်ဆိုးစိတ်ကောက်နေသည့် ချစ်သူရည်း
တွေဟု ထင်နေသည်လား မပြောတတ်။

ထိမထင်ကို တစ်ချက်လှည့်မကြည့်မိအောင် အလုပ်တွေ ရှု
ရင်း ရုပ်သွင်နေလိုက်သည်။

ထိမထင်ကတော့ ဝယ်ယူထားသောပစ္စည်းတွေ တပွေ့တပိုက်
နှင့် ဆိုင်ထဲကပြန်ထွက်သွားခဲ့ချေသည်။

ထိမထင် ဒုက္ခက တစ်ရက်တည်းမဟုတ်ခဲ့ပါ။ နောက်ရက်





လည်း ထိမထင်တစ်ယောက် ရုပ်သွင်ရှိရာ ဆိုင်ကိုနေ့စဉ်ရောက်လာ
တတ်သည်။

ရုပ်သွင်ပြောလျှင်လည်း ထူးခြားလာမှာမဟုတ်ဟု သိနေသည်။
ကောင်းဆုံးက ဥပေက္ခာပြုထားလိုက်ခြင်းသာ ကောင်းမည်ထင်ပါရဲ့။

နေ့စဉ်နေ့တိုင်း ပုံမှန်ရောက်လာတတ်သော ထိမထင်ကို ဆိုင်က
အရောင်းစာရေးမလေးတွေတောင် ကြာတော့ရင်းနှီးခင်မင်နေကြသည်။
ထုံးစံအတိုင်း ထိမထင်ကတော့ ဆိုင်ထဲက ကောင်တာအကုန်လျှောက်
ကြည့် ရုပ်သွင်တမင်သတိထားမိအောင် လုပ်ပြနေတတ်သည်။

တစ်နာရီလောက်ကြာမှ ဆိုင်ကပစ္စည်းတချို့ဝယ်ယူကာ
ထွက်သွားတတ်လေသည်။ ရုပ်သွင်မသိကျိုးကျွန်ပြုထားရက်နှင့်တောင်
နှုတ်ခမ်းလေးတွေ ရွရွပြုံးလို့ အသိတိတ်နှုတ်ဆက်သွားတတ်ပါသေး
သည်။

" ဟွန်း တော်တော်မျက်နှာပြောင်တိုက်တဲ့ သူပဲ "

" ဘယ်သူ့ကိုပြောတာလဲ မမရုပ်သွင် "

ရုပ်သွင်နှုတ်က တစ်ကိုယ်တည်းရေရွတ်မိတာကို အနီးမှရှိနေ
သော သိင်္ဂီကြားကာ လှမ်းမေးသည်။

" ဘယ်သူရမလဲ ဆိုင်ကိုနေ့တိုင်းလာပြီး စိတ်ဒုက္ခပေးနေတဲ့
သူပေါ့ "

" ဪ ကိုထိမထင်ကိုပြောတာလား ဟင် မမ "

ဘုရားရေရေလို့တောင် ရုပ်သွင်စိတ်ထဲက ရေရွတ်လိုက်မိ၏။ သူ့



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကို သိဂီတို့တောင် သိနေကြသည်လား။

" နေ နေစမ်းပါဦး နှင်တို့က သူ့နာမည်တောင် သိနေကြ
ဟုတ်လား "

" သူဆိုင်ကို အရင်ဆုံးရောက်လာတဲ့နေ့က မမ်ခေါ်လိုက်
ကြားတယ်လေ နောက်ပြီး နေ့တိုင်းလာဝယ်နေတဲ့ဖောက်သည်ဆို
လည်း ကောင်တာတိုင်းက ရင်းနှီးခင်မင်နေပြီပေါ့၊ သူက ပစ္စည်းဝယ်
တာထက် မမရုပ်သွင်မျက်နှာလေးကို မြင်ချင်လို့တဲ့ "

" ဘာ သူ ဒီအတိုင်းပြောသွားသလား "

" သိဂီတို့ မမေးပေမယ့် သူ့ဘာသာပြောတာပါ မမရဲ့

သေလိုက်စမ်း ထိမထင်၊ ရှင်ကျွန်မဆိုင်ထဲလာပြီး ဘာ
လျှောက်ပြောခဲ့တာလဲ။

" သူ သူ ငါနဲ့သူ့အကြောင်း ဘာတွေပြောသွားလဲ ပြော
သိဂီ "

" ဘာမှ မပြောပါဘူး မမရဲ့၊ မမနဲ့သူက သူငယ်ချင်းတွေ
အခုမမက စိတ်ကောက်ပြီး သူ့ကိုမခေါ်မပြောတာတဲ့ "

" တော်ပါသေးရဲ့။ ရှင်မဟုတ်တရုတ်တွေလျှောက်ပြောသွား
ရင် ကျွန်မတော့ ရှင်းလို့လွယ်မှာ မဟုတ်ဘူးထိမထင် "

" ကိုထိမထင်က တကယ်ခင်မင်စရာကောင်းပါတယ် မမ
မမတို့က မိတ်ဆွေသူငယ်ချင်းတွေဆို ဘာလို့မခေါ်မပြောဖြစ်နေကြတာ
ဟာင် "





" မပတ်သက်ချင်လို့ မပြောတာပေါ့သိဂီ၊ နှင်တို့လည်း
ရောနှောနှောသွားမနေကြနဲ့ သူက တကယ့်နာမည်ကြီး ရည်းစားတွေ
ည်လဲတဲ့ ရှုပ်ပွေနေတဲ့သူ "

" လူပုံက တကယ့်ကို လူချောပဲနော်မမ၊ စတိုင်လ်ကလည်း
ခန်းမိတယ် "

" အံမယ် အပေါ်ယံကြည့်ပြီးအထင်ကြီးမနေနဲ့ ငါအပြုတ်
ထားမယ်နော် "

"နောက်ကို ထိမထင်လာရင် နှင်တို့အရောတဝင်မနေနဲ့ စကား
ဘ်နဲ့ ကြားလား "

" ဟို သူကဈေးဝယ်သူဆိုတော့ စကားမပြော မဆက်ဆံလို့
ရတဲ့မမရယ် "

" လိုတာပဲပြောပေါ့၊ သူဘာမှ မဝယ်ရင်လည်း ကိစ္စမရှိဘူး၊
င်တာက မိန်းကလေးတွေကိုပြောလိုက်သိဂီ ကြားလား "

" ဟုတ် ဟုတ်ကဲ့ မမ "

ရုပ်သွင် မျက်နှာတည်တည်နှင့် မာဆတ်ဆတ်လေသံကြောင့်
ခေါင်းကလေး ညိတ်ပြရှာသည်။

တော်တော် စိတ်ဒုက္ခပေးတဲ့ ထိမထင်ပါပဲ၊ မပတ်သက်ချင်တော့
ရှောင်တိမ်းနေကာမှ နေ့စဉ်လာဒုက္ခပေးနေသည်။ ကိုကြီးကို အသိပေး
ည်း ပြဿနာတွေက ရှုပ်ကုန်မှာသိနေသည်။

ထိမထင်ရောက်လာတတ်သော ဒီဆိုင်ကို ရုပ်သွင်မထိုင်ချင်



www.burmeseclassic.com

တစ်ချက်ပြောလိုက်တာနဲ့ ကိုကြီးက ကျန်တဲ့နှစ်ဆိုင်ထဲက ကြိုက်ရာ
ထိုင်ခွင့်ပြုမှာ သေချာသည်။ ဒါပေမဲ့

ကိုကြီးနဲ့ထိမထင်တို့ ထိပ်တိုက်ရင်ဆိုင်မိကြလျှင် ပိုဆိုးကုန်
ပြီးတော့ ထိမထင်ကလည်း ရုပ်သွင်ရှိသောဆိုင်ကိုပဲ မရောက် အရော
လာဦးမှာပါ။

ဘယ်လိုလုပ်ရပါ့။ စိတ်ညစ်လိုက်တာ လွန်ပါရော။

သုကာကို အရွဲ့တိုက်မိသမျှ ရုပ်သွင်အတွက် ပိုင်ဆိုင်နေရ
တွေက စိတ်ရှုတ်စိတ်ညစ်စရာတွေချည်းပါပဲလား။

သုကာရယ် နင်သိပ်နေနိုင်လိုက်တာ။ တကယ်ဆို ရုပ်
ကိုကြီးရဲ့ စတိုးဆိုင်မှာ ထိုင်နေတာကို မသိတာတော့မဟုတ်နိုင်ပါ။

တိုးတိုးနှင့်သူရလင်းတို့ကို ရုပ်သွင် အသိပေးပြောပြထားခဲ့
သူတို့ပြန်မပြောဘဲ နေကြမှာမဟုတ်။ ပြီးတော့ ထိမထင်နဲ့ရုပ်သွင် မ
မပြောတော့ဘူးဆိုတာလည်း သုကာသိအောင် တိုးတိုးတို့ကို ပြောပြ
ခဲ့သည်ပဲ။

သုကာဆိုင်ကို ဘယ်အချိန်ရောက်လာမှာလဲ ရုပ်သွင်မျှော်
မျှော်ကြည့်မိသည်။ အခုတော့ မျှော်သူကတစ်ယောက် ပေါ်လာသူ
တစ်ယောက်။

သုကာ တကယ်ပဲ ရုပ်သွင်ကို ဥပေက္ခာပြုရက်လိုက်တာလ
စိတ်ဆိုးနာကျည်းနေတုန်းပဲလားဟင်။

သုကာရယ်။ ဒီတစ်ခါလည်း ငါ့ဘက်က အလျှော့ပေးရဦး





သုကာရဲ့မာနတွေအောက်မှာ ကျရှုံးရဦးမှာလား။

မိန်းမတစ်ယောက်ရဲ့သိက္ခာကိုတော့ နင်စာနာပေးပါလား
…ရယ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

လမ်းခုလပ်ကျမှပဲ ကားကဗွေဖောက်လာခြင်းဖြစ်သည်။

မောင်းနေရင်း စက်ကအလိုလိုရပ်သွားသည်။ ရုပ်သွင် အ ကြိမ်ပြန်နှိုးကြည့်တော့လည်း အချည်းအနှီး။ စက်က ပြန်နိုးထမ တော့ပါ။

ကားကို စီးဖို့မောင်းဖို့ကလွဲလျှင် ဘာဆိုဘာမှ မသိသောရုပ် အတွက် အခုမှ တကယ့်အခက်ပါပဲ။

နာရီကိုငုံ့ကြည့်တော့ ငါးနာရီခွဲနေပြီ။ ပတ်ဝန်းကျင်မှာ အမှော ထုက မကြာခင်စိုးမိုးလာတော့မည်။ ဆိုင်သိမ်းပြီးအပြန်လမ်းပေါ် စက်နှိုးမရသောကားလေးနှင့် ရုပ်သွင်ဘာဆက်လုပ်ရမှန်းမသိတော့

အရင်ဆုံးပြေးသတိရမိတာ ကိုကြီးကိုဖြစ်သည်။ ဒီအချိန် ကိုကြီးလည်းအိမ်ကိုပြန်ရောက်ဦးမှာမဟုတ်။ ဆိုင်နှစ်ဆိုင်က တစ်ဆိုင် ဆိုင်မှာတော့ ရှိမှာအသေအချာ။

ဆလင်းဘက်အိတ်ထဲက ဟမ်းဖုန်းလေးကို ထုတ်ကာ ရုပ်သွ ကိုကြီးဆီ ဆက်သွယ်ကြည့်မိသည်။





တစ်ဖက်က ဖုန်းပိတ်ထားမှန်းသိလိုက်တော့ ရုပ်သွင်ပိုလို့တောင် စိတ်ညစ်ညူးသွားခဲ့ရသည်။ ဆက်မောင်းလို့မရသော ကားထဲမှာထိုင်ရင်း ကိုကြီးနှင့်ဖုန်းပြန်ဆက်သွယ်လို့ရချိန်အထိလည်း ရုပ်သွင် မစောင့်နိုင်ပါ။

ဖြစ်ချင်တာဖြစ်။ ကားကို တံခါးပိတ်ထားခဲ့ဖို့ပဲ ရှိတော့သည်။ ကားတံခါးကိုဖွင့်ဆင်းလိုက်မိစဉ်မှာပဲ ရုပ်သွင်ကားလေးအနောက်မှာ ပါဂျဲရိုး မိုးခိုးရောင်ကြီးက ထိုးဆိုက်လာသည်။

ဒါ ထီမထင်အစ်မ မမကေရီရဲ့ကားဟု ရုပ်သွင်ချက်ချင်းသိလိုက်၏။ သို့ပေမယ့် ကားတံခါးဖွင့်ဆင်းလာသူက မမကေရီမဟုတ်ဘဲ ထီမထင်ဖြစ်နေသည်။

" ရွှေရုပ် ဘာဖြစ်တာလဲ ကားပျက်သွားတာလား "

ရုပ်သွင်ဆီကို ဦးတည်လှမ်းလာရင်းမေးသည်။ အဖြူရောင်တီရှပ်လက်တိုနှင့် ဂျင်းပင်အနက်ဝတ်ဆင်ထားသော ထီမထင်အသွင်က ရှင်းသန့်နေပေမယ့် ရုပ်သွင်သေချင်လောက်အောင်ပဲ စိတ်ညစ်ညူးသွားသည်။

" ကားပျက်လို့လား တို့ဘာကူညီရမလဲဟင် ရွှေရုပ် "

" မလိုပါဘူး ရှင့်အကူအညီ ကျွန်မ မလိုချင်ဘူး "

" ရွှေရုပ်ရယ် ဘာဖြစ်လို့ တို့အပေါ်ဒီလောက်ထိ တင်းမာနေရတာလဲဟင် "

လေပြည်ကလေးနှင့် ထီမထင်မေးလာသော စကားကို ပြန်ဖြေ



www.burmeseclassic.com

www.burmeseclassic.com



ချင်စိတ်မရှိ ခြေစရာလည်းမလိုအင်ပဲ သဘောထားကာ ရုပ်သွင်ချာခနဲ မျက်နှာလွှဲလိုက်မိ၏။

" ဟင် ဒါ သုကာရဲ့ကားပဲ "

ခပ်လှမ်းလှမ်းမှမောင်းလာသော အဖြူရောင်ဆလွန်းကားလေးကို မြင်လိုက်တာမို့ ရုပ်သွင်ဝမ်းသာအားရ ရေရွတ်မိသည်။

ဘာမှ စဉ်းစားမနေတော့ဘဲ အနီးရောက်လာသော သုကာကားလေးကို ရွှေရုပ်ကသောကမျော လှမ်းတားမိသည်။

ကားထဲမှာ မောင်းလာသူက သုကာမှ သုကာရယ်။ စက်ရှိန်ကို လျော့ချကာ ရုပ်သွင်နံဘေးမှာ အသာထိုးရပ်သည်။

ကားကိုတားသူက ရွှေရုပ်သွင်ပေမယ့် သုကာမျက်ဝန်းတွေက မှုန်တေတေရုပ်နေသော ထီမထင်ထံမှာ ဦးတည်လျက် ရူးရူးရဲရဲကြည့်နေ၏။

" သုကာ အတော်ပဲ ရုပ်သွင်ကားပျက်သွားလို့ အဲဒါ "

ကားပြတင်းတံခါးမှ သုကာကိုငုံကြည့်ရင်း အကူအညီတောင်းမိပြီးမှ နောက်ခန်းမှာထိုက်လျက်ပါလာသော အသည်းသွေးကို ရုပ်သွင်မြင်တွေ့ကာ တုံ့ခနဲဖြစ်ရသည်။

မျက်နက်ဝန်းလေးတွေဝိုင်းစုလျက် ရုပ်သွင်ကိုငေးစိုက်ကြည့်နေသော အသည်းသွေးကို ခုမှပဲ ရုပ်သွင်အနီးကပ်မြင်တွေ့ဖူးတော့သည်။

ဝင်းမွတ်သန့်စင်နေသော မျက်နှာလေးက ချစ်စရာကောင်းသည်။ နုပျိုမှုနှင့်အပြစ်ကင်းစင်သော မျက်နှာလေးကို ရုပ်သွင်ငေးမောနေမိခိုက်မှာ





" ဆောရီးပဲ ရုပ်သွင် ငါမကူကြင်းနစ်မဟုတ်ဘူး "

" ဟင် "

သုကာ နှုတ်ဖျားက ပေါ်ထွက်လာသောစကားမှ ဟုတ်ရဲ့လားဟုတောင် ရုပ်သွင်အံ့ဩမိသည်။ သုကာမျက်နှာကို ပြန်လှည့်ကြည့်တော့ မျက်ခုံးထူထူတွေအောက်က အေးစက်သောမျက်ဝန်းတွေက တည်ငြိမ်လွန်းသည်။

ခပ်တင်းတင်းစေ့ထားသော နှုတ်ခမ်းတွေက အရယ်အပြုံးတွေကို တမင်ပဲမေ့လျော့နေနိုင်ခဲ့သည်လား။

" ငါမကူညီရင်လည်း ပြဿနာမရှိနိုင်ပါဘူး ဟိုမှာနင့်ကောင်ရှိနေတာပဲ "

" သုကာ နင် နင် "

မယုံနိုင်မှုတွေကြောင့် ရုပ်သွင်နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ရီဆွံ့အနေခဲ့ရ၏။

နှုတ်ခမ်းထောင့်တစ်ဖက်သာ ယွဲ့ယွဲ့ကွေးသောအပြုံးနှင့် သုကာတစ်ချက်မော့ကြည့်၏။ ပြီးတော့ ကားလေးကိုဂူးခနဲ မောင်းထွက်သွားသည်။

ရုပ်သွင်နေရာမှာ တောင့်တောင့်လေး ရပ်ကျန်ရစ်ခဲ့၏။ မျက်ဝန်းအိမ်ထဲမှာ ဝဲတက်လာသော မျက်ရည်တွေကြောင့် သုကာကားလေးသည်ပင် ဝေဝါးနေ၏။

" ရွှေရုပ် "



www.burmeseclassic.com

www.burmeseclassic.com



အနီးကိုရောက်လာသော ထီမထင်အသံကိုကြားမှ ရုပ်သွင် မျက်ရည်စတွေကို ပုတ်ခတ်သိမ်းဆည်းလိုက်မိ၏။ ရင်ထဲမှာတော့ နာကျင် ရှုက်ရှိုက်မှုတွေနှင့် ပူလောင်နေသည်။

သုကာစကားတွေ အမူအရာတွေ အပြုအမူတွေက သိပ်ကို ဆိုးလွန်းပါသည်။

တစ်ဖက်သတ် စွပ်စွဲချက်တွေနှင့် ရုပ်သွင်ကိုနင်းချေသွားခဲ့တာ။

ထီမထင်လည်း အားလုံးကိုမြင်လိုက်ကြားလိုက်မှာသေချာ သည်။ ပြောရက်လိုက်တာ လုပ်ရက်လိုက်တာ သုကာရယ်။

" ရွှေရုပ် တို့တောင်းပန်ပါတယ်။ ရွှေရုပ်ကို တို့လိုက်ပို့ပေးပါ ရစေ။ ဆက်နေရင်မှောင်တော့မှာ "

ထီမထင့်လေသံတွေက တိုးလျှည်းသာသည်။ ရုပ်သွင်မော့ ကြည့်တော့ တောင်းပန်တိုးလျှိုးနေသော မျက်ဝန်းအစုံက ရုပ်သွင်ကို ငေးစိုက်ကြည့်နေခဲ့၏။

" တို့ အနူးအညွတ်တောင်းပန်ပါတယ် ရွှေရုပ်ရယ်၊ ရွှေရုပ် ကို တို့လိုက်ပို့ပေးပါရစေ၊ တို့ကို စိတ်ဆိုးတာတွေ ဒေါသဖြစ်တာတွေ ခဏလေးဖြစ်ဖြစ်မေ့ထားလိုက်ပါနော် ရွှေရုပ် "

ကြည်လဲ့နေသော မျက်ဝန်းတွေထဲမှာ ခယခြင်းနှင့်နားလည်နိုင် ခြင်းတွေ ပျော်ဝင်နေတာ ရုပ်သွင်မြင်တွေ့နေခဲ့ရသည်။

ရုပ်သွင်ကို ခါးခါးသီးသီး ဥပက္ခာပြုရက်သွားခဲ့သည်။ သုကာ နှင့်ကွာခြားလွန်းလှတာအမှန်။ ဒီလိုယုယကြင်နာမှုအရိပ်တွေသာ သုကာ





နလုံးသားမှာ နည်းနည်းကလေးရှိနေရင် ဘယ်လောက်ကောင်းမလဲ။

အခုတော့ နင်တကယ်ရက်စက်ခါးသီးလွန်းတယ် သုကာ။ နိုင် ငံလုပါတယ်ဆိုတဲ့သံယောဇဉ်တွေ နင့်ရင်ထဲမှာ တကယ်ပျောက်ဆုံး သွားခဲ့ပြီလားဟင်။

နင့်အနားမှာ အရိပ်လိုရှိနေတတ်တဲ့ အသည်းသွေးကြောင့်လား။ နင့်ရဲ့မာနတွေကြောင့်လားဟင်။

နင်ပြောင်းလဲသွားခဲ့တာတော့ အမှန်ပဲ။ အရင်ကဆို ငါဘယ် လောက်ပဲ စိတ်ဆိုးဒေါသဖြစ်ပါစေ၊ ငါပြုံးခေါ်ရင် ခွင့်လွှတ်ပေးတတ်တဲ့ နင်၊ အခုတော့

" ရွှေရုပ် တို့ကားပေါ်တက်ပါကွာ သိပ်မှောင်သွားရင် ရွှေရုပ် ကိုကြီးစိတ်ပူနေဦးမယ်။ ရွှေရုပ်ကားအတွက် စိတ်မပူနဲ့။ တို့ဝပ်ရှော့ကို နင်းဆက်ပြီး လာပြင်ခိုင်းလိုက်မယ် စိတ်ချ။ ရွှေရုပ်တို့ခြံထဲအထိ လာပို့ ပေးကြလိမ့်မယ် "

ရုပ်သွင်အနီးမှာရပ်ရင်း တောင်းဆိုနေသည့် ထီမထင်ကိုကြည့် တာ ရုပ်သွင်ဆုံးဖြတ်လိုက်သည်။

" ကျေးဇူးပဲ ထီမထင် နင့်အကူအညီကို ငါလက်ခံတယ် "

" ဟာ ဝမ်းသာလိုက်တာ ရွှေရုပ်ရယ်၊ လာလေ တို့ကားပေါ် တက် "

မျက်ဝန်းတွေထဲအထိ အရောင်လက်သွားသော အပြုံးတွေနှင့် ထီမထင်သူ့ကားဆီ အပြေးလျှောက်သွားခဲ့၏။ ပြီးတော့ ရုပ်သွင်တက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် ကားတံခါးကို အသင့်ဖွင့်ပေးသည်။

ရွှေရုပ်သွင် ကားပေါ်တက်ပြီးတော့ တံခါးကို ညင်သာစွာ ပိတ်ပေးသေး၏။ ပြီးမှကားရှေ့ဘက်က ပတ်လျှောက်ကာ တံခါးဖွင့် ဝင်ထိုင်၏။

" ခဏလေး ထီမထင်၊ ရုပ်သွင်ဆလင်းဘတ်အိတ် ကားထဲမှာ ကျန်ရစ်ခဲ့လို့ "

" နေ နေ တို့သွားယူပေးမယ် ရွှေရုပ်မဆင်းနဲ့ "

ကားပေါ်မှ ခပ်သွက်သွက်ပြန်ဆင်းကာ ထီမထင်ရုပ်သွင် ကားပေါ်က အိတ်ကိုသွားယူသည်။ ကားတံခါးသော့တွေကို အသေအချာ ခတ်ပိတ်နေတာကိုလည်း ရုပ်သွင်လှမ်းမြင်နေရ၏။

ပြီးမှ ကားဆီပြန်လျှောက်လာကာ အိတ်ကိုကမ်းပေးရင်း

" ကားတံခါးတွေကို ကိုယ်အသေအချာပိတ်ခဲ့တယ်၊ ဝပ်ရှော့ ကို ဖုန်းဆက်ပြီးကိုယ် စက်ပြင်ခိုင်းလိုက်မယ်ရွှေရုပ် "

" ရတယ် ထီမထင်၊ အဲဒီကိစ္စကို ကိုကြီးဘာသာ စီစဉ်ပါလိမ့် မယ်။ ဝပ်ရှော့ခ်မှာ ကိုကြီးမိတ်ဆွေတွေရှိတယ်၊ ထီမထင် အိမ်ပဲပြန်ပို့ ပေးပါ "

" စိတ်ချရွှေရုပ် အလွန်ဆုံး ဆယ်မိနစ်ပဲ "

စကားအဆုံးမှာ ကားလေးကို ထီမထင်မောင်းထွက်သည်။

တစ်လမ်းလုံး ရုပ်သွင်နှုတ်ဆိတ်နေလေတော့ ထီမထင်လည်း ဘာမှမဆိုတဲ့ ကားကိုမောင်းလာ၏။ တစ်ခါတစ်ရံ နောက်ကြည့်မှန်ထဲက





ရုပ်သွင်ကို ခိုးကြည့်နေတာကိုတော့ ရုပ်သွင်သိပေမယ့် မမြင်ဟန်ဆောင် နေလိုက်၏။

ထီမထင် ကတိစကားအတိုင်း ဆယ်မိနစ်တောင်မကြာလိုက်ခင် မှာပဲ ခြံရှေ့ကို ကားလေးရောက်ခဲ့၏။

" ခြံရှေ့မှာပဲ ရပ်လိုက်တော့ ထီမထင် "

ရုပ်သွင်စကားအတိုင်း ထီမထင် တသွေမတိမ်းနာခံသည်။ ကားလေးက ခြံရှေ့မှာ ထိုးရပ်သွားခဲ့၏။

" ကျေးဇူးပဲ ထီမထင် "

" မလိုပါဘူးရွှေရုပ်ရယ် ရွှေရုပ်ကို ကူညီခွင့်ပေးတဲ့ ကံကြမ္မာကို တောင် ကိုယ်က ကျေးဇူးတင်နေတာ "

သူ့စကားကြောင့် ရုပ်သွင်ပြုံးမိသေး၏။ ကားပေါ်ကအဆင်းမှာ သူ့ကိုနှုတ်ဆက်ဖို့ ရုပ်သွင်ပြန်ကြည့်မိတော့

" နှုတ်ဆက်မလို့လားရွှေရုပ် နှုတ်မဆက်ပါနဲ့ နောက်တစ်ကြိမ် ကူညီခွင့်ကြုံလာရင်ကော ကိုယ်ကူညီခွင့်ရဦးမှာလားဟင် "

" ထီမထင့်ဆန္ဒအတိုင်းပဲလေ အခုရုပ်သွင်တို့နှစ်ယောက် နှုန်ပြီး မိတ်ဆွေဖြစ်သွားပြီပဲ ဥစ္စာ "

" ဟာ တကယ်နော် ဝမ်းသာလိုက်တာ ရွှေရုပ်ရယ် "

ဟန်မဆောင်နိုင်လောက်အောင် ကြည်နူးစွာပြုံးရွှင်သွားသော ထီမထင်ကိုကြည့်ရင်း ရုပ်သွင်ဟန်ဆောင်ကောင်းစွာပဲ ကြည်ကြည်နူးနူး လေး ပြုံးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဒုတိယအကြိမ် ထီမထင်ကို မိတ်ဆွေအဖြစ်လက်ခံတာ
စည်းကမ်းချက်တွေကတော့ အရင်တိုင်းပဲဆိုတာ မမေ့နဲ့ "

" စိတ်ချ နောက်တစ်ခါမကျူးလွန်မိအောင်တို့ ထိန်းချုပ်
စားရမှာပေါ့။ ကဲ ခွင့်ပြုဦး ရွှေရုပ် ဘိုင့် "

နှစ်လိုဖွယ်အပြုံးတွေနှင့် ချန်ထားရစ်ခဲ့ကာ ထီမထင် ကား
မောင်းထွက်သွားခဲ့သည်။ ခွင့်လွှတ်ပါ ထီမထင်။ ရှင့်ရင်ခုန်သံတွေ
အသိအမှတ်မပြုနိုင်ပေမယ့် ရှင့်သံယောဇဉ်တွေကိုတော့ ရုပ်သွင်နားလည်
ပေးနိုင်ပါတယ်။

စောင့်ကြည့်လိုက်စမ်း သုကာ။

နှင့်ဘက်က ဥပေက္ခာပြုဖို့ လွယ်ကူလွန်းတဲ့ရွှေရုပ်သွင်အနား
အရိပ်လိုရှိနေမယ့် ထီမထင်ဆိုတဲ့ ယောကျ်ားကို နှင်ရင်ဆိုင်ကြည့်ရဲမလား

နှင့်ဟန်ဆောင်မာနတွေကို ဖယ်ခွာပြီး ငါကြည့်ချင်လိုက်တာ
သုကာရယ်။

✿ ✿ ✿ ✿ ✿



## အခန်း (၁၇)

" ဒါတော့ မင်းသိပ်လွန်သွားပြီ သုကာ "

" ငါဘာလွန်သလဲ သုကာအနားမှာ ထီမထင်ရှိရက်နဲ့ ငါ့ကား
တမင်ထားပြီး အကူအညီတောင်းတာ ဘာသဘောလဲ ရှင်းပါတယ်၊
အနားမှာ ဟိုကောင်အရိပ်လိုရှိနေတယ်ဆိုတာ ငါသိအောင် တမင်
တာကွ "

" မဟုတ်သေးဘူး သုကာ မင်းမှားနေပြီ၊ ရုပ်သွင်နဲ့ ထီမထင်
မှမပတ်သက်တော့ဘူး ရုပ်သွင်ကို ထီမထင်က ရည်းစားစကားပြော
က်ကတည်းက ရုပ်သွင်က မိတ်ဆွေအဖြစ်က ရပ်ဆဲပစ်လိုက်တာ "

" အဲဒါ ရုပ်သွင်စကားမဟုတ်လား တိုးတိုး၊ ငါ့မျက်စိနဲ့
အပ်မြင်ခဲ့တာပါကွာ ထီမထင်ဆိုတဲ့ကောင်ရဲ့ ပါဂျဲရိုးကရုပ်လို့ သူတို့
ယောက် ရပ်စကားပြောနေတာကို ငါအဝေးကြီးကတည်းက လှမ်းမြင်
ခဲ့တာ "

" မဟုတ်သေးဘူး၊ ဒါဆို ထီမထင်ဆိုတဲ့ကောင်က ရုပ်သွင်ကို
တင်းအရိပ်လို ကပ်လိုက်နေတာပဲ ဖြစ်မယ် "



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးက နိုင်မာစွာဆိုသည်။ ငြိမ်သက်စွာ နားထော
သော သူ့ရလင်းကပါ ခေါင်းညိတ်ထောက်ခံရင်း ဝင်ရှင်းပြပြန်
" ဟုတ်တယ် ရွှေရုပ်သွင်နဲ့ ထီမထင် မပတ်သက်ထေ
အမှန်ပဲ။ အရင်ရက်တွေက ထီမထင်တစ်ယောက်တည်း လက်
ဆိုင်မှာ ဝေါင်တောင်တောင်ထိုင်နေတာ ငါတို့မျက်မြင်ပဲ သုကာ။
ငါသတင်းကြားတာက ထီမထင်က ရွှေရုပ်သွင်ထိုင်နေတဲ့ စတို
လိုက်စုံစမ်းပြီး နေ့တိုင်းသွားတယ်တဲ့ ရွှေရုပ်သွင်က စကားမ
မဆက်ဆံဘူးတဲ့၊ ဒီကောင်က နေ့တိုင်းတစ်ရက်မပျက်သွားပြီး ကော
က အရောင်းစာရေးမလေးတွေဆီက ပစ္စည်းတွေ လျှောက်ဝယ်တ

သူ့ရလင်းစကားတွေကြောင့် သူ့မျက်မှောင်ကုပ်သွ
ထီမထင် ဘာတွေကြံစည်နေတာလဲ။ ရုပ်သွင်ဆိုင်ကို နေ့တိုင်းသွ
ဆိုပါလား။

ရုပ်သွင်ငြင်းဆိုလိုက်တာကို ခံရက်ခက်ပြီး ဒီကောင်သည်
မည်းမည်းကြိုးစားနေတာလည်း ဖြစ်နိုင်သည်။

ထီမထင်ရုပ်ရည်နှင့် ထီမထင်အခြေအနေက တော်
မိန်းကလေးတွေ ခေါင်းမခါရဲအောင် ပြည့်စုံသည်။ ဒါကို ရုပ်
ငြင်းလိုက်တာမို့ အရချိုင်ဖို့ကြိုးစားနေတာလား။

" အဲဒီနေ့က ရုပ်သွင်မင်းကို တကယ်အကူအညီတော
ပဲ ဖြစ်ရမယ်၊ မင်းက ရှောင်ထွက်ခဲ့တာတော့ မကောင်းဘူး၊ ထ
ဆိုတဲ့ကောင် အန္တရာယ်က မသေးဘူးနော် "





တိုးတိုးဆိုမှပဲ သူ နောင်တရသွားရသည်။ အဲဒီနေ့က ရုပ်သွင်
တအံ့တသြနဲ့ သူ့ကို ငေးကြည့်နေတာ ပြန့်မြင်လာသည်။

ခါးခါးသီးသီး ပေါက်ကွဲမိသော သူ့စကားတွေကြောင့် အံ့သြကာ
မျက်ရည်တွေတောင် ဝိုင်းနေခဲ့၏။

အခုမှတွေးရင်း သူ့စိတ်ထဲမှာ မကောင်းပါ။ အသည်းသွေး
တောင် သူ့ကိုပြောသေး၏။

" ကိုကိုကလည်း သူ့ခမြာ ကားပျက်နေလို့ အကူအညီတောင်း
တာ ဘာလို့မကူညီလိုက်တာလဲ "

" နင်ဘာမှ မသိပါဘူးဟာ နားမလည်ဘဲ ဘာမှမပြောနဲ့ "

သူ စိတ်တိုတိုနှင့် ဟောက်လိုက်မှ အသည်းသွေး နှုတ်ဆိတ်
သွားခဲ့၏။ ရုပ်သွင်ရှေ့မှာတုန်းက ဟန်ဆောင်ပြီးနေခဲ့ရပေမယ့် ထိုညက
သူတစ်ညလုံး အိပ်လို့မရခဲ့။

ရုပ်သွင်နှင့်ထီမထင်ကို လွှတ်ပေးထားခဲ့မိတာ မှားပြီလားဟု
နောင်တတွေရနေခဲ့၏။ ဒေါသတွေလည်း ဆူဝေနေခဲ့၏။

အခုအသေအချာပြန်စဉ်းစားကြည့်မှ သူမှားခဲ့တာ သူပြန်သတိ
ရ၏။

အရင်ကဆို ရုပ်သွင်စိတ်ဆိုးတာ မခေါ်မပြောလည်း သူဟန်မ
ပျက် နေပြခဲ့ဖူးသည်။ ကြာကြာစိတ်မဆိုး၊ မကောက်တတ်သော ရုပ်သွင်
က စကားပြောလာတော့လည်း ငြိမ်းချမ်းသွားခဲ့စမြဲ။

အခုကိစ္စမှာလည်း သူ့စိတ်ဆိုးပေါက်ကွဲစွာ ရုပ်သွင်ကို ပြောကြာ



www.burmeseclassic.com

www.burmeseclassic.com



ပြုထားခဲ့သည်။

ရင်ထဲမှာ ခံစားရတာ ကိုယ်တိုင်ပဲသိသည်။

ရုပ်သွင်နှင့်ထီမထင်ကို အတူတွဲမြင်ရတိုင်း ရင်ထဲကနာသ
ဒါပေမဲ့ ရုပ်သွင်ကို မုန်းလို့မရတာတော့ သိပ်ကိုသေချာသည်။

အသည်းသွေး ကိစ္စတွေနှင့် ရှုပ်ထွေးနေရင်း ရုပ်သွ
သတိရပေမယ့် မဆုံရတွေ့ဖြစ်တာ ကြာခဲ့ပြီ။

အခု သူငယ်ချင်းတွေပြောမှ သူရေရေရာရာသိခွင့်ရခြင်
ဖြစ်သည်။

" မင်း ဘာဆက်လုပ်မလဲ သုကာ "

အတွေးတွေက တိုးတိုးအမေးစကားကြောင့် ပြေးထွက်
သည်။ နှုတ်ကဖြေဖို့လည်း ရုတ်တရက် မဖြေနိုင်ခဲ့တော့ သူရယ်
မနေနိုင်ဘဲ ဝင်ပြောပြန်သည်။

" ရှင်းနေတာပဲ သုကာ ရုပ်သွင်ဘက်ကတောင် မိန်းက
တန့်မဲ့ မင်းကိုအလျှော့ပေးလာမှ မင်းက ဘာလို့မာနတွေနဲ့တင်းနေ
လဲ "

" ဟုတ်တယ် သုကာ ကြာလာရင်မကောင်းဘူး။ ငါ
သတိထားမိတာ ထီမထင်ပဲ ဒီကောင်အခု ရုပ်သွင်နဲ့ကျမှ အတော်
သွားတယ် "

" မင်း ဘာကိုဆိုလိုတာလဲ တိုးတိုး "

" ထီမထင်က ရုပ်သွင်ကိုတကယ်ကြိုးစားနေတာဆိုရင်





င်ပုံတွေက မကောင်းတာအမှန်ပဲ။ ရုပ်သွင်က မိန်းကလေးလေး သူ့
ပါယုယကြင်နာတဲ့သူကို လိုလားမှာပဲ "

ရင်ထဲမှာ ထိတ်ခနဲဖြစ်ရ၏။ ထီမထင်ရဲ့ အပြုအမူတွေထဲမှာ
သွင်မိန်းမောသွားခဲ့ပြီလား။ သူ့ကိုနာကျည်းပြီး ထီမထင်ကိုသာ ရုပ်သွင်
ရွယ်လိုက်လျှင် သူဆက်မတွေးရဲပါ။

တကယ်တမ်းဆုံးရှုံးရမည်ဆိုသော အတွေးက ရင်ထဲမှာ မှုမှု
င်လောင်နှင့် နေမထိထိုင်မသာ ဖြစ်ရသည်။

ထီမထင်ဆိုသည့်ကောင်က အတွေ့အကြုံရင့်ကျက်သည်။
ာ်ရဲဇက်ရဲနိုင်တာ သူအသိဆုံးပါပဲ။

တစိမ့်စိမ့်တွေးမိလေလေ ရင်ထဲမှာ လောင်မြိုက်ပူလောင်လာ
လေ ဖြစ်လာ၏။

ခွင့်လွှတ်ပါ ရုပ်သွင်ရယ်။

ငါ့မာနတွေကို မင်းထက်တောင် အလေးပေး ဂရုစိုက်နေခဲ့
ာ ငါ့အမှားပါပဲ။

ဒီတစ်ခါတော့ ငါ့မာနတွေကို ရိုက်ချိုးပစ်လိုက်ပြီ ရုပ်သွင်။

အဲဒါ နင့်ကိုငါချစ်လို့။

ရင်ထဲမှာ မြတ်နိုးစွာ ချစ်ခဲ့မိလို့ပါ ရုပ်သွင်ရယ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ပြောင်းလဲသွားသော အခြေအနေတစ်ခုကြောင့် ဆိုင်ကလေး ထဲက အရောင်းစာရေးမလေးတွေအကုန်လုံး အံ့သြနေကြတာတော့ သေချာသည်။

မျက်လုံးပေါင်းများစွာက တရင်းတနှီးစကားပြောနေသော ရုပ်သွင်နှင့် ထီမထင်ထံမှ ကွက်ကြည့်ကွက်ကြည့် လုပ်နေကြသည်။

ထီမထင်ဆိုသော ယောကျ်ားကို စကားပုံမပြောရမှာ စည်းကမ်း ထုတ်ထားသော ရွှေရုပ်သွင်ကိုယ်တိုင် စားပွဲဝိုင်းမှာ အတူထိုင်ရင်း စကား ဖောင်ဖွဲ့နေသည်ဆိုတော့လည်း ကောင်တာက ကောင်မလေးတွေ တီးတိုး သဖန်းပိုးလုပ်ရင်း ကြိတ်ကာ ရယ်နေကြမှာ သေချာသည်။

ရုပ်ချောချော စတိုင်လ်အပြည့်နှင့် နေ့စဉ်စတိုးဆိုင်က တစ်ရက် ကို ခြောက်သောင်း၊ ခုနစ်သောင်းဖိုးခန့် ပစ္စည်းတွေဝယ်ယူတတ်သော ထီမထင်ကို အားလုံးက ရွှေမင်းသားလေးဟု ထင်မှတ်ထားကြသည်။

ယခုတော့ ထိုရွှေမင်းသားလေးက ရွှေရုပ်သွင်နှင့်အဆင်ပြေ နေသည်ဆိုတော့လည်း





" ငါမပြောဘူးလား အဲဒီရွှေမင်းသားနဲ့တို့မမက ချစ်သူတွေ ဖြို အခုစိတ်ဆိုးပြေပြီး ရာသီဥတုပုံမှန်အတိုင်း ပြန်ဖြစ်သွားပြီလေ ဆင်း ဟင်း "

" အင်းနော် မမရုပ်သွင်က ကံကောင်းပါတယ် ကိုထီမထင်က ဘယ်မမကို ချစ်ပုံပဲနော် တစ်ရက်မပျက် နေ့တိုင်းလာနေတာ "

" ဟုတ်ပ့ါ အခုတော့ မမရွှေရုပ်ပဲ ပျော့သွားရတာပေ့ါ "

ဆိုင်က ချာတိတ်မလေးတွေအားလုံး ထင်မြင်ချက်တွေ ပေးနေ ကို ရုပ်သွင်မကြားပေမယ့် သိနေရသည်။ ဘာပဲဖြစ်ဖြစ် ရွှေရုပ်သွင် ရှင်းချင်တော့ပါ။

ထီမထင်ရဲ့ အရေးတယူ ဂရုစိုက်မှုတွေကို ခံယူရတိုင်း ကို စိတ်ထဲကနာကျင်မိသည်။

ထီမထင်ရဲ့ ယုယကြင်နာမှုမျိုး နည်းနည်းလေးကာပဲ သူကာမှာ ဘယ်လောက်ကောင်းမည်လဲ။

ထီမထင်ရည်းစားတွေ များခဲ့တာ ရုပ်သွင်ကြားခဲ့ဖူးပေမယ့် ရှိအချိန်မှာတော့ ထီမထင်ရဲ့ ဂရုတစိုက် ရှိမှုတွေက ယုံနိုင်စရာ င် မရှိခဲ့ပါ။

ရုပ်သွင်နှင့် ပထမဆုံးအကြိမ်ဆုံတုန်းက မထီတရီအပြုံးတွေနှင့် ခဲ့ပြုမူခဲ့သော ရုပ်သွင်ပါးပြင်ကို လက်ရဲဇက်ရဲ နမ်းရှိုက်ခဲ့သော င်ဆိုသော ယောကျ်ားနှင့်လုံးဝ မတူညီတာတော့ သေချာပါသည်။

ပြီးဆုံးခဲ့သော အတိတ်ကိုပြန်တွေးမိတော့ ရုပ်သွင်ရင်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



နွေးခနဲလိုက်ခုန်ရသည်။ ထိုစဉ်တုန်းက ထိမထင်ရဲ့ အနမ်းကိုချေဖျက် နမ်းရှိုက်ခဲ့ဖူးသော သုကာ။ အခုတော့။

ဥပေက္ခာတရားနှင့် ရုပ်သွင်ကို မေ့လျော့ထားခဲ့သည်က ခံပြင်း နာကျင်စရာကောင်းလိုက်တာ။

" ဟင် "

အံ့ဩမယုံနိုင်မှုတွေနှင့် ရုပ်သွင်နှုတ်ဖျားက အသံထွက်သွား သလို မျက်နှက်ဝန်းလေးတွေ ဝိုင်းစက်သွားခဲ့သည်။

ဘယ်လိုမှယုံနိုင်စရာမရှိပါ။ ဆိုင်ထဲကို လှမ်းဝင်လာနေသူက သုကာရယ်။

" ဘာအလိုရှိပါသလဲရှင် "

အရောင်းစာရေးမလေး၏ ချိုသာသော အမေးစကားကို ဥပေက္ခာပြုလျက် သုကာဦးတည်လှမ်းလာသည်က ရုပ်သွင်ထံသို့ ဖြစ် သည်။

သူတို့နှစ်ဦးထိုင်နေသော စားပွဲဆီသို့ တန်းတန်းမတ်မတ် လျှောက်လာသော သုကာကို ထိမထင်မြင်တွေ့သွားတော့ အံ့ဩသွားခဲ့ သည်။ ထိုင်ခုံမှ ဖျတ်ခနဲရပ်ကာ သုကာကို စိုက်ကြည့်နေ၏။

သုကာ မျက်ဝန်းတွေက ရွှေရုပ်သွင် အနီးမှာရှိနေသော ထိမထင်ကို တစ်ချက်ကြည့်ကာ မျက်မှောင်ကုပ်သွားခဲ့၏။

" သုကာ . . . နင် . . . နင် "

" နင်နဲ့တွေ့ချင်လို့ ငါတမင်လာခဲ့တာ ရုပ်သွင် ငါနဲ့အပြင်ခဏ





လောက် လိုက်ခဲ့စမ်းပါ "

" စကားသံက မာဆတ်ဆတ်နှင့် အမိန့်သံဆန်နေသည်။ ပ်သွင် အံ့ဩမယုံနိုင်မှုတွေနှင့် သုကာကိုကြည့်ရင်း နှုတ်တွေဆွံ့အ နေသဲ။

" ခဏလေးပဲ ရုပ်သွင် အရေးကြီးကိစ္စရှိလို့ "

သုကာ မာနတွေကို ရိုက်ချိုးပြလိုက်မည်ဟူသော ဆန္ဒတွေ ဘယ်ဆီကိုလွင့်ပြေးကုန်သည် မသိပါ။ ရုပ်သွင်အလိုလို ခေါင်းညိတ်ပြီး ပ်နေသည်။

" ဒါဆို ခဏလိုက်ခဲ့ ရုပ်သွင် ငါတို့တစ်နေရာမှာ စကားပြော အောင် "

" ထိမထင် ရုပ်သွင်ကို ခွင့်ပြုပါဦးနော် သုကာနဲ့ခဏလောက် လိုက်သွားချင်လို့ "

" ဘယ်သူ့ကိုမှ ခွင့်တောင်းမနေနဲ့ ရုပ်သွင် ငါလိုချင်တာ ုံးဖြတ်ချက်ပဲ နင်ဆန္ဒရှိမှ လိုက်ခဲ့ပါ "

" ထိမထင်က ငါ့ဆိုင်လာတဲ့ ဧည့်သည်လေ သုကာရဲ့ ကြောင့်ပါ "

ထိမထင်ကို အားနာစွာနှင့် ရုပ်သွင်ဆိုမိသည်။ ဘယ်လိုပဲ ဖြစ် ထိမထင်နှင့်အတူရှိနေတုန်း သုကာလာခေါ်တာမို့ ထိမထင်ကို တော့ အားတုံ့အားနာဖြစ်ရ၏။

" ရပါတယ် ရွှေရုပ် သွားပါ ကိုယ်ဒီကပဲ စောင့်နေမယ် "



www.burmeseclassic.com

www.burmeseclassic.com



ထိမထင်က နှာ:လှည့်စွာနှင့် ဆိုသည်။ သုကာ မျက်ဝန်းရွှေရွှေတွေက ထိမထင်ထံမှာ ရူးရူးဝါးဝါး ငေးစိုက်ကြည့်ပြီး ချာခနဲလှည့်ထွက်သွားခဲ့သည်။

ဆိုင်ရှေ့မှာ ရပ်ထားသော သုကာရဲ့အဖြူရောင် ဆလွန်းကားလေးဆီသို့ ရုပ်သွင်ရောက်ခဲ့တော့ သုကာ စိတ်မရှည်နိုင်စွာ ရပ်စောင့်နေရင်း

" တက် ရုပ်သွင် "

ထိမထင်သာဆိုလျှင် ကားတံခါးအသင့်ဖွင့်ပေးပြီး ဖြစ်နေလိမ့်မည်။ ဒါပေမဲ့ သုကာကတော့ သုန်မှုန်နေသော မျက်နှာနှင့် အမိန့်စကားဆန်စွာဆိုသည်။

ရုပ်သွင်ဘာမှ မတုန့်ပြန်ဘဲ ကားတံခါးဖွင့်တက်လိုက်၏။ သုကာ ကားမောင်းသူနေရာမှာ ဝင်ထိုင်ပြီး ကားလေးကို မောင်းထွက်ခဲ့သည်။

ဘယ်ဆီဘယ်ကို ဦးတည်ရာမသိသော သုကာရဲ့ကားပေါ်မှာ ရုပ်သွင် ကြာရှည်စွာနှုတ်ဆိတ် မနေနိုင်ပါ။

" ဘယ်သွားမလို့လဲ သုကာ ဘာကိစ္စရှိလို့လဲ "

ရုပ်သွင်မေးတော့ သုကာ ကားမောင်းနေရာမှ ဖျတ်ခနဲလှည့်ကြည့်ရင်း

" ဆိုင်မှာကျန်ရစ်ခဲ့တဲ့ ထိမထင်ကို နင်မေ့ပစ်လိုက် ရုပ်သွင် နင့်ကိုငါအရေးကြီးစကား ပြောစရာရှိလို့ ခေါ်လာတာ "





ရုပ်သွင် ရင်ထဲမှာ လှိုက်ခနဲခုန်သည်။ သုကာကတော့ ကားရှေ့...ကို ပြန်ကြည့်လျက် ကားကို ဆက်မောင်းနေသည်။

ရုပ်သွင်ရင်ထဲမှာ အတွေးတွေ ဆင့်ပွားနေရသည်။ သုကာ ...ဖြစ်လာတာလဲ။ ဘာတွေပေါက်ကွဲ နေတာလဲ။

ရက်ပေါင်းများစွာ ရုပ်သွင်ကိုမေ့လျော့ဥပေက္ခာပြုထားပြီးမှ ...ကာ ရောက်ရှိလာပုံက အံ့ဩမက်ဆန်လွန်းနေသည်။

ကားလေးက ရန်ကုန်နယ်နိမိတ်ကို ကျော်ဖြတ်ကာ မင်္ဂလာဒုံ ...မသာကဦးတည်နေ၏။

ဘယ်ကိုသုကာ မောင်းနေတာလဲမသိ။ ကားစက်ရှိန်က ...ချက်မလျှော့ဘဲ ပိုလို့တောင် တိုးလာသည်ထင်သည်။

ယာဉ်အသွားအလာ ရှင်းလင်းလာပြီမို့ သုကာ အရှိန်မြှင့် ...င်းနေသည်။ ရုပ်သွင်စိတ်ထဲက သိချင်စိတ်တို့ ချုပ်ထိန်းမရတော့ ...မို့

" နင် ဘယ်ကိုမောင်းနေတာလဲ သုကာ "

ရုပ်သွင်စကားသံကြားမှ သတိဝင်လာဟန်နှင့် သုကာ ကားစက်...ကို လျှော့ချသည်။ ပြီးတော့ ကားလေးက ညာဘက်လမ်းမကိုကပ်ကာ ...နဲ့ထိုးရပ်သွားခဲ့၏။

သိပ်အပြင်းထန်ကြီး မဟုတ်ပေမယ့် အရှိန်ပါနေတာမို့ ဘရိတ်...င်းမှာ ရုပ်သွင်ခန္ဓာကိုယ်လေးတောင် ရှေ့တိုးနောက်ငင် ယိုင်ထိုး...ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားစက်ကိုရပ်ကာ သုကာ မျက်နှာက ရုပ်သွင်ဘက် မျက်နှာ ချင်းဆိုင်လှည့်ရင်း ဆိုင်လာသည်။

မျက်ခုံးထူထူတွေအောက်က မျက်နက်ဝန်းအစုံက ရုပ်သွင် မျက်နှာပေါ်မှာ စူးနစ်လျက်

" ရုပ်သွင် "

နှုတ်ခမ်းလေးတွေ လှုပ်ခတ်လျက် ညင်သာစွာခေါ်ပေမယ့် ရုပ်သွင်မတုန့်ပြန်ဘဲ ငေးကြည့်နေမိသည်။

နက်မှောင်သော ခလယ်ခွဲဆံပင်တိုတိုကြောင့် ရှင်းသန့်သည့် သုကာမျက်နှာက ထင်ရှားစွာ ပေါ်လွင်နေသည်။

ပြေပြစ်သော နဖူးနှာတံသွယ်သွယ်နှင့် နှုတ်ခမ်းနီစွေးစွေး၏ အထက်ပိုင်းမှာ မွှေးညင်းစိမ်း စိမ်းလေးတွေ စိမ်းမြနေသော သုကာ။

တိတ်ဆိတ်ခြင်းတွေထဲမှာ နှစ်ဦးသားတဒင်္ဂနစ်မျောနေမိ၏။ သုကာမျက်ဝန်းကြည်လဲ့လဲ့တွေထဲမှာ မာနတရားရဲ့အရိပ်တွေ ကင်းစင် နေခဲ့ပြီလား။ ရုပ်သွင်မယုံမရဲ တွေးနေမိဆဲ။

" ရုပ်သွင် နှင့်ကိုငါ အရင်ဆုံးတောင်းပန်ချင်တာ ဟိုတစ်နေ့က ငါအထင်လွဲပြီး ပြောလိုက်မိတာကို နင် ခွင့်လွှတ်ပေးပါ "

" ဘာလဲ ငါကားပျက်နေတုန်းက ကိစ္စလား "

" ဟုတ်တယ် ရုပ်သွင် နှင့်ကိုထီမထင်နဲ့အတူတွေ့လိုက်တော့ ငါ့စိတ်ထဲမှာ အရမ်းခံစားလိုက်ရတယ် ဒါကြောင့် ငါ့စကားတွေ လွန်သွား မလားဘဲ "





" ဟုတ်တယ် အဲဒီနေ့က နှင့်ကိုငါ အရမ်းစိတ်ဆိုးတယ် သုကာ နှင့်လုပ်ရပ်က အတော်ဆိုးတယ် ငါ့ကိုဥပေက္ခာပြုသွားတယ်လို့ ငါခံစားရတယ် "

" အဲဒီအတွက် ငါတောင်းပန်တယ် ရုပ်သွင် နင်ကျေနပ်ပေးပါ ငါ တကယ်ခံစားလိုက်ရတာပါ အဲဒါဘာလို့လဲ နင်သိသလား ရုပ်သွင်"

ကြည်လင်တည်ငြိမ်နေသော မျက်ဝန်းတွေထဲမှာ ရောင်စဉ်တွေ တောက်ပသွားသည်ဟု ရုပ်သွင်ထင်မိသည်။

" နှင့်ကိုငါ ချစ်နေလို့ပေါ့ ရုပ်သွင် "

နူးညံ့ညင်သာသော စကားလုံးတွေက ရုပ်သွင်ရင်ထဲအထိ စိမ့်အေးစွာ စီးဝင်သွားခဲ့သည်။ ရင်ထဲမှာ တလှုပ်လှုပ်နှင့် မျက်နှာပေါ်မှာ ပန်းနုသွေးလွှမ်းသွားတာက ,ဟန်ဆောင်ချုပ်ထိန်းမရနိုင်စွာ အလိုလို ဖြစ်ပေါ်သွားခဲ့သော အရာများပင်ဖြစ်သည်။

" တကယ်ပါရုပ်သွင် နှင့်ကိုငါ့ရင်ထဲမှာ မြတ်မြတ်နိုးနိုး ချစ်ခဲ့ တယ် ငါ နောက်မကျသေးပါဘူးနော် နင်နဲ့ထီမထင် ဟို. . . ဟို "

" အို မဟုတ်တာ နင်ငါ့ကို ဥပေက္ခာပြုသွားတဲ့ နေ့ကမှ သူနဲ့ငါ မိတ်ဆွေတွေ ပြန်ဖြစ်ခွင့်ရသွားခဲ့တာပါ "

" ဒါ ဒါဆို ငါ ဝမ်းသာရမှာလား ရုပ်သွင် ငါ မျှော်လင့်ခွင့် ရှိသေးတယ်ပေါ့နော် "

အတိုင်းမသိသော ပီတိလှိုင်းတွေနဲ့ ငါ့ရင်ခုန်သံတွေ မြန်ဆန် နေတာ နင်မှမမြင်နိုင်ဘဲ သုကာရယ်။ နင့်မာနတွေ တကယ်ပြောကျ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီပေါ့။ ငါ မျှော်လင့်နေတဲ့ နှင့်ရင်ထဲက စကားကို ငါတကယ် ကြား ပြီလား။ ငါ အိပ်မက်မက်နေတာတော့ မဖြစ်ပါရစေနဲ့ သုကာ။

" ဖြေပါဦး ရှပ်သွင် ငါ အရမ်းသိချင်တယ် "

" ဟင့်အင်း ငါမဖြေချင်သေးဘူး ခုချိန်မှာ နှင့်ကိုငါ အချ စိတ်ဆိုးနေတယ် သုကာ သိလား "

" ဟင် ဘာလို့လဲ ရှပ်သွင် ငါ့မှာဘာအပြစ်ရှိလို့လဲ "

" ငါ ကားပျက်နေတုန်းက နှင်ပစ်ထားခဲ့တာရယ် ပြီးတော ထိမထင် ငါ့အနားမှာ တရစ်ဝဲဝဲလုပ်နေတာ သိရက်နဲ့ ဥပေက္ခာပြု ခဲ့တာတွေအတွက် ငါတန်နိုးဒေါသ ဖြစ်နေခဲ့ရတာ နှင်မသိဘူးလား"

" သိတယ် နှင့်ကိုဥပေက္ခာပြုထားနိုင်အောင် ငါဘယ်လော အထိ ခက်ခက်ခဲခဲ ကြိုးစားခဲ့ရတယ်ဆိုတာ ပြီးတော့ နှင်အပြစ်ပေ ငါ့ကိုမခေါ်မပြော လုပ်ခဲ့တဲ့အကြိမ်တွေတိုင်းမှာ ငါ လူမသိသူမသိ ခံ ခဲ့ရတာတွေကော နှင်မသိဘူးလား ရှပ်သွင် "

" မသိဘူး "

" ရှပ်သွင်နော် ငါစိတ်ဆိုးအောင် မလုပ်နဲ့ "

" လုပ်တယ် ဘာဖြစ်လဲ "

တမင်ညစ်ကာ ရှပ်သွင်ဘုတောတောပစ်လိုက်တော့ သုကာ လက်တွေက မြန်ဆန်လွန်းသည်။ ဖျတ်ခနဲ သုကာရင်ခွင်ထဲကို ရှပ်သွ ရောက်သွားခဲ့သည်။

" သုကာ. . . နှင်. . . အိုး"





ညာဘက်ပါးပြင်မှာ နွေးခနဲအထိအတွေ့ကြောင့် ရှပ်သွင် မျက်နှာလေး ရဲရဲနီမြန်းသွားရ၏။

" ဟိုတစ်ခါ အနမ်းက ဘယ်ဘက်ပါးပေါ်က ဟိုကောင့်အနမ်း ကို ချေဖျက်တာ ဒီတစ်ခါက ညာဘက်ပါးက ငါ့ဦးဦးဖျားဖျား နမ်းခွင့် ယူလိုက်တာပဲ ရှပ်သွင် "

သုကာ ရင်ခွင်ထဲမှာ ရှပ်သွင် လူးလဲရုန်းထွက်ရင်း ရင်ခုန်သံ တွေ ဝုန်းဒိုင်းကျဲသွားရ၏။

" နှင့်ကိုငါ စိတ်ဆိုးမိမယ်နော် သုကာ "

" နှင်စိတ်ဆိုးခဲ့တာတွေများပြီ ရှပ်သွင် ဒီတစ်ခါတော့ အရင်လို အကြာကြီး စိတ်ဆိုးခွင့် ငါမပေးနိုင်ဘူး အစဉ်အလာမပျက်ချင်ရင် တစ်မိနစ်တိတိ ငါ့ကိုစကားမပြောဘဲ နေချင်နေလေ ဒီထက်တစ်စက္ကန့် တောင် ပိုခွင့်မပြုဘူး "

သုကာစကားကြောင့် ရှပ်သွင်မပြုံးဘဲ မနေနိုင်။ မျက်စောင်း လုလုလေးတစ်ချက် ဝဲလွင့်သွားတော့ သုကာကြည်ကြည်နူးနူး ရယ်နေ သေးသည်။

မာနတိမ်တိုက်တို့ ကင်းစင်သော သုကာမျက်ဝန်းတွေမှာ ချစ်ခြင်း၏ရောင်စဉ်တွေ သက်တန့်တစ်ခုလို ဖြာလဲ့နေသည်။

ဒါ အိပ်မက်တစ်ခု မဟုတ်ပါစေနဲ့ဟု ရှပ်သွင်ရင်ထဲမှာ တိတ် တခိုး ဆုတောင်းရင်း။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ရင်ထဲမှာခံစားရသည်က နာကျင်မှုတစ်ခုတည်း မဟုတ်တ
တော့ သေချာသည်။ နှင့်နှင့်သီးသီး ခံစားရသော ဝေဒနာက ပိုဆိုးသည်
မဟုတ်ဘူး။ မဖြစ်နိုင်ဘူး။ မယုံဘူးဟု ဖွတ်မိုတ်ငြင်းလို့ မ
နိုင်အောင်ကို သေချာခဲ့တာတော့အမှန်။

တကယ်ဆိုလျှင် သူရှေ့မှောက်မှာပဲ ရွှေရုပ်ကို ပိုင်စိုးပိုင်နင်
ခေါ်ဆောင်သွားခဲ့သော သူကာဖြစ်သည်။ မာထန်ထန်အကြည့်ဖ
နှင့်တောင် သူ့ကိုကြည့်သွားခဲ့သေးသည်။

ရွှေရုပ်ဆိုသော ရွှေရုပ်သွင်ကလည်း သူကာဆန္ဒကို ဖ
မဆောင်နိုင်အောင်ဘဲ လိုက်လျောသွားခဲ့သည်။ သူ ထိုနေ့က ဆိုင်
တစ်နေကုန်သည်အထိ ရွှေရုပ်ကို မျှော်နေမိသည်။

သူကာရွှေရုပ်ကို ဘယ်အထိ ခေါ်ဆောင်သွားသည်မသိ
ညနေဆိုင်ပိတ်ချိန်အထိ ပေါ်မလာ။ သူ့ရင်ထဲမှာ စိုးရိမ်ပူပန်စိတ်တွေ
နေမထိထိုင်မသာဖြစ်ကာ လည်တဆန့်ဆန့် မျှော်နေခဲ့တာကို ဆိုင်
ကောင်မလေးတွေတော်င် သိသည်။





" ဒီနေ့ မမရုပ်သွင်ဆိုင်ကို ပြန်လာမယ် မထင်ဘူး ကိုထီမထင်"

သူ့အဖြစ်ကို မမြင်ရက်နိုင်၍လားမသိ သီဂီက ဆိုလာသည်။

" ရတယ် သီဂီ သူပြန်လာမယ်ထင်ပါတယ် ဆိုင်ပိတ်ချိန်အထိ
ကိုယ်စောင့်နေနိုင်ပါတယ် "

ရင်ထဲက အပူတွေကို တန်နှံခံစားလွယ်ပိုးရင်း ဆိုင်ပိတ်ချိန်
အထိ သူစောင့်နေခဲ့မိသည်။ ဒါပေမဲ့ ရွှေရုပ် တကယ်ပဲ ပြန်မရောက်လာ
ခဲ့ပါ။

သူစောင့်နေမှာသိလို့ သူကာ တမင်ရွှေရုပ်ကို ပြန်မလွှတ်ဘဲ
နေတာလားမသိ။ ဆိုင်သိမ်းလို့ သူပြန်ခဲ့ရပေမယ့် ရင်ထဲမှာ ဟာတာတာ
ဝေဒနာနှင့် အိမ်ကိုတန်းမပြန်နိုင်ခဲ့။

ရွှေရုပ်သွင်တို့အိမ်ရှေ့မှာ မယောင်မလည်ရပ်ကာ ရှာဖွေကြည့်
မိသည်။ အပြင်ဘက်မှာ မှောင်ရိပ်သမ်းနေပေမယ့် လျှပ်စစ်မီးရောင်
တွေနှင့် ထိန်လင်းနေသော ရုပ်သွင်တို့အိမ်ထဲကို လှမ်းမြင်နေရ၏။

ညည့်ခန်းထဲမှာ ရုပ်သွင်တို့မောင်နှမ အတူထိုင်နေတာမြင်မှ
သူစိတ်ချလက်ချ အိမ်ပြန်နိုင်ခဲ့သည်။

နောက်တစ်နေ့မနက် ဆိုင်ကိုရောက်တော့ ရွှေရုပ်သွင်ကို မတွေ့
ရပါ။ သူရောက်လာမှာ ကြိုသိနေသော သီဂီကသူ့ကို ဇာရုဏာရိပ်ဝေ
သော မျက်ဝန်းတွေနှင့်ကြည့်ရင်း

" မမရုပ်သွင် ဒီနေ့ဆိုင်မလာဘူး ကိုထီမထင် "

" ဟင် ဟုတ်လား ဘာလို့လဲ သူ နေမကောင်းဖြစ်လား



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကမလာတာလား ”

“ အင်း . . . ဟို . . . ဟုတ် . . . ဟုတ်တယ် သူ ဒီဆိုင် မလာတော့ဘူးတဲ့ ”

“ ဘာပြောတယ် သိင်္ဂီ ဒီဆိုင်ကို မလာတော့ဘူးဆို ရွှေရုပ်က အိမ်မှာလား ”

“ ဟို အဲဒါတော့ သိင်္ဂီမသိဘူး ကိုထိမထင် ”

ရိုးသားသော သိင်္ဂီမျက်ဝန်းတွေက သူ့ကိုရင်ဆိုင်ဖို့ မဝံ့ရဲ စကားတွေ တွန့်ဆုတ်နေတာ အကဲခတ်ရင်း သူ တစ်စုံတစ်ရာ နားလည်သလို ရှိလာသည်။

“ သိင်္ဂီတစ်ခုပြောစမ်းပါ ရွှေရုပ်ဆိုင်ကိုမလာတော့ဘူးဆို ဘာသဘောလဲဟင် ”

“ ဟို . . . အဲ မ မသိဘူးကိုထိမထင် ”

“ ကိုယ်တောင်းပန်ပါတယ် သိင်္ဂီ မင်းသိမှာပါ ရွှေရုပ် ဘာလို့မလာတာလဲ မင်းကိုဖုန်းတော့ဆက်မှာပါ ကိုယ့်ကိုမညာပါနဲ့ အ အတိုင်းပြောစမ်း ”

“ ဟို ဟိုလေ မမရုပ်သွင်က ဒီဆိုင်ကို ဘယ်တော့မှလာ မှာ မဟုတ်တော့ဘူး ”

“ ဘာ ဘာဖြစ်လို့လဲ သိင်္ဂီ ”

“ ကိုထိမထင်ကို သူရှောင်တိမ်းတာပဲဖြစ်မယ် ထင်တ ဘာကြောင့်လဲတော့ သိင်္ဂီလည်း မသိဘူး ”





သူ ရင်ထဲမှာ တကယ်ပဲ ဝမ်းနည်းသွားရ၏။ ရွှေရုပ် သူ့ကို ရှောင်တိမ်းနေတာပေါ့။ ဒါဘယ်ကောင့်စနက်လဲ။

ဟိုကောင် ဇိသုကာရဲ့ အစီအမံလား။ ရွှေရုပ်ကကော ဒီကောင့် စကားကို ဘာလို့နာခံနေတာလဲမသိ။ အဖြေတစ်ခုကိုတော့ သူသိချင် သည်။

သိင်္ဂီကို ထပ်မေးနေလို့လည်း မထူးခြားမှာ သူသိနေသည်။ ဘာပဲဖြစ်ဖြစ် သူရွှေရုပ်နှင့် ထိပ်တိုက်တွေ့မှ ဖြစ်မည်။ ထိုအတွက် ခက်ခဲသော ကိစ္စမဟုတ်ပါ။

“ ကျေးဇူးတင်ပါတယ် သိင်္ဂီ ကိုယ့်ကိုခွင့်ပြုပါဦး ”

ဆိုင်ရှေ့မှာ ရပ်ထားသော ပါကျဲရိုးကားပေါ် သူခပ်သွက်သွက် ခုန်းတက်ခဲ့သည်။ ရွှေရုပ်ဘယ်မှာ ရှိနိုင်မလဲဆိုတာ သူခန့်မှန်းပြီးပြီပဲ။

ရွှေရုပ်တို့ ပိုင်ဆိုင်သော စတိုးဆိုင်ကသုံးဆိုင်။ ဒီဆိုင်မှာ ရွှေရုပ် မရှိလျှင် ကျန်တဲ့ဆိုင်နှစ်ဆိုင်မှာတော့ ရှိနိုင်သည်။

သူတွေးဆချက်က မှန်ပါသည်။ လှည်းတန်းဘက်က စတိုးဆိုင် ကြီးမှာ ရွှေရုပ်ကို သူထိပ်တိုက်တွေ့လိုက်ရ၏။

ဆိုင်ထဲကိုဝင်လာသောသူ့ကိုမြင်တော့ ရွှေရုပ်မျက်နှာကွက်ခနဲ ပျက်သွားတာကိုလည်း သူအကဲခတ်မိသည်။

“ ရွှေရုပ် ”

“ ဟင် ရုပ်သွင်ဒီဆိုင်မှာရှိနေတာ ကိုထိမထင်ကို ဘယ်သူပြော လိုက်လို့လဲ ”



www.burmeseclassic.com

www.burmeseclassic.com



" ရွှေရုပ်တို့ပိုင်တဲ့ဆိုင် သုံးဆိုင်ရှိတာပဲ တစ်ဆိုင်မော... တစ်ဆိုင်မှာရှိမှာ ကိုယ်သိနိုင်တာပေါ့ရွှေရုပ်ရယ် ဟိုဆိုင်မှာ ရွှေရုပ်ထ... မထိုင်တော့တာလဲဟင် "

" အဲဒီဆိုင်မှာ ထိုင်တာကြာတော့ ပျင်းလာလို့ ဒီဆိုင်လာ... နေတာပါ "

" ရွှေရုပ် ကိုယ့်ကိုရှောင်နေတာတော့ မဟုတ်ပါဘူးနော်"

တဲ့တိုးမေးလိုက်သော သူ့စကားကြောင့် ရွှေရုပ်ဖြေရခက်... ဖြစ်သွားတာ အထင်အရှား။

ဝေ့လည်ကြောင်ပတ် မေးခွန်းတွေနှင့် သူပေမရှည်ချင်... ရင်ထဲမှာသိချင်သောမေးခွန်းကိုပဲ မေးပစ်လိုက်၏။

" မဟုတ်ပါဘူး ထီမထင်ရဲ့ ရုပ်သွင်ကိုယ်တိုင်က ဆိုင်အ... ကို လုံးဝစိတ်မဝင်စားတာ ကိုကြီးဖွတ်ခိုင်းလို့သာ ထိုင်ပေးနေရ... အဟင်း၊ တစ်နေကုန် စားပွဲမှာ ငုတ်တုတ်ထိုင်နေရတာကို ရုပ်သွ... ပျင်းတာ "

" ဒါဆို ရွှေရုပ်မပျင်းရအောင် ကိုယ်နေ့တိုင်း အတူလာ... ပေးမယ်လေ "

ထီမထင်စကားကြောင့် စိတ်ကညစ်ရှုပ်ပြန်သည်။ ဘယ်... ရှောင်တိမ်းလို့မရပါလား။ ထီမထင်နှင့်မပတ်သက်လိုတော့တာမို့ ရုပ်... ဒီဆိုင်မှာ ပြောင်းထိုင်နေခဲ့မိတာတောင် သူကမရအရလိုက်လာသေးသ...

သူကာသွာမြင်လျှင် မလွယ်။ သူကာက ထီမထင်နှင့်ပတ်သ...





...င်နေတာကို လုံးလုံးကြိုက်နှစ်သက်တာမဟုတ်။ ရုပ်သွင်ကလည်း ...င်တော့ပါဟု ကတိပေးခဲ့ပြီးချေပြီ။

ထီမထင် ဆိုင်ရောက်နေတုန်း သူကာရောက်လာလျှင် တကယ့် ...ခက်ပါပဲ။ ထိုးကြိတ်ကြနှင့် ရန်ဖြစ်ကုန်ကြလျှင် ပြဿနာတွေ ...ကြီးသွားကုန်မည်။ ဘယ်လိုလုပ်ရပါ့မလဲ။

" ရွှေရုပ်ဆိုင်မှာ ကိုယ်နေ့တိုင်းလာထိုင်ပေးမယ် ရွှေရုပ်ရဲ့ ...င်းဖယ်ားတွေ ကိုယ်ကူလုပ်ပေးနိုင်ပါတယ်။ အဲဒီအတွက် ဘာလခမှ ...ပါဘူး ရွှေရုပ်ရဲ့ "

ရယ်ရယ်မောမောနှင့် ပေါ့ပေါ့ပါးပါးပြောနေသော ထီမထင်ကို ...ကြည့်ကာ ရုပ်သွင်မရယ်မပြုံးနိုင် ဖြစ်နေရသည်။ အမှန်ဆိုလျှင် ထီမထင် ...သည် ခင်မင်စရာကောင်းသော သူငယ်ချင်းတစ်ဦးဖြစ်နေတာတော့ ...သွင်မငြင်းနိုင်ပါ။

ရပ်ကွက်ထဲမှာ နာမည်ဆိုးနှင့်ဘယ်လောက်ပဲ ကျော်ကျော် ...သွင်အပေါ်မှာတော့ ထီမထင်သည် ဖြူစင်ရိုးသားမှုရှိသည်ထင်၏။ ...မွေ့သန့်ကြည်သော ထီမထင်မျက်ဝန်းတွေထဲမှာ နူးညံ့သော အကြင် ...နိုင်တို့လဲ ဖြာနေခဲ့တာက အထင်အရှားဖြစ်ခဲ့သည်။

" ဘယ်လိုလဲရွှေရုပ် ကိုယ့်ကိုခန့်မယ်မို့လား "

" ထီမထင် စိတ်မဆိုးပါနဲ့ ထီမထင်ကို ရုပ်သွင်တောင်းပန် ...တယ် "

" ဟင် ဘာတောင်းပန်မှာလဲ ရွှေရုပ်ရဲ့ "



www.burmeseclassic.com

www.burmeseclassic.com



" ထိမထင်ဆိုင်ကို ခဏခဏမလာပါနဲ့လို့ တောင်းပန်ချင်လ
ပါ "

ရုပ်သွင်စကားကြောင့် ထိမထင်မျက်နှာနုနုလေးအပေါ်မှာ အ
မကျေသလို ညှိုမှောင်သွားခဲ့၏။

" ဘာဖြစ်လို့လဲ ရွှေရုပ် တို့ရွှေရုပ်အပေါ် ဘာအပြစ်လုပ်မိလို့
လဲဟင် "

" ရုပ်သွင် ပွင့်ပွင့်လင်းလင်းပဲပြောပါရစေ ထိမထင်၊ သုက
နဲ့ထိမထင် ထိပ်တိုက်ရင်ဆိုင်တိုးမိကြရင် မကောင်းဘူး ဒါကြောင့်ပါ

စကျုံ့နေသော မျက်ခုံးတန်းတန်းလေးတွေ ပင့်တက်သွား
ထိမထင် နှုတ်ခမ်းမှာအပြုံးယဲ့ယဲ့လေးတွေ အရိပ်ထင်လာရင်း

" ဘာဆိုင်လို့လဲ ရွှေရုပ်ရယ် သုကာနဲ့ကိုယ် ပြဿနာဖြစ်မှ
စိုးလို့လား။ စိတ်ချ ကိုယ့်ဘက်က အငြိုးအတေးမရှိပါဘူး။ ကိုယ်နဲ့သုကာ
ဘာပြဿနာဖြစ်စရာရှိလို့လဲ "

" အရင်က မရှိနိုင်ပေမယ့် အခုရှိနိုင်တယ် ထိမထင်၊ သုကာ
ရုပ်သွင်ရဲ့ ချစ်သူပါ "

" ဘာ ဘာရယ် ရွှေရုပ် "

" ဟုတ်တယ် သူနဲ့ရုပ်သွင် ချစ်နေကြပြီ ထိမထင်၊ ထိမထ
နားလည်မှာပါ၊ သူ သဘောမကျတာ ရုပ်သွင်မလုပ်ချင်ဘူး "

လေးနက်တည်ကြည်စွာ ဆိုနေသောနှုတ်ခမ်းလှလှလေး
ထိမထင် ငေးကြည့်နေခဲ့မိသည်။ ရွှေရုပ်နှင့်သုကာက ချစ်သူတွေ



သေချာခဲ့ပြီပေါ့။ ရွှေရုပ်နှုတ်ဖျားက ထွက်ပေါ်လာခဲ့တဲ့ စကားတွေကို
ကြားခဲ့ရတာ အိပ်မက်တော့ မဟုတ်ပါ။

ထိမထင်နှုတ်ဖျားက ဘာစကားမှမဆိုနိုင်အောင်ဘဲ နှုတ်ဆိတ်
သက်သွားခဲ့သည်။

သူမြတ်နိုးစွာ ချစ်ခဲ့ရသော ရွှေရုပ်သည် သုကာရဲ့ချစ်သူဖြစ်သွား
ပြီတဲ့။ သူ့အတွက် မျှော်လင့်ချက်ကင်းမဲ့ခဲ့ရပြီပေါ့။

" ရွှေရုပ်နဲ့ ဗိုသုကာနဲ့က ချစ်သူတွေတဲ့လား။ အဲဒီအတွက်နဲ့
ယ်က ခင်မင်ခွင့်မရှိနိုင်တော့ဘူးလားဟင် "

" သုကာစိတ်ကို ရုပ်သွင်သိတယ်၊ သုကာမကြိုက်... ဘာတစ်
ရုပ်သွင်မလုပ်ချင်ဘူး၊ ရုပ်သွင်ကို ထိမထင် နားလည်ပါနော် "

တောင်းပန်ခြင်းလား၊ နှစ်သိမ့်ခြင်းလားတော့ မဝေခွဲတတ်ပါ။
ပြစ်ဆိုစရာ မရှိအောင်လှပချောမွေ့လွန်းသော ရွှေရုပ်မျက်နှာလေးကို
စိုက်ကြည့်ရင်း သူ့ရင်ထဲမှာ နာကျည်းလို့မရ။ အပြစ်တင်စကား
ဖို့လည်း ခက်ခက်ဖြစ်ရသည်။

" အကောင်းဆုံးက ထိမထင် ရုပ်သွင်ကို သူစိမ်းဆန်ဆန်နေ
ပေးပါနော် "

ယတိပြတ်စကားဆိုရလောက်အောင် ရွှေရုပ်ရဲ့ သံယောဇဉ်ဆို
သူ့အပေါ်ကင်းမဲ့လွန်းနေခဲ့တာတော့ သေချာသည်။

ရွှေရုပ်ရင်ထဲမှာ သူ့အတွက် ဘာဆိုဘာမှမရှိတော့ဘူးဆိုတဲ့
သဘောလား။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ်ကို ခင်မင်ခွင့်သူရခဲ့တာ အသုံးချခံရမှု သက်သက်ပဲဖြ

" ရွှေရုပ် အဲဒါ ရွှေရုပ်ရင်ထဲက ဆုံးဖြတ်ချက်လားဟင်

" ရုပ်သွင် စိတ်မကောင်းပါဘူး ထီမထင်ရယ် "

ခေါင်းကလေးညိတ်ရင်း ရွှေရုပ်နှုတ်က အဖြေကိုခိုင်မာစွ ကြားရသည်။

" ပြန်ပါတော့ ထီမထင်၊ ရုပ်သွင်စာရင်းဇယားတွေလည်း လုပ်စရာလေးရှိလို့ "

" ခဏလေးနေပါဦး ရွှေရုပ်၊ ကိုယ်ရွှေရုပ်ကို တစ်ခုပြောပါ စေ "

လှည့်ထွက်မလိုပြုပြီးမှ ရွှေရုပ်ပြန်ဦးလှည့်ကာ သူ့စကား နားထောင်နေ၏။

" ကိုယ်ရွှေရုပ်ကို လက်ထပ်ပါရစေ "

" ဘာ ဘာရယ် ထီမထင် "

" ရွှေရုပ်ကို လက်ထပ်ခွင့်တောင်းနေတာပါ၊ ရွှေရုပ်ကို ကိုယ် ချစ်တာ ဘဝတစ်ခုလုံးအတွက်လေ၊ မမနဲ့ရွှေရုပ်ကိုကြီးဆီ လာနားဖော ပါရစေ "

အံ့ဩမှုတွေနှင့် ရွှေရုပ်မျက်ဝန်းလေးတွေ ဝိုင်းစက်တောက် နေ၏။ သူ့ကိုအထူးအဆန်းငေးကြည့်ရင်း ရွှေရုပ်ခေါင်းကို ခါယမ်း

" ထီမထင် နင်ဘာစကားပြောလိုက်တာလဲ၊ ခုချိန်မှာ ငါ့ သုကာက ချစ်သူတွေ၊ ရုပ်သွင်ညာနေတာ မဟုတ်ဘူး၊ အဲဒါအမှန်တရား





နော် "

" အဲဒါ ကိုယ်လက်ခံတယ်၊ ဒါပေမဲ့ အခုကိုယ်တောင်းဆိုတာ င်းကို လက်ထပ်ခွင့်ပါ "

" နင် ရူးနေသလား ထီမထင်၊ ငါ့ကိုဘယ်လိုထင်မြင်နေတာ ဲ "

" ဗိသုကာနဲ့ရွှေရုပ် ချစ်သူတွေဆိုတာ ကိုယ်သိလိုက်ပြီလေ၊ ခု ကိုယ်တောင်းဆိုတာက ရွှေရုပ်ကို ပိုင်ဆိုင်ခွင့်တစ်ခုပါ "

" နင့်စကားက ငါ့ကိုစော်ကားလိုက်တာပဲ ရုပ်သွင်ကိုနင် ယ်လိုထင်နေလို့လဲ၊ တစ်ဘဝလုံးအတွက် လက်တွဲဖို့ ဆုံးဖြတ်ပြီးမှ ချယ်ခဲ့တာပဲ ထီမထင် "

မျက်ဝန်းထဲမှာ ဖြာလဲ့နေသော ရောင်စဉ်တွေကို ငေးကြည့်ရင်း နားလည်လိုက်ပါသည်။ သူတောင့်တ မျှော်လင့်ထားမိတာမှန်သမျှ ုန်းခဲ့ပြီပဲ။

" ကဲ ထီမထင် ရှင်နားလည်လောက်ပြီ ထင်ပါတယ်။ ရုပ်သွင် ခွင့်ပြုပါဦး "

သူ့ကိုကျောခိုင်းနှုတ်ဆက်လျက် ဆိုင်နောက်ဘက်အခန်းထဲ သွင်ဝင်ရောက်ပျောက်ကွယ်သွားခဲ့သည်။ သူ့ရင်ထဲမှာ လစ်ဟာလျက် းဖူးလိုက်သော ဝေဒနာက ဘဝမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ဒါကို ရွှေရုပ်သိမည်မဟုတ်။ ရွှေရုပ်ရယ်။

မင်းကို မြတ်နိုးစွာ ချစ်ခဲ့မိတာ ငါဝဋ်လည်တာလား။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာကို ပျက်ရယ်ပြုခဲ့တဲ့ငါ အခုတော့ အချစ်ရဲ့အထ
ထိုးခံရမှုနဲ့ပဲ လဲပြိုခဲ့ရပြီထင်ပါရဲ့။

✿ ✿ ✿ ✿ ✿



## အခန်း (၂၀)

" ငါတို့ အိမ်အထိလိုက်ပို့လို့ မဖြစ်ဘူး ထီမထင်၊ ရတယ်
ပြီလား "

အောင်မိုးအသံကိုကြားမှ ခြံရှေ့ကိုရောက်ပြီဟု သူသိသည်။
လေးပင်စွာ စိုက်ကျနေသော ခေါင်းကို သူကြိုးစားပြီး မတ်ကြည့်မိသည်။

ပိတ်ထားသော ခြံတံခါးရှေ့မှာ သူရောက်နေ၏။ ဆိုင်ထဲကနေ
ခုအထိ သူ့ကိုအောင်မိုးနှင့် ညီညီတို့တွဲခေါ်လာခြင်းပင်ဖြစ်မည်။

" ထီမထင် မင်းအိမ်ရှေ့ရောက်နေပြီကွ ခေါင်းကလေးပါလေး
လုပ်ဦး "

" ရတယ်. . .အေးဆေး. . .အေ့ "

ဗလုံးဗထွေးနှင့် သူဆိုလိုက်ရပေမယ့် လျှာကချာချာလည်နေသည်
တောင် ထင်မိသည်။ ခေါင်းကို ကြိုးစားထောင်မတ်ကြည့်တော့ အမြင်
အာရုံတွေက မပီပြင်၊ မကွဲပြား၊ ညည့်ခန်းဆီမှာတော့ မီးရောင်တွေ
ဆင်းနေသည်ကို မြင်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



" ညည်ခန်းထဲမှာ မင်းမမကေရီရှိနေတယ် ထိမထင်၊ ခြံတံခါးက
စေ့ထားတာကွ၊ သွား. . . ဝင်သွားလိုက်၊ ငါတို့လစ်ပြီ "

" အိုကေ. . . အိုကေ. . . ရတယ်. . . အေ့ "

သော့မခတ်ဘဲ ခြံတခါးကို စေ့ထားပေးခြင်းက သူပြန်မလာ
သေးတာကို မမသိ၍ ဖြစ်ဟန်တူသည်။ အောင်မိုးနှင့် ညီညီက ခြံတံခါး
ကို အသာတွန်းဖွင့်ကာ သူ့ကိုတွန်းပို့လိုက်ကြသည်။

တွဲထားသော လက်တွေက ကင်းလွတ်သွားသည်နှင့် သူ့ခန္ဓာ
ကိုယ်က ဒယီးဒယိုင်ထိုးလျက် မတ်မတ်ရပ်ဖို့တောင် ခက်ခဲလွန်းနေသည်။

မူးလိုက်တာလည်း ချာချာလည်လို့၊ အံကိုကြိတ်ကာ ဧည့်ခန်း
တံခါးဆီ ကြိုးစားလှမ်းကြည့်သည်။ ခြေတစ်လှမ်းအရွေ့မှာပင် လူကရှေ့
ကို ကိုင်းကျလျက် ဦးစိုက်ပြိုလဲကျသွားရသည်။

နဖူးနှင့်ကွန်ကရစ်လမ်း ဒုတ်ခနဲဝင်စောင့်မိကာ ကြယ်တွေ
လတွေ ပြိုးပျက်သွားခဲ့၏။

နာကျင်မှုထက် အမူးဒဏ်က ပိုဆိုးနေတာမို့ ဒဏ်ရာတွေကို
လည်း သူ သတိမရနိုင်ပါ။ လဲကျနေရမှ ကုန်းထဖို့ ကြိုးစားသည်။

မဟန်နိုင်ဘဲ ဘိုင်းခနဲ ပြိုလဲကျပြန်၏။

သေလိုက်စမ်း။ ဒီလောက်အထိတောင် မူးရသလား ထိမထင်
မင်းယောက်ျားမဟုတ်ဘူးလားဟု ကိုယ့်ကိုကိုယ် အားတင်းပေမယ့် မဟန်
နိုင်ပါ။

ကွန်ကရစ်လမ်းပေါ်မှာပဲ သူ ပက်လက်လှဲရင်း မော့ကြည့်တော့





ကောင်းကင်မှာ ကြယ်တွေပြိုးပြိုးပျက်ပျက် လကွေးကွေးက အပြင်အာရုံ
ထဲမှာ နှစ်စင်းပြိုင်နေသည်။

မျက်လုံးတွေကို မှိတ်ပစ်လိုက်တော့ အာရုံထဲမှာ တိုးဝင်လာတာ
ရွှေရုပ်မျက်နှာလေးပင် ဖြစ်သည်။

" ရွှေရုပ်ရယ် ရက်စက်လိုက်တာ အေ့. . . "

" ဟင် မောင်လေး ဘာ. . . ဘာဖြစ်လာတာလဲ "

မမကေရီ၏ စိုးရိမ်ထိတ်လန့်သံကိုကြားမှ သူ့ မျက်ဝန်းတွေ
ပြန်ဖွင့်ကြည့်မိသည်။

" မင်း. . . မင်း အရက်တွေ မူးလာတာလား ထိ ဟုတ်လား"

လူက ကုန်းထဖို့ ကြိုးစားခိုက်မှာ ရင်ထဲက ပျို့တက်ကာ
ဝေါ့ခနဲထိုးအန်သည်။

" ဘုရား. . . ဘုရား နဖူးမှာလဲ သွေးတွေ ဦးလေး. . . ဦးလေး
သောင်း လာပါဦး "

သူ့ နံဘေးမှ ဒူးထောက်ထိုင်ချလိုက်ရင်း မမကေရီ ခြံစောင့်ကြီး
ဦးလေးသောင်းကို လှမ်းခေါ်နေတာ သူကြားနေရသည်။

" ဘာ. . . ဘာလဲ ဘာဖြစ်တာလဲ တူမကြီး "

" ဒီ. . . ဒီမှာ မောင်လေးအရက်တွေ မူးလာတယ် ဘယ်သူနဲ့
ရန်ဖြစ်လာတာလဲ မသိဘူး ခေါင်းမှာလည်း သွေးတွေနဲ့ လုပ် လုပ်ပါဦး
ဦးလေးရဲ့ "

ရှိုက်သံတွေ စွက်ကာဆိုနေသော မမကေရီအသံကို ကြားပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် သူဟာမှ ရှင်းမပြနိုင်။ လေတွေ တဝေါ်ဝေါ်တက်ကာ အန်နေမိသည်။

"ထိမထင် လူလေး ဘာလို့ ဒီလောက်ထိမူးအောင် သောက်[...] ထားလဲကွာ"

"ကြည့်ပါဦး ဦးလေးသောင်းရဲ့ မျက်နှာတစ်ခုလုံး သွေးတွေ[...] ရွှဲနစ်နေတာပဲ မောင်လေး ဘာဖြစ်သွားပြီလဲ မသိဘူး အဟင့် ဟင့်"

"မစိုးရိမ်ပါနဲ့ တူမကြီးရဲ့ ချော်လဲကျတာ ဖြစ်မှာပါ ကွန်ကရစ်[...] လမ်းနဲ့တိုက်မိတာဆိုတော့ နဖူးကွဲသွားတာပေါ့ ကဲ လာ လာ[...] ဦးလေးသောင်း အိမ်ထဲကို ပွေ့ချီခေါ်ခဲ့မယ်"

သူ့ခန္ဓာကိုယ်ကို စွေ့ခနဲပွေ့ချီကာ ဧည့်ခန်းထဲအထိ ဦးလေး[...] သောင်း သယ်မလာသည်။ မမကေရီ နံဘေးက တရှုံ့ရှုံ့ရှိုက်ငိုရင်း[...] လိုက်လာတာ သိပေမယ့် သူ့နှုတ်တွေ လေးလံကာ ဘာစကားမှ မဆို[...] နိုင်ပါ။

"တူမကြီး ဆေးသေတ္တာသွားယူလိုက် ဦးလေးသောင်း[...] လူလေးကို ဆိုဖာထိုင်ခုံပေါ် တင်ထားပေးမယ်"

နဖူးပေါ်က ဒဏ်ရာကြောင့် မျက်နှာတစ်ခုလုံး သွေးတွေနှင့်[...] မြင်မကောင်းအောင် ပေကျံနေသော ထိမထင်ကိုကြည့်ကာ ကေရီ[...] တုန်တုန်ယင်ယင် ခေါင်းညိတ်ပြမိသည်။

အခန်းထဲပြေးဝင်ကာ ဆေးသေတ္တာအယူမှာပဲ ကသောကမျော[...] နှင့် ထွက်လာသည့် ဒေါ်ခင်မြနှင့် ဝင်တိုးမိသလို ဖြစ်ရသေး၏။

"တူမကြီး ဘာ...ဘာတွေဖြစ်နေတာလဲ"





"မောင်...မောင်လေး အရက်တွေမူးလာလို့ ဒေါ်ကြီးမြ [...]ဖူးပေါ်မှာလဲ ချော်လဲပြီး ဒဏ်ရာကြီးရထားတယ် မျက်နှာတစ်ခုလုံး သွေးတွေမှ ရဲနေတာပဲ ရေ...ရေနွေးဓါတ်ဗူးယူခဲ့ပါဦး အမြန်လုပ်ပါ"

တုန်တုန်ယင်ယင် ဖြစ်နေသော ကေရီကိုကြည့်ကာ ဒေါ်ကြီးမြလည်း မီးဖိုထဲကို ကတုန်ကယင်နှင့် ပြေးရပြန်သည်။

ကေရီဆေးသေတ္တာယူပြီး ပြန်လာတော့ ဦးလေးသောင်း ထိမထင်မျက်နှာပေါ်မှ သွေးတွေကို သန့်စင်ပေးနေသည်။

"ဒဏ်ရာကသိပ်မကြီးပေမယ့် ဟက်တက်ကွဲသွားတော့ သွေးထွက်နေတာပါ တူမကြီးရဲ့"

"သွေးထွက်လွန်ပြီး တစ်ခုခုဖြစ်သွားနိုင်သလားဟင် ဆရာဝန်ကို ကေရီဖုန်းဆက်ခေါ်လိုက်ရမလား ဦးလေးသောင်း"

"အဲဒီလောက်ထိ မလိုပါဘူး သမီးရဲ့ ဆေးထည့်ပြီး ပလာစတာကပ်ပေးထားလိုက်ရင် ရပါတယ်"

"တူမကြီး ရေနွေးရပြီ"

"လုပ်...လုပ်ပါဦး ဒေါ်လေးမြ သွေးတွေကို ရေနွေးနဲ့ ဆေးပစ်မှ ဖြစ်မယ်"

"မ...မလုပ်ရဲဘူး တူမကြီး အရီးမြလည်း သွေးသံရဲရဲတွေ မြင်ရင် ရင်တုန်တတ်လွန်းလို့"

"အိုး ဒုက္ခပါပဲ ဦးလေးသောင်း လုပ်ပါဦး"

ထိမထင်ကို မကြည့်ရဲဘဲ ငိုမဲ့မဲ့လေး ဆိုနေသည့် ကေရီကို



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးသောင်း သနားနေမိရ၏။ ဒီကလေးမ ထိမထင်ကို ဘယ်လော
ချစ်ခင်ယုယတယ်ဆိုတာ သူအသိဆုံးဖြစ်သည်။

ဒဏ်ရာက အပြင်းထန်ကြီး မဟုတ်ပေမယ့် ကွန်ကရစ်
အမာနှင့်ထိခိုက်မိတာဆိုတော့လည်း မကျွဲဘဲခံနိုင်မည်လား။

မျက်နှာပေါ်က သွေးစတွေကို သုတ်သင်ဆေးကြော
ဒဏ်ရာကို အရက်ပျံနှင့် ဆေးကြောတော့ ကိုယ်တော်ချောက တွ
ဖြစ်သွားသည်ကလွဲလို့ အိပ်မက်မက်ကောင်းနေပုံလေး။

ဆေးထည့်ပြီး ပလာစတာကပ်ပေးပြီးတော့မှ သွေးဆု
ဖြူလျော်နေသော ကောရီမျက်နှာလေး အကြောက်ပြေပျောက်
သွေးရောင်လွှမ်းလာခဲ့လေသည်။

" ကဲ ပြီးပါပြီ တွမကြီးရဲ့ အဝတ်အစားလဲပြီး အိပ်ရာ
ပို့လိုက်မယ် လူလေးက အမူးရှိန်နဲ့ အိပ်ပျော်နေပြီကွဲ့ "

" ဟုတ် ဟုတ်ကဲ့ ဒေါ်ကြီးမြ ဗီရိုထဲက မောင်လေး အ
တစ်စုံလောက် ယူခဲ့ပါနော် "

" အေး အေး အခုရှိမြ သွားယူလိုက်မယ် သမီး "

တစ်ကိုယ်လုံး အံဖတ်တွေ သွေးတွေနှင့်ပေကျံနေသော
ထိမထင်ကို ကြည့်ကာ ကောရီမျက်ရည်တွေ ရစ်ဝိုင်းနေမိဆဲ။

" မောင်လေး ဘာဖြစ်လို့ ဒီလောက်အထိ သောက်လာရ
လဲမသိပါဘူး ဦးလေးသောင်းရယ် အရက်လည်းမသောက်ဘူးဘဲနဲ့ "

" အင်း လူငယ်ဆိုတော့ ဒီလိုပဲလေ မနက်သူနိုးမှ မေးကြ





တော့ သမီးရေ အခုတော့ သူ အိပ်ကောင်းနေမှာ သေချာတယ် "

" ဒဏ်ရာအရှိန်နဲ့ တရေးနိုးမှ နိုးလာရင် နာနေဦးမယ် မဖြစ်
ဘူး မောင်လေးကို ဒီညတော့ ကောရီအိပ်စောင့်မှဖြစ်မယ် "

" သမီးသွားအိပ်ပါ ဦးလေးသောင်း စောင့်ပေးပါ့မယ် "

" ရတယ် ဦးလေးသောင်း ကောရီပဲစောင့်မယ် ဦးလေးသောင်း
အိပ်ပျက်ပါတယ် ဒေါ်ကြီးမြနဲ့ကောရီ မောင်လေးကို စောင့်အိပ်ပါ့မယ်"

သူ တားမြစ်နေလျှင်လည်း ရနိုင်မှာမဟုတ်တာ သေချာသည်။
ထိမထင်အပေါ် ကြီးမားလွန်းသော ကောရီ့သံယောဇဉ်ကို သူ အသိဆုံးမို့
ဦးလေးသောင်း နှုတ်ဆိတ်နေလိုက်ရသည်။

အစ်မဖြစ်သူက သောကပူတွေနှင့် စိုးရိမ်ပူပန်နေချိန်မှာ
ထိမထင်ကတော့ ယမကာတန်ခိုးနှင့် အိပ်မက်ကောင်း နေခဲ့လေသည်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ညကတစ်ညလုံး အိပ်မပျော်ခဲ့သော ကေရီ မနက်ငါးနာရီဝိုး မှုံးခနဲ အိပ်ပျော်သွားရသည်။

ဖျတ်ခနဲလန့်နိုးတော့ ခုတင်ပေါ်မှာ မောင်လေးမရှိပါ။

ကေရီ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားရ၏။ ဒရင်းဘက်ပေါ်က လူးလဲထထိုင်ပြီး နာရီကိုလှမ်းကြည့်တော့ မနက်ခြောက်နာရီခွဲနေပြီ။

တစ်ညလုံး ကေရီနှင့်အတူ စောင့်ပေးရင်း အခန်းထောင့်မှာ အိပ်နေခဲ့သည့် ဒေါ်လေးမြလည်း မရှိ။ အိပ်ရာခင်းလိပ်ကိုတောင် သိမ်းပြီး ထွက်သွားလေပြီ။

ကေရီ ဒရင်းဘက်ပေါ်က ထရပ်မိတော့ ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်ရသည်။

တစ်ညလုံး မအိပ်ခဲ့ရတာကြောင့် ခေါင်းထဲမှာ မကြည်လင်ပါ။ နမူးကာဒဏ်ရာအရှိန်နှင့် မောင်လေးနိုးလာမှာကိုစောင့်ရင်း အိပ်မရခဲ့။

မောင်လေးကတော့ တစ်ညလုံးနိုးမလာဘဲ အိပ်စက်ကောင်းနေခဲ့သည်။





မိုးလင်းလုမှပဲ ကေရီတမှေးမှေးလိုက်မိခြင်းဖြစ်၏။ အခုနိုးလာတော့ မောင်လေးမရှိ။

အိပ်ခန်းထဲကထွက်ကာ မီးဖိုတက်ရောက်ခဲ့တော့ ဒေါ်ကြီးမြကို့ သင့်တွေ့ရသည်။

ာ်

" ဒေါ်ကြီးမြ မောင်လေးကော နိုးနေပြီ မဟုတ်လား "

" နိုးနေပြီ သမီး ညကဘာမှ မစားရသေးတော့ ဗိုက်ဆာလို့ င်တယ် ထမင်းကြော်ပေးပါဆိုလို့ အရီးမြကြော်ပေးနေတာ "

" အခု မောင်လေး ဘယ်မှာလဲ ဒေါ်ကြီးမြ "

" ခေါင်းတွေကိုက်နေလို့တဲ့ ရေချိုးလိုက်ဦးမယ် ပြောသွားတယ် ချိုးခန်းထဲမှာ ရှိမယ်ထင်တယ် "

" ဟုတ်လား နေဦး ကေရီ သွားလိုက်ဦးမယ် "

ရေချိုးခန်းဘက်ရောက်တော့ အရီးမြပြောသည့်အတိုင်း မထင် ရေချိုးခန်းထဲမှာ ရှိနေ၏။ အထဲက ကလန့်ထိုးပိတ်ထားသော ချိုးခန်းအပြင်မှ ကေရီလှမ်းခေါ်ကြည့်မိ၏။

" မောင်လေး ထိ မင်းရေချိုးနေတာလား "

" ဟုတ်တယ် မမ မမနိုးပြီလား "

" အခုပဲနိုးတာ ရေချိုးတာ မြန်မြန်ချိုး ဒဏ်ရာကြီးနဲ့ ဖျားနေဦး ယ် ဒဏ်ရာကိုလည်း ရေမစိုစေနဲ့နော် "

" ဟုတ်ကဲ့ပါ မမအလုပ်သွားတော့မှာလား "

" ဒီနေ့ မသွားဘူး မင်းနဲ့စာရင်းရှင်းစရာရှိတယ် တစ်ညလုံး



www.burmeseclassic.com

www.burmeseclassic.com



မအိပ်ရအောင် သောကတွေပေးခဲ့တာ မှတ်မိရဲ့လား အမြန်ချိုး မ
ကော်ဖီဝိုင်းက စောင့်နေမယ် ”

“ ဟုတ် ရေချိုးပြီးတာနဲ့ လာခဲ့ပါ့မယ် မမရဲ့ ”

ရေချိုးခန်းထဲကအသံက ညတုန်းကနှင့် ဘာမှမဆိုင်သလို
ကရိရင်ထဲမှာတော့ တစ်ညလုံး ပူပန်ခဲ့ရတာ မသိလေရော့သလား

စိုးရိမ်ပူပန်စိတ်တွေက ခေါ်သစိတ်ဘက် ကူးပြောင်းကာ တ
ဖြစ်ရ၏။ လာပါစေဦး အစ်မဖြစ်သူကို ဒီလောက်ထိ ဒုက္ခပေးတဲ့မော
တွေကြသေးတာပေါ့။

စားသောက်ခန်းထဲ ကေရိရောက်တော့ ဒေါ်ကြီးမြက
နွေးနွေး ထမင်းကြော်ပန်းကန်ကို အသင့်ပြင်ဆင်ထားသည်။

“ သမီးကော ထမင်းကြော်စားမလား အရီးမြ ပိုကြော်ထ
တယ် ညကဟင်းကျန်တွေလည်း နွေးပေးထားတယ် ကြက်ဥနဲ့ဝက်
ချောင်းလည်း ကြော်ထားတယ် ”

“ ဟင့်အင်း ဘာမှမစားချင်တော့ဘူး ဒေါ်ကြီးမြရယ် ကော်
ဖျော်သောက်လိုက်တော့မယ် ”

“ ခရားထဲမှာ အသင့်ပဲ သမီး ညကအိပ်ရေးပျက်ထားတော့
ခါးခါးလေး ဖျော်သောက်လိုက်ပေါ့။ အရီးမြ ဈေးဘက် ပြေးလိုက်
ဦးမယ်နော် ”

“ ဦးလေးသောင်းကို ကားနဲ့လိုက်ပို့ခိုင်းလိုက် ဒေါ်လေး
သမီးဒီနေ့ကုမ္ပဏီ မသွားတော့ဘူး ခေါင်းတွေမူးနောက်နေလို့ ”





“ အေး အေး ဒါဆိုလည်း ကိုသောင်းကို လိုက်ပို့ခိုင်းလိုက်
မယ် ”

ဒေါ်ကြီးမြ ထွက်သွားတော့ ခရားထဲက အသင့်နှပ်ပေး
ထားသော ကော်ဖီကြမ်းကို စိမ့်သက်သက်ကလေး ဖျော်ကာ သောက်လိုက်
သည်။

ကော်ဖီတစ်ဝက်ကုန်တော့ အခန်းထဲကို ထိမထင်စပ်ဖြီးဖြီး
ကျက်နှာနှင့် လှမ်းဝင်လာသည်။

“ လာ ထိုင်စမ်းပါဦး ထီ မင်းညက ဘယ်လိုဖြစ်လာတာလဲ”

“ ဟဲ ဟဲ အမူးလွန်သွားတာပါ မမရဲ့ တစ်ခါပါရပဲ ”

“ ပြောင်စပ်စပ်မလုပ်နဲ့ ထီ မင်းဘာလုပ်လုပ် မမ မတားမြစ်
ဘူးနော် အရက်သေစာ သောက်စားတာကိုတော့ မမ လုံးဝလက်မခံဘူး
ညတုန်းကဖြစ်လာပုံက တကယ့်ရုပ်ပျက်ဆင်းပျက်ပဲ ကားယူမသွားတာ
တော်သေးတာပေါ့ မူးမူးနဲ့သာ မောင်းပြန်လာရင် မတွေးရဲစရာဘဲ ”

“ အဲဒီလိုဖြစ်မှာစိုးလို့ တမင်ယူမသွားတာပါ မမရဲ့ စိတ်ချ
ကိုယ့်အန္တရာယ် ကိုယ်သိပါတယ်ဗျာ ”

“ ဘာသိတာလဲ မင်းနဖူးမင်းပြန်ကြည့်စမ်း အမူးလွန်ပြီး
ထဲကျရအောင် သောက်ရသလား ဒီကိစ္စကို ဒယ်ဒီဆီ ဖုန်းဆက်တိုင်
မှာနော် ”

“ ဟာ မမကလည်း မတိုင်ပါနဲ့ တော်ကြာ ဒယ်ဒီ စိတ်ပူနေဦး
မယ် တစ်ခါတရံပဲ ဥစ္စာ ”



www.burmeseclassic.com

www.burmeseclassic.com



" တစ်ခါတရံလည်း ခွင့်မလွှတ်နိုင်ဘူး ထိ မင်းတစ်ခုခု
မရေင်တွျီးမှာ သီလား ဒယ်ဒီကလည်း မမကို အကြွင်းမဲ့ ယုံကြည်
မင်းကိုထိန်းကျောင်းနိုင်းထားတာ မင်းလုပ်ပုံက လွန်လွန်းတယ် ထိ

" ထိ တောင်းပန်ပါတယ် မမရယ် အရမ်းညစ်ပြီး လုပ်
မိတာပါ နောက်ဆို ဘယ်တော့မှ မဖြစ်စေရဘူး စိတ်ချပါ အခု
ခေါင်းထဲမှာ ကိုက်ခဲနေလို့ "

" မကိုက်ဘဲ ခံနိုင်မလား၊ အိမ်တောင်အရောက်မပြန်နိုင်
ခြံထဲမှာ ဟပ်ထိုးလဲနေတာကိုး ပြောစမ်း ဘယ်အပေါင်းအသင်း
တွေက မြှောက်ပင့်ပေးလိုက်တာလဲ ထိ "

" ဟာ မဟုတ်ဘူး ဒီကောင်တွေ ဘယ်သူမှ မသောက်
ပါဘူး ထိတစ်ယောက်တည်းသောက်တာ ဒီကောင်တွေ ခြံအထိ လိုက်
ပေးလို့ အိမ်ပြန်ရောက်တာပါ သူတို့အပြစ်လုံးဝ မပါဘူးမမရဲ့ "

" ဘာရယ် မောင်လေးဘာသာသောက်တာ ဟုတ်လား
တော်တော်မိုက်မဲပါလား ထိရယ်၊ ပြောစမ်း . . . ပြောစမ်း ဒီလိုပဲအ
တွေ သောက်နေတာ ကြာပြီလားဟင် "

" ဟာ ထိဘယ်တုန်းက သောက်ဖူးလို့လဲ ဒါပထမဆုံး
နောက်ဆုံးပါ ထိသိပ်စိတ်ညစ်လို့ သောက်မိတာပါလို့ ပြောပြီးပြီပဲ မမရဲ့

" စိတ်ညစ်တယ် စိတ်ညစ်ရအောင် ထိဘာတွေဖြစ်နေတာ
မမကိုပြောစမ်း "

သူ အဖြေတစ်ခု မပြောမချင်း မမ မနားစတမ်း မေး





တော့မှာ သေချာသည်။

ရွှေရုပ်နှင့်ပတ်သက်ပြီး မမကိုလည်း ပြောပြထားခဲ့ဖူးသည်မို့ ချင့်ချိန်ပြောဖို့ မကြိုးစားတော့ပါ။

" ထိ အသည်းကွဲလို့ မမ "

" ဘာရယ် "

မျက်နက်ဝန်းလေးတွေ ဝိုင်းစက်လျှက် မမကေရီ တအံ့တသြ ရေရွတ်သည်။ ပြီးမှ နှုတ်ခမ်းကွေးညွှတ်ကာ သဘောကျစွာ ရယ်နေသေးသည်။

" မမက ဘာရယ်တာလဲ "

" ထိအကြောင်းပြချက်ကြောင့် ရယ်တာပေါ့ အသည်းကွဲလို့ မူးတယ်တဲ့ ပြစ်မ်းပါဦး ကွဲသွားတဲ့မောင်လေးအသည်းနှလုံး အဟင်း . . . ဟင်း . . . "

" မလှောင်ပါနဲ့ မမရယ် ထိတကယ်ခံစားလိုက်ရတာပါ "

သူ့ မျက်နှာလေး ညှိုးလျော်ကာ တည်းတည်းကလေး ဆိုတော့မှ မမအရယ်တွေ ရပ်တန့်ကုန်၏။ ဒါကြောင့် ပြုံးယဲ့ယဲ့နှုတ်ခမ်းနှင့် မျက်ဝန်းတွေမှာ အကြွင်းမဲ့ယုံကြည်ခြင်းတို့ ကင်းစင်နေသေး၏။

မမကိုယ်တိုင်ကတောင် သူ့ခံစားချက်ကို မယုံနိုင်ပါလား။ မနေ့တုန်းက ဘုံဆိုင်ထဲမှာ သူပြောမိတော့လည်း သူငယ်ချင်းတွေ မယုံခဲ့ကြပါ။

" ဟာသတွေလုပ်မနေပါနဲ့ ထိမထင်ရာ မင်းလိုကောင်က အသည်းကွဲတယ်ဆိုရင် ကမ္ဘာ့ဂရင်းနစ်စာအုပ်ထဲမှာ မှတ်တမ်းတင်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ် ဟား ဟား "

" ရွှေရုပ်သွင်ကြောင့် မင်းအသည်းကွဲတာ မဖြစ်နိုင်... ရွှေရုပ်သွင်ဆိုတဲ့ ကောင်မလေးအသည်းကို မင်းမခွဲလိုက်ရလို့ ဝမ်းနည်း... ခြင်းအထိမ်းအမှတ်နဲ့ လာသောက်နေတာပဲ ဖြစ်ရမယ် ဟုတ်တယ်... မဟုတ်လား ထီမထင် "

ရင်ဘတ်ထဲက ချစ်ခြင်းကို သူတို့ယုံနိုင်အောင် သက်သေပြ... သူ့မှာမရှိပါ။ ထီမထင်ဆိုတဲ့ကောင်ရဲ့ နှလုံးသားကို ကျောက်စိုင်ကျောက်... တစ်တုံးဟုပဲ အားလုံးက ထင်မှတ်ထားကြသည်လား။

အခုလည်း မမရဲ့မျက်ဝန်းတွေက သူ့ကို အထူးအဆန်း ပြု... သားတစ်ယောက်ကို မြင်တွေ့ကြည့်နေသလိုမျိုး ဖြစ်နေ၏။

" ထီစကားကို ဘယ်သူမှ မယုံကြဘူး ဒါပေမဲ့ ထီရင်ထဲ... ခံစားချက်ကို ထီပဲသိတယ် မမ ရွှေရုပ်ကို ထီမြတ်မြတ်နိုးနိုး ချစ်... သွားတာ "

" ရွှေရုပ် ဟုတ်လား မမကြားဖူးသလိုပဲ "

" မမကို ထီတစ်ခါ ပြောပြဖူးတယ် ပြီးတော့ မမအလုပ်က... ပြန်လာတုန်း လမ်းမှာကြုံလို့ မိတ်ဆက်ပေးဖူးတဲ့ ကောင်မလေး... ရွှေရုပ်သွင်တဲ့ "

မျက်ခုံးတန်းတန်းလေးတွေ တွန့်ကွေးပြီး စဉ်းစားနေရာမှ မ... မျက်ဝန်းတွေ လင်းလက်တောက်ပသွားခဲ့၏။

" ဟုတ်ပြီ မမမှတ်မိပြီ ရွှေရုပ်သွင် ဟုတ်တယ် ဆံပင်အညို...



...ညိုလေးနဲ့ ကောင်မလေးပဲ အဲဒီကောင်မလေးက မင်းရဲ့ချစ်သူလား"

" ချစ်သူဖြစ်ခွင့် မရလိုက်တဲ့ ချစ်သူပေါ့ မမရယ် သူ့ရဲ့ ချစ်သူက ထီမဟုတ်တဲ့ တခြားယောကျာ်းလေး တစ်ယောက် ဖြစ်သွားပြီလေ "

" မောင်လေးရယ် ဒါအသည်းကွဲစရာလား မင်းတို့ချင်း ဘာမှ မပတ်သက်သေးဘဲနဲ့ ခံစားရတယ်လို့ ထီရုပ်ရည် ထီအရည်အချင်းနဲ့ ...ဝိုင်းဝိုင်းလည်နေတာ အများကြီးရယ် "

" အများကြီး ကျွန်တော်ကြုံဖူးတယ် တွဲဖူးတယ် မမ ဒါပေမဲ့ ရွှေရုပ်ကို ထီ နှလုံးသားက ချစ်တာ မြတ်နိုးတာပါ ဒါကိုဘယ်သူမှ မယုံကြဘူးဗျာ "

နှုတ်ခမ်းတွေကို တင်းတင်းစေ့ရင်း နှုတ်ဆိတ်ငြိမ်သက်သွားသော သူ့ကိုကြည့်နေသော မမ မျက်ဝန်းတွေကိုလည်း သူမကြည့်ဖြစ်ပါ။

နှလုံးသားက ဝေဒနာခံစားချက်ဆိုသည်က မြင်တွေ့နေရတာ မဟုတ်တော့ မမယုံကြည့်ဖို့ ခက်ခဲနေဦးမည်။

" မောင်လေး "

ခေါ်သံကြောင့် သူမော့ကြည့်တော့ မမမျက်ဝန်းတွေက သူ့မျက်ဝန်းတွေထဲ စူးစိုက်ကြည့်နေ၏။ တည်ကြည်နေသော မျက်နှာပေါ်က မမအမှန်တရားကို ရှာဖွေတွေ့သွားခဲ့ပြီလား သူမသိပါ။

" အဲဒီကောင်မလေးကို မင်းတကယ်ချစ်နေသလား "

" ထီ နှလုံးသားက ရွှေရုပ်ပဲမမ "



www.burmeseclassic.com

www.burmeseclassic.com



" မင်းဘက်က သေချာရင် မမတာဝန်ယူတယ် ထိ "

" ဗျာ မမကဘာကိုဆိုလိုတာလဲ "

" မင်းတစ်ဘဝလုံးအတွက် ရည်ရွယ်ထားတာဆိုရင် ကော မလေးမိဘတွေဆီမှာ မမကိုယ်တိုင်တောင်းပေးမယ် "

" သူ့ကို ကျွန်တော်လက်ထပ်ခွင့်တောင်းသေးတယ်၊ သူ ခဲ့တယ် မမ "

" မင်း ရှုပ်ခဲ့တာတွေ သူသိနေလို့ အယုံအကြည်ကင်းနေတာ ဖြစ်မှာပေါ့ "

" အင်း ထိအတိတ်ကအရိပ်တွေကို သူသိနေတာတော့ အ ပဲ မမ၊ သူယုံကြည်မှုကင်းမဲ့နေသလား မသိဘူး၊ ထိကတော့ သူ့ တစ်ဘဝလုံးအတွက် ရည်ရွယ်တာပါဗျာ "

" အသေအချာ စဉ်းစားဦးမောင်လေး သိပ်ကိုသေချာပြီဆိုရ မမကိုယ်တိုင် သူ့မိဘတွေဆီမှာ ခွင့်တောင်းပြီး လက်ထပ်ပေးမယ်ကွာ"

" ထိဘက်က သိပ်သေချာတယ် မမ၊ သူ့ဘက်ကသာ "

" မောင်လေးကို မမပြောခဲ့ဖူးသားပဲ ရည်းစားတွေ အမျာ သဘောတွဲနေခဲ့တာ မကောင်းပါဘူးလို့ အခု မင်းတကယ်ချစ်တဲ့ မိန်းကလေးနဲ့ကြုံတော့ အယုံအကြည်ကင်းမဲ့စရာဖြစ်နေပြီလေ "

မမစကားကို အခုမှ သူလက်ခံနိုင်တော့ရမိသည်။ မမပြော သလို ရွှေရုပ်ဘက်က ယုံကြည်မှုတွေကင်းစင်နေတာ ဒါကြောင့်ပဲထင် သည်။





" အခု ထိဘက်က နိုင်မာပြီဆိုရင် မမကြိုးစားကြည့်မယ်၊ ဒါဆိုရင် အဲဒီကောင်မလေး မောင်လေးအချစ်ကို ယုံကြည်လက်ခံမှာပါ"

မမ့စကားကြောင့် မျှော်လင့်ချက်ရောင်ခြည်လေး လင်းလက် လာရ၏။ မမကိုယ်တိုင် ရွှေရုပ်ကိုကြိုးထံမှ တောင်းခံမည်ဆိုလျှင် ရွှေရုပ် လက်ခံနိုင်မည်လား ရွှေရုပ်ရယ်။ မင်းကို ဆုံးရှုံးရမှာ ကိုယ်သိပ်ကြောက် တယ်။

တစ်ဘဝလုံးအတွက် မြတ်နိုးမိတာ မင်းယုံကြည်လောက်အောင် ကိုယ့်ချစ်ခြင်းသက်သေတစ်ခုရယ်ပါ ရွှေရုပ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

" ဟာ မဖြစ်နိုင်ဘူး မေမေ၊ လုံးဝမဖြစ်နိုင်ဘူး "

ခါးခါးသီးသီး ငြင်းဆိုမိသော သူ့အသံက လိုတာထက် ... ကျယ်လောင်သွားခဲ့သလို သက်သောင့်သက်သာ ထိုင်နေသော ... ဆိုဖာပေါ်မှာလည်း ဆတ်ခနဲထရပ်မိ၏။

" ဘာလို့ မဖြစ်နိုင်တာလဲ သား‌ရဲ့ ဒါအဖြစ်သင့်ဆုံးကို... ကွယ် "

သူ့ကိုမော့ကြည့်ရင်း မေမေထပ်ပြောနေ၏။ သူကတော့ ခေါင်း... ကိုတွင်တွင် ခါယမ်းရင်း

" အဓိပ္ပါယ်မရှိတာပဲ မေမေ၊ သားကအသည်းသွေးကို ညီမလေး... တစ်ယောက်လိုပဲ ချစ်ခဲ့တာ "

" မေမေကလည်း သမီးရင်းလို ချစ်တာသား ဒါကြောင့် သမီးလေးကို ဆုံးရှုံးမှာ မဖြစ်ချင်ဘူး။ သားနဲ့အိမ်ထောင်ချပေးလိုက်ရင် သမီးလေးက မေမေ့ချွေးမ မေမေ့သမီးဖြစ်သွားပြီပေါ့ကွယ် "

" သား လက်မခံနိုင်ဘူး မေမေ၊ သားစိတ်ထဲမှာ အသည်းသွေး...





... မေမေ့ရဲ့သမီး သားရဲ့ညီမလေးတစ်ယောက်လို့ပဲ ခံစားလို့ရတယ်"

" ဪ သားရယ် တကယ်တမ်းကျ သမီးလေးက မေမေ့ရဲ့ ...ားသမီးပါ၊ အဲဒီသွေးရင်းမဟုတ်ဘူးဆိုတဲ့အသိက သားရင်ထဲမှာ ...ည်းရှိတယ်၊ သမီးလေးကိုယ်တိုင်လည်း သိနေတဲ့ကိစ္စ။ ပြီးတော့ အချိန် ...န်ရင် သမီးလေးလည်း အိမ်ထောင်ပြုမှာပဲ၊ သူစိမ်းတစ်ယောက်လက်ထဲ ...မီးလေးကို မေမေ မထည့်နိုင်ဘူးသား "

မေမေ့အယူအဆ မေမေ့အတွေးအခေါ်တွေကို သူဘယ်လိုမှ ...က်မခံနိုင်ပါ။ အသည်းသွေးကို သူသံယောဇဉ်ရှိသည်။ သွေးရင်းမဟုတ် ...ိုတာသိပေမယ့် အခုချိန်မှာ ညီမရင်းတစ်ဦးလို နှောင်တွယ်သည်။ ...ပေမဲ့ မေမေရည်ရွယ်သလို အသည်းသွေးကို လက်ထပ်ယူဖို့ဆိုတာ ...ူဘယ်လိုမှ လက်မခံနိုင်တာ သေချာသည်။

သူ့စိတ်က ညီမလေးဟု သတ်မှတ်ထားသော အသည်းသွေးကို ...မေမေက သူနှင့်အိမ်ထောင်ချထား ပေးဖို့ ရည်ရွယ်ထားသည်တဲ့။

အသိစိတ်ကရော နှလုံးသားကပါ သူဘယ်လိုနည်းနှင့်မှ ...က်မခံနိုင်ပါ။

ပြီးတော့ သူ့နှလုံးသားမှာ ချစ်မိတာက ရွှေရုပ်သွင်။

" ခဏပြန်ထိုင်ပါဦးသား ပြီးရင် မေမေ့စကားကို နားထောင်ဦး"

" အခု မေမေဆွေးနွေးမယ့်ကိစ္စဆိုရင် မေ့လိုက်ပါမေမေ၊ ...ဘယ်လိုနည်းနဲ့မှ သားလက်မခံနိုင်ဘူးလို့ ငြင်းပြီးပြီပဲ "

" သုကာ မင်းမေမေ့ဆန္ဒကို ဆန့်ကျင်နေတာလား "



www.burmeseclassic.com

www.burmeseclassic.com



" **မေမေ့ကို** ကျွန်တော်ချစ်ပါတယ် ဒါပေမဲ့ အခုမေမေ့ရဲ့ **သနစ္စတွေကိုတော့** လက်မခံနိုင်တာ သေချာတယ်မေမေ "

" နေစမ်းပါဦး အသည်းသွေးကို ငြင်းရအောင် သားမှာ **ဘာအကြောင်း**ပြချက်ရှိနေသလဲ အသည်းအသွေးမှာ ဘာချွတ်ယွင်းချက် ရှိသလဲပြော မေမေတို့ကို တကယ်ခင်တွယ်နေတဲ့သမီးလေး သားကိုလည်း သံယောဇဉ်ကြီးတဲ့သူပါ "

" သားလက်ခံပါတယ် မေမေ၊ အသည်းသွေးက မေမေတို့ သားတို့အပေါ်တကယ်ခင်တွယ်ပြီး လေးစားတယ် ချစ်တယ်၊ မေမေ ပြောသလို ချစ်စရာကောင်းတဲ့ ညီမလေးမို့ သံယောဇဉ်ရှိတယ် ချစ်တယ် ဒါပေမဲ့ မေမေပြောသလို ချစ်လို့မရဘူး မေမေ "

" မေမေဆုံးဖြတ် စီစဉ်တာ အကောင်းဆုံးအစီအမံပဲသား လောကကြီးထဲမှာ မေမေမရှိတော့ရင်တောင် အရာအားလုံးစိတ်ချနိုင် တယ်၊ သမီးလေးအတွက်ကော သားအတွက်ပါ အကောင်းဆုံးအစီအစဉ် ပဲ "

အမြဲတမ်း ယုံကြည်မှုတစ်ခုအတွက် ခေါင်းမာတတ်သော မေမေ အကြောင်းကို သူသိသည်။ သို့ပေမယ့် ဗိသုကာဆိုတာလည်း မေမေ့ သွေး၊ မေမေ့သားတစ်ယောက်ဆိုတာ မေမေ မေ့ထားသည်လား။

" မေမေ့ဆန္ဒတွေ မလိုက်လျောနိုင်တာ ခွင့်လွှတ်ပါ၊ သားမှာ ရည်ရွယ်ထားသူရှိတယ် "

မေမေ့မျက်ဝန်းတွေ စူးခနဲပြာလဲ့သွားသည်ထင်၏။ သေးသွယ်





သော မျက်နှုံးတန်းလေးတွေ စုကျုံ့လျက် နှုတ်ခမ်းပါးတွေကို စေ့ပိတ်ကာ ကိုငေးစိုက်ကြည့်နေခဲ့သည်။

" တခြားသူမဟုတ်ပါဘူး မေမေ၊ ရုပ်သွင်ပါ သားတို့ချစ်သူ နေပြီ "

" ရွှေရုပ်သွင်လား မေမေကတော့ လုံးဝသဘောမတူဘူးသား"

" ဘာကြောင့်လဲ မေမေ၊ ရုပ်သွင်က ဟိုးငယ်ငယ်ကတည်းက နဲ့ သံယောဇဉ်ကြီးမားခဲ့တဲ့သူငယ်ချင်း ငယ်ပေါင်းကြီးဖော်တွေပါ"

" ဘာကြောင့်လဲဆိုတော့ သမီးလေးအသည်းသွေးကလွဲပြီး နဲ့ဘယ်သူ့ကိုမှ သဘောမတူနိုင်လို့ပဲပေါ့၊ သားတကယ်လက်ထပ်သင့် သမီးလေးအသည်းသွေးပဲ ဖြစ်သင့်တယ် ဖြစ်ရမယ် "

" ဟင့်အင်း သားရုပ်သွင်ကိုပဲ လက်ထပ်ယူမှာ မေမေ "

" ဗိသုကာ "

မေမေအသံက စူးရဲကျယ်လောင်သလို မေမေမျက်ဝန်းတွေက က်နှာပေါ်မှာ စူးနစ်တောက်ပသွားခဲ့၏။

" မေမေ့အစီအစဉ်ကို မင်းဆန့်ကျင်ရဲအောင် သတ္တိတွေ သလား "

" ကျွန်တော် မေမေ့ကိုပုန်ကန်တာ မဟုတ်ဘူးမေမေ၊ န်တော်တစ်သက်လုံး ပေါင်းသင်းမယ့်မိန်းမကို ကျွန်တော့်နှလုံးသား ဦးနောက်အသိနဲ့ပဲ ရွေးချယ်ချင်တာပါ "

" ကောင်းပြီလေ မင်းအနာဂတ်ကို မင်းတည်ဆောက်နိုင်



www.burmeseclassic.com

www.burmeseclassic.com





မယ်ဆိုရင် ဒီအချိန်က ထွက်သွားနိုင်တယ် သုကာ ''

**တိကျပြတ်သားသော**စကားအဆုံးမှာ မေမေဧည့်ခန်းထဲ… **ချာခနဲ** လှည့်ထွက်သွားခဲ့လေသည်။

မာနနှင့်ယှဉ်ကြည့်မှုတွေက သူ့စိတ်ထဲမှာရှိသော ဆုံးဖြတ်… ကို ပြတ်သားစေသည်။ ရွေးချယ်မှုတစ်ခုပေးခဲ့သော မေမေ့ကို ကျေ… တင်ပါသည်။

နိုင်မာသော ဆုံးဖြတ်ချက်နှင့် သူ့အခန်းဆီသို့ ခြေလှမ်း… ဦးတည်လိုက်၏။

ခရီးဆောင် ကျောပိုးအိတ်ထဲကို ဗီရိုထဲက အဝတ်အစား … ပဲရွေးချယ် ထည့်လိုက်သည်။ ဝတ်ထားသော တီရှပ်ဖြူပေါ်မှထပ်… ရုပ်ပြာကွက်နုလက်တိုကို ဝတ်ဆင်သည်။

တပတ်ရစ် ဂျင်းဘောင်းဘီပြာကိုတော့ လဲလှယ်မနေတော့… ကျောပိုးအိတ်ကို ကောက်လွယ်ကာ အခန်းထဲက ထွက်ခဲ့၏။

အခန်းအပြင်မှာ ဒူးထောက်ထိုင်ကာ မေမေ့ကိုစိတ်ကရည်… ကန်တော့မိ၏။ ဒီအချိန်ဆို မေမေအိပ်ခန်းထဲမှာ ရှိနေမည်။ သူ… နာကျည်းဒေါသသင့်မျက်ရည်တွေ ကျဆင်းနေမည်လား မသိပါ။

'' ကို ကိုကို ''

ရှိုက်သံစွက်သော ခေါ်သံလေးကြောင့် လှည့်ကြည့်မိတော့ လွ… အိတ်နီလေး လွယ်ရင်းရပ်နေသော အသည်းသွေး။ မျက်ရည်စတွေ… စိုတွယ်သော မျက်ဝန်းလေးတွေနှင့် သူ့ကိုငေးကြည့်နေ၏။





'' ညီမလေး ကျောင်းကပြန်လာပြီလား ''

'' ကိုကိုနဲ့ မေမေတို့ဧည့်ခန်းမှာ စကားပြောနေကတည်းက …အသည်းသွေး ပြန်ရောက်နေတာပါ ကိုကို ''

'' ဒါကို ကိုကိုရှင်းပြစရာမလိုတော့ဘူးပေါ့ ''

အသည်းသွေး ရှိုက်သံလေးတစ်ချက်နှင့် ခေါင်းကလေး ညိတ် …သည်။ ပြီးမှ သူ့ကိုပြန်မော့ကြည့်ရင်း

'' ကိုကို တကယ်သွားတော့မှာလားဟင် ''

'' မေမေ့ဆုံးဖြတ်ချက်ကို ညီမလေး ကြားတာပဲ၊ ကိုကိုသွားမှ …ဖြစ်မယ် ''

'' ကိုကိုထွက်မသွားပါနဲ့ မေမေ့ကို ညီမလေးကိုယ်တိုင် ပြောပါ့ …မယ် ''

ပါးပြင်ပေါ်ကို မျက်ရည်စတွေ လိမ့်ဆင်းရင်း ညီမလေးဆိုသည်။ …နုရောင် တီရှပ်လေးနှင့် အနက်ရောင် စကတ်ထဘီလေး ဝတ်ဆင် …ထားသော ညီမလေးကို သူပြုံးပြရင်း ခေါင်းကိုခါယမ်းပြလိုက်၏။

တကယ့်ကို ချစ်စရာကောင်းတဲ့ညီမလေး။ ကလေးငယ်လေးလို …စင်ပြီး သံယောဇဉ်ခိုင်ကျည်လွန်းသည့် ညီမလေးကို မေမေခင်တွယ် …ချစ်ခင်နေတာ ဒါကြောင့်ထင်ပါရဲ့။

'' ကိုကို အဝေးကြီးကို မသွားပါဘူး၊ ရန်ကုန်မှာပဲ ရှိနေမှာ …မေမေ့အနားမှာ ညီမလေးရှိနေမှာပဲလေ ကိုကိုစိတ်ချနိုင်တယ်၊ မျက်ရည် …တွေ သုတ်လိုက်တော့နော် ညီမလေး ''



www.burmeseclassic.com

www.burmeseclassic.com



" ကိုကိုရယ် အဟင့်. . . ဟင့် "

နှစ်သိမ့်ကာမှ ရှိုက်ငိုသော အသည်းသွေးပါးပြင်ပေါ်က မျက်

တွေကို သူယုယစွာပဲ သုတ်ပေးလိုက်၏။

" ကဲ မငိုနဲ့တော့ ကိုကိုသွားမယ် ညီမလေး "

" ကို. . . ကို နေ နေပါဦး "

သူလှည့်ထွက်မလိုပြင်ပြီးမှ ပြန်ငဲ့ကြည့်တော့ အသည်း

လွယ်အိတ်ထဲက တစ်စုံတစ်ရာကို နှိုက်ယူသည်။

ပြန်ထွက်လာသော လက်ထဲမှာ ပိုက်ဆံအိတ်ကလေးပါ

အိတ်ထဲက ငွေတွေကို ထုတ်ယူကာ အသည်းသွေး ကမ်းပေးနေ

" အသည်းသွေး စုထားတဲ့မုန့်ဖိုးတွေပါ ကိုကို၊ တစ်

ကျော်လောက်ရှိမယ် ကိုကိုယူသွားပါနော် "

" ဟာ. . . မယူပါဘူး ကိုကို့မှာ ရှိပါတယ် "

" ရှိလည်း လိုမှာပါပဲ၊ ယူသွားပါနော် ကိုကို "

သူ မယူရက်ပါ။ ဒါပေမဲ့ အသည်းသွေးမျက်နှာကလေး ညှိုး

မှာစိုး၍ လှမ်းယူလိုက်မိသည်။

" ကိုကို. . . အရေးကြီးကိစ္စရှိရင် အသည်းကျောင်းကို

နော် "

သူပြုံး၍ ခေါင်းညိတ်ပြလိုက်ရင်း ညီမလေးခေါင်းကို တစ်

ပုတ်လိုက်၏။

" ကိုကိုသွားမယ် ညီမလေး "





ကျောပိုးအိတ်ကိုလွယ်လျက်-ခြံဝင်းတံခါးမှ ထွက်ခဲ့ချိန်ထိ မျက်

...ညှိနေမည့်အသည်းသွေးပုံရိပ်ကို လှမ်းမကြည့်ပါဘဲ သူမြင်နေ၏။

ရင်ထဲမှာ တကယ်မကောင်းပါ။ ဖြူစင်သော သံယောဇဉ်တို့၏

...ကြည်နွေးထွေးမှုကို မေမေဘာကြောင့် အရောင်ဆိုးချင်ရတာလဲ။

လတ်တလောမှာတော့ သူ့ခြေလှမ်းတွေက တိုးတိုးတို့အိမ်ဘက်

...ဦးတည်လှမ်းမိရင်း။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၃)

ခြံထဲကို ပါလာရှိ ကားကြီးတစ်စီးနှင့်ရောက်လာပြီး သူနှင်
ဆုံခွင့် တောင်းဆိုလာသည့် နှစ်ယောက်ကို မြင်လိုက်တော့ မင်းမြတ်
အံ့သြသွားခဲ့ရတာတော့အမှန်။

မရင်းနှီးပေမယ့် မျက်မှန်းတန်းမြင်တွေ့ဖူးနေသော ဒီမော
နှစ်ယောက်ကို သူသိနေသည်။

လှိုင်းတွန့်ဆံပင်အခွေလိပ်လေးတွေ နဖူးပေါ်ဝဲကျလျက်
ချောချောသော ကောင်လေးက ထီမထင်ဖြစ်သည်။ ထီမထင်နဲ့ အ
ပါလာသော အမျိုးသမီးအမည်ကိုတော့ သူမသိပါ။

ဒါပေမဲ့ ထီမထင်ရဲ့အစ်မဆိုတာပဲ ဖြစ်မည်။

" ဘာကိစ္စရှိလို့လဲ ခင်ဗျာ "

ဆင်ဝင်အောက်အထိ မောင်နှမနှစ်ယောက်စလုံး ရောက်
သည့် ဆိုတော့လည်း သူ ယဉ်ကျေးစွာနှင့်ပဲ မေးမြန်းရပါသည်။

" ကလေးတွေကိစ္စပါ ကိုမင်းမြတ်သွင် "





အပြုံးရေးရေးစကားသံချိုချိုနှင့် သူမက သူ့အမည်ကိုတောင်
နေတာမို့ အံ့သြရသေး၏။

" ကျွန်မနာမည် ကေရီပါ ကိုမင်းမြတ်သွင် ထီမထင်ရဲ့ အစ်မ
ပေါ့ "

" ဟုတ်ကဲ့ မကေရီ ကလေးတွေကိစ္စ ဆိုတာက "

ရင့်ကျက်တည်ငြိမ်မှုနှင့် သူမလှပစွာပြုံးသည်။ ပြီးမှ သူ့အမေး
ကေရီဖြေသည်။

" ကျွန်မမောင်လေး ထီမထင်နဲ့ ကိုမင်းမြတ်သွင် ညီမလေး
ရုပ်သွင်တို့ကိစ္စပါ "

သူ မျက်မှောင်ကုတ် မင်သက်သွားခဲ့ရသည်။ ညီမလေးတို့
တဲ့။ ဘာကိုဆိုလိုတာလဲ။ ရုပ်သွင်ဘာတွေ ရှုတ်တွေးလာခဲ့ပြန်သည်လဲ
တော့ထိတ်ရသည်။

" ကျွန်မတို့ အေးအေးဆေးဆေး စကားပြောခွင့်ရရင် အဆင်
မယ် ကိုမင်းမြတ်သွင် "

" ဗျာ. . . ဟုတ်ကဲ့. . . အထဲဝင်ကြပါဦး "

သူ အခုမှ သတိရစွာနှင့် ကေရီကို ဖိတ်ခေါ်ရသည်။ အပြာနု
င် ဝတ်စုံလေးနှင့် ကေရီကတော့ တည်ငြိမ်လွန်းစွာ လှပနေသည်။
တော့ ထီမထင်ကလည်း ထူးထူးဆန်းဆန်း အုန်းခွံရောင်ပုဆိုး
တ်စိပ်နှင့် အဖြူရောင် လည်ကတုံးရှပ်လက်ရှည်ကို ဝတ်ဆင်ထား
သည်။



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း ဘောင်းဘီနှင့်တီရှပ်နှင့် ခေတ်လူငယ်ဆန်နေသော ထိမထင်ကို ဒီလိုပုံစံနှင့် တွေ့ရတော့လည်း သူအံ့ဩမိသည်။

" ခဏလေး ထိုင်ကြပါဦး မကေရီ "

ဧည့်ခန်းထဲမှာ နေရာချပေးထားခဲ့ကာ စားသောက်ခန်းဘ သူ အပြေးထွက်ခဲ့ရသည်။

ကော်ဖီနှစ်ခွက်နှင့် မုန့်ပူးထဲက မုန့်ချပ်တွေကို ထည့်ယူ ပြန်ထွက်ခဲ့၏။

ရွှေရုပ်နှင့်အတူ ထွက်လာမည်ဟု ထင်မှတ်ထားမိသေ မင်းမြတ်သွင်တစ်ယောက် ကော်ဖီဘမ်းကိုင်ကာ တစ်ယောက်တည် ပြန်ထွက်လာတာမို့ ကေရီကော ထိမထင်ပါ မင်သက်သွားသည်။

" အိမ်မှာက ကျွန်တော်နဲ့ညီမလေးပဲရှိတာ အိမ်ဖော်မိန်းမကြီ ချက်ပြုတ်ပြီးတာနဲ့ ပြန်သွားတာဆိုတော့ ဘယ်သူမှမရှိဘူးလေ "

" အားနာစရာ ကိုမင်းမြတ်သွင်ရယ် ရပါတယ် ကျွန် အတွက် ဘာမှမလိုပါဘူးရှင် "

" ကော်ဖီနဲ့မုန့်လေးတော့ သောက်ကြပါဦး "

ထိမထင်ဆိုသော ချာတိတ်ကို သူ ဘယ်လိုမှ ကြည့်လို့ အ မပြေနိုင်ပေမယ့်လည်း ကေရီကို အားနာတာမို့ ဧည့်ခံနေရသည်။

ပြီးတော့ ညီမလေးနှင့် ထိမထင်တို့ကိစ္စဆိုသည့် အကြော လည်း သူ့ကိုပိုလို့ စိတ်ဝင်စားစေသည်။

ကေရီက ကော်ဖီခွက်ကို တစ်ကျိုက်မော့သောက်နေ





ထိမထင်ကတော့ အိမ်ခန်းထဲကို မျက်လုံးတွေ ဝေ့ဝဲကြည့်နေတာကို သူသတိထားမိသည်။

ညီမလေးရွှေရုပ်သွင်ကို ဒီကောင်ရှာနေတာလား။ ဘာကြောင့်လဲ ကောင်နဲ့ညီမလေးဘာတွေ ပတ်သက်နေတာလဲ။ မေးခွန်းပေါင်းများစွာ သူ့ စိတ်ထဲက သိချင်စိတ်တွေ ပြွမ်းပြလာ၏။

" ဒါနဲ့ ရွှေရုပ်သွင်ကော ကိုမင်းမြတ်သွင် "

ကေရီက အခုမှမြင်တွေ့သိကျွမ်းရပေမယ့် သူ့ကိုဆက်ဆံပုံက ကယ့်တရင်းတနှီး ကျွမ်းဝင်သော မိတ်ဆွေတွေလို ပြုံးပြုံးရွှင်ရွှင် သည်။

" ညီမလေး အပြင်ထွက်သွားတယ် မကေရီ "

သည်တော့မှပဲ ထိမထင်အာရုံတွေက စကားဝိုင်းထဲ ပြန်ရောက် ာပုံရသည်။

" ဒါနဲ့ ညီမလေးကိစ္စဆိုတာ ဘာများလဲ မကေရီ "

" ဪ တခြားမဟုတ်ပါဘူး ကိုမင်းမြတ်သွင် ကျွန်မ မောင်လေး ထိမထင်က ညီမလေးရွှေရုပ်ကို မေတ္တာသက်ဝင်နေတာမို့ စေ့စပ်လက်ထပ်ခွင့် လာတောင်းတာပါရှင် "

မမျှော်လင့်သော စကားကြောင့် မင်းမြတ်သွင် မျက်ဝန်းတွေ ကျယ်သွားရသည်။

ထိမထင်က ညီမလေးကို လက်ထပ်ခွင့်လာတောင်းတာလဲ ထိမထင်နဲ့ညီမလေးက ချစ်သူတွေ ဖြစ်နေကြပြီလား။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စကို ရုပ်သွင်က သူ့ကိုအသိမပေးသေးတာ သေချာသည်။ တကယ်
မောင်နှမရင်းတွေမို့ ရုပ်သွင်က ကြိုတင်ပြောပြထားသင့်၏။ အခု
သူ ထူထူပူပူကြီးနှင့် ဘာပြန်ပြောရမည် မသိပါ။ ကေရီဆို
သူမကတော့ အရယ်အပြုံးမပျက် စကားတွေ ဆက်ပြောနေလေသည်
" ကျွန်မတို့မှာ ဒယ်ဒီရှိသေးပေမယ့် လက်ရှိမှာ ဒယ်ဒီ
နိုင်ငံခြားရောက်နေတာဆိုတော့ မောင်လေးကိစ္စအဝဝကို ကေရီ
ယူရတယ်လေ ကိုမင်းမြတ်သွင်ကလည်း ရွှေရုပ်သွင်ရဲ့အစ်ကိုကြီးဆို
မိသားဖသားပီပီ ကျွန်မတို့လာတောင်းရမ်းတာပါရှင် "
" ဟို အဲ ကျွန်တော် ဒီကိစ္စကိုဘာမှ မသိတာအမှန်ပဲ မ
ညီမလေးနဲ့ထီမထင်တို့ ကိစ္စတွေကို ကျွန်တော်ဘာမှမသိဘူးဗျာ "
သူ အူတူတူနှင့်ပဲ ပြန်ရှင်းပြရသည်။ စိတ်ထဲမှာလည်း ရုပ်သွင်
မကျေမနပ်ဖြစ်ရသည်။ ညီမလေးဘဝမှာ သူပဲအဖေ သူပဲအမေ အ
ရှိခဲ့ရတာ။ ထီမထင်နှင့်ကြိုက်နေသည် ဆိုလျှင်လည်း ပြောသင့်တာ
" မောင်လေးထီမထင်က ရွှေရုပ်ကို နှစ်နှစ်ကာကာ ချစ်
တာပါ ကိုမင်းမြတ်သွင် "
ညီမအကြောင်း အစ်ကိုရှေ့မှာ လာပြောနေသည့်ကိစ္စဆို
မင်းမြတ်သွင်မျက်နှာကြီးက ရေနွေးပူနှင့်ပက်ခံထားရသလို ထူပူနီရဲနေ
ကေရီဆိုသော အမျိုးသမီးကတော့ တကယ့်တည်တည်ငြိမ်ငြိမ်ပါ
သူ့မှာသာ ခေါင်းကြီးငုံ့လို့ မျက်နှာချင်းတောင် ရင်မဆိုင်ရဲ ဖြစ်နေရ
" မောင်လေးက ကျွန်မကို အသိပေးတော့ မောင်လေးဖြစ်ချ



ဆန္ဒအတိုင်း ကျွန်မကိုမင်းမြတ်သွင်ဆီ ကိုယ်တိုင်လာစေစပ်တဲ့
ဘာပါ။ အခုကိစ္စကို ဒယ်ဒီကလည်း ကျေနပ်ပါတယ်။ မိန်းကလေးရှင်
တဲ့ ကိုမင်းမြတ်သွင်ဘက်က လက်ခံမယ်ဆိုရင် မင်္ဂလာပွဲကို ကျွန်မတို့
ဘက်က စိတ်တိုင်းကျစီမံပေးပါ့မယ်ရှင် "
" ဟုတ်ပါတယ် ကိုကြီး ကျွန်တော် ရွှေရုပ်ကို မြတ်မြတ်နိုးနိုး
ခဲ့တာကြောင့်လည်း ကိုကြီးဆီမှာ တရားဝင်လာတောင်းရမ်းတာပါ"
" ရွှေရုပ်သွင်ကို ကေရီမြင်ဖူးပါတယ် ကိုမင်းမြတ်သွင် ကေရီရဲ့
ညီမလေးတစ်ယောက်လိုလည်း ခင်မင်ချစ်ခင်ပါတယ်။ ကိုမင်းမြတ်သွင်
ဘက်က အဖြေတစ်ခုကိုသာ သိခွင့်ရမယ်ဆိုရင် ဒယ်ဒီကိုယ်တိုင် မြန်မာ
ပြည်ပြန်လာပြီး အားလုံးစီစဉ်ပေးမှာပါ "
မောင်နှစ်မနှစ်ယောက် တစ်ယောက်တစ်ပေါက်နှင့် ပြောဆို
တောင်းဆိုနေသမျှ မင်းမြတ်သွင် ဘာမှမတုံ့ပြန်နိုင်ဘဲ နားထောင်နေရ
သည်။
အမှန်ဆို သူက မိန်းကလေးရှင်ဆိုပေမယ့် ဒီကိစ္စမျိုးမှာ ဘာမှ
ပြောတတ်ဆိုတတ်တ မဟုတ်ပါ။ စီးပွားရေးကိစ္စတွေကလွဲလို့
သူ့ခေါင်းထဲမှာ ဘာမှမရှိ။
ပြီးတော့ ဒီကိစ္စကြီးက သူဘာမှ မသိဘဲနှင့် ချက်ချင်းလက်ငင်း
ရင်ဆိုင်လိုက်ရခြင်းမို့ ကြိုတင်ပြင်ဆင်မှု မရနိုင်ဘဲ အဖြေပေးရဖို့ ခက်နေ
သည်။
ထီမထင်ဆိုသော ချာတိတ်ကို သူကြည့်မရတာတော့ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားများသည်။ ပွေသည်ရှုတ်သည်။ ညီမလေးနှင့် သူငယ်ချင်းမိတ်

ဖြစ်နေတော့ သူတောင် ပူပန်စွာ တားမြစ်ခဲ့မိသေးသည်။

အခုတော့ ညီမလေးက ထီမထင်နှင့် ပတ်သက်နေသည်

ဆိုတော့ အခက်။

သဘောမတူဘူး ငြင်းလိုက်လျှင်လည်း ညီမလေး ထီမထင်

နောက် လိုက်သွားမှ သူ မဟာအရှက်ကွဲရမည်။ ဒါမျိုးတော့ သူ အပြ

မခံနိုင်ပါ။

သူချစ်သောညီမလေးဘဝကိုတော့ သိက္ခာရှိရှိ အေးချမ်းပြည့်

သော အနာဂတ်တစ်ခု ပိုင်ဆိုင်နေတာ မြင်လိုသည်။

ထီမထင်ဘဝက သူတို့မောင်နှမဘဝထက် အများကြီး ပြည့်

ချမ်းသာတာတော့ သူမြင်နေသိနေသည်။ အခုလည်း ထီမထင်ရဲ့အစ်မရော

ကိုယ်တိုင်က မိသားဖသားပီပီ လာတောင်းရမ်းနေတော့ ငြင်းရခက်

နေမိခဲ့။

" ကိုမင်းမြတ်သွင်ဘက်က အဖြေတစ်ခုကို ကျွန်မ မျှော်လင့်

ပါရစေ "

ကေရီအမေးစကားကြောင့် သူ့အတွေးတွေ ရုတ်ခနဲ ထွက်ပြေး

ကုန်ရသည်။

သူ့နှုတ်က အဖြေကို မျှော်လင့်နေသော ကေရီမျက်နှာ။

မျှော်လင့်ချက်ဖြင့် ငေးစိုက်ကြည့်နေသော ထီမထင်မျက်ဝန်း

တွေကို သူမြင်နေရ၏။ဘာပဲဖြစ်ဖြစ် အဖြေတစ်ခုတော့ သူပေးရမှာ





နားလည်မိ၏။

" ဟို . . . အဲ . . . သူတို့ လူငယ်ချင်း အဆင်ပြေတယ်ဆိုရင်

ကျွန်တော့်ဘက်က ငြင်းစရာမရှိပါဘူး မကေရီ ညီမလေးကို ကျွန်တော်

စိတ်ချမ်းသာစေချင်ပါတယ် "

" ဟို . . . အဲ . . . ကျွန်တော်နဲ့ရွှေရုပ်က ကိုကြီးပြောသလို

ချစ်သူရည်းစားတွေ မဟုတ်သေးဘူးခင်ဗျ "

" ဟင် "

" ဟုတ်ပါတယ် ကိုမင်းမြတ်သွင် မောင်လေးထီမထင်က

ရွှေရုပ်သွင်ကို တကယ်ချစ်ခင်နေပြီဆိုလို့ ကျွန်မကိုယ်တိုင် လာတောင်းဆို

ခွင့်တောင်းတာပါရှင် "

" ဗျာ ဒါဆို ညီမလေးနဲ့ထီမထင်က ဘာမှမပတ်သက်ကြ

သေးဘူးပေါ့ ဟုတ်လား "

သူ တအံ့တသြနှင့် မေးမိသည်။ ထီမထင်မျက်စိမျက်နှာ

ပျက်ယွင်းလျှက် ခေါင်းကို ခါယမ်းပြသလို ကေရီလည်း နှုတ်ဆိတ်နေသည်။

" ကျွန်တော်က ညီမလေးတို့ လူငယ်ချင်း ကျွမ်းဝင်နေပြီ

ထင်တာဗျ ဒီကိစ္စမှာ ကာယကံရှင်တွေက အဓိကပဲလေ ညီမလေးဆန္ဒကို

ကျွန်တော် ဘာမှမသိသေးဘူး "

" ရုပ်သွင် ဒီကိစ္စကို လုံးဝငြင်းဆိုတယ် ကိုကြီး "

ဧည့်ခန်းတံခါးဝမှာ ရပ်နေသော ရုပ်သွင်အသံကြောင့် သူတို့

အားလုံးလှည့်ကြည့်မိကြသည်။

www.burmeseclassic.com



" ဟင် . . . ရွှေ . . . ရွှေရုပ် "

" ကျွန်မအားလုံးကြားပြီးပြီ ထီမထင်၊ ဘာလဲ ရှင်ကကျွန်မဆီက တောင်းခံမရလို့ ကိုကြီးကိုလာတောင်းဆိုတာလား "

" ရွှေရုပ် ကိုယ်မင်းကို တကယ်မြတ်နိုးတာပါ "

" တော်စမ်းပါ ရှင်လုပ်ချင်တာလုပ်ခွင့်မရှိဘူး၊ ရွှေရုပ်သွင်ဆိုတာ သက်မဲ့အရုပ်တစ်ရုပ်မဟုတ်ဘူး ထီမထင်၊ ကျွန်မ ပွင့်ပွင့်လင်းလင်း ပြောမယ်၊ ရှင့်ကို ကျွန်မဘယ်တော့မှ လက်မထပ်နိုင်ဘူး ထီမထင်"

ပြတ်သားစွာ ငြင်းဆိုလိုက်သော ရုပ်သွင်စကားကြောင့် ထီမထင် နှုတ်ဆိတ်လျက် ခေါင်းငိုက်စိုက်ငြိမ်သက်သွားခဲ့သည်။ မမကေရီက

" ညီ ညီမလေးရယ် မောင်လေးက မင်းကို တကယ်ချစ်တာပါ မမကလည်း ရွှေရုပ်ကို သဘောကျတယ်။ ဒါကြောင့် ရွှေရုပ်ကိုကြီးဆီမှ မမကိုယ်တိုင် လာတောင်းဆိုနေတာပါကွယ် "

" စိတ်မကောင်းပါဘူး မမကေရီ အချစ်မပါတဲ့အိမ်ထောင်တစ်ခုကို ရုပ်သွင်ဘယ်တော့မှ မတည်ဆောက်ချင်ဘူး။ ရုပ်သွင်မှာ ရည်ရွယ်ထားတဲ့ ချစ်သူရှိပါတယ်၊ ဒါကို သူသိအောင် ရုပ်သွင်ပွင့်ပွင့်လင်းလင်း ပြောခဲ့ပြီးပါပြီ၊ စိတ်မကောင်းပါဘူး မမ ၊ ရုပ်သွင်နှလုံးသားက ချစ်တဲ့သူကိုပဲ ရုပ်သွင်ဘဝအတွက် ရွေးချယ်မှာပါ "

ယတိပြတ်နိုင်သော ရွှေရုပ်စကားလုံးတွေအောက်မှာ မမကေရီလည်း နှုတ်ဆိတ်ဆွံ့အသွားခဲ့ရသည်။

စိုးမိုးစာပေ



ညည်ခန်းလေးထဲမှာ တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်က စက္ကန့်ပေါင်းများစွာ။

ခေါင်းငိုက်စိုက်နှင့် ကြေကွဲနေသော သူ့ကို မမက အရင်ဆုံး နှစ်သိမ့်သတိပေးလာသည်။

" ထီ . . . မောင်လေး မမတို့ ပြန်ကြစို့ "

" မမ . . . ကျွန်တော် ရွှေရုပ်ကို "

" မရနိုင်တဲ့အရာတစ်ခုကို မမျှော်လင့်နဲ့တော့ မောင်လေး မင်းချစ်ခြင်းနဲ့ထိုက်တန်သူကို ရှာစမ်းပါ၊ ကဲ ခွင့်ပြုပါဦး ကိုမင်းမြတ်သွင်"

" ဟုတ် ဟုတ်ကဲ့ပါ မကေရီ "

အပြန်လမ်းတစ်လျှောက်လုံး သူ့ရင်ထဲမှာ လစ်ဟာကြေကွဲခြင်းတွေနှင့် သက်မဲ့အရုပ်တစ်ရုပ်လို ရှိ၏။

" အချစ်ဆိုတာ ဘဝတစ်ခုမဟုတ်ပါဘူး မောင်လေးရယ်၊ မေ့ပစ်လိုက် ရွှေရုပ်သွင်ကလွဲရင် မောင်လေးကြိုက်တဲ့သူကို လက်ညှိုးထိုးလိုက် မမမရ ရအောင်တောင်းပေးမယ် ဟုတ်လား "

ကားလေးကို မောင်းနှင်ရင်း မမနှုတ်က နှစ်သိမ့်စကားတွေ ဆိုလာလည်း သို့ပေမယ့် သူ့ခွန်းတုန့်မပြန်နိုင်ခဲ့ပါ။

ရင်ထဲမှာ တောင့်တမျှော်လင့်ထားသမျှ ပျက်ဆီးခဲ့ရပြီ။

အချစ်ဆိုတာ ဘဝတစ်ခုမဟုတ်ဘူးဟု မမဆိုပေမယ့် ရွှေရုပ်ကို သူချစ်ခဲ့တာ တစ်ဘဝမှာ တစ်ခါပဲ ချစ်မိတဲ့ အချစ်မျိုးပါ။

ရွှေရုပ်ရယ် မင်းကိုဆုံးရှုံးရရင် ကိုယ်သေလိမ့်မယ်ထင်ပါရဲ့။

✿ ✿ ✿ ✿ ✿

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

" ဘာရယ် ထီမထင်ဆိုတဲ့ကောင်က ရုပ်သွင်ကိုကြီးဆီရှာ
လာတောင်းတယ် ဟုတ်လားရုပ်သွင် "

"ဟုတ်တယ် သုကာ. . . ရုပ်သွင်နဲ့ပတ်ပင်းတိုးလို့ ရုပ်သွင်ပြန်
ပစ်လိုက်တာ"

သူ့ရင်ထဲမှာ စိုးရိမ်ပူပန်နေမိတာအမှန်။ ထီမထင်က ရုပ်သွင်
ကိုကြီးထံမှတောင်လာရောက်ပြီး လက်ထပ်ခွင့်တောင်းသည်တဲ့။

ဒါဆိုထီမထင်ဆိုတဲ့ကောင်က ရုပ်သွင်ကို တကယ်ပဲအလိုရှိနေ
တာသေချာနေပြီပေါ့။ သူထင်မှတ်ထားခဲ့သည်က ထီမထင်ဆိုတာ အဆင်
ရောအချင်းပါ ပြည့်စုံသူပီပီ ရည်းစားတွေထည်လွဲတွဲတက်သူဟုသာ

ရုပ်သွင်ကိုလည်း အပျော်ကြံချစ်ကြိုက်ခဲ့သည်ဟု ထင်မိခဲ့သည်။
အခုတော့ . . . ထီမထင်လုပ်ရပ်က သက်သေဖြစ်နေသည်။

"ဒီကောင့်ကို ငါလျှော့တွက်ခဲ့မိတာ အမှားပဲ"

" နင်ဘာကို ဆိုလိုတာလဲ သုကာ "





" နင့်ကို ဒီကောင် အပျော်ကြံတာလို့ ငါထင်ခဲ့တာ ဒီကောင်
ဘာ နင့်ကို တကယ်ချစ်နေတာကိုး "

" တော်စမ်းပါ လုံးဝခေါင်းထဲမှာမရှိဘူး။ ငါ့နှလုံးသား က
တစ်ယောက်ထဲပဲ "

" ငါယုံပါတယ်ရုပ်သွင် ငါ့နှလုံးသား ငါ့အသွေးအသား ထဲမှာလဲ
နင်တစ်ယောက်တည်းပဲ ရှိခဲ့တာပါ"

" ဒါနဲ့တောင် နင်ကမာနတွေနဲ့ ဟန်ဆောင်ထားခဲ့သေး
တယ်နော် သုကာ နင်သိပ်မာနကြီးတယ်အမြဲတမ်း ငါ့ဘက်က
အနိုင်ရသလိုနဲ့ အရှုံးပေးခဲ့ရတာချည်းပဲ"

"နင့်ကို မြတ်နိုးတဲ့ ငါ့နှလုံးသားကို ငါအမြဲတမ်း သစ္စာရှိရှိ
ထိန်းသိမ်းထားခဲ့တာပါ ရုပ်သွင် အခုတောင် မေမေ ဆန္ဒတွေကို
ပလွန်ဆန်ပြီး အိမ်ကဆင်းခဲ့တာ နင်ယုံပါ "

သုကာဆိုမှ ရုပ်သွင်စိတ်ထဲ ဆစ်ခနဲဖြစ်ရသည်။ သုကာ
မေမေက ရုပ်သွင်နှင့်သုကာကို သဘောမတူဘူးတဲ့။ ဘယ်လောက်ခံပြင်း
ရာကောင်းသလဲ။

"အသည်းသွေးဆိုတဲ့ ကောင်မလေးက နင့်မေမေ သဘောကျ
နေတာကိုး ငါ့လို ပေါက်ကျော်မနဲ့ ဘယ်သဘောတူမလဲ သုကာရဲ့"

မျက်စောင်းလေးဝင့်ကာ နှုတ်ခမ်းလေးစူကာဆိုသော ရုပ်သွင်
စကားကြောင့် သုကာပြုံးမိသည်။

တစ်ခါတုန်းက ရုပ်သွင်ကို သူကိုယ်တိုင် ပဲ ပေါက်ကျော်မလို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဖူးတာမို့ ရှပ်သွင်ကို အမှတ်ရ အခဲမကြေစွာ ဆိုနေခြင်းဖြစ်

" ဘာရယ်တာလဲ ဟွန်း "

" ဟာ ဘယ်မှာရယ်လို့လဲ "

" နင်ပြုံးလိုက်တာ ငါမြင်တယ် မညာနဲ့ "

" သဘောကျလို့ပါ နင့်ကိုပေါက်ကျော်မလို့ ခေါ်ခဲ့တာ

နင်စိတ်ဆိုးနေသေးသလားဟင် "

" သုကာနော် ပြန်အစမဖော်နဲ့ ငါစိတ်ဆိုးမိမယ်"

" စိတ်မဆိုးပါနဲ့ ရှပ်သွင်ရယ် ငါက အဲဒီလို ပေါက်ကျော်

လေးကိုပဲ စွဲစွဲလန်းလန်း ဖြစ်နေလို့ မိဘရင်ကို ခြေစုံကန်ခဲ့တာပါ "

" ဘာလဲ နောင်တတွေ ရနေလို့လား ဒါဆိုလည်း ပြန်တော

ပန်ပြီး နှင့်မေမေသဘောတူတဲ့ အသည်းသွေးကို လက်ထပ်ယူလိုက်ပေါ့

" အသည်းသွေးကို ငါချစ်တာ ငါ့ညီမလေးတစ်ယောက်

ချစ်တာလေ "

" မသိဘူးလေ အခုမှ နောင်တတွေ ရနေသလားလို့"

" ဘာမှ နောင်တရစရာမရှိဘူး တစ်ခုပဲရှိတယ် အ

ပြတ်စွန့်လွှတ်ခံရမယ့် သားတစ်ယောက်ကို ယူလိုက်ရင်တော့ နင်ဆင်း

သေချာတယ် ရှပ်သွင် "

" ဂရုမစိုက်ပါဘူး ချမ်းသာချင်ရင် ထီမထင်ကို အစော

ကတည်းက ခေါင်းညိတ်လိုက်မှာပေါ့ "

" ဒါဆိုရင်တော့ ငါရင်ကွဲပြီးသေမှာ သေချာတယ် "





" ကောင်းတာပေါ့ အဲဒီကျမှ နင့်မာနတွေနဲ့ရောပြီး စုပုံမီးရှို

လိုက်မယ် "

" ကြည့်စမ်း တစ်ချိန်လုံး ဘုကန့်လန့်တွေချည်းပြောနေတယ်"

" ဘာဖြစ်လဲ ပြောမှာပေါ့၊ ဟိုးအရင်ကတည်းက ပြောခဲ့တာ

ဆန်းသလား "

" ဆန်းတာပေါ့ ဟိုးအရင်က သူငယ်ချင်း အခုသမီးရည်းစား

သူတွေဖြစ်နေပြီ နင်ဒါတွေ မပြောနဲ့တော့ "

" ပြောမှာပဲ "

" ရှပ်သွင်နော် ပြောရဲရင် ပြောကြည့် "

" ဘာလို့ မပြောရဲရမှာလဲ မကြောက်ပါဘူး လာချောက်မနေ

နဲ့ အို "

ရှပ်သွင်စကားအဆုံးမသတ်လိုက်နိုင်ပါ။ သုကာရဲ့ရင်ခွင်ကျယ်

ကြီးထဲရောက်သွားရသည်။

" သုကာ နင် မလုပ် နဲ့ အို "

ငြင်းဆိုမိသော နှုတ်ခမ်းလေးတွေ နွေးထွေးသွားခဲ့ရသည်။

ရှပ်သွင်ရင်တွေ တလှပ်လှပ်ခုန်ကာ အနမ်းရှည်ကြီးထဲ နစ်မျော

သွားခဲ့၏။

" ချစ်တယ် ရှပ်သွင်ရယ် "

သုကာ နှုတ်ဖျားက တီးတိုးစကားသံအောက်မှာ ရှပ်သွင်မျက်နှာ

လေး ရှက်ရွံ့နီမြန်းနေခဲ့၏။ အနမ်းတွေက နွေးထွေးရှိန်းမြလာသလို



www.burmeseclassic.com

www.burmeseclassic.com



ရုပ်သွင်ခန္ဓာကိုယ်လေး သုကာရင်ခွင်ထဲမှာ နစ်မြုပ်မွန်းကြပ်နေ

သုကာ့ဒုက္ခအတွက် ကူညီစီစဉ်ပေးထားသော တိုးတိုးမိ

ပိုင်ဆိုင်သော အိမ်ကလေးက တိတ်ဆိတ်ငြိမ်းချမ်းနေသည်။

ယစ်မူးချို့မြိန်သော အနမ်းတွေထဲမှာ ရုပ်သွင် အသိ

တွေကင်းလွတ်ကာ သုကာခေါ်ဆောင်ရာ ကမ္ဘာသစ်တစ်ခုဆီ လွင့်

နေမိဆဲ။

ရင်လှိုက်ဖိုခြင်းတွေနှင့် တိမ်းညွတ်ဖွယ် ကမ္ဘာသစ်က

ချစ်ခြင်းရနံ့တွေ ရှိုက်နမ်းရင်း ပေါင်းစပ်ခဲ့သောရင်ခုန်သံတွေက ကြ

နေခဲ့သည်လား။

✿ ✿ ✿ ✿ ✿



## အခန်း (၂၅)

" ဒါဆို သုကာက အခု သူ့အမေအိမ်က ဆင်းသွားပြီပေါ့ ဟုတ်လား ညီမလေး "

" ဟုတ်တယ် ကိုကြီးအခု သုကာနေ နေတာ တိုးတိုးတို့အမေ ပိုင်တဲ့ ခြံလေးထဲက ပျဉ်ထောင်အိမ်လေးမှာလေ "

ရုပ်သွင့်စကားကြောင့် မင်းမြတ်သွင် မျက်ခုံးတွန့်သွားရသည်။ စိတ်ထဲမှာ အလိုမကျဖြစ်မိတာတော့ အမှန်။

ညီမလေးနှင့် သုကာချစ်ကြိုက်နေတာကို အပြစ်မမြင်ချင်ပေမယ့် သုကာအမေလုပ်ရပ်ကိုတော့ သဘောမကျချင်ပါ။

သူမျှော်လင့်ထားသည်က သုကာမိခင်က သုကာနှင့်ညီမလေးကို ကြည်ဖြူစွာ သဘောတူနိုင်မည်ဟု ထင်ခဲ့၏။ အခုတော့

ညီမလေးကိုပဲ လက်ထပ်မည်ဆိုသည့် သုကာကို အိမ်ပေါ်က နှင်ချလိုက်သည်ဆိုတာတော့ မဟုတ်သေး။ တစ်မိစိမ့်တွေးမှ တန့်နှံ့ခံစား ရသည်။

" နေစမ်းပါဦး ညီမလေး။ သုကာနဲ့ညီမလေးကို သုကာအမေက



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့သဘောမတူရတာလဲ ”

“ သုကာမေမေက အသည်းသွေးနဲ့ စိစဥ်တာလေ သုကာ[...] အသည်းသွေးကို ညီမလေးတစ်ယောက်လိုပဲ ချစ်တယ်၊ ဒါကြောင့်[...] သုကာကို အိမ်ကဆင်းခိုင်းတာပါ ကိုကြီးရဲ့ ”

“ ဘာပဲဖြစ်ဖြစ် ကိုကြီးဖြစ်ချင်တဲ့ဆန္ဒက ညီမလေးကို သု[...] အနေနဲ့ မိသားဖသားပီပီ တောင်းရမ်းလက်ထပ်စေချင်တယ် ”

သူ့စကားကြောင့် ညီမလေးမျက်နှာ ကွက်ခနဲ ပျက်သွား[...] သူ စိုက်ကြည့်နေတာ သတိထားမိ၍ထင်၏။ ညီမလေး မျက်နှာ[...] ချက်ချင်းပြန်ပြင်ရင်း

“ သုကာ မေမေက တကယ့်တစ္ဆတ်ထိုး ကိုကြီးရဲ့ သုကာ[...] စိတ်ဆိုးပြီး အိမ်ကနှင်ချလိုက်တာ ကြည့်ပါလား ”

“ ဒါ ကိုကြီးသိပြီးပြီ၊ ကိုကြီးသိချင်တာ သုကာမိဘတွေ[...] ညီမလေးနဲ့ဘာကြောင့် သဘောမတူတာလဲ ဘာလို့လဲ၊ ကိုကြီးတို့[...] မိဘဆွေမျိုးမဲ့တွေမို့လား ပြီးတော့သူတို့လောက်မပြည့်စုံလို့လား ညီမလေး[...]

“ မဟုတ်ပါဘူး ကိုကြီး သုကာ့အမေက အသည်းသွေး[...] သမီးအရင်းမဟုတ်တော့ ချွေးမတော်ချင်တယ်လေ၊ သုကာကို အသည်း[...] သွေးကလွဲရင် ဘယ်သူနဲ့မှ သဘောမတူဘူးတဲ့ ”

“ ကိုကြီးသဘောပေါက်ပြီညီမလေး၊ ဒါပေမဲ့ ကိုကြီးကလည်း[...] ညီမလေးကို တန်ဖိုးရှိရှိဖြစ်စေချင်တယ် ယောက္ခမကြည်ဖြူလို့ ခိုး[...] လိုက်ရတဲ့ ချွေးမတစ်ယောက်တော့ အဖြစ်မခံနိုင်ဘူး ”





“ သုကာက ညီမလေးကို ချစ်ပါတယ် ကိုကြီးရဲ့ ”

“ ထီမထင်ကလည်း ညီမလေးကိုချစ်တာပဲ၊ နောက်ဆုံး [...]အစ်မကိုယ်တိုင်က ကိုကြီးဆီ လိုလိုလားလား လာတောင်းဆိုတယ် ”

“ ထီမထင်ကိုမှ ညီမလေးမချစ်ဘဲ ”

“ ကိုကြီးဆိုလိုတာ ညီမလေးရဲ့ တန်ဖိုးကိုပါ၊ သုကာက [...]ညီမလေးကို တကယ်မြတ်နိုးတယ်ဆိုရင် သူ့အမေနားဝင်အောင် [...]ပြောသင့်တယ်၊ ညီမလေးကို သိက္ခာရှိ တန်ဖိုးရှိရှိ လာတောင်းရမ်းသင့်[...]ယ် ”

“ လက်ရှိအချိန်မှာ သုကာဘဝက အိမ်ပေါ်က နှင်ချခံထား[...]ရတဲ့ သားတစ်ယောက်လေကိုကြီးရဲ့ ”

“ ဒီအချိန်မှာ ညီမလေးနဲ့သူ အိမ်ထောင်ပြုလိုက်ရင် စိတ်ညစ်[...]ရာတွေအများကြီး ကြုံရမှာ သေချာတယ် ”

“ ညီမလေး ရင်ဆိုင်ရဲတယ် ကိုကြီး ”

“ ဟင် ”

“ ဟုတ်တယ် သုကာကို ညီမလေးချစ်သလို သုကာအချစ်ကို[...]ည်း ညီမလေးအကြွင်းမဲ့ယုံတယ် ကိုကြီး ”

ဒီအချိန်မှာ ညီမလေးကို သူပိတ်လှောင်ချုပ်နှောင်လို့ မရနိုင်[...]ကိုလည်း စိတ်ကသိနေခဲ့သည်။ အကောင်းဆုံးကို အချိန်ယူပြီး စီမံ[...] ဖြစ်မည်။

“ ကဲ ဒီကိစ္စတွေ ထားလိုက်တော့ ညီမလေး၊ အချိန်တန်ရင်



www.burmeseclassic.com

www.burmeseclassic.com



အခြေတစ်ခုတော့ ရမှာပါ ကိုကြီးတို့စဉ်းစားဆုံးဖြတ်ကြတာပေါ့ "

လေပြည်လေးနှင့် နှစ်သိမ့်စကားဆိုရင်း သူထွက်ခဲ့တော့ ဧည့်ခန်းထဲမှာ ညီမလေးတိတ်ဆိတ်စွာ ကျန်ရစ်ခဲ့သည်။

အိပ်ခန်းထဲရောက်ခဲ့ပေမယ့် သူအိပ်လို့မပျော်ပါ။

ညီမလေးနှင့်ပတ်သက်သည့် သောကတွေက ရင်ထဲမှာ ရှုပ်ထွေးနေခဲ့သည်။

နေ့လည်က သူ့ရုံးရာဆိုင်အထိ ရောက်လာသောထီမထင်အစ် မကေရီစကားတွေကို ပြန်ကြားယောင်မိသည်။

" မောင်လေး အတော်ခံစားနေရတယ် ကိုမင်းမြတ်သွင်။ သူ ရုပ်သွင်လေးကို တကယ်မြတ်နိုးရှာတာပါ အမှန်ဝန်ခံရရင် မောင်လေး ခံစားနေရတာ ကျွန်မ မမြင်ရက်ဘူး။ ဒါကြောင့် ရှင့်ဆီကျွန်မ ရောက်ခဲ့ တာပါ "

" ကာယကံရှင် ညီမလေးကိုယ်တိုင်က ငြင်းခဲ့တာပဲ မကေရီ ရယ် "

" ရုပ်သွင်လေးကို ကေရီအပြစ်မတင်ပါဘူး ကိုမင်းမြတ်သွင် သူ့နှလုံးသားလေးက နုနယ်ရိုးသားပါတယ်၊ သူမှာ ချစ်သူရှိတယ်လေ ဗိုသုကာဆိုတဲ့ကောင်လေးပါ "

" ဟုတ်တယ် သူတို့တွေက ငယ်ငယ်ကတည်းက သံယောဇဉ် တွယ်လာတဲ့ ကျောင်းနေဘက်တွေပါ "





" ကေရီအားလုံးစုံစမ်းပြီးပါပြီ ကိုမင်းမြတ်သွင်၊ ဒါပေမဲ့ အဲဒီ င်လေးမိခင်က ရုပ်သွင်လေးကို မကြည်ဖြူတာတော့ သေချာတယ်"

သူ အံ့ဩရသည်။ ကေရီက အရာအားလုံးကို သိနေခဲ့သည်။ ာရဲ့ အတွင်းရေးကိစ္စမှန်သမျှ ကေရီကပြောပြ၍ သူကြိုသိခဲ့ရသည်။

သူ မယုံနိုင်ခဲ့ပါ။ အဆိုးဝါးဆုံးက သုကာမိခင်က ညီမလေး မကြည်ဖြူ၍ သုကာကို အိမ်က နှင်ချလိုက်သည့်ကိစ္စ။

သုကာနှင့်စာရင် ညီမလေးကို နှောင်တွယ်သော ထီမထင်တို့ ားစု ဘဝလေးကမှ ပိုလို့သင့်တော်ဦးမည်။

နှလုံးသားရဲ့ဆန္ဒတစ်ခုကြောင့် ညီမလေးဘဝ မှောင်မွန်းစေချင်။ ာဆင်းရဲခြင်းတွေ မကြုံတွေ့စေချင်ပါ။

ဘဝတစ်ခုကို ဘဝဆန်ဆန် ညီမလေးဆုံးဖြတ်ရွေးချယ်ခဲ့လျှင် ယ်လောက်ကောင်းမည်လဲ။ ရင်မောရပါလား ညီမလေးရယ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

" မေမေ စားလေ ဝပြီလား "

" ဝပြီသမီးလေး ရင်ထဲမှာနည်းနည်းပြည့်နေလို့ ညနေက ကော်ဖီသောက်လိုက်လို့ထင်တယ်၊ ကဲ သမီးပဲဆက်စားတော့နော် "

ပန်းကန်ထဲက ထမင်းတစ်ပွဲတောင် ကုန်အောင်မစားနိုင်ဘဲ မေမေလက်စသတ် ထွက်သွား၏။ ထမင်းဝိုင်းမှာ ကျန်ရစ်ခဲ့သည်က အသည်းသွေးတစ်ယောက်တည်း။

စိတ်ထဲမှာ မကောင်းဖြစ်ရတာအမှန်။ ခုတလော မေမေမစား နိုင် မသောက်နိုင်နှင့် ညှိုးရော်နေတာ အသည်းသွေးသတိထားမိသည်။

ကိုကို့ကို သတိရ၍ပဲ ဖြစ်မည်ထင်သည်။

ကိုကို့အကြောင်းတွေးမိရုံနှင့် အသည်းသွေးမျက်ရည်ဝဲချင်လာ မိ၏။ ကိုကိုအိမ်ကထွက်သွားခဲ့တာ တစ်လပြည့်တော့မည်။ တကယ်နေနိုင် လွန်းသည့် ကိုကိုပါပဲ။

ကိုကိုရှိစဉ်က ဒီအိမ်ကလေးက တကယ့်ကို ပျော်စရာကောင်း





သည်။ မနက်ကော်ဖီဝိုင်းမှာ ထမင်းဝိုင်းမှာ ကိုကိုမရှိတော့ အသည်းသွေး နှင့် မေမေနှစ်ယောက်တည်း ခြောက်ကပ်တိတ်ဆိတ်လွန်းသည်။

မေမေ့နှုတ်က ကိုကို့အကြောင်းဖွင့်မပြောပေမယ့် သတိတရ ဖြစ်နေမှာ အသည်းသွေးရိပ်မိပါသည်။

အခုလို ကိုကိုကြိုက်တတ်သည့် ဟင်းမျိုးချက်သည့်နေ့ဆိုလျှင် မေမေထမင်း တစ်ပန်းကန်တောင် ကုန်အောင်မစားနိုင်ပါ။

" တကယ့် ဂွတ်ရှယ်ပဲ မေမေ သိပ်ကောင်းတယ် "

" မေမေနဲ့ညီမလေးက စည်းဝါးရိုက်ပြီးသားကို အဖြေခက် အောင်နေတာပေါ့လေ ဟုတ်လား "

" ကြည့် တကယ်ဘက်လိုက်တဲ့အမေနဲ့သမီးပဲ တော်ပါပြီ နှစ်ယောက် တစ်ယောက်ဆိုတော့ အရှုံးပေးပါပြီဗျာ ဟား ဟား "

ကိုကို့စကားသံလေးတွေကို အသည်းသွေး ပြန်ကြားမိတော့ ရင်ထဲမှာ ငိုချင်လာရသည်။ ထမင်းဝိုင်းကို လက်စသပ်ကာ သိမ်းဆည်း မိ၏။ ဆာလောင်စိတ်တွေ ဘယ်ဆီရောက်ကုန်ပြီ မသိတော့ပါ။

ထမင်းစားခန်းထဲက ဧည့်ခန်းထဲရောက်တော့ မေမေမရှိပါ။ ဧည့်ခန်းသည် တိတ်ဆိတ်နေဆဲ။

မေမေဘုရားဝတ်ပြုသံကို အခန်းထဲက ကြားရ၏။

ဘုရားဝတ်ပြုရင်း ကိုကိုအိမ်ပြန်လာအောင် မေမေဆုတောင်း နေမည်လား မပြောတတ်တော့။

နောက်ဆုံးတော့ အသည်းသွေးတစ်ယောက်တည်းမို့ အိပ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲဝင်ခဲ့သည်။

စာကြည့်စားပွဲမှာလည်း မထိုင်ချင်ပါ။ ကျက်လို့လည်း ရမည်မဟုတ်။ အိပ်ရာပေါ် လှဲလိုက်တော့ ကိုကို့ပုံရိပ် ကိုကို့အကြောင်းတွေ။

" ကိုကိုအဝေးကြီးကို မသွားပါဘူး ကဲ မငိုနဲ့တော့နော် ညီမလေး"

ကိုကိုထွက်ခွာသွားခဲ့သည့်နေ့က နှစ်သိမ့်သွားသော စကားသံကို အသည်းသွေးနားထဲမှာ ကြားယောင်နေဆဲ။ အဝေးကြီးမသွားဘူးဆိုပေမယ့် ကိုကိုမျက်နှာကို မမြင်ရတာကြာပြီလေ။

ကျောင်းကိုလာမည်လားဟု အသည်းသွေးမျှော်မိတော့လည်း ကိုကိုရောက်မလာခဲ့ပါ။

မေမေ့ကို ကိုကိုစိတ်နာသွားပြီလား။

အသည်းသွေးကို မေ့နေပြီလား။

မမရွှေရုပ်သွင်ရင်ခွင်ထဲမှာပဲ ကိုကိုပျော်ရွှင်နေခဲ့ပြီလား။

တွေးမိသော အတွေးအားလုံးက အသည်းသွေးရင်ကို ခံစားနာကျင်စေတာချည်းပါပဲ ကိုကိုရယ်။

ယောက်ျားပီသချောမောပြီး တည်တည်နေတတ်တဲ့ ကိုကို့ကိုရောက်စက အသည်းသွေး နှုတ်ဆက်စကားပြောဖို့ မဆိုနှင့်၊ ရဲရဲဝံ့ဝံ့တောင် မကြည့်ရဲခဲ့ပါ။

နောက်တော့ ကိုကို ကိုယ်တိုင်က ရယ်ရယ်မောမော၊ ရင်းနှီးပြလာတာမို့ အသည်းသွေး ပြောရဲဆိုရဲရှိခဲ့သည်။





တွယ်ရာမဲ့ဘဝမှာ ကိုကို့ကို ခင်မင်ကျွမ်းဝင်ခွင့်ရတာ အသည်းသွေးကံကောင်းသည်ဟု မှတ်ယူသည်။

မေမေ့မှာ သားသုံးယောက်ရှိသည်ဆိုပေမယ့် ကိုကိုကြီးနှင့်ကိုကိုလတ်ကို အသည်းသွေးလူချင်းဆုံဖူးတာမဟုတ်။ ဓါတ်ပုံတွေထဲမှာပဲ မြင်ဖူးသေးခဲ့သည်။

ဒါကြောင့်လည်း ကိုကို့ကိုပဲ အသည်းသွေးခင်တွယ် သံယောဇဉ်ဖြစ်ရ၏။ ကျောင်းသွားကျောင်းပြန် ကြိုပို့ပေးတတ်သော ကိုကို။ အသည်းသွေးအတွက် အဝတ်အစား အသုံးအဆောင်တွေကအစ ဂရုတစိုက် လိုက်ဝယ်ပေးတတ်တာကိုလည်း အသည်းသွေး ပျော်ရွှင်မိသည်။

" အသည်း ယူ့ကိုကိုက တကယ်ချောတယ် နော် "

" မိနော် နင်နောက်ကျသွားပြီ အသည်းအစ်ကိုကို ငါက အရင်ဆုံးစမြင်ဖူးတာ ဟုတ်တယ်နော် ယောင်းမ "

ကျောင်းကို ကြိုပို့လာတိုင်း သူငယ်ချင်းတွေက ကိုကို့ကို ကြည့်ပြီး နောက်ပြောင်တတ်တာတောင် အသည်းသွေး စိတ်ထဲက မကျေနပ်နိုင်ခဲ့။

တည်တည်ကြည်ကြည်နဲ့ ရှင်းသန့်နေတဲ့ကိုကို့စတိုင်လ်ကြောင့် သူငယ်ချင်းတွေ ယောင်းမခေါ်ရင် ဒေါသဖြစ်မိခဲ့တဲ့အထိ။

သွေးရင်းချာ မဟုတ်ဘူးဆိုတဲ့ အသိနဲ့ကိုကို အပေါ်တိမ်းညွတ်နေမိတဲ့ အသည်းသွေးနှလုံးသားကို ကိုကိုက မမြင်နိုင်ခဲ့ပါဘူး။

" ဟေ့ ကောင်မလေး ဘာငေးနေတာလဲ စာဖတ်လေ "



www.burmeseclassic.com

www.burmeseclassic.com



ညဘက်မှာ အသည်းစာဖတ်တာကို ထိုင်စောင့်ပေးတတ်တဲ့ ကိုကို့ကို သတိလက်လွတ် ငေးကြည့်မိတာကို ကိုကိုသိပေမယ့် မရိုးစီ အောင် ကိုကို့နှလုံးသားက ဖြူစင်ခဲ့ပါသည်။

အသည်းသွေးနှလုံးသားကတော့ ကိုကို့အပေါ်မှာ ယစ်မူးတွယ် မက်နေခဲ့တာ များခဲ့သလား ကိုကိုရယ်။

ကျောင်းပိတ်ရက် ကိုကိုနဲ့အတူ လည်ပတ်ခွင့်ရရင် ကိုကို့ လက်မောင်းကို ဆုပ်ကိုင်ပြီး ရင်တွေခုန်နေမိတဲ့ အသည်းရင်ခုန်သံတွေကို ကိုကိုဘက်ကတော့ ရိုးသားစွာ မသိခဲ့ပါဘူး။

မေမေက ကိုကို့နဲ့အသည်းကို သဘောတူ ကြည်ဖြူတယ်ဆိုတော့ အသည်းဝမ်းသာပျော်ရွှင်ရင်း ကံအကောင်းဆုံး လူဖြစ်ခဲ့ပြီထင်ခဲ့ပေမယ့်

အသည်းသိလိုက်ရတာ ကိုကို့နှလုံးသားက တိမ်းညွတ်နေတာ တခြားမိန်းကလေး တစ်ယောက်တဲ့လား ကိုကိုရယ်။

ကိုကိုမရှိပေမယ့် ကိုကို့ကိုယ်စား အသည်းခိုးယူသိမ်းထားတဲ့ ဓါတ်ပုံလေးထဲမှာတောင် ကိုကို့မျက်ဝန်းတွေက ရိုးသားလွန်းနေခဲ့တယ်။

နှလုံးသားက ချစ်စိတ်တွေနဲ့ မရိုးသားခဲ့မိသူ အသည်းကသာ ကိုကို့ရဲ့ဓါတ်ပုံလေးကို နမ်းရှိုက်အလွမ်းဖြေရတာပါလေ။

ပိုင်ဆိုင်ခွင့် မရတော့ရင်တောင် အသည်းအနားမှာ ကိုကို ရှိနေရင် ကျေနပ်ပါပြီ ကိုကို။

ကိုကိုပြန်ရောက်လာရင်တောင် အသည်းနှလုံးသားထဲက ဆန္ဒ တွေကို လူမသိသူမသိ တိတ်တခိုးသိမ်းဆည်းထားပါ့မယ်။

**စိုးမိုးစာပေ**



ကိုကိုရယ်။ ဒီဘဝမှာ မဆုံရရင်တောင် နောင်ဘဝမှာ ဆုံဆည်း ချစ်ခွင့်ရပါစေလို့ အသည်းဆုတောင်းနေတယ်။

ကိုကို့ကို မြတ်နိုးချစ်တဲ့ ကောင်မလေးအဖြစ် မဟုတ်တောင် ကိုကို့ကို ခင်တွယ်သံယောဇဉ်ကြီးတဲ့ ညီမလေးကိုတော့ ကိုကိုမမေ့ပါနဲ့ နော်။

✿ ✿ ✿ ✿ ✿

**စိုးမိုးစာပေ**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

" ရွှေရုပ် "

ဖျတ်ခနဲလှည့်ကြည့်သည့် မျက်ဝန်းတွေထဲမှာ အလိုမကျ

ဒေါသတွေ ရောင်စဉ်ဖြာနေမှန်း သူသိသည်။

" နင် ဘာလာလုပ်တာလဲ ထီမထင် "

" ရွှေရုပ်ကို မြင်လိုက်လို့ တို့လိုက်လာတာပါ "

" နင်နဲ့ငါ ဘာမှမပတ်သက်တော့ဘူး ထီမထင် မနှောင့်ယှ

ပါနဲ့ "

" ရွှေရုပ်ရယ် အဲဒီလောက်အထိ မရက်စက်ပါနဲ့ ရွှေရု

တို့ရင်ထဲက တကယ်မြွတ်နိုးခဲ့တာပါ "

" သေလိုက်စမ်း နင့်ကိုငါပြတ်ပြတ်သားသား ပြောပြီ

ထီမထင် ငါ့မှာချစ်သူရှိတယ် "

" အဲဒါ တို့သိတယ် ရွှေရုပ် ဒါပေမဲ့ မင်းကို ကိုယ်မေ့လ

မရတာဘဲ "

ဟင်ခနဲဖြစ်သွားသော နှုတ်ခမ်းလေးတွေကတောင် မြတ်





ငုံမက်စရာ ကောင်းနေခဲ့သည်။

" ထီမထင် ငါတောင်းပန်ပါတယ် နင်နဲ့သုကာ ပြဿနာ

မဖြစ်စေချင်ဘူး "

" တို့ကရုမစိုက်ဘူး ရွှေရုပ် ရွှေရုပ်နဲ့သုကာ ဘယ်လိုပဲ ပတ်သက်

နေပါစေ တို့ရွှေရုပ်ကိုချစ်တယ် အရင်ကတည်းက ချစ်ခဲ့တာ ခုလည်း

ချစ်တယ် နောင်လည်းချစ်ဦးမှာပဲ ဒါသေချာတယ် "

" အဲဒါ နင့်ကိစ္စ နင့်အပိုင်းပဲ ငါ့ဘက်က ထပ်ပြောမယ်

ငါ့ရင်ထဲမှာ သုကာတစ်ယောက်တည်းပဲ သုကာကိုပဲ ငါလက်ထပ်မှာ "

" ရွှေရုပ်ရယ် သုကာမိဘတွေက မင်းကိုဒီလောက်ထိ ခါးသီး

နေတာတောင် မင်းကရွေးချယ်မလို့လား "

" ဟုတ်တယ် ငါဂရုမစိုက်ဘူး ဒီဘဝတင်မကဘူး နောင်ဘဝ

ထိတောင် သုကာကိုချစ်မှာ နင်နားလည်လိုက် ထီမထင် "

စကားအဆုံး ခြေလှမ်းတို့ကို ခပ်သွက်သွက်လှမ်းပစ်သည်။

ထီမထင်ကလည်း အနောက်ကထပ်ကြပ်မကွာလိုက်သည်။

" နေပါဦး ရွှေရုပ် "

" ထီမထင် နင်ဆက်မနှောင့်ယှက်ရင်ကောင်းမယ် "

" တို့ရွှေရုပ်ကို မနှောင့်ယှက်ပါဘူး တို့ကိုမချစ်ရင်တောင်

အရင်လို ပြန်ခင်မင်ခွင့်လေးပေးပါ "

" ဘယ်တော့မှ မမျှော်လင့်နဲ့ နင့်ကိုငါ ရွံတယ်သိလား အရင်

တုန်းက ခင်မင်ခဲ့တယ် ဆိုတာလည်း သုကာနဲ့ပြဿနာ မဖြစ်စေချင်လို့



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ပွင့်လင်းလင်း ပြောရရင် သုကာနဲ့စိတ်ဆိုးနေလို့ နှင့်ကိုအလိုက်[...] ဆက်ဆံခဲ့တာ ''

ရွှေရုပ်စကားတွေက သူ့ရင်ထဲကို မြားတစ်စင်းလို ထိုးစိုက်[...] ဝင်သည်။ အမှန်တရားကို သူခန့်မှန်းမိပေမယ့် ရွှေရုပ်နှုတ်က စကား[...] က ပိုပြီး ထိရှလွန်း၏။

'' ကိုယ့်ကို အသုံးချခဲ့တာပေါ့ ဟုတ်လား ရွှေရုပ် ''

'' နင်သဘောပေါက်သင့်ပြီ သေချာတာက ငါ့ရင်ထဲမှာ နင်[...] ပတ်သက်ပြီး ဘာမှမရှိခဲ့တာ ဟိုးအရင်ကတည်းကပဲ ''

'' ရွှေရုပ်ရင်ထဲမှာ ကိုယ်မရှိခဲ့ပေမယ့် ကိုယ့်ရင်ထဲမှာတော့[...] မင်းထာဝရရှိနေမှာ သေချာတယ် ရွှေရုပ် ''

မထိတရီ စကားနှင့်အပြုံးရိပ် ရေးရေးထင်နေသော ထိမ[...] မျက်နှာကို စူးစိုက်ကြည့်ပစ်လိုက်မိသည်။

သည်လိုလူမျိုးနှင့် ရင်ဆိုင်ခွန်းတုံ့ ပြောနေလို့လည်း ဆုံးမည်[...] မထင်။ ဥပေက္ခာပြုလျက် လှည့်ထွက်ဖို့ ရုပ်သွင်ကြံစည်ခိုက်

'' ကိုယ့်ကိုစိတ်ဆိုးသွားသလားဟင် ရွှေရုပ် ''

'' ဖယ်နော် ထိမထင် ငါ့ရှေ့က ပိတ်ရပ်မထားနဲ့ ''

'' တို့ကိုဘာလို့ ဒီလောက်ခါးခါးသီးသီး မုန်းနေတာလဲ ရွှေ[...] ရယ် ''

'' ထိမထင် နင်တော်တော့ ပြီးမှ ငါ့ကိုအဆိုးမဆိုနဲ့နော်''

'' မင်းစိတ်ထဲမှာ မုန်းတီးသလောက် တို့ကိုထုရိုက် ကုတ်[...]



[...]လိုက်စမ်းပါ ရွှေရုပ် တို့ပြုံးပြုံးကြီးခံယူမယ် တစ်ခုပဲ မင်းရင်ထဲက [...]မုန်းတွေ ကင်းစင်သွားတဲ့အထိ လုပ်လိုက်စမ်းပါ ''

မထိတရီ မျက်နှာပေးနှင့် စိုလဲ့နီရဲသော နှုတ်ခမ်းလေးတွေမှာ [...]ပြုံးရိပ်တွေ ယှက်သမ်းဆိုနေသော ထိမထင်ကိုကြည့်ကာ ရုပ်သွင် [...]လက်တစ်ဖက် မြှောက်တက်သွားခဲ့သည်။

'' ရုပ်သွင် ''

ကျွီခနဲအနီးမှာ ထိုးရပ်လာသော ကားပေါ်မှ ဆင်းလာသူက သုကာမို့ ရုပ်သွင်စိတ်ထဲမှာ ပွပန်းသွားရ၏။

'' သုကာ ''

'' နင့်ကိုဒီကောင် ဘာလာစော်ကားတာလဲ ရုပ်သွင်ပြောစမ်းပါ''

'' မလုပ်နဲ့ ဘာမှမဖြစ်ဘူး မလုပ်နဲ့သုကာ ''

သုကာလက်တွေကို ဆုပ်ကိုင်ချုပ်နှောင်ထားရင်း ရုပ်သွင် [...]အားမြစ်မေမယ့် သုကာ ဖွတ်ရုန်းထွက်ဖို့ ကြိုးစားနေခဲ့သည်။

'' ထိမထင် နင် သွားပါတော့ သု သုကာ ငါတောင်းပန် ပါတယ် ''

'' မဆွဲနဲ့ရုပ်သွင် ဒီကောင်နင့်ကို နှောင့်ယှက်စော်ကားနေတာ ငါလက်မခံနိုင်ဘူး လွှတ်စမ်းပါ ''

ဒေါသသင့်နေသော သုကာအော်ဟစ်ရင်း ရုန်းသည်။ ရုပ်သွင် သုကာလက်တွေကို မလွှတ်ရဲဘဲ အားရှိသမျှ ဆွဲကိုင်ထားမိ၏။

ထိမထင်က နေရာမှ တစ်ချက်မရွေ့ဘဲ ပြုံးရိပ်သမ်းသော



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေနှင့် သုကာကို စိုက်ကြည့်ရင်း

" ဒေါသသိပ်ကြီး မနေနဲ့ သုကာ ရွှေရုပ်ဆိုတာ ငါကအ
မင်းထက်နမ်းရှိုက်ခဲ့ဖူးတဲ့ ပန်းကလေးပါကွာ "

" ဘာ. . . ဘာ. . . မင်း. . . တောက် "

" သုကာ. . . မလုပ်နဲ့ "

လှစ်ခနဲဆောင့်ရုန်း ထွက်သွားသောသုကာကို ရွှေရုပ်
မတားမြစ်လိုက်နိုင်ခဲ့ပါ။

သုကာလက်သီးက ထီမထင်မျက်နှာဆီ ပြေးဝင်သွား
ကိုယ်ကိုတိမ်းကာ ထီမထင်ရှောင်တိမ်းပေးလိုက်သည်။

ဒေါသစိတ်မွှန်နေသော သုကာ ပြိုင်ဘက်ကို လွှော့တွက်လို
မိတာ အမှားဖြစ်သွား၏။

" ခွပ် "

အမိအရအပိုင် ထိုးချလိုက်သော ထီမထင် လက်သီး
ကြောင့် ဘယ်ဘက်မေးရိုးတစ်ခုလုံး ထုံကြွင်သွားခဲ့ရသည်။

" အိုး. . . သုကာ "

" ကျွိ. . . "

" မောင်လေး. . . ထီမထင်. . . ရုပ်. . . ရုပ်စမ်း "

မီးနီးရောင်ပါရာဒိုကားကြီးက အနီးမှာ ငြိမ့်ခနဲထိုးရပ်
ကားတံခါး ဖွင့်ပြေးဆင်းလာသော မမကေရီနှင့်ဒရိုင်ဘာလူကြီး
ထီမထင်ကို ဆွဲချုပ်ထားသလို ရုပ်သွင်လည်း သုကာကို အနောက်





ဆိုင်းဖက်ထားမိသည်။

" ဘာတွေဖြစ်နေတာလဲ မောင်လေးရယ် လမ်းမကြီးမှာ ရှုသူ
မြင်လို့ မကောင်းပါဘူး "

" အရင်တုန်းက အကြွေးကို ပြန်ဆပ်လိုက်တာပါ မမ သုကာ
ချိန်မှာ မင်းနဲ့ငါ ရင်ဆိုင်ဖို့အသင့်ပဲ လက်ညီအောင် ငါ့ဘက်က ပြင်ဆင်
ထားခဲ့ပြီးပြီလေ "

" မောင်လေး တိတ်စမ်း ရွှေရုပ်ညီမလေး မမတောင်းပန်
ပါတယ် လာ လာစမ်း မောင်လေး "

မမကေရီ ထီမထင်ကို ဆွဲခေါ်ကာ ကားပေါ်တွန်းတင်သည်။
ကားလေးမောင်းထွက်သွားတော့မှ ရုပ်သွင် သုကာကို မော့ကြည့်ရင်း

" နင်. . . နင်ဘာဖြစ်သွားသေးလဲ သုကာ "

" ဘာမှမဖြစ်ဘူး ရတယ် ဒီကောင်က ငါ့ကို ယှဉ်ပြိုင်ဖို့
ကြိတ်ပြီး သင်ထားတာကိုး တစ်ကွေ့တော့ ပြန်ဆုံဦးမှာပါ "

" တော်ပါတော့ သုကာရယ် ရန်ငြိုးဆိုတာ အဆုံးမရှိဘူး
ခေါင်းထဲက မေ့ပစ်လိုက်စမ်းပါ ဂရုစိုက်မနေနဲ့ "

" ဂရုမစိုက်လို့ မရတော့ဘူး ရုပ်သွင် နင့်ကိုဒီကောင် အမြဲ
နှောင့်ယှက်နေဦးမှာပဲ "

" ငါရှောင်နိုင်ပါတယ် သုကာရယ် "

" နင်ရှောင်စရာမလိုဘူး ဒီကောင့်ကို ငါမယုံဘူး နင့်ကိုငါ
လက်ထပ်မယ် ရုပ်သွင် "



www.burmeseclassic.com

www.burmeseclassic.com



" ဘာရယ်."

" ဟုတ်တယ် ချစ်သူတွေဆိုတာထက်ပိုပြီး ခိုင်မာသေချာအော

နှင့်ကိုငါ လက်ထပ်မယ် ရုပ်သွင် "

" သုကာရယ် အခုချက်ချင်းကြီးလား "

" အခုချက်ချင်း လက်ထပ်မှဖြစ်မယ် နှင့်ကိုကြီးနဲ့ငါ တွေ့ပြီ

သူက မေမေ့လိုပဲ နှင်နဲ့ငါ့ကို သဘောမတူနိုင်ဘူးတဲ့ ဒီတော့ နှင်နဲ့

နှစ်ဦးသဘောတူ လက်ထပ်ကြမယ် နှင်ဆုံးဖြတ်ရဲသလား ရုပ်သွင် "

ယတိပြတ်ဆုံးဖြတ်ပြီးသော အသွင်နှင့် ရုပ်သွင်မျက်နှာ

စေ့စေ့ကြည့်ကာ သုကာမေးသည်။

" နှင့်ဘဝထဲ ဝင်လာရတဲ့ သတ္တိတွေ ငါ့ရင်ထဲမှာ အပြည့်

သုကာရယ် "

✿ ✿ ✿ ✿ ✿



## အခန်း (၂၈)

" ဟယ်. . . ကိုကို "

ဘယ်လိုမှ မျှော်လင့်မထားမိတာမို့ အသည်းမျက်လုံးလေးတွေ

င်သက်အံ့ဩနေခဲ့လေသည်။

ကံ့ကော်တန်းခုံတန်းလေးမှာ သူငယ်ချင်းတွေနှင့် ထိုင်နေရာမှ

သည်း ကိုကို့ဆီ အပြေးလေးလှမ်းခဲ့မိသည်။

" ကို. . . ကိုကို အသည်းဆီလာတာလားဟင် "

ထုံးစံအတိုင်း ကိုကိုတည်တည်ငြိမ်ငြိမ်ကလေး ပြုံးနေလျက်က

ခေါင်းကလေးညိတ်ပြသည်။ ဝမ်းသာကြည်နူးစိတ်တွေ တငြိမ့်ငြိမ့် စီးမျော

င်း ကိုကို့ကို အသည်းသွေး ကြည့်မဝရှုမဝဖြစ်နေခဲ့ရလေသည်။

စတစ်ကော်လံအကျီဖြူလေးကို လက်နှစ်ဘက်မှာ သေသေ

ပ်သပ် ခေါက်တင်လျက် ယောပုဆိုးအနက်ကွက်စိပ်ကလေးနှင့် ကိုကို့

သွင်က ခန့်ညားနေသည်။

ညာဘက်ဘေးခွဲဆံပင်တိုတိုလေးတွေက ဖီးသင်ထားသော

ိုကို မျက်နှာလေးက ထင်းထင်းရှင်းရှင်း ပေါ်လွင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



" ကိုကိုရယ် အသားတွေ မည်းသွားသလိုပဲနော် "

ကိုကို့ကို တစိမ့်စိမ့်ကြည့်ရင်း အသည်းသွေးဆိုတော့ ကိုကို
ညိုညာသွယ်တန်းသော သွားကလေးတွေ ပေါ်သည်အထိ ပြုံးရယ်လိုက်
ရင်း

" အသည်းသွေးက ပိုတောင်လှလာသလိုပဲ "

ကိုကို့စကားကြောင့် အသည်းသွေး ရှက်ရွံ့ရွံ့ပြုံးကာ ခေါင်းငုံ့
မိသည်။ ဘလောက်စ်အကျီဖြူလေးကို အောက်ခံလျက် အနက်ရောင်
ဇာပန်းအကျီ လက်တိုလေးကို ခါးမှာပါသော ကြိုးနက်လေးဖြင့်
ချည်နှောင်ဝတ်ဆင်ထားသော အသည်းသွေးက မဟူရာနတ်သမီးလေး
တစ်ပါးလို လှပနေလေသည်။

" ညီမလေး ကလပ်စ်အားသလားဟင် "

" အားပါတယ် ကိုကို ဘယ်သွားမလို့လဲဟင် "

"ကင်တင်းနဲ့ဘက်ပဲ သွားရအောင် ညီမလေးကို ကိုကို
အေးအေးဆေးဆေး စကားပြောစရာရှိလို့ "

" ခဏလေးကိုကို အသည်းသူငယ်ချင်းတွေကို သွားပြောလိုက်
ဦးမယ်နော် ခဏလေးစောင့် "

လွယ်အိတ်နီလေးကိုလက်က ဆုပ်ကိုင်လျက် ဆံပင်ရှည်ကြီးတွေ
ဝဲခနဲ ခါယမ်းပြေးထွက်သွားသော အသည်းသွေးကို သူငေးကြည့်မိသည်။

သူငယ်ချင်းတွေကို တီးတိုး တီးတိုးနှင့် အသည်းသွေး ဘာတွေ
ရှင်းပြ ပြောပြနေသည်မသိ။ သူငယ်ချင်းမလေးတွေကလည်း တကယ်





...ပျော်ပျော်လေးတွေ ဖြစ်ဟန်တူသည်။

သူ့ကိုလှမ်းကြည့်ကာ လက်ဇော့ယမ်းပြသူက ပြသည်။ ပြုံးပြသူ
... လှမ်းပြုံးပြနှင့်မို့သူလည်း လက်ပြပြုံးကာ နှုတ်ဆက်ရပါသည်။

အသည်းသွေးက သူရှိရာကို အပြေးကလေး မမောတမ်းပြန်
...လာရင်း

" လာ ကိုကို အလကား ဗရုတ်တွေ နှုတ်ဆက်မနေနဲ့ "

" အသည်းကို ဘာတွေပြောနေကြတာလဲ "

" ကင်တင်းကို လိုက်ခဲ့မလို့တဲ့ တမင်ပြောနေကြတယ်။
...တို့ပါလာရင် ကိုကိုနဲ့ ဘယ်လိုမှ စကားကောင်းပြောလို့ရမှာ မဟုတ်ဘူး
...လ "

အသည်းသွေးက ရှင်းပြရင်း တစ်လမ်းလုံးစကားတွေ တတွတ်
...တ်ပြောလာလည်း သူကတော့ နှုတ်ဆိတ် တိတ်စွာ နားထောင်ရင်း
...င်တင်းရောက်ခဲ့ကြသည်။

" ကိုကိုဘာသောက်မလဲ ဘာစားမလဲဟင် "

" ကိုကို လက်ဖက်ရည်ပဲသောက်မယ် အသည်း ဘာစားမလို့
... စားလေ "

" ဘာမှ မစားချင်ဘူး၊ အအေးပဲသောက်မယ် ကိုကို "

ကိုကိုက လက်ဖက်ရည်နှင့်အအေးတစ်ပုလင်း မှာလိုက်သည်။
...ကိုကို တစိမ့်စိမ့်ကြည့်နေသော အသည်းသွေးကတော့ ရင်ထဲမှာ
...နည်းဝမ်းသာကြီး ခံစားနေရသည်။ ကိုကိုရောက်လာတာမို့ ပျော်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



ရသလို ကိုကို့ကိုမြင်တော့ မေမေ့ကိုသတိရကာ ငိုချင်သည်။

" မေမေ သိပ်နေမကောင်းဘူး ကိုကို "

" ဟင် ဟုတ်လား ဘာဖြစ်လို့လဲ အသည်း "

"ကိုကို့ကို သတိရနေတာထင်တယ် ကိုကိုမရှိတော့ အိမ် အတော်ကြီးကို အပျော်တွေဆိတ်သုန်းသွားခဲ့တာလေ မေမေက ကို အကြောင်း မမေးပေမယ့် ကိုကို့ကို သတိရနေတာ အသည်းသိတာပေ့

" အင်း ကိုကိုလည်း သတိရပါတယ် အသည်းရယ် မေမေ့ ဂရုတော့စိုက်ပါနော် အရေးအကြောင်းရှိရင် တိုးတိုးကို မှာလိုက်ပေါ့

" ကိုကိုအိမ်ကို ပြန်မလာသေးဘူးလားဟင် "

" မေမေ စိတ်ပြေတော့ လာတာပေါ့ကွာ ဒါပေမဲ့ လွယ် မထင်တော့ဘူး အသည်း "

" အိုး ဘာလို့ မလွယ်ရမှာလဲ မေမေက ကိုကို့အမေ ဥစ္စာ ကိုယ့်သားသမီးကို ဘယ်မိဘက အကြာကြီး စွန့်ပစ်ထားမှာ

" ကိုကိုသိပါတယ် အခုကိုကို ရွှေရုပ်သွင်ကို လက်ထပ်လို ဆိုတာသာ မေမေသိရင် ဘယ်လိုမှ စိတ်ပြေမှာမဟုတ်ဘူး "

" ဟင် ဘာရယ် ကိုကို လက်ထပ်လိုက်ပြီ ဟုတ်လား "

" ဟုတ်တယ် ညီမလေး ကိုကိုနဲ့ရုပ်သွင် မနေ့ကပဲ ရုံး လက်မှတ်ထိုးလိုက်ကြတာ အခုလောလောဆယ် တိုးတိုးတို့ဝယ်ထား အိမ်ကလေးမှာပဲ နေကြတယ် "

အံ့ဩမယုံနိုင်မှုတွေနှင့် ကိုကို့ကို အသည်းသွေး ငေးကြည့်





သည်။ ကိုကို လက်ထပ်လိုက်ပြီတဲ့။ ကိုကို့ကို အသည်းဆုံးရှုံးလိုက်ရပြီပေါ့

" ရုပ်သွင်ကိုကြိုးကလည်း ကိုကိုတို့နှစ်ယောက်ကို သဘောမတူ ဘူးလေ မေမေက မကြည်ဖြူဘူးဆိုတဲ့ ကိစ္စကိုကြားတော့ သူညီမအတွက် သူလည်းနာမှာပေါ့ အခုတော့ ကိုကိုတို့ နှစ်ဦးသဘောတူ လက်စပ်လိုက် ကြပြီအသည်း "

ကိုကိုကတော့ အေးဆေးတည်ငြိမ်စွာပဲ ရှင်းပြနေသည်။ အသည်းသွေးရင်ထဲမှာတော့ တစ်စုံတစ်ရာကို ဆုံးရှုံးလိုက်ရပြီဟူသော အသိနှင့် လစ်ဟာသွားရသည်။

ကိုကိုရှေ့မှောက်မှာသာ မဟုတ်လျှင် မျက်ရည်တွေ လိမ့်ဆင်း လာမည်လားတောင် မသိပါ။

" အသည်းကို အသိပေးချင်လို့ ကိုကိုလာခဲ့တာ မေမေတော့ မသိပါစေနဲ့ဦးနော် ပြီးတော့ မေမေ့ကို ကိုကိုမရှိတဲ့အချိန်မှာ ညီမလေးပဲ ဂရုစိုက်စောင့်ရှောက်ပေးပါနော် ညီမလေး "

ကိုကိုစကားတွေကို အသည်းသွေး ခေါင်းညိတ်ပြလိုက်မိ သည်လား မသေချာခဲ့ပါ။

ရင်ထဲမှာတော့ မျက်ရည်တွေ ကျဆင်းမလာအောင် ချုပ်ထိန်း ကြိုးစားနေရတာ ပင်ပန်းလွန်းလှသည်။

" ကိုကို အခု အလုပ်တစ်ခုလုပ်ဖို့ စဉ်းစားနေတယ် ရုပ်သွင် ကလည်း အလုပ်လုပ်မယ် ဘဝသစ်တစ်ခုကို ကိုကိုတို့ တည်ဆောက်ဖို့ ကြိုးစားနေတယ် ညီမလေး "



www.burmeseclassic.com

www.burmeseclassic.com



“ ကိုကို ငွေလိုလားဟင် အသည်းမှာရှိတာ ယူသွားလေ ”

“ မလိုဘူး ညီမလေး ကိုကိုထွက်သွားတုန်းက ညီမလေး ပေးလိုက်တဲ့ ငွေတစ်သောင်းကျော်တောင် ကိုကိုမသုံးပါဘူး အိတ်ထဲမှာ အသေအချာချန်ထားတယ် ခုထိရှိပါတယ်ကွ ”

“ ကိုကိုလိုအပ်ရင် သုံးဖို့ ပေးလိုက်တာပါ ကိုကို ”

“ညီမလေး စေတနာကို ကိုကိုနားလည်ပါတယ်ကွာ အဲဒီတုန်းက ကိုကို မယူချင်ပါဘူး ညီမလေး စိတ်မကောင်းဖြစ်မှာစိုးလို့ပါ ”

အသည်းစိတ်မကောင်းဖြစ်မှာစိုးလို့တဲ့လား ကိုကိုရယ်။

ကိုကိုရဲ့ယုယကြင်နာမှုတွေဆိုတာ အသည်းဘယ်တော့မှ ပိုင်ဆိုင်ခွင့် မရနိုင်တဲ့ အရာဆိုတာ အသည်းနားလည်ခဲ့ပါပြီ ကိုကိုရယ်။

✿ ✿ ✿ ✿ ✿



## အခန်း (၂၉)

ညီမလေး ဒီလောက်အထိ မိုက်မိုက်မဲမဲ လုပ်သွားလိမ့်မည်ဟု သူ မမျှော်လင့်မထားမိခဲ့ပါ။ အခုတော့ သူ့ရင်ကို စုံကန်ဖို့ ညီမလေး ဆုံးဖြတ်ရွေးချယ်သွားခဲ့တာတော့ သေချာသည်။

တကယ်ဆို သူ့အပြစ်ဟုပဲ ဆိုရလိမ့်မည်။

ညီမလေးနှင့်သုကာ ကိစ္စက သူ့ရင်ထဲမှာ တနုံ့နုံ့ ဖြစ်ရသည်။ သုကာ မိခင်ရဲ့ ဆုံးဖြတ်ချက်က ခံရခက်ခက်ဖြစ်ရသည်။ ဒါကြောင့်လည်း သူ သုကာနှင့်ရင်ဆိုင်တွေ ဖြစ်ခဲ့သည်။

“ ကိုယ်အားလုံးကိုသိတယ် သုကာ အခုမင်းနဲ့ညီမလေးကိစ္စကို မင်းဘယ်လိုဆက်လုပ်မှာလဲ ”

“ ကျွန်တော် ကြိုးစားနေပါတယ် ကိုကြီး ရှုပ်သွင်ကို ကျွန်တော် ချစ်တယ် အစွန့်လွှတ်မခံနိုင်ဘူး ဒါကြောင့် မေမေ့ကို ဆန့်ကျင်ပြီး အိမ်ကဆင်းခဲ့တာပါ ကိုကြီး ”

“ အေး အဲဒီကိစ္စကို ကိုယ် တော်တော်ခံရခက်တယ် သုကာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ညီမလေးက ဘာချွတ်ယွင်းချက်တွေ ရှိနေသလဲ ကိုယ်တို့မောင်နှမ ခွေ့မဲ့မျိုးမဲ့ဘဝမို့ မင်းမိဘတွေက သဘောမတူတာလား "

" မေမေဘယ်လိုပဲ ခုံးဖြတ်ပါစေ ကျွန်တော်ရုပ်သွင်ကို ဖျောက် လွှတ်နိုင်ပါဘူး ကိုကြီး ကျွန်တော့်ဘဝကို ရပ်တည်နိုင်ဖို့ ကြိုးစားနိုင် အစွမ်းတွေ ကျွန်တော့်မှာရှိတယ်လို့ အကြွင်းမဲ့ ယုံကြည်ပါတယ် "

" မင်းညီမလေးကိုချစ်တာမှန်ရင် ညီမလေးကို တန်ဖိုးထားသ တာပေါ့ သုကာ ကိုယ့်ဘက်က လိုချင်တာလည်း အဲဒီတစ်ခုပဲ ညီမလေး မင်းရဲ့အလိုင်းအဝိုင်းကြားမှာ ကိုယ့်ညီမလေး မျက်စိသူငယ်နဲ့ အောက်ကျ နေရမှာမျိုးတော့ ကိုယ်လက်မခံနိုင်ဘူး "

ရင်ထဲက ခံစားချက်တွေအတိုင်း သူပေါက်ကွဲပြောလိုက်မှ ရင်ထဲ မှာပေါ့ပါးသွားခဲ့ရသည်။ သုကာကတော့ တည်ငြိမ်သော မျက်ဝန်းတွေ နှင့်သာ သူ့ကို ငေးစိုက်ကြည့်နေခဲ့လေသည်။

အခုတော့ သုကာက သူယုံကြည်ချက်အတိုင်း လုပ်ဆောင်သွား ခဲ့ပြီဖြစ်သည်။

အချိန်တန်သည်အထိ အိမ်ပြန်မရောက်လာသော ညီမလေးကို သူ ဧည့်ခန်းထဲမှာ သူထိုင်စောင့်နေတုန်းမှာပဲ ဖုန်းဝင်လာ၍ သိလိုက်ရ ခြင်းဖြစ်သည်။

" ကိုကြီးလား ညီမလေးပါ "

" ဟာ ညီမလေး ဘယ်ကဆက်နေတာလဲ ညီမလေးပြန်မလာ သေးလို့ ကိုကြီးမျှော်နေတာ အခုဘယ်က ဆက်တာလဲ "





" ကိုကြီး စိုးရိမ်နေမှာစိုးလို့ ဖုန်းဆက်လိုက်တာပါ သုကာနဲ့ ညီမလေးတို့ ဒီနေ့လည်းပဲ လက်ထပ်လိုက်ကြပြီ "

" ဘာ ဘာရယ်ညီမလေး "

" ညီမလေးကို ခွင့်လွှတ်ပါ ကိုကြီး "

သူဘာစကားမှ မဆိုနိုင်ခင်မှာဘဲ ဖုန်းလိုင်းပြတ်တောက်သွားခဲ့ သည်။ သူ့ရင်ထဲမှာ ပူလောင်လျက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေခဲ့ ရသည်။

သူ အတန်တန်တားမြစ်နေသည့်ကြားက ညီမလေးထွက်ခွာ သွားခဲ့သည်။ ပြီးတော့ သုကာကလည်း သူ့စကားတွေကို ဥပေက္ခာပြု သွားခဲ့ခြင်းပင်ဖြစ်သည်။

ရင်ထဲမှာ တနုံနုံတွေးရင်း တစိမ့်စိမ့်ဒေါသဖြစ်ရသည်။

ညီမလေးကိုလည်း စိတ်နာသည်။ သုကာကိုလည်း စိတ်ဆိုး ပေါက်ကွဲသည်။

ပိုဆိုးသည်က ထိုညနေမှာပဲ ညီမလေးက သူစီးနေသော ကားနှင့်လက်ဝတ်လက်စားတွေကို တစ်ခုမကျန် သူ့ထံလူကြုံနှင့် ပို့လိုက် ခြင်းဖြစ်သည်။

" တောက်. . . ဒါဘာသဘောလဲ "

သူ့ကိုစော်ကားတာဟုပဲ မှတ်ယူသည်။ တစ်ညလုံးဒေါသတွေ ဆင့်ကဲကာ သူအိပ်မပျော်နိုင်ခဲ့ပါ။

" နင် သိပ်မိုက်တယ် ရွှေရုပ်သွင် ဒီလောက်အထိ မိုက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကြီးတာ နောင်ကြည့်အောင် ပစ်ထားလိုက်မယ် တောက် ''

စိတ်ထဲက ကြိမ်းဝါးကာ နာကျင်ခဲ့သမျှကလည်း မနက်မိုး

သည်နှင့် ပြေရပြန်သည်။ ညီမလေး ဒုက္ခရောက်နေခဲ့ပြီလား။ ဘဝ

ရင်ဆိုင်ဖို့အတွက် နှစ်ဦးစလုံးမှာ အဆင်သင့်မဖြစ်သေးတာ သေချာသ

လတ်တလော အခြေအနေမှာ သုကာကလည်း အလုပ်အ

မရှိ။ ညီမလေးကလည်း ဝင်ငွေမရှိ။ ရှေ့ဆက်ဘယ်လို စခန်းသွား

မည်လဲ။

မကြောင့်မကျ နေထိုင်ခဲ့ရသော ဘဝကို ညီမလေး ပိုင်ဆိုင်

ခဲ့ဖူးကာ ယခုမှ ဒုက္ခတွေနှင့် ရင်ဆိုင်စိတ်ညစ်နေပြီလား မသိပါ။

" မဖြစ်သေးပါဘူး သုကာဘက်က ညီမလေးကို ခါးသီးနေ

သုကာမိဘတွေ အိမ်ရောက်သွားရင် ငါ့ညီမလေးပဲ စိတ်ဆင်းရဲရမယ်

အလုပ်တွေကို သူပစ်ကာ ညီမလေးတို့သတင်းကို စုံစမ်းလို

တော့ လွယ်ကူစွာပဲ သိခဲ့ရသည်။ တိုးတိုးလိုက်ပို့သော ခြံလေးကို သူ

ရောက်ခဲ့၏။

ခြံလေးက သပ်သပ်ရပ်ရပ်ပါပဲ။ အထဲက ပျဉ်တောင်အိမ်လေး

ကတော့ သေးလွန်းသည်။ ဒီအိမ်လေးမှာ ခိုကပ်နေရသည့် ဘဝကို

ညီမလေးရွေးချယ်လိုက်တာ အချစ်ကြောင့်လား။

" သုကာမရှိဘူး ကိုကြီး အထဲမှာ ရွှေရုပ်သွင် ရှိမယ် ကိုကြီး

ဝင်သွားလိုက် ''

တိုးတိုးက အလိုက်တသိ နေရစ်ခဲ့သည်။ ပျဉ်တောင်အိမ်ကလေး





သို့ သူလျှောက်ခဲ့သည်။ ပွင့်နေသော အိမ်တံခါးမှာ ညီမလေးဖိနပ်

တစ်ရံကိုပဲ တွေ့၏။

သူ အိမ်ထဲလှမ်းဝင်ခဲ့တော့ ဘယ်သူမှမရှိ။ မီးဖိုရှိရာ နောက်

ဘက်မှာ အသံတွေကြားရသည်။

သူ ခေါင်းပြူကြည့်လိုက်တော့ ထမင်းအိုးတည်နေသော

ညီမလေးကို တွေ့လိုက်ရသည်။

" ညီမလေး ''

" ဟင်. . . ကို. . . ကိုကြီး ''

မျက်နက်ဝန်းလေးတွေ ဝိုင်းစက်ကာ ညီမလေး တအံ့တဩ

မော့ကြည့်နေ၏။ ဆံပင်တိုတိုတွေကို ဘီးကုပ်အဖြူလေးနှင့် နောက်လှန်

သိမ်းလျက် ဖြူဖွေးသော မျက်နှာလေးမှာ မီးသွေးမည်းတွေ ပေကျံ

နေသည်။

သူ့ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရ၏။

" ညီမလေးရယ် ကိုကြီးရင်ခွင်ကို ကန်ထွက်ရဲလောက်အောင်

ဒီဘဝက နေပျော်နေလို့လားဟင် ''

" ညီမလေးတို့ဘဝလေးကို မခွဲပါနဲ့ ကိုကြီး သုကာကို ညီမလေး

မခွဲနိုင်သလို ညီမလေးကိုလည်း သုကာ မခွဲနိုင်ဘူး ဒါကြောင့် ဒီဘဝ

လေးကို ညီမလေး ရွေးချယ်ခဲ့တာပါ ''

ချစ်ခြင်းတရားက သည်လောက်အထိ အင်အားကြီးမား

တာလား။ ဆင်ခြင်တုံတရား ကင်းမဲ့စေတာလား သူ မဝေခွဲတတ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



" သုကာကကော ညီမလေး "

" သူ့ သူငယ်ချင်းတစ်ယောက် ကုမ္ပဏီမှာ ဒီနေ့ပဲ အလုပ်ဆင်းတယ် ကိုကြီး "

သည့်လိုဆိုတော့လည်း သုကာကို သူကြိတ်ချီးကျူးမိသည်။ ညီမလေးအတွက် ဘာမဆို ရင်မဆိုင်ဖို့ သတ္တိရှိသားပဲ။

" ကိုကြီး ညီမလေးဆီ ရောက်လာတာ ဖျက်ဆီးဖို့ မဟုတ်ဘူး ညီမလေး ညီမလေးနဲ့သုကာကို ကိုကြီးသဘောတူပါတယ် ညီမလေးတို့ အိမ်မှာ ပြန်နေကြဖို့ ကိုကြီးလာခေါ်တာပါ "

" သုကာ ရောက်လာရင် ပြောပြပြီး တိုင်ပင်ပါရစေဦး ကိုကြီး"

သူ့စကားထက် သုကာ ဆုံးဖြတ်ချက်ကို ညီမလေး ပိုအရေး ထားရသော ဘဝရောက်နေပြီပဲ။ အင်းလေ သုကာဆိုတာ ညီမလေး နှလုံးရာရင်ခွင်ပဲ။

" သုကာနဲ့ ကိုကြီး အေးဆေးတွေ့ပြီး ဆွေးနွေးချင်ပါသေးတယ် ကိုကြီး အားလုံးတာဝန်ယူတယ် ညီမလေးတို့ကို သဘောမတူတာ သုကာ မေမေ့စကားကို မခံချင်လို့ပါ တခြားဘာအကြောင်းမှ မရှိဘူး "

" သုကာ နားလည်ပါတယ် ကိုကြီး "

" အင်း သုကာ မိဘတွေဘက်ကလည်း တစ်နေ့တော့ နားလည်လာမှာပါ ညီမလေးရယ် ဘယ်သားသမီးကိုမှ မိဘတွေက မုန်းနိုင်တာမဟုတ်ပါဘူး "

" ကိုကြီးကိုလည်း ရှုပ်သွင်မမုန်းနိုင်ပါဘူး ကိုကြီးရယ် "

စိုးမိုးစာပေ



" ကိုကြီးယုံတယ် ဒါကြောင့် သုကာနောက်ကို ကောက်ကောက် အောင် လိုက်သွားတာ မဟုတ်လား ဟား. . . ဟား "

" အို ကိုကြီးကလည်း "

ပါးလေးတွေ နီမြန်းလျက် ညီမလေး ရှက်သွေးလွှမ်းသွား၏။ ရင်ကဆို သူဘာပြောပြော ဘုတိုက်နေကျ။ ပြောင်ချော်ချော် ပြန်တဲ့ နေကျ ညီမလေးသည် အခုတော့လည်း ရင့်ကျက်တည်ငြိမ်စ ပြုနေပြီ.

ဒါပေမဲ့ သူ့မျက်လုံးထဲမှာ ညီမလေးသည် ဟိုစဉ်တုန်းကလိုပဲ လေးလေးအဖြစ်သာ ရှိနေဆဲလေ။

✿ ✿ ✿ ✿ ✿

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

" ဪ သားက ရွှေရုပ်သွင်နဲ့တောင် လက်ထပ်လိုက်ပြီကိုး "

မေမေ့နှုတ်က တည်ငြိမ်စွာပဲ ရေရွတ်သည်။ မေမေအံ့ဩသွ... လိမ့်မည်ဟု အသည်းသွေး ထင်မှတ်ထားတာ အခုတော့ မေမေ... တည်ငြိမ်လွန်းနေ၏။

" ကိုကို သမီးတို့ကျောင်းကို ရောက်လာတယ် မေမေ မေ... သိပ်နေမကောင်းဘူးလို့ ပြောတော့ ကိုကိုက ဒီအကြောင်းကို အသိမပေ... ပြောသေးတယ် "

မေမေ မျက်နှာက တည်ငြိမ်စွာနှင့် နှုတ်ခမ်းပါးလေးပေ... လှုပ်ယှံမျှ ပြုံးသည်။ မေမေသည် ကိုကို့လိုပဲ တည်ငြိမ်လွန်းသူ... အသည်းသွေး မှတ်ချက်ပြုမိသည်။

" သူမပြောပေမယ့် မေမေ ကြိုသိနေပါတယ် သမီးရယ်... ဗိသုကာဆိုတာ မေမေနဲ့တူတဲ့ မေမေ့သားပဲလေ ဆုံးဖြတ်ပြီးရင်... ဘယ်တော့မှ ပြင်ဆင်တတ်တဲ့ကောင် မဟုတ်ဘူး သူအိမ်ကထွက်သွ...





...သည်းက မေမေသိတယ် သူဆုံးဖြတ်ချက်အတိုင်း ရဲရဲဝံ့ဝံ့ လုပ်တော့မယ်... ...တာ မေမေသိပြီးသားပါ "

" မေမေ့ကို သမီးတောင်းပန်ချင်တယ် မေမေ "

" ဘာလဲ ဘာတောင်းပန်စရာရှိလို့လဲ "

" ကိုကို့ကို အိမ်ပြန်ခေါ်လိုက်ပါ မေမေရယ် "

အသည်းသွေးမဝံ့မရဲ ပြောမိသည်။ မေမေနှုတ်ဆိတ်လျက် ...ည်ငြိမ်သော မျက်ဝန်းတွေနှင့် ငေးစိုက်ကြည့်နေခဲ့သည်။

" ကိုကို ဒုက္ခရောက်နေတာ အသည်းမမြင်ရက်ဘူး မေမေ ...တော့ ကိုကိုမရှိရင် မေမေလည်း မနေတတ်ပါဘူး ဒီအိမ်မှာ ကိုကိုရှိရင် ...ဆင်ပြေသွားမှာပါ ပြီးတော့ ကိုကို့ဇနီးကိုလည်း အစ်မတစ်ယောက်လို ...သည်း ခင်နိုင်ချစ်နိုင်ပါတယ် မေမေရယ် "

မေမေ တည်ငြိမ်နေတာကိုကြည့်ရင်း အသည်းသွေ ဆက်ပြော...သည်။ မေမေကတော့ နှုတ်ဆိတ်လို့ တည်ငြိမ်နေဆဲ။

" နော် မေမေ ကိုကို့ကို မေမေခွင့်လွှတ်ပေးလိုက်ပါနော် "

" အင်း မေမေ့ဆန္ဒတွေ ပြင်းပြသွားခဲ့တာပါ သမီးရယ် ဒါ... ...မေမေ့သမီးလေးကို မေမေအရမ်းချစ်လို့ပါကွယ် သမီးလေးကို သူစိမ်း ...တစ်ယောက် လက်ထဲပါသွားမှာ စိုးလို့ မေမေစီစဉ်ခဲ့တာ အခုတော့ ...လိုလားအပ်တဲ့ ပြဿနာတွေဖြစ်ကုန်တယ်ကွယ် "

မေမေ့မျက်ဝန်းထဲမှာ မျက်ရည်တွေ ရစ်ဝိုင်းနေ၏။ မေမေ့ကို ...ကြည့်ရင်း အသည်းသွေး မျက်ဝန်းထဲမှာလည်း မျက်ရည်တွေ ရစ်ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရသည်။

" မေမေရယ် သမီးမေမေ့ကို ဘယ်တော့မှ မခွဲပါ... ...ဒီအိမ်လေးမှာ သမီးအတွက် မွေးတွေးလုံခြုံမှုတွေရှိနေတာ သမီး... သိပါတယ် ကိုကို့ကို သမီးအစ်ကိုရင်းလိုချစ်တယ်၊ မေမေကလည်း... သမီးအမေရင်းပါ "

" သမီးလေးရယ် မေမေ ဝမ်းသာလိုက်တာ "

မေမေ့ ရင်ခွင်ထဲကို တိုးဝင်ကာ အသည်းသွေး ရှိုက်ငိုမိသည်... မေမေက အသည်းသွေး ဆံနွယ်တွေကို ပွတ်သပ်ပေးရင်း နှစ်သိမ့်နေ... သည်။

" မေ့မေ့ဆန္ဒက သမီးလေးနဲ့ အမြဲတမ်းမခွဲမခွာ နေချင်... မေမေမရှိတော့ရင်တောင် သမီးလေးက မေမေတို့ မိသားစုဝင်ဖြစ်စေ... လို့ပါ သမီးရယ် အခုတော့ မေမေဆန္ဒတွေ မှားယွင်းခဲ့တာ အမှန်... သမီးလေးနဲ့သားတို့သံယောဇဉ်က တကယ်ကို ဖြူစင်ခဲ့ကြတာပဲ မေမေ... နားလည်ပါပြီ သမီးရယ် "

မေမေ့ ရင်ခွင်ထဲမှ မေမေ့မျက်နှာကို အသည်းသွေး မော့... ကြည့်မိသည်။

" မေမေ "

" ပြော သမီးလေး မေမေ နားထောင်နေပါတယ် "

" ကိုကို့ကို မေမေ ပြန်ခေါ်မယ်မဟုတ်လား ခွင့်လွှတ်နိုင်တယ်... မဟုတ်လား မေမေရယ် "

စိုးမိုးစာပေ



" အင်း မေမေ သားကိုရော ချွေးမကိုပါ အဆုံးရှုံးမခံနိုင်... ...ဘူးသမီးရယ် မေမေတို့ မိသားစုလေး ပိုမိုပြီးပြည့်စုံသွားပြီပေါ့ "

" ဝမ်း ဝမ်းသာလိုက်တာ မေမေရယ် သမီး သိပ်ဝမ်းသာတယ် "

ပါးပြင်ပေါ်က မျက်ရည်စတွေကို မေမေက နူးညံ့စွာ သုတ်ပေး... ...နေခဲ့သည်။

" ကိုကိုတို့ ဘယ်မှာရှိနိုင်တယ်ဆိုတာသမီးသိတယ် မေမေ "

" ဟုတ်လား မေမေ သားကို တွေ့ချင်တယ်သမီး "

" မနက်ဖြန်ကျ မေမေဆီကို သမီးကိုယ်တိုင် ကိုကို့ကို ...ခေါ်ခဲ့မှာပေါ့ မေမေရဲ့ စိတ်ချပါ "

" ရွှေရုပ်သွင်ကိုပါ မေမေဆီခေါ်ခဲ့ပါသမီး မေမေ. သားနဲ့ ...မီးကိုမေမေကိုယ်တိုင် ခမ်းခမ်းနားနား လက်ထပ်စေချင်တယ် "

" တကယ်နော်မေမေ ကိုကိုသိရင်အရမ်းဝမ်းသာမှာပဲ "

ကိုကို့မျက်နှာကို မြင်ယောင်ရင်း အသည်းသွေး ဝမ်းသာအားရ ...ရွှတ်မိသည်။ ကိုကိုတကယ်ပဲ ပျော်ရွှင်သွားစေချင်ပါသည်။

ကိုကိုတို့ မင်္ဂလာပွဲမှာအသည်းသွေးကိုယ်တိုင်လည်း အတိုင်းမသိ ...ပျော်ရွှင်ခြင်းတွေနဲ့ပဲ ရှိနေချင်ပါသည်။

အရာအားလုံး ပြည့်စုံငြိမ်းချမ်းစေဖို့အတွက် အသည်းသွေး ...လုံးသားကို စတေးခံရဲပါတယ် ကိုကိုရယ်။

✿ ✿ ✿ ✿ ✿

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

" ရှင် ကိုကြီးကားမှောက်လို့ ဟုတ်လား "

" ဟုတ်ပါတယ် ရွှေရုပ်သွင် မျက်နှာချင်းဆိုင်ကကား

ရှောင်တိမ်းရင်း ပလက်ဖေ..င်းကို ဝင်တိုက်မိပြီး တိမ်းမှောက်သွား

" အ. . . အခု ဘယ်မှာလဲ ကိုကြီးဘယ်မှာလဲ "

" ဆေးရုံကြီး အရေးပေါ်အခန်းမှာပါ မန်နေဂျာ ကိုရွှေ

အကြောင်းကြားခိုင်းလို့ ကျွန်တော်သတင်းပို့တာပါ"

" ရုပ်သွင် အခုလိုက်မယ် ဟို ရှင့်မှာကားပါ သလား

" ပါ ပါတယ် ရွှေရုပ်သွင် ကဲ ကျွန်တော်တို့ သွားရအေ

ကိုကြီးရဲ့ မန်နေဂျာ ကိုရွှေမောင် လွှတ်လိုက်သော

နောက်ကို ရုပ်သွင်အဝတ်အစားတောင် မလဲနိုင်ဘဲ လိုက်ခဲ့မိသည

ခြံရှေ့မှာ ရပ်ထားသည်က တိုယိုတာ ဟိုင်းလက်စ်ကားဖြ

တစ်စီး။

" သွားမယ် မောင်မြင့်ရေ ရွှေရုပ်သွင်ရှေ့က တက်ပါ





ဖွင့်ပေးသော ကားတံခါးထဲ ရွှေရုပ်သွင်ဝင်ထိုင်လိုက်သည်။

" ရှင်က မလိုက်ဘူးလား "

" ကျွန်တော် မန်နေဂျာခိုင်းထားလို့ သွားရဦးမယ်၊ ရွှေရုပ်သွင်

ကိုက်သွားလိုက်ပါ "

စကားမဆုံးခင် ကားလေးက ဝေါခနဲ မောင်းထွက်သွားတာမို့

ရွှေရုပ်သွင် ခန္ဓာကိုယ်လေးတောင် ယိမ်းထိုးခါယမ်းသွားရသည်။

စိတ်ထဲက ထောင်းခနဲဖြစ်ကာ ဒရိုင်ဘာကိုပြန်ကြည့်တော့

တ်ပေါ်ဝဲကျနေသော ဆံပင်ရှည်ကြီးနှင့် သက္ကလပ် ဦးထုပ်ကြီးဆောင်း

ားသော ဒရိုင်ဘာပုဂ္ဂိုလ်အသွင်က ထူးခြားနေသည်

"ဆောရီး ကိုင်ထားဗျာ"

လှည့်မကြည့်ဘဲ အသံခပ်သြသြနှင့် တိုတိုပြတ်ပြတ်ဆိုသည့်

ရိုင်ဘာမျက်နှာကို ဘေးတိုက်အနေအထားက မြင်ရသည်။

ထူပိန်းနက်မှောင်သော နှုတ်ခမ်းမွှေးနှင့် ပါးသိုင်းမွေးရှည်ကြီး

တွေက ရှုံ့စရာကောင်းအောင် ထူပိန်းနေသည်။ မျက်နှာမှာလည်း

ျက်မှန်နက်နှင့် မျက်ဝန်းတွေကို ဖုံးကွယ်ထားသေးသည်။

ကိုကြီးအတွက် ပူပန်စိတ်တွေ လွန်ကဲနေချိန်မို့ ရုပ်သွင်ဘာမှ

ပြောချင်ပါ။ ဖြစ်နိုင်လျှင် ခုချက်ချင်း ကိုကြီးအနားကို အရောက်သွား

င်သည်။

လူပုံ ပုံပန်းမကျပေမယ့်ကားမောင်းတာတော့ တကယ်ကျွမ်းကျင်

သည်ဟု ရုပ်သွင်စိတ်ထဲက မှတ်ချက်ပြုရင်း စီယာတိုင်ဘီးကို ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



သော ထက်တွေကို လှမ်းကြည့်မိသည်။

နုဖတ်ပျော့ပြောင်းနေသော လက်ချောင်းလေးတွေက ထွ
နေသလိုရှိတာမို့ သူ့မျက်နှာကို ရုပ်သွင်ပြန်လှည့်ကြည့်မိသည်။

ချွန်မြသွယ်တန်းသော နှာတံလေးကိုမြင်တော့ရုပ်သွင်မျက်
ကုတ်သွားရသည်။

သည်မျက်နှာကို သူမြင်ဖူးသလိုရှိသည်။

ရုပ်သွင်ကြည့်နေတာကို မြင်တွေ့သွားသောသူက မျ
လှည့်ကြည့်သည်။ စိုလဲ့သောနှုတ်ခမ်းလေးတွေ့ တွန့်ကွေးပြုံးလိုက်
သူ့တူထဲထဲနှုတ်ခမ်းမွေးတွေကြားမှာ ထင်းခနဲမြင်လိုက်ရ၏။

" ဟင် နင် နင် ဘီမထင် "

" အပွန်း မင်းမဆိုးဘူး တော်တယ်ရွှေရုပ် "

" နင် နင် ဘာလုပ်တာလဲငါ့ကိုတာလို့ ညာခေါ်လာတာ
ကားကိုခုချက်ချင်းရပ် "

" မရပ်နိုင်ဘူး ရွှေရုပ် "

" ဘာ နင် နင် "

ရွှေရုပ်ကြောက်လန့်စိတ်နှင့် ဒေါသရောစွက်ကာ ကားတံ
ဖွင့်ဖို့ကြိုးစားသည်။

" ငြိမ်ငြိမ်နေပါ ရွှေရုပ် "

ဘူက ဘယ်လက်နှင့် ရွှေရုပ်ပခုံးကို လှမ်းဆွဲကာထား
ဒေါသတွေနှင့် ရွှေရုပ်သွင်ရုန်းကန်ပေမယ့် သူလက်တွေက ခိုင်ကျည်





နေသည်။

" ကဲဟာ "

" အ . . . အား "

သူ့လက်ဖျံကို အမိအရ ငုံကိုက်ခဲပစ်လိုက်တော့ နာကျင်စွာ
အော်လိုက်၏။ ကားလေးက ဦးခေါင်းထိုးရမ်းခါလျက် တစ်ဘက်က
ကုန်တင်ကားကြီး တစ်စီးနှင့်ဦးတည်သွား၏။

" ပွမ် . . . ပွမ် "

" အား "

ဟွန်းသံရှည်ကြီးနှင့် မျက်စိရှေ့မှောက်မှာ ထင်ထင်ရှားရှား
မြင်လိုက်ရသော ကားကြီး၏ ဦးခေါင်းပိုင်းကြောင့် ရုပ်သွင်မျက်စိမှိတ်ကာ
အလန့်တကြားအော်ပစ်လိုက်မိသည်။

လူတစ်ကိုယ်လုံး သူ့ဘက်ကို ယိမ်းထိုးပြိုလဲကျသွားတာမို့
ရုပ်သွင်မျက်ဝန်းတွေကို ပြန်ဖွင့်ကြည့်လိုက်မိသည်။

တော်ပါသေးရဲ့ စီယာတိုင်ဘီးကို ခွဲကွေ့ ရှောင်တိမ်းလိုက်သော
ဘီမထင်ကြောင့် သီသီကလေးကပ်လွတ်သွားရခြင်းပင်။

" လွှတ် . . . ငါ့ကိုလွှတ် . . . ငါ့အသားကို မထိနဲ့ "

သူ့လက်တစ်ဖက်က ရုပ်သွင်ခန္ဓာကိုယ်လေးကို တင်းကြပ်စွာ
ပွေ့ဖက်ထားတာမို့ ရုပ်သွင်ရုန်းကန်နေမိ၏။

" မင်းအသားကို နာကျင်အောင် ကိုယ်မလုပ်ရက်ပေမယ့်
မင်းကတော့ရက်စက်လွန်းတယ်နော် ရွှေရုပ် အ ကျွတ် ကျွတ် "



www.burmeseclassic.com

www.burmeseclassic.com



ရုပ်သွင်သွားရာလေးတွေ သွေးစိုစိုစိမ့်ယိုလျက် အဆိပ်တက် ယောင်ကိုင်းနေတာကို၊ သူ့လက်ဖျံမှာ မြင်လိုက်ရ၏။

" လွှတ်ပါ ငါတောင်းပန်ပါတယ် "

" ကောင်းပြီရွှေရုပ် မင်းလည်းထပ်ခုန်ချဖို့ စိတ်မကူးနဲ့ တကယ်ကိုယ်နဲ့အတူ သေချင်တယ်ဆိုရင်ပြော ဟောဒီကားနဲ့အတူ ရွှေရုပ်နဲ့ကိုယ်သေကြရအောင် ဒီဘဝမှာ မပေါင်းရလည်း နောင်ဘဝ ပေါ့ကွာ"

သူ့မျက်နှာက တကယ်လုပ်မည့်ပုံမို့ ရုပ်သွင်ငြိမ်သက်နှုတ်ဆိတ် နေလိုက်ရသည်။ သူကခေါင်းပေါ်က ဦးထုပ်နှင့် ဆံပင်တုကြီးကိုဆွဲချွတ်ကာ ဒက်ဘုတ်ပေါ်ပစ်တင်သည်။

ယခုမှပဲ ရှုပ်သန့်သော ထီမထင်၏ ရုပ်သွင်ကပီပြင်လာ၏။

" ထီမထင် နှင် ငါ့ကိုဘာလုပ်မလို့လဲဟင် ငါနဲ့သုကာ လက်ထပ်ပြီးခဲ့ပြီနော် "

" ငါသိတယ်ရွှေရုပ် ငါတကယ်ခံစားရတယ် နင်ငါ့ကိုတကယ် ရက်စက်ခဲ့တာပဲ "

" နင်ကိုငါမချစ်နိုင်ခဲ့တာပါ နင်ကိုငါမမုန်းပါဘူး မိတ်ဆွေ အဖြစ်ငါခင်မင်ပါတယ် ထီမထင် "

" ဒါဆိုရင်နင်ငါနဲ့ ခဏလိုက်ခဲ့ပါရွှေရုပ် နင့်ကိုငါစကားတွေ အများကြီး ပြောပြချင်တယ် ငါ့စကားတွေကို နောက်ဆုံးအဖြစ် နားထောင်ပေးပါပြီးရင် ငါအမေရိကားကို အပြီးထွက်သွားတော့မှာ "





ထီမထင် တကယ်ပြောနေတာလား။ ကြည်လဲ့နေသော မျက်ဝန်း တွေထဲမှာ ဆွေးရိပ်တွေ ယှက်သန်းနေသည်ထင်၏။ ခုချိန်မှာ ရုပ်သွင် အလိုက်သင့်ဆက်ဆံ ပြောဆိုလိုက်တာ အကောင်းဆုံးထင်သည်။

ကားလေးက တရိပ်ရိပ်ပြေးနေသည်။ ထီမထင်မျက်ဝန်းတွေက လည်းမှိုင်းရီနေသည်ထင်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

" အဲဒါ ကိုကိုပြန်လိုက်ခဲ့နော် မမရွှေရုပ်သွင်ကိုလည်း မေမေက ခေါ်ခဲ့ပါတဲ့ မေမေအားလုံးကို နားလည်လက်ခံလိုက်ပြီကိုကို "

ဝမ်းသာအားရဆိုနေသော ညီမလေးကိုကြည့်ကာ သူလည်း ကြည်နူးရသည်။ မေမေဒေါ်သတွေ တကယ်ပြေသွားပြီထင်ပါရဲ့။ ဒါ ညီမလေး အသည်းသွေးရဲ့ စည်းရုံးမှုတွေလည်းပါမှာ သူယုံသည်။

" ကိုကို ဝမ်းမသာဘူးလားဟင် "

" ဝမ်းသာပါတယ် ညီမလေးရယ်၊ ညီမလေးဝမ်းသာအောင်လည်း ကိုကိုပြောရဦးမယ် ရုပ်သွင်ကိုကြီးကလည်း ကိုကိုနဲ့ရုပ်သွင်ကိုသဘောတူကြည်ဖြူလိုက်ပြီ ကိုကိုတို့ကိုတောင် သူ့အိမ်မှာ လာနေဖို့ ခေါ်နေတယ် "

" ဟင် ကိုကိုတို့က အိမ်မှာ မနေကြဘူးလား "

" လက်တလောတော့ ရုပ်သွင်ကိုကြီးအိမ်မှာ နေမှဖြစ်မယ်၊ သူကအရင်ကိုကိုတို့ကို လာခေါ်ခဲ့တာလေ . . . "

" ဟင် ဒါဆို မေမေနဲ့ညီမလေးကို ကိုကိုထားရစ်ခဲ့မှာလားဟင်"





" ဒီလိုလည်း မဟုတ်ဘူးလေ ကိုကို့ မကြာခဏလာမှာပေါ့ ညီမလေးရဲ့ "

" ဟင့်အင်း ကိုကိုနဲ့ မမရွှေရုပ်သွင် အိမ်မှာပဲနေပါနော် အရင်လိုပဲ ညီမလေးတို့ ပျော်ပျော်ရွှင်ရွှင်နေကြမှာလေ "

ကလေးငယ်တစ်ဦးလို တောင်းဆိုနေသော အသည်းသွေးကို ကြည့်ကာ သူ ပြုံးမိသည်။ တကယ်ဖြူစင်ရိုးသားတဲ့ ညီမလေး။ ဘာမှ မသိရှာသေးပါလား။

" ကိုကိုက အရင်လို လူပျိုလူလွတ် မဟုတ်တော့ဘူးလေ ညီမလေးရဲ့ အိမ်ထောင်သည် ဖြစ်သွားပြီကွ ဖြစ်သင့်တာကို လုပ်ရမှာ ကိုကြီးရဲ့ စတိုးဆိုင်တွေကို ကိုကိုဦးစီးလုပ်ရမှာလေ ဒီတော့ ကိုကို ဟိုမှာလိုက်နေရဦးမယ် နောက်ကျရင် ကိုယ်တို့တသီးတသန့်နေဖို့ ကြိုးစားရမှာပေါ့ "

ကိုကို့စကားတွေကြောင့် အသည်းသွေး ရင်ထဲမှာ ဝမ်းနည်းသွားခဲ့ရ၏။ အသည်းသွေး မျှော်လင့်ထားသည်က ကိုကိုတို့မိသားစုလေးနှင့် အသည်းသွေးတို့အတူ ပျော်ရွှင်စွာ ဆက်နေခွင့်ရမည်ဟု ထင်ခဲ့မိတာ။

အခုတော့ ကိုကိုစိတ်ကူးတွေက တလွဲတွေဖြစ်နေ၏။

အသည်းသွေးမျှော်လင့်စိတ်ကူးထားတာတွေနှင့် တကယ့်တခြားစီပါပဲလား။

ကိုကို့မျက်ဝန်းတွေထဲက အပျော်ရိပ်တွေက အသည်းသွေး



www.burmeseclassic.com

www.burmeseclassic.com



အပျော်တွေနဲ့ ထပ်တူမကျနိုင်တာတော့ သေချာသည်။

ကိုကို့စိတ်ကူးထဲမှာ ရှိနေတာ ကိုကိုနဲ့ကိုကို့ဇနီးလေးရဲ့ အနာဂတ်တစ်ခုပဲ ထင်ပါရဲ့။

ကိုကို့ကို အသည်းသွေး နားလည်နိုင်ဖို့ ကြိုးစားရဦးမည် ထင်ပါရဲ့။

" ကဲ ညီမလေး အအေးတွေသောက်လိုက် ကိုကို့အိမ်ကို သွားကြမယ်လေ "

" ကိုကိုတို့ မေမေ့ဆီ လိုက်ခဲ့မှာလား "

" အင်း ကိုကို ရုပ်သွင်ကိုခေါ်ပြီး မေမေ့ဆီ အခုလိုက်ခဲ့မယ် ကိုကိုလည်း မေမေ့ကို ကန်တော့တောင်းပန်ချင်သေးတယ်လေ "

ကိုကို့စကားကြောင့် အသည်းသွေးရင်ထဲမှာ နွေးခနဲဖြစ်ရသည်။

" မသောက်တော့ဘူး ကိုကို အသည်းသွေးရင်ထဲမှာ အပျော်တွေနဲ့ ပြည့်နေလို့ "

" ညီမလေးကတော့ တကယ့် ကလေးလေးပဲ "

ကိုကိုက ချစ်စနိုးနဲ့ ခေါင်းကလေးပုတ်ကာဆိုသည်။ အသည်းသွေး ရှက်ပြုံးလေးနှင့် ငြိမ်သက်နေလိုက်မိသည်။

" ညီမလေးမှာ ကားပါတယ်မို့လား "

" ပါတယ် ကိုကို ညီမလေးမောင်းပါ့မယ် ကိုကို အေးဆေး လိုက်ခဲ့နော် "

ကိုကိုကတော့ အပြုံးလေးနှင့် ခေါင်းကလေးပဲ ညိတ်ပြသည်။

စိုးမိုးစာပေ



တည်ကြည်ချောမွေ့သော ကိုကို့မျက်နှာလေးနှင့် အပြုံးလေးတွေကို အသည်းသွေး စွန့်လွှတ်ရတော့မှာ စိုးကြောက်မိသည်။

ဒါကို ကိုကိုကတော့ မသိနိုင်ပါ။

အသည်းသွေးရင်ထဲမှာ တငွေ့ငွေ့ ပူလောင်နေပေမယ့် အပြုံးပန်းလေးတွေ ကိုကိုအတွက် ပန်ဆင်ထားမှာပါ ကိုကိုရယ်။

✿ ✿ ✿ ✿ ✿

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

လမ်းမပေါ်မှာ ကားတွေက ရှင်းလင်းနေသည်။

ထီမထင်က စက်ရှိန်ကို မလျှော့ဘဲ တင်မောင်းလာခဲ့သည်။ ရုပ်သွင်ရင်ထဲမှာ ဘာတွေရင်ဆိုင်ရမလဲ တွေးကာ စိုးထိတ်နေဆဲ။

ထီမထင်စကားကတိအတိုင်း ရုပ်သွင် တကယ်ပြန်ခွင့်ရနိုင်ပါ့ မလား။

ထီမထင် အနိုင်ကျင့်စော်ကားလာရင် ဘယ်လိုလုပ်မလဲ။ ဟင့်အင်း ဘယ်တော့မှ မဖြစ်စေရဘူး။

သုကာအချစ်တွေအတွက် ရုပ်သွင်အသက်နဲ့လဲပြီး ရင်ဆိုင်မယ်။

အတွေးတွေ လှိုင်းခတ်နေတုန်း မျက်နှာချင်းဆိုင်က မောင်းနှင်လာသော ကားလေးကို ရုပ်သွင်မြင်လိုက်ရသည်။

" ဟင်. . . ဒါ. . . ဒါ သုကာအိမ်က ကားပဲ "

ရုပ်သွင်စိတ်ထဲက ထိတ်ခနဲ ဝမ်းသာသွားရသလို ထီမထင် မျက်ခုံးထူထူတွေကလည်း စုကျုံ့သွားရသည်။





ဒါ သုကာတို့အိမ်ကကားဟု ထီမထင်လည်း ရိပ်မိသည်။ တံဆိုးချင်တော့ မျက်နှာချင်းဆိုင် လာတိုးနေတာ အခက်။

" ဟင်. . . သု. . . ကာ "

ရုပ်သွင် နှုတ်က တအံ့တဩ ရေရွတ်မိသလို ထီမထင် မျက်နှာကလည်း ရှုံ့မဲ့သွားရ၏။ ကားထဲမှာ မြင်လိုက်ရတာ သုကာ နံဘေးက မောင်းနှင်လာတာက အသည်းသွေးဆိုတဲ့ သုကာညီမ။

" သုကာ. . . သုကာ. . . ငါ့ကို ကယ်ပါဦး "

မျက်နှာချင်းဆိုင် ထိပ်တိုက်ရင်ဆိုင်အတိုးမှာ ရုပ်သွင် ပြတင်းတံခါးက ဖျတ်ခနဲခေါင်းပြူကာ ဟစ်အော်ပစ်လိုက်သည်။

ဒါကို သုကာကလည်း မြင်တွေ့သွားခဲ့တာတော့ သေချာသည်။

" ဟင်. . . ရုပ်. . . ရုပ်သွင် "

" ဟုတ်တယ် ကိုကို မရုပ်သွင်ဘေးက ထီမထင်ဆိုတဲ့လူပဲ"

" ဟာ. . . ဒီကောင် ယုတ်မာပြီ ညီမလေး ကားကို အချပ်နဲ့ပြီး လှည့်စမ်း "

ကိုကို့စကားအတိုင်း အသည်းသွေးကားလေးကို အရှိန်လျှော့ကာ ပြန်ပြီးကွေ့လိုက်သည်။

ဟိုးရှေ့ခပ်လှမ်းလှမ်းမှာ တိုယိုတာ ဟိုင်းလက်စ် ကားလေးက တရိပ်ရိပ် ပြေးနေဆဲရှိသည်။

" မြန်မြန်မီအောင်လိုက် ညီမလေး "

ကိုကို့ မျက်နှာက ပူပန်သောကတွေနှင့် ညှိုးမှောင်နေသည်။



www.burmeseclassic.com

အသည်းသွေး စက်ရှိန်ကို မြှင့်တင်လိုက်သည်။ ကိုကိုသောကတွေကို ကြည့်ရင်း ကြောက်စိတ်တွေ ပျောက်ဆုံးနေတာတော့အမှန်။

" တောက် "

ထီမထင်နှုတ်က တက်ခေါက်သံက ရူးခနဲထွက်ပေါ်လာသည်။ ကားစက်ရှိန်ကို မြှင့်တင်ရင်း မောင်းသလို နောက်ကြည့်မှန် ထဲမှ လိုက်လာသော ကားလေးအရိပ်ကို လှမ်းကြည့်သည်။

" ထီမထင် နှင်ကားကို ရပ်တော့ "

" ဘယ်တော့မှမရပ်ဘူး ရွှေရုပ် ကိုယ်မင်းကို ခေါ်လာတာ စကားပြောပြီး ပြန်ပို့ပေးဖို့ပဲ ဒါပေမဲ့ အခုတော့ ကိုယ်စိတ်ပြောင်းသွားပြီ "

" ဘာ "

" ဟုတ်တယ် ရွှေရုပ်ကို သုကာနဲ့ အဝေးဆုံးအထိ ကိုယ်ခေါ် သွားမယ် အဲဒါကိုယ့်နှလုံးသားက ဆန္ဒပဲ "

" ဘာ နှင် ရူးနေသလား ငါကသုကာရဲ့ ဇနီးနော်"

" အဲဒါ မင်းရဲ့သတ်မှတ်ချက်ပဲလေ ကိုယ့်ရင်ထဲမှာတော့ ရွှေရုပ်သွင်ဆိုတာ ကိုယ့်ရဲ့ချစ်သူ ကိုယ့်ရဲ့ဇနီးမယားပဲ ဖြစ်ရမယ် "

" နှင် နှင် "

ရှင်းသန့်နေသော မျက်နှာနှင့် မလိုက်တက်အောင် ထီမထင် စိတ်ဓါတ်က ရွံရှာစရာပြောင်းလဲသွားခဲ့သည်။

" ရွှေရုပ် မင်းငြိမ်ငြိမ်နေနော် တစ်ခုခုလုပ်ဖို့ ကြိုးစားတာနဲ့ ကိုယ့်ကားကို သစ်ပင်နဲ့ဝင်အောင်းပစ်လိုက်မှာ "





" နှင် လူယုတ်မာ "

" ဟုတ်တယ် ရွှေရုပ် ကိုယ့်နှလုံးသားက မင်းကိုချစ်မိမှ ကြမ်းတမ်းသွားခဲ့တာ အသေအချာပဲ မင်းအမုန်းတွေကို ထွေးပိုက်ပြီး ကိုယ်တို့လောကကြီးထဲက ထွက်သွားကြတာပေါ့ ပြီးရင် သုကာဆိုတဲ့ ကောင် အလွမ်းတွေ ပွေ့ပိုက်ပြီး ကျန်ရစ်ခဲ့တာကို ကိုယ်တို့စောင့်ကြည့် ရအောင်လေ "

ထီမထင်ရူးသွပ်သွားပြီလား မသိပါ။

နှုတ်ခမ်းပါးလေးတွေက အပြုံးတွေကတောင် ကြောက်စရာ ကောင်းနေသည်။

မိုက်မိုက်မဲမဲ လီဗာကို ဖိနင်းထားပုံက ဆင်ခြင်တုံတရား ကင်းမဲ့ နေသူတစ်ဦးလိုပါပဲ။

" နှင့်ကိုငါ သိပ်မုန်းတယ် ဘဝဆက်တိုင်း မုန်းတယ် ထီမထင် နှင်နဲ့အတူတော့ မသေနိုင်ဘူး ငါဘာသာ ကားပေါ်က ခုန်ဆင်း သေပြမယ်"

" ရွှေရုပ် မလုပ်နဲ့ "

သူ့လက်တွေက ရွှေရုပ်ကို လှမ်းဆွဲသည်။ ကားလေးက ယိမ်းထိုးသွား၏။ သေရမှာလည်း ရွှေရုပ်မကြောက်တော့ပါ။

ကားတံခါးကိုသာ ဖွင့်နိုင်အောင် အားထုတ်နေမိသည်။

စီယာတိုင်ဘီးကို ညာလက်နှင့်ထိန်းရင်း ရုပ်သွင်ကိုလည်း ဘယ်လက်က ဆုပ်ကိုင်ထားရသော ထီမထင်ကသိကအောက် ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



" လွှတ် ငါ့ကိုလွှတ် ကဲဟာ "

" အား "

သူ့ဘယ်လက်ကို ရုပ်သွင် တအားဖိကိုက်ပစ်သည်။ နာကျင်မှုကြောင့် ဟစ်အော်သည့်တိုင် သူ့လက်တွေမလွှတ်။ ရွှေရုပ်သွင် အမှုးပေးကာ ဆက်မကိုက်ရဲတော့ပါ။

" ကိုက်လေ မင်းပေးသမျှ ကိုယ်ခံယူရဲတယ် ရွှေရုပ် "

" နင်. . . နင့်ကိုငါ သိပ်မုန်းတယ်"

ရုပ်သွင်ရင်ထဲမှာ ဆို့နစ်လျက် အသက်ရှူဖို့ မွန်းကြပ်သွားရသည်။ ဒေါသစိတ်နှင့် ပင်ပန်းမောဟိုက်မှုတွေကြောင့် အသိတရားတို့ကင်းလွတ် သွားခဲ့သည် ထင်မိ၏။

" ဟင် ရွှေရုပ်. . . ရွှေရုပ် "

နိုးရိမ်တကြီး ဟစ်အော်ခေါ်ရင်း ပျော့ခွေကျသွားသော ရွှေရုပ်ကို ကြည့်ကာ သူအရာအားလုံးကို မေ့လျော့သွားခဲ့သည်။

" ကျွီ "

ကားလေးကို ဘရိတ်နင်းထိုးရပ်ပစ်လိုက်သည်။

ကတ္တရာလမ်းမနှင့် ကားဘီးပွတ်ကြိတ်သံတွေ ဆူညံသွားခဲ့သည်။

အနောက်က လိုက်လာသော ကားလေက အရှိန်မတိမ်းနိုင်ဘဲ ကျော်တက်သွားခဲ့သည်။

ထီမထင်ကစ်တော့ ရင်ခွင်ထဲမှ ရွှေရုပ်ကို ငုံကြည့်ရင်း





" ရွှေရုပ်. . . ရွှေရုပ် "

"ညီမလေး ကားကိုနောက်ပြန်လှည့် ဟိုကောင်ကားရပ်သွားပြီ"

ကိုကို့စကားကြောင့် အသည်းသွေးကားလေးကို ဘရိတ်နင်း ရပ်တန့်လိုက်ရသည်။

" ကျွီ. . . ကျွီ "

အနောက်တက်မှာ ထီမထင်ကားလေးက ဘာကြောင့် ရပ်တန့်သွားသည်မသိ။

" မောင်း ညီမလေး ဆက်မောင်း "

အသည်းသွေးကားလေးကို တုံ့ခနဲမောင်းထွက်လိုက်သည်။ ကိုကို့စကားအတိုင်း ဂငယ်ကွေ့ကွေ့ကာ ထီမထင်ကားလေးဆီ ဦးတည်လိုက်၏။

" တီ. . . တီ. . . တီ "

ဟွန်းသံကို အဆက်မပြတ် ဖိနှိပ်ပြီး မောင်းနှင်လာသော အသည်းသွေးကားလေး ဦးတည်ရာက ထီမထင်ကားလေးဆီသို့

" ဝေါ. . . ဝေါ. . . ဝူး "

" အိုး. . . ဘုရားရေ "

အသည်းသွေးမျက်ဝန်းတွေ ချောက်ချားသွားရသည်။ ရပ်ထားသော ထီမထင်ကားကလေးက ရုတ်တရက် စက်ကုန်နှင်ကာ အသည်းသွေးကားဆီ ဦးတည်မောင်းနှင်လာသည်။

ရုတ်တရက်မို့ ကိုကို့ကော အသည်းသွေးပါ ချောက်ချားနိုင်လှပ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

အသည်းသွေး မျက်နှာချင်းဆိုင် ကားပေါ်မှ ထိမထင်မျက်ဝန်းတွေကို လှမ်းကြည့်မိသည်။ ပြူးကျယ်နေသော မျက်ဝန်းတွေက မှုန်တောက်ပလျက် သူရှူးတစ်ယောက် မျက်ဝန်းတွေလား မသိ။

မျက်နှာချင်းဆိုင် ရင်ဆိုင်တိုက်ပစ်ဖို့ အထိတောင် ထိမထင်မိုက်မဲစွာ ကြံစည်နေပြီလား။

အသည်းသွေး ချက်ချင်းဆုံးဖြတ်ပစ်လိုက်သည်။

မင်းသက်နေသော ကိုကို့ကို လှမ်းသတိပေးလိုက်၏။

“ ကိုကို ဆင်း ကားပေါ်ကဆင်းတော့ ”

ကားကလေး ကျွီခနဲရပ်သွားကာ အသည်းသွေး သတိပေးမှု သုကာ တံခါးဆွဲဖွင့်ကာ ဆင်းလိုက်၏။

ကားတံခါးတောင် ပြန်မပိတ်ရသေး။ အသည်းသွေးလည်း မဆင်းသေးခင်မှာပဲ ကားကဆက်ပြီး မောင်းထွက်သွားတာမို့ သုကာ မျက်ဝန်းတွေ ဝိုင်းစက်ပြူးကျယ်သွားရသည်။

“ ညီမလေး မ. . . မသွားနဲ့ . . . ရပ်. . . ရပ် ”

အသည်းသွေး မိုက်မိုက်မဲမဲ ဆက်မောင်းသွားတာကို သူ အထိတ်တလန့် လှမ်းအော်တားမြစ်လိုက်ပေမယ့်

“ ဒုန်း ”

သူ့မျက်ဝန်းတွေ မှိတ်ပစ်လိုက်မိသည်။ နားကွဲမတတ် ကျယ်လောင်သော အသံကြီးက ပေါ်ထွက်လာသည်။

စိုးမိုးစာပေ



သူ့မျက်ဝန်းတွေကို ချောက်ချားစွာ ဖွင့်ကြည့်လိုက်မိတော့။

လမ်းမပေါ် ကားလေးနှစ်စီး မြင်ကွင်းက ထိတ်လန့်စရာရှုံ့တွန့်သိန့်လိန့်လျက်။

“ ညီ. . . ညီမလေး ”

သုကာ အလန့်တကြားဟစ်အော်ရင်း ငြိမ်သက်နေသော ကားလေးဆီ အပြေးလှမ်းခဲ့သည်။

“ ညီ. . . ညီမလေး ”

ပြုတ်ထွက်သွားသော ကားတံခါးမှ တစ်ပိုင်းတစ်စထွက်ကျနေသော ညီမလေး တစ်ကိုယ်လုံး သွေးတွေချင်းချင်းနီရဲလျက်။ ကားထဲမှ ထွက်ကျနေသော လက်ကိုင်ပိုက်ဆံအိတ်ကလေးက ပွင့်လျက်သား။

သူ့မျက်ဝန်းတွေ မယုံနိုင်စွာ မက်သက်သွားရသည်။

ပိုက်ဆံအိတ်ခေါက်လေးထဲမှာ တစွန်းတစ်စထွက်ကျနေသော ဓါတ်ပုံလေးကို သုကာလှမ်းယူမိသည်။

“ ဟင် ”

သူ့ရဲ့ဓါတ်ပုံလေးပါလား။ ညီမလေးပိုက်ဆံအိတ်ကလေးထဲမှာ သူ့ဓါတ်ပုံလေး ဘယ်လိုရောက်ရှိနေတာလဲ။

မျက်နက်ဝန်းလေးတွေ ပွင့်နေသော မျက်ဝန်းကြည်ကြည်လေးတွေထဲ ငေးစိုက်ကြည့်ရင်း သုကာ ရင်ထဲမှာနင့်ခနဲ။

“ ညီမလေး . . . ရယ် ”

✿ ✿ ✿ ✿ ✿

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

" မောင်ထီမထင် အသက် (၂၃)နှစ် "

နီညိုရောင် ကျွန်းခေါင်းတလားကြီးပေါ်မှ စာတန်းလေး ရုပ်သွင်မမှိတ်မသုန် ကြည့်မိသည်။

ရဲရဲနီသောနှင်းဆီပန်းခွေအလယ်မှာ ထီမထင် မျက်နှာချော ကို ထင်ရှားစွာပေါ်လွင်စေသော ဓါတ်ပုံကြီးက ထောင်ထားသည်။

မျက်ခုံးထူထူတွေ လိုင်းတွန့်ဆံပင်ခွေလေးတွေနှင့် ထီမထ အသွင်က ခန့်ညားလွန်းနေတာမို့ အားလုံးမျက်ဝန်းတွေမှာ နှမြောတ ခြင်း မျက်ရည်စတွေဝေ့သီလျက်။

အနက်ရောင်ဝတ်စုံနှင့် အခြယ်အသကင်းစင်သော မမကေ မျက်ဝန်းလေးတွေကတော့ ငိုကြွေးထားရလွန်း၍ထင်သည် မို့အစ် ရဲနေသည်။

မလာတော့ဘူးဟု ရုပ်သွင်စိတ်မှာ ဆုံးဖြတ်ထားပေမ သကြိုလ်ရက် မတိုင်ခင်တစ်ရက်က ဖုန်းဆက်ကာ ဖိတ်သော မမကေ စကားကြောင့် ရွှေရုပ်သွင် ထီမထင်ရဲနောက်ဆုံးခရီးကို ရောက်ခဲ့ခြင်း





သည်။

" မောင်လေးရဲ့နောက်ဆုံးခရီးကို နောက်ဆုံးအကြိမ်အဖြစ် ရွှေရုပ်လာစေချင်တယ် ဒါမှ မောင်လေးဝိညာဉ် ငြိမ်းချမ်းစွာ ထွက်ခွာနိုင် မှာပါ မမတောင်းပန်ပါတယ်။ ရွှေရုပ်သွင် အချစ်ကြောင့် ရူးသွပ်မတတ် ဖြစ်ခဲ့တဲ့ မောင်လေးအတွက် ရွှေရုပ်လာဖို့ အနူးအညွတ် တောင်းပန်ပါ တယ် "

သုကာ ညီမလေး အသည်းသွေးနှင့် တစ်ချိန်တည်း တိုက်ဆိုင် နေတာမို့လည်း ရုပ်သွင် ထီမထင်ရဲ့ နောက်ဆုံးခရီးကို ရောက်ဖြစ်ခဲ့သည်။

" မင်းကို မမ သိပ်ကျေးဇူးတင်ပါတယ် ရွှေရုပ်သွင် သုကာကို လည်း မမတောင်းပန်ပါတယ် မောင်လေးအမှားတွေအတွက် ခွင့်လွှတ် ပေးပါကွယ် "

ဝဲတက်လာသော မျက်ရည်တွေကို ချုပ်ထိန်းရင်း သုကာ ခေါင်းညိတ်သည်။

ညီမလေးအတွက် ခံစားနာကျင်ကြေကွဲရသမျှ အသိတသိနှင့် သုကာ ဖြေသိမ့်တတ်ခဲ့ပါပြီ။

မမကေရဲ့ သောကတွေကိုမြင်တွေ့ရချိန်မှာ ထီမထင်အပေါ် နာကျည်းအခဲမကြေနိုင်ခဲ့သမျှတွေလည်း ပျောက်ဆုံးစာနာနိုင်ခဲ့တာ အမှန်။

ထီမထင်ကိုလည်း အပြစ်မတင်ချင်တော့ပါ။

ညီမလေး ဘဝကောင်းမွန်ရာရောက်ဖို့သာ သုကာ ဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းပေးမိသည်။

“ ကိုယ့် အသက်ကို ညီမလေးကယ်တင်ခဲ့တာပါ ရှပ်သွင် ညီမလေးအတွက် ကိုယ်တကယ်ခံစားရတယ် ”

သုကာ ခံစားချက်ကို ရှပ်သွင်နားလည်နိုင်ပါသည်။

သေခြင်းတရားကလွတ်ခဲ့သော သုကာအသက်ကို အသည်း သွေးက ကယ်တင်ခဲ့သည်တဲ့။

ရှပ်သွင်အသက်ကိုကော ဘယ်သူကယ်တင်ခဲ့တာလဲ။

အားလုံးကတော့ ထိမထင်ရဲ့ ကားထဲမှ ရှပ်သွင် တံခါးဖွင့်ကာ လွင့်စင်ကျခဲ့တာမို့ ကံကောင်းသည်ဟု ဆိုနေကြသည်။

အမှန်တရားကို ရှပ်သွင် သတိရလာချိန်မှာ တွေးဆကြည့်မိ

ဒေါသတွေ ဒီဂရီတိုးကာ ရှပ်သွင်မေ့မျောသွားတော့ ထိမထင် ရင်ခွင်ထဲမှာ သတိကင်းလွတ်သွားတာမို့ ဘာဆိုဘာမှ မမှတ်မိခဲ့ပါ။

ကားထဲမှာ သတိလစ်နေသော ရှပ်သွင်ကို ထိမထင် လမ်း နံဘေးမှာ ညင်သာစွာပွေ့ထုတ်ထားရစ်ခဲ့သည်လား။

ရှပ်သွင်ဘာသာ တံခါးကလွင့်စင်ကျခဲ့တာလား။

အဖြေတစ်ခုကို သေချာစွာသိနိုင်သူက ထိမထင်။ လောကကြီး ထဲမှာ မရှိတော့သော ထိမထင်ပဲ သိနိုင်လိမ့်မည်။

ဒါပေမဲ့ ရှပ်သွင်ရင်ထဲမှာ ယုံကြည်မိတာ တစ်ခုရှိသည်။

ရှပ်သွင်ကို ပွန်းပဲ့ဒဏ်ရာလေးတစ်ချက်တောင် မရှိစေဘဲ လောကကြီးထဲမှာ အသက်ဆက်ရှင်သန်ခွင့် ပေးခဲ့တာ ကံကြမ္မာကြောင့်





တော့မဟုတ်နိုင်ပါ။

တစ်စုံတစ်ယောက်ကြောင့်ပဲ ဖြစ်ရမည်။ အဲဒီတစ်စုံတစ်ယောက် ရဲ့ ရင်ခွင်ထဲမှာ ရှပ်သွင် နောက်ဆုံးရှိနေခဲ့တာပဲလေ။

“ ထိမထင်ရယ် ချစ်ခြင်းကြောင့် ပူလောင်နေခဲ့ရတဲ့ နှင့်ဘဝ လေး အေးချမ်းပါစေလို့ ငါဆုတောင်းပါတယ် ”

ရှပ်သွင် ရင်ထဲက ဆုတောင်းသံကို ထိမထင်တစ်ယောက်ပဲ ကြားစေချင်ပါသည်။

“ ပြန်ကြစို့ ရှပ်သွင် ”

ရှပ်သွင် လက်ဖဝါးလေးကို ဆုပ်ကိုင်ရင်းဆိုလာသည့် သုကာ စကားကို ခေါင်းလေးညိတ်ကာ ပြုံးမိသည်။

ဓါတ်ပုံထဲမှာ ကြည်လဲ့တောက်ပ နေသော ထိမထင့် မျက်ဝန်း တစ်စုံကိုတော့ ရှပ်သွင် မေ့ဖျောက်နိုင်ဖို့ ကြိုးစားရဦးမည်။

ချစ်ခြင်းရဲ့သက်ရောက်မှုက ဘာကြောင့်များ ဆန့်ကျင်ကွဲပြား နေခဲ့ကြတာလဲ။

အချစ်ကြောင့် ပူလောင်ကြွမ်းတမ်းခဲ့သော နှလုံးသားတစ်ခုကို ရှပ်သွင်မေ့နိုင်မည် မဟုတ်ပါ။

လက်တလောမှာတော့ ချစ်ခြင်းဖြင့် အေးချမ်းနွေးထွေးသော သုကာသည်သာ ရှပ်သွင်အနီးမှာရှိနေခဲ့သည်။

လိပ်ပြာဖြူလေးတစ်ကောင် တောင်ပံခတ်လျက် ရှပ်သွင်ရှေ့က ဖြတ်သန်းပျံသန်းသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းကြောင့် နှလုံးသားတို့ သောကကင်းစင် ငြိမ်းချမ်း
ပြီဆိုလျှင်။

✿ ✿ ✿ ✿ ✿

စိုးမိုးစာပေ

BURMESE CLASSIC .com
www.burmeseclassic.com